www.burmeseclassic.com

# ပျူး

ခရမ်းပြာမြင်းရိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုကြီးပေါက် - 09 420243327, 09 796825492
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
**ဖြန့်ချိရေး**
**ဗျူးစာပေ**
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဗျူး
ခရမ်းပြာမြင်းရိုင်း
ဗျူးစာပေ ၊ ၂၀၁၅။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ခရမ်းပြာမြင်းရိုင်း

# အခန်း (၁)

"နီ နေကောင်းတယ်နော်"

အလွန်ရင်းနှီးသောအသံကြောင့် ကောင်တာမှာ ငွေရှင်းနေရင်းကနေ ကျွန်မ ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဟင်"

မယုံကြည်နိုင်လွန်းစွာ ကျွန်မ မျက်လုံးလေးများ ပြူးကျယ်သွားသည်။ မျက်စိရှေ့တည့်တည့်မှာ ရပ်နေသူက ကျွန်မ ဘယ်လိုမှ ထင်မထားသူ။

"နီ တစ်ယောက်တည်းလား"

ကျွန်မ သူ့ကိုရှောင်ထွက်သွားရန် ကြိုးစားမိသည်။

"ဖော့်ကိုမရှောင်ပါနဲ့နီ၊ မေးနေတာကို ဖြေပါဦး"

"အင်း"

ကျွန်မကို စကားတွေ ရင်းရင်းနှီးနှီး ပြောနေသူကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်သွားဖို့ ကြိုးစားသေးပေမယ့် မအောင်မြင်နိုင်မှန်းသိလိုက်ပါသည်။ ဒီတော့လည်း အလိုက်အထိုက်လေး ပြန်ပြောရန်သာ ရှိတော့၏။

"မင်းအမျိုးသား မပါဘူးလား"

"တစ်ယောက်တည်း မြင်နေရဲ့သားနဲ့"

"ကဲပါ ထိုင်ပြီး စကားပြောရအောင် ဇော်ကိုမတွေ့ရတာလည်း ကြာပြီမဟုတ်လား"

"ဟင့်အင်း ကျွန်မ မထိုင်ချင်တော့ဘူး"

"နို့ကိုကြည့်ရတာ ဇော်နဲ့အတူတူထိုင်ပြီး ကော်ဖီတစ်ခွက်လောက် သောက်ဖို့ကိုတောင် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်နဲ့တူတယ်"

"ကျွန်မတို့နှစ်ယောက်က တစ်စားပွဲတည်းအတူတူထိုင်ပြီး ကော်ဖီသောက်ဖို့ သင့်တော်ပါ့မလားလို့ တွေးမိတာပါ"

"မသင့်တော်စရာတော့ မရှိဘူး မဟုတ်လား၊ လူမြင်ကွင်းမှာ ရိုးသားစွာ ကော်ဖီသောက်တာပဲလေ၊ ဇော်တို့တွေ မိတ်ဆွေတွေအဖြစ်တော့ နေလို့ရပါသေးတယ်နော်"

ဒီဖိတ်ခေါ်မှုကို ငြင်းဆန်ဖို့ ခဲယဉ်းရပြန်၏။ ဆက်ငြင်းနေရင် ကျွန်မက မရိုးသားသူ ဖြစ်တော့မှာ မဟုတ်လား။

"ကျွန်မ သိပ်တော့အချိန်မရဘူး"

"ဇော်လည်း အလုပ်ပြန်ဝင်ရမှာလေ၊ ရုံးမှာ အလုပ်တွေများပြီး အာရုံနောက်လာလို့ စိတ်ပြေလက်ပျောက် တစ်ယောက်တည်း ထွက်လာတာ"

နှစ်ယောက်သား စားပွဲမှာထိုင်ဖြစ်ကြတော့ ကျွန်မကတော့





ကော်ဖီတစ်ခွက်သာ မှာလိုက်သည်။ မြန်မြန်ဆန်ဆန် ပြီးပြတ်သွားစေချင်လို့ပါ။ ဇော်ကတော့ ကော်ဖီနဲ့တူနာဆင်းဒဝစ်ချ်။

"ဟိုနေ့က ကျော်စွာတို့လင်မယား ယူအက်စ်ကိုပြောင်းတော့ ဇော် လေဆိပ်လိုက်ပို့လိုက်သေးတယ်၊ သူတို့က မင်းကို သတိတရနဲ့ မေးနေကြတယ်လေ"

"ဟုတ်လား"

"ကိုယ်တို့ခရီးတူတူသွားပြီးနောက်ပိုင်း သုံးခေါက်လောက်ပဲ ထပ်တွေ့လိုက်တာ မဟုတ်လား၊ ဒါပေမဲ့ သူတို့က မင်းကိုခင်ဖို့ကောင်းတယ်ဆိုပြီး အမြဲမေးပါတယ်"

"ဪ"

အမှန်ကိုဝန်ခံရရင် ကျွန်မ ဒီနေရာကနေ အမြန်ဆုံးထွက်သွားချင်ပြီ။ စကားပြောရတာလည်း စိတ်မပါတော့။

"ဇော်နဲ့ထိုင်ရတာ မင်းတကယ်ပဲ အဆင်မပြေဖြစ်နေတယ်နဲ့တူတယ်"

"ဟုတ်တယ် ဇော်၊ ကျွန်မတို့ ခုလိုမျိုး အတူတွဲပြီး ရှိမနေသင့်တော့ဘူး မဟုတ်လား"

"ဇော့်ကို မင်းမိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုတောင် သဘောမထားနိုင်တော့ဘူးလား"

"ကျွန်မ ဘယ်လိုပြောရမလဲ ဇော်"

"မင်း ဇော့်ကို အရာအားလုံး ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ရတဲ့ မိတ်ဆွေတစ်ယောက်လို သဘောထားပေးပေါ့၊ ဒါဆိုရင် နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်တို့ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့ပေါ့ပါးပါး နေနိုင်သွားမှာပါ''

ခုချိန်မှာ ကျွန်မဘေးနား ဘယ်သူတစ်ဦးတစ်ယောက်မှ အားကိုးဖေးမဖို့ မရှိသောအချိန်။ ဖော်က ရုတ်တရက်ပေါ်လာပြီး မိတ်ဆွေတွေအဖြစ် နေရအောင်တဲ့။ ရင်ထဲမှာ နွေးထွေးစွာ ဝမ်းသာသွားမိတာကတော့ အမှန်ပါပဲ။

''ဖော် တကယ်ပဲ ကျွန်မတို့မိတ်ဆွေတွေ ဖြစ်လို့ရတာလား''

''မင်းစိတ်က ရိုးသားတယ်ဆိုရင် ဘာလို့မရရမှာလဲ''

ထိုစကားကြောင့်ပင် ဖော့်ကိုသူငယ်ချင်းတစ်ယောက်အဖြစ် လက်ခံလိုက်ဖို့ ကျွန်မ လွယ်ကူစွာ ဆုံးဖြတ်လိုက်သည်။ ခုချိန်မှာ ဘယ်သူငယ်ချင်းတွေနဲ့မှ မတွေ့ချင်တော့ဘဲ ကျွန်မ မောင့်တစ်ယောက်တည်းကိုသာ ရွေးချယ်လက်တွဲခဲ့ပြီး အားလုံးကို ပြည့်ဖုံးကားချထားခဲ့ခြင်းဖြစ်သည်။

အတိတ်မှာ ကျွန်မ လုပ်ခဲ့သမျှ ဖြစ်ခဲ့သမျှတွေကို မေ့ဖျောက်ပစ်ချင်ခဲ့သည့်အတွက် သူငယ်ချင်းတွေကိုတောင် အဆက်အသွယ်မလုပ်ဖြစ်ခဲ့ပါ။ ခုတော့ မထင်မှတ်စွာဘဲ ဖော်နဲ့ပြန်လည်ဆုံတွေ့ခဲ့ရသည်။ ကျွန်မ ဘဝတစ်လျှောက်လုံး အယုံကြည်ခဲ့ဆုံးလူကိုပြပါဆိုရင် ဖော်ကလွဲပြီး တခြားသူတစ်ယောက် မဖြစ်နိုင်ခဲ့တာလည်း အမှန်ပါပဲ။

တကယ်ဆို ဖော့်ကို မျက်နှာချင်းမဆိုင်လိုခြင်းဟာလည်း ကျွန်မကျူးလွန်ခဲ့မိသော အရာတွေအတွက် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံခြင်းကြောင့်သာ ဖြစ်သည်။

■ ■ ■





''ဟိုနေ့က မင်းပြောပြခဲ့တာတွေကို နားထောင်ပြီးတော့ ဖော်တကယ် စိတ်မကောင်းပါဘူး။ မင်းကို ဘာတွေကူညီနိုင်မလဲလို့ စဉ်းစားကြည့်မိတော့ မင်းအလုပ်တစ်ခုလုပ်ချင်တယ်လို့ ပြောခဲ့တာကို သွားသတိရတယ်၊ ဖော် မင်းကို အလုပ်တစ်ခုချိတ်ပေးမယ်လေ၊ အဆင်ပြေရင် မင်း ထွက်လာခဲ့ပါလား''

ဘာပဲပြောပြော အလုပ်တစ်ခု ရလိုက်ရင်တော့ ကျွန်မဘဝဒီထက်ပိုပြီး အဆင်ပြေသွားမှာပါ။ ဖော်က ကူညီမယ်ဆိုတော့ ကျွန်မဝမ်းသာအားရပင် သွားတွေ့ဖြစ်ခဲ့သည်၊ ဟိုတစ်နေ့က ကော်ဖီဆိုင်လေးမှာပင် ဖြစ်၏။

''ဘာအလုပ်လဲ ဖော်၊ ကျွန်မနဲ့ကိုက်ညီတဲ့အလုပ်မျိုးဆိုရင်တော့ သိပ်ကောင်းမှာပဲ''

''မင်းကို ဖုန်းဆက်လိုက်တုန်းကတော့ ဖော်နဲ့သိတဲ့ လုပ်ငန်းတစ်ခုမှာ သွင်းပေးမလို့ပါ''

''ဟင် အခု ဘာဖြစ်သွားလို့လဲဟင်''

ဖော့် စကားကြောင့် ကျွန်မ စိတ်ပျက်သွားရသည်။ ဝမ်းသာအားရ ပြေးလာခဲ့တာ ခုတော့ သဲထဲရေသွန်သလို ဖြစ်ကုန်ပြီနဲ့တူပါရဲ့။

''အလကား စိုးထုပ်တွေပါကွာ၊ သူတို့ဆီမှာ အရောင်းဘက်ပိုင်းလူလိုလို့ ဝန်ထမ်းခေါ်ထားတာ ဟိုးတစ်ရက်က သတိထားမိတာနဲ့ ဖုန်းလှမ်းဆက်ကြည့်လိုက်တာ၊ အပျိုမှ လက်ခံမယ်တို့ အသက်ဘယ်လောက်ကနေ ဘယ်လောက်အတွင်းမှတို့ လုပ်နေတာနဲ့ ဖော်လည်း ဆက်မပြောတော့ဘဲ ဖုန်းချပစ်လိုက်တယ်၊ အချင်းချင်း အကူအညီတောင်းတာတောင် လာရင့်နေသေးတဲ့ကောင်တွေက ရှိသေး''



www.burmeseclassic.com

www.burmeseclassic.com



ဖော်က ကျွန်မအစား ဒေါသတွေဖြစ်နေသည့်ပုံပါပဲ။ ကျွန်မကတော့ စိတ်ဓာတ်ကျရုံမှအပ ဘာတတ်နိုင်မှာတဲ့လဲ။

"ဒါဆို အဆင်မပြေဖြစ်သွားတာပေါ့နော်"

"ဒါပေမဲ့ နီ ဘာမှစိတ်မညစ်နဲ့ ဖော့်ဆီမှာပဲ ဝင်လုပ်လိုက်တော့၊ အစတည်းက ဖော့်ဆီမှာလုပ်ဖို့ ပြောမလို့ပါ။ တော်ကြာ နီ ငြင်းနေမလား ဆိုပြီး တခြားတစ်နေရာကို အရင်ဆက်သွယ်ပေးလိုက်တာ၊ ခုတော့ အဆင်မပြေလာဘူးလေ"

"ဖော့်ဆီမှာ ဟုတ်လား"

"ဟုတ်တယ် နီ၊ အခု လေးလေးက ဖော့်ကိုလွှဲပေးထားတယ်၊ နီသာ တကယ်စိတ်ဝင်စားမယ်ဆိုရင် ဖော်တို့ကုမ္ပဏီက Welcome ပါ"

"ကျွန်မ ပြန်စဉ်းစားပါရစေနော် ဖော်"

ထိုနေ့က အိမ်အပြန်လမ်းတစ်လျှောက်လုံး ကျွန်မ အတွေးတွေ ဟိုဟိုဒီဒီ မျောလွင့်နေ၏။ ဖော့်ဆီမှာ အလုပ်လုပ်ဖို့တဲ့။ မောင် သိသွားရင်တော့ ဘယ်လိုမှ မလွယ်ကြောပါပဲ။ ဒါပေမဲ့ ခုချိန်မှာ မောင်က ကျွန်မကို အရေးရောလုပ်သေးလို့လား။ ကျွန်မ ဘာတွေပဲလုပ်လုပ် မောင် ဂရုတစိုက်လိုက်ကြည့်နေမှာမို့လို့လား။

တစ်အိမ်ထဲမှာ အတူတူမနေချင်တော့လို့တောင် ထွက်သွားပေးဖို့ တောင်းဆိုခဲ့သေးတာပဲလေ။ မိန်းမတစ်ယောက်အနေနဲ့ ကိုယ့်ခင်ပွန်းသည်ရဲ့အဝေးမှာ တစ်ယောက်တည်းရပ်တည်ရမယ့်ဘဝကို စဉ်းစားကြည့်လိုက်တော့ အရာရာဟာ ဝေဝါးဝါးပါ။ ဒီလိုအချိန်မှာ ကျွန်မလည်း အလုပ်တစ်ခုတော့ မဖြစ်မနေ လုပ်ကိုလုပ်ရမှာပါပဲ။

■ ■ ■





တစ်ခါတလေမှာ လောကကြီးက ကျွန်မတို့ဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးတော့မလိုလိုနှင့် ကျီစားတတ်သည်။ အရာရာ နေသားတကျ ဖြစ်ပြီလို့ ယုံကြည်ပြီးကာမှ မထင်မှတ်ထားချိန်မှာ အသစ်ကနေ ပြန်စတင်ရခြင်းမျိုး။ မြတ်နိုးစွာ ပိုင်ဆိုင်ချင်ခဲ့သော အရာတစ်ခုကို လက်ဝယ် ပိုင်ပိုင်ရဖို့ ကြိုးစားအောင်မြင်ပြီးကာမှ ခဏလေးအတွင်း လက်လွှတ်လိုက်ရခြင်းမျိုး။

ကျွန်မ တစ်သက်တာလုံးမှာ စွန့်လွှတ်ဖို့ လုံးဝမဖြစ်နိုင်ခဲ့သော လူတစ်ဦးအား ပိုင်ဆိုင်ခွင့်ရဖို့ ကိုယ့်ကိုယ်ကိုယ် ပေးဆပ်အနစ်နာခံရယူခဲ့ပြီးကာမှ အချိန်တိုလေးအတွင်း ဆုံးရှုံးဖို့ ကြုံလာခြင်းသည် ကျွန်မ ညံ့ဖျင်းသောကြောင့်သာ ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်မအတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်လို့ ယုံကြည်ထားခဲ့သည်။

တည်ငြိမ်အေးချမ်းပြီလို့ ထင်နေခဲ့သော ကျွန်မ ဘဝတစ်ခုလုံးဟာ အခုမှ အကြီးကျယ်ဆုံး မုန်တိုင်းတစ်ခုရဲ့ဒဏ်ကို ခံစားရခြင်းမှန်း သိလိုက်ရချိန်မှာ ဆောက်တည်ရာမရ ဖြစ်ရမယ့်အစား ကျွန်မ ကြောင်အမ်းထစ်အနေခဲ့မိသည်။ ထင်မှတ်မထားသော အနေအထားတစ်ခုကနေ နောက်ကျောဘက်မှ အလစ်ဝင်တိုက်သော ကံတရားကို ကျွန်မက ဘယ်လို လက်နက်မျိုးနဲ့မှ ကြိုတင်ကာကွယ်ဖို့ မပြင်ဆင်ထားခဲ့မိဘူးလေ။

ကျွန်မ သိပ်ချစ်ခဲ့သော အချစ်တစ်ခုကိုတော့ နှမြောတသမိတာ အမှန်။ ရင်ဘတ်ထဲကနေ မြတ်မြတ်နိုးနိုး ဖြစ်ပေါ်လာခဲ့သော ချစ်ခြင်းတရားကို ဘဝတစ်သက်စာအတွက် ယုံကြည်အပ်နှံမိခဲ့သူက နှလိုမျိုး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုရက်လိမ့်မယ်လို့ ကျွန်မ ဘယ်လိုတွေးခဲ့ဖူးပါ့မလဲ။

ပြီးတော့ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ပြီးတဲ့နောက်မှာလေ။

"အဲဒီလောက်ထိ ခံစားမနေစမ်းပါနဲ့ဟာ၊ နှင်နဲ့မတန်ဘူးလို့သာ သဘောထားလိုက်"

ကျွန်မရဲ့ဖာတ်လမ်းစဆုံးကို နားထောင်ပြီးနောက်မှာ တစ် ဆောင်တည်းနေသည့် သူငယ်ချင်း သဲသဲက မှတ်ချက်ချပါသည်။ ကိုယ် ကိုယ်တိုင် ခံစားရသည့်အခါမှာတော့ ဒီခံစားချက် ဘယ်လောက်ထိ နာကျင်တယ်ဆိုတာ သိလာကြမှာပါ။ ကိုယ်နဲ့မထိုက်တန်ဘူးဆိုတာ သိ ပေမယ့်လည်း တစ်ခါတလေမှာ ငဲ့ကွက်ရမည့် အရာတွေအများကြီးရှိနေ တတ်တာလေ။

"နင်က ငါ့ဘက်ကနေ ခံစားပြီး ပြောပေးတာမှန်းသိပေမယ့် ငါ့အတွက်ကတော့ ထူထောင်ပြီးသား အိမ်ထောင်တစ်ခုကို ဖျက်ဆီးပစ်ဖို့ ဆိုတာ သိပ်ကိုခက်ခဲတဲ့ကိစ္စပဲလေ"

"မိန်းမတစ်ယောက်အတွက် ဒါ ဘယ်လိုမှ ဖြေမဆည်နိုင်တဲ့ ကိစ္စကြီးဆိုတာ ငါ ကိုယ်ချင်းစာပေးနိုင်ပါတယ်၊ ဒါပေမဲ့ နင်တစ်သက်လုံး သူ့လက်အောက်မှာ အဖိနှိပ်ခံဘဝနဲ့နေရမှာကို စဉ်းစားကြည့်လိုက်လေ"

တကယ်ဆို ကျွန်မ ဘယ်လိုမှ တွေးလို့မရအောင် ဖြစ်ရတာ လည်း အဲဒီအချက်ပါပဲ။ ကျွန်မတို့နှစ်ယောက် သုံးနှစ်လောက်ချစ်ခဲ့ပြီး နောက်မှာ တစ်ယောက်ကိုတစ်ယောက် လက်လွှတ်ရမှာစိုးရွံ့မှုတွေနဲ့ နီးပြေ ခဲ့ကြသည်။ မင်္ဂလာပွဲပြီးလို့ သုံးလတောင်မရှိသေးချိန်မှာ သူ့အချိုးတွေ လုံးဝကို ပြောင်းလဲသွားခဲ့၏။





ဘာကြောင့်ဆိုတဲ့ အဖြေတစ်ခုကို ကျွန်မ ရှာမတွေ့ခဲ့။

"နင်လည်း တစ်ချိန်လုံး အဲဒါကြီးပဲ ခေါင်းထဲထည့်မထားပါနဲ့ ဟာ၊ ရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာ နင့်ဘာသာနင်ပဲ ပလန်ချပြီး စဉ်းစားကြည့်ပေါ့၊ လောလောဆယ်တော့ စိတ်မလေအောင် အလုပ်တစ်ခုခု ဝင်လုပ်သင့်တယ်လို့ ငါ အကြံပေးချင်တယ်"

"နင်မပြောလည်း ငါက အလုပ်လုပ်ဖို့ စဉ်းစားပြီးသွားပါပြီ"

"ဟုတ်လား ကောင်းတယ် သူငယ်ချင်း၊ ငါကတော့ အားပေး တယ်၊ ဘာအလုပ်ပဲဖြစ်ဖြစ်ပေါ့ လောလောဆယ် စိတ်ပြေလက်ပျောက် ဝင်လုပ်နေလိုက်တာ အကောင်းဆုံးပဲ"

"အင်း ငါ မနက်ဖြန်သွားလျှောက်မလားလို့ နင်လိုက်ဦးမလား"

"နက်ဖြန်တော့ မရဘူးဟာ၊ ငါသင်နေတဲ့ကလေးက စာမေးပွဲ နီးတော့ တစ်နေ့လုံးသင်ပေးရမှာ"

"အေးပါ ဒါဆိုလည်း ငါ့ဟာငါပဲ သွားရတော့မှာပေါ့"

"အေး အဆင်ပြေပါစေ သူငယ်ချင်း၊ ကဲ ငါလည်း အနားယူ တော့မယ်ဟာ၊ ဒီနေ့တော်တော်ပင်ပန်းလာလို့"

ကျွန်မနားကနေ သူငယ်ချင်း သဲသဲ ထွက်သွားတော့မှ မနက် ဖြန် အလုပ်လျှောက်လျှင် လိုအပ်မည့် စာရွက်စာတမ်းများကို ပြင်ဆင် သည်။ ကျွန်မရဲ့ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ၊ သင်တန်းဆင်း လက်မှတ်များ၊ အားလုံးအားလုံး သူနဲ့ကျွန်မ အတူနေခဲ့သည့်အိမ်ကလေး မှာ ကျန်ရစ်ခဲ့ပြီ။ ပြန်သွားယူဖို့လည်း ခက်ခဲသည့်အနေအထားတစ်ခု မို့ ပညာထောက်ခံစာတွေကတော့ ဒီနေ့ပဲ အားလုံးအသစ်ပြန်လုပ်ခဲ့သည်။

www.burmeseclassic.com



တကယ်တော့ ဘာစာရွက်စာတမ်းမှတောင် မလိုအပ်ဘူးလို့ ဖော်က ပြောခဲ့ပေမယ့် လုပ်ထုံးလုပ်နည်းအရတော့ ကျွန်မ လိုက်နာရမှာပဲ မဟုတ်လား။ အားလုံးအမြင်မှာ သူ့ဌေးနဲ့ရင်းနှီးလို့ ဘာအထောက်အထား မှတောင် မလိုအပ်တဲ့ အလုပ်တာန်းခန့်လိုက်သည့်ပုံစံမျိုးတွေ မဖြစ်စေချင် ပါ။ တခြားဝန်ထမ်းတွေ အမြင်မတော်ဖြစ်စေမည့် ဘယ်လိုအချက်မျိုး ကိုမှ ကျွန်မ မဖြစ်ချင်။

ဖြစ်နိုင်ရင် ဖော်နဲ့ကျွန်မတို့ ရင်းနှီးပတ်သက်မှုကိုတောင် မည်သူ့ကိုမှ မသိစေချင်။ ဖော့်အတွက်လည်း မကောင်းသလို ကျွန်မ အတွက်လည်း ဘာအကျိုးမှ မရှိစေဘူးလေ။ လုပ်ငန်းခွင်ထဲမှာတော့ သိုသိုသိပ်သိပ်လေးသာ နေချင်ပါသည်။

ကျွန်မနဲ့ပတ်သက်မှုကိုသာ အမှန်အတိုင်း လူတွေသိသွားခဲ့ရင် ကျွန်မထက်အရင် ဖော်သာ ဝေဖန်မှုတွေနဲ့ ရှုတ်ချခံရမှာလေ။ ဒါကို ထည့်မတွက်တဲ့ အလုပ်သွင်းပေးခဲ့သည်ကပင် ကျေးဇူးတင်စရာ ကောင်း နေခဲ့ပြီ။

စာရွက်စာတမ်းတွေ ပြင်ဆင်လို့အားလုံးအဆင်သင့်ဖြစ်ချိန်မှာ ညဆယ့်တစ်နာရီကျော်၊ အတွေးတွေက မောင့်ထံရောက်ပြန်၏။ ဒီအချိန် ဆို မောင် အိမ်ရော ပြန်ရောက်ပါဦးမလား။

ညစဉ်ညတိုင်း မောင် အိမ်ပြန်ရောက်လာမည့်အချိန်ကို သန်း ခေါင်ကျော်ထိ စောင့်နေခဲ့ရတာ ကျွန်မအတွက်တော့ တာဝန်တစ်ခုပါပဲ။ အခုတော့ အဲဒီအိမ်လေးမှာ မောင် အိပ်စက်အနားယူနေပြီလား။ ကျွန်မ ရှိနေသည့်အိမ်မို့လို့ အတတ်နိုင်ဆုံး နောက်မကျကျအောင် အပြင်မှာနေ





ပြီးမှ ပြန်လာတတ်သော မောင်သည် ခုတော့ ကျွန်မမရှိသည့်အိမ်လေးကို စောစောစီးစီး ပြန်ရောက်နေမည်လား။

မောင် ဘယ်အချိန်ပဲ ပြန်လာပါစေ၊ ကျွန်မအတွက်ကတော့ မောင် ပြန်လာသေးသည်ဆိုသည့်အချက်ကလေးတစ်ခုနဲ့တင် ကျွန်မ နံဘေးမှာ မောင် ငြိမ်သက်စွာ အိပ်စက်နေသည်ဆိုသည့် အချက်လေးနဲ့ တင် ကြည်နူးပျော်ရွှင်နေတတ်ခဲ့၏။ လင်မယားဆိုတဲ့ခေါင်းစဉ်တစ်ခု အောက်မှာ စောင်တစ်ထည်တည်း တူတူခြုံလို့ ဘေးချင်းကပ် အိပ်စက် ရသည့်အချိန်လေးပဲ။ မောင်နဲ့အနီးစပ်ဆုံး ရှိခွင့်ရတာလေ။

ဘယ်သူတွေ ဘယ်လိုပဲထင်ထင် တစ်အိပ်ရာထဲမှာ အိပ်စက် နေကြသည့် လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မထိ တွေ့ဖြစ်ခဲ့တာ ရက်ပေါင်းများစွာ ကြာညောင်းခဲ့သည့်အကြောင်းက အမှန် တကယ်ဖြစ်ခဲ့သည်။ မောင့်ထံမှ မြတ်နိုးကြင်နာမှု၊ ဂရုစိုက်မှု၊ ယုယ နွေးထွေးမှုတွေကို အချိန်တိုင်း မျှော်လင့်နေတတ်ခဲ့ပေမယ့် ကျွန်မအတွက် ကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးဆိုသည့် အဖြစ်မျိုးသာ။

ကျွန်မတစ်ယောက်တည်း ငိုကြွေးနာကျင်နေရသည့်အချိန် ကာလတွေကို ဘယ်သူက ကိုယ်ချင်းစာပေးမှာတဲ့လဲ။ တစ်ကိုယ်တည်း အထီးကျန်ကြေကွဲနေရသည့် အချိန်တွေမှာရော ဘယ်သူတစ်ဦးတစ် ယောက်ရဲ့လက်တစ်စုံ ပခုံးတစ်ဖက်က ကျွန်မကို ဖေးမကူညီပေးခဲ့လို့လဲ။

ကျွန်မသာလျှင် ဖြစ်သမျှတွေကို ခါးစည်းခံခဲ့ရသည်။

အင်းလေ တကယ်တော့လည်း ဒါတွေအားလုံးဟာ ရူးမိုက် မိုက်နဲ့ အချစ်ကိုကိုးကွယ်ခဲ့မိသော ကျွန်မအပြစ်သာလျှင်ပေါ့။ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမှလည်း အပြစ်တင်ရန် မရှိခဲ့ပါ။ တစ်ခုပါပဲ မောင် ခုလိုမျိုး ကျွန်မ အပေါ်မှာ ရက်ရက်စက်စက် စိမ်းကားသွားရသည့်အကြောင်းရင်းမှန် တစ်ခုကိုတော့ ကျွန်မ အသည်းအသန် လိုချင်နေခဲ့မိသည်။

ဘာမှန်းညာမှန်းမသိပါဘဲ အသက်တမျှ ချစ်မြတ်နိုးရသူနှင့် အဝေးဆုံးသို့ ထွက်လာပေးရသော ဖနီးမယားတစ်ယောက်အနေနဲ့ ဒီအခွင့်အရေးလောက်တော့ ပြန်လည်ရသင့်သည် ထင်တာပဲ။

သက်ပြင်းမောလေးတစ်ချက် မှုတ်ထုတ်လိုက်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ ကျွန်မ အိပ်ရေးပျက်ခံလို့ မဖြစ်ပါ။ မနက်ကျ လျှောက်လွှာတင်ရင်းနှင့် အင်တာဗျူးပါ တစ်ခါတည်း ဖြေရမှာမို့ ကျွန်မ မျက်နှာတွေ ချောင်ကျနေလို့ မဖြစ်သေးပါ။ အပူသည်ဖြစ်နေပေမယ့်လည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာတော့ အတတ်နိုင်ဆုံး ဟန်ဆောင်ဖုံးဖိထားရမှာပဲလေ။

ကျွန်မဟာ ယောကျ်ားတစ်ယောက်ကြောင့် လဲပြိုကျသွားသူ တစ်ယောက်လို့ ဘယ်သူမှ မထင်စေရ။ လင့်ပစ်မဲတစ်ယောက်လို့ ဘယ်သူစိမ်းတစ်ယောက်ကမှ ကျွန်မကို မကဲ့ရဲ့စေရ။ အတွင်းမှာ ဘယ်လောက်ပဲ လဲပြိုနေပါစေ၊ အပြင်မှာတော့ အပြုံးလေးနဲ့သာ ကျွန်မကို မြင်တွေ့စေရမည်။

■ ■ ■

"နာမည်က အနီသွေး ဟုတ်လား"

အင်တာဗျူးသည့် အမျိုးသားက ကျွန်မထက်သုံးလေးနှစ်လောက်တော့ ကြီးပါလိမ့်မည်။ ကျွန်မမိတ်ဆွေ မိတ်ဆက်ပေးထားသည့်





အတွက် ကျွန်မနာမည်ကိုလည်း ကြိုတင်ကြားဖူးထားပုံပါပဲ။

"ဘယ်ပို့စ်အတွက် လျှောက်ချင်တာလဲ"

"အဆင်ပြေမယ်ဆိုရင်တော့ အရောင်းပိုင်းကို စိတ်ဝင်စားပါတယ်၊ အရင်က လုပ်ခဲ့ဖူးတဲ့အတွေ့အကြုံလည်းရှိလို့ပါ"

တကယ်တော့ ဒီကုမ္ပဏီမှာ အလုပ်ခေါ်သည့်ကြော်ငြာချက်မရှိပါဘဲ ကျွန်မက ဝင်လျှောက်ခဲ့ခြင်း ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုမျိုး ကြီးကျယ်သည့် လုပ်ငန်းကြီးတစ်ခုမှာ အလုပ်တစ်နေရာ ရမည်ဆိုသည့်အချက်ကကိုပဲ ကျွန်မအတွက် တော်တော်အဆင်ပြေနေခဲ့ပါပြီ။

"အတော်ပဲပေါ့၊ ကိုယ်တို့ဆီမှာလည်း အရောင်းဌာနမှာ လူလိုနေတယ်၊ မင်းကလည်း ရှုပါမိုက်စာ လုပ်ဖူးတဲ့အတွေ့အကြုံရှိတော့ ကိုယ်ကတော့ မင်းကို အဲဒီရာထူးနဲ့ပဲ Sale ဘက်မှာ ခန့်ထားချင်တယ်၊ မင်းအဆင်ပြေမလား"

အင်တာဗျူးသည့်အမျိုးသားက ကျွန်မဆန္ဒကိုပါ တလေးတစား မေးမြန်းဆက်ဆံနေသေးသည်မို့ ကျွန်မမှာ နည်းနည်းတော့ နေရထိုင်ရ ကျပ်နေမိသည်။

"ကျွန်မ အဆင်ပြေမှာပါ၊ လုပ်ငန်းအတွေ့အကြုံလည်း ရှိပါတယ်"

"ဒီလိုဆို လခကိစ္စကို ဖော်က သူပြောထားတယ်လို့ ပြောတယ်၊ ဖော် ပြောပြီးသားဆိုတော့ ကျွန်တော်တို့လည်း အဲဒီအတိုင်းပဲ သတ်မှတ်ပေးပါ့မယ်"

"ရပါတယ်ရှင် ကျွန်မဘက်က သိပ်ကိုကျေးဇူးတင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့လောက် အလုပ်စဆင်းရမှာလဲရှင့်''

''အဆင်ပြေရင် မနက်ဖြန်စဆင်းလို့ ရပါပြီ၊ မနက်ကိုးနာရီဆို စမယ်၊ ပြန်ချိန်ကတော့ အလုပ်များရင် များသလို အပြောင်းအလဲလေး ရှိတယ်လေ''

''ဟုတ်ကဲ့ ကျွန်မ နားလည်ပါတယ်''

''ဒီလိုဆို မင်းပြန်လို့ရပါပြီ''

ထိုအမျိုးသားရှေ့တွင် ခါးဆန့်ဆန့်ထိုင်နေရာကနေ ထရပ်လိုက်ပြီးမှ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသောကြောင့်

''ဟိုလေ ကိုဇော်အခန်းကို သွားလို့ရမလားရှင်''

''ဇော်လား ဒီအချိန်တော့ အခန်းထဲမှာပဲ ရှိမှာပါ၊ ကျွန်တော်တို့ အစည်းအဝေးက နောက်တစ်နာရီခွဲလောက်လိုသေးတယ်လေ၊ ဒီကနေ အပေါ်နှစ်ထပ် ထောင့်ဆုံးက အခန်းကျယ်ကြီးပါ''

စိတ်လိုလက်ရ ရှင်းပြနေသည့် ထိုအမျိုးသားပုံစံက ခုနကလို မဟုတ်တော့ဘဲ အနည်းငယ် ပွင့်လင်းသွက်လက်လာသည်။ ချိုသော အပြုံးပိုင်ရှင်တစ်ယောက်ပါပဲ။ သူ့ရာထူးက အုပ်ချုပ်ရေးမှူး တဲ့။

သူ ညွှန်ပြလိုက်သည့်အထပ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့လိုက်ပြီး ဇော့်အခန်းသို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့သည်။ ထောင့်ဆုံးမှာရှိနေသော ကျွန်းတံခါးချပ်ကြီးနှစ်ခု စေ့ပိတ်ထားသည့် အခန်းကျယ်ကြီးက ဇော့်အခန်းဆိုတာ သေချာနေစေသည်လေ။ တံခါးရွက်တွေပေါ်မှာတော့ အင်္ဂလိပ်အက္ခရာသုံးလုံး CEO တဲ့။

ကျွန်မ ပန်းလေးတစ်ချက်ကို အသာတွန့်လိုက်ပြီးမှ တံခါးရွက်





များကို ဖြည်းညင်းစွာ ခေါက်လိုက်သည်။ သူ့အခန်းအပြင်မှာရှိနေသော အတွင်းရေးမှူးထိုင်ခုံနေရာလေးက လွတ်နေ၏။ ကိစ္စရှိလို့ တစ်နေရာရာသွားနေတာ ဖြစ်ပါလိမ့်မည်။ ဇော်တော့ ကျွန်မကိုတွေ့ရင် အံ့ဩသွားမှာ အမှန်ပါပဲ။

''ဝင်ခဲ့လေ''

တံခါးခေါက်သံအဆုံးမှာ ထွက်လာသော ဇော့်အသံတိုးတိုးကို ကျွန်မ ကြားရသည်။ စေ့ပိတ်ထားသည့် တံခါးကို အသာတွန်းဖွင့်ဝင်လိုက်တော့ ကျွန်မကို မော့ပင်မကြည့်နိုင်ဘဲ စားပွဲပေါ်က ဖိုင်တွဲတစ်ခုကို အာရုံဝင်စားနေသည့် ဇော့်ကို မြင်ရသည်။

''နမူနာတွေ ရလာပြီလား''

သူ့လုပ်ငန်းခွင်ထဲမှ ဝန်ထမ်းတစ်ယောက်ယောက်အထင်နှင့် ကျွန်မကို မော့မကြည့်ဘဲ သူ စကားဆိုသည်။ ကျွန်မကလည်း ဘာမှ ပြန်မဖြေဘဲ တိတ်ဆိတ်စွာ ဆက်ရပ်နေတော့မှ သူ စိတ်မရှည်သလို တစ်ချက်မော့ကြည့်၏။ ကျွန်မကိုမြင်တော့ သူ အရမ်းအံ့ဩသွားသည့်ပုံနှင့် နှုတ်ခမ်းများ ပြုံးသွားသည်။

''ဇော်က ဇော့်အတွင်းရေးမှူးလေး ထင်နေတာ၊ နီ ဘယ်တုန်းက ရောက်နေတာလဲ''

''ဇော် အလုပ်တွေများနေတာကို အနှောင့်အယှက်ပေးသလို ဖြစ်သွားလားဟင်''

''ဟာ မဖြစ်ပါဘူး၊ ဘာလို့ဖြစ်ရမှာလဲ ထိုင်လေ နီရဲ့''

သူ ထိုင်နေသော စားပွဲနှင့်ဆုံလည်ဆိုဖာကြီးရှေ့ရှိ ဆက်တီခုံ



www.burmeseclassic.com

www.burmeseclassic.com



များကို လက်ညှိုးညွှန်လျက် သူ ဆိုသည်။ အသာအယာဝင်ထိုင်လိုက်ရင်း သူ့အခန်းအပြင်အဆင်ရဲ့ သားနားသပ်ရပ်ပုံကို ကျွန်မ တစ်ချက်အကဲခတ်နေမိသည်။ ပစ္စည်းတွေ အများကြီးမရှိပါဘဲ ရှင်းရှင်းလင်းလင်းခန့်ခန့်ညားညားလေး ဖြစ်၏။

သူ့အတွင်းရေးမှူးလေး ဝင်လာသောကြောင့် သူ နည်းနည်းအလုပ်ရှုပ်သွားပြီး ကျွန်မနားသို့ ချက်ချင်း ထမလာနိုင်သေးပါ။ အလုပ်များသည့် လူတစ်ယောက်ကို ဒုက္ခပေးမိပြီလားလို့ ကျွန်မကိုယ်ကျွန်မအပြစ်တင်မိသည့်စိတ်လေး ဖြစ်သွားရသည်။ တကယ်ဆို သူ အလုပ်အားမအား ဖုန်းဆက်မေးမြန်းပြီးမှ ကျွန်မ လာခဲ့သင့်တာ။

ကျွန်မဟာလေ တစ်ခါတလေဆို အဲဒီလိုပဲ၊ ကိုယ်ဖြစ်ချင်တာကိုသာ ကိုယ်သိသည့် လူစားမျိုး။

ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ခမ်းလေးတွန့်ရုံ ပြုံးမိပြန်သည်။ ကျွန်မဟာ သိပ်တစ်ကိုယ်ကောင်းဆန်ပြီး ကိုယ့်ခံစားချက်တစ်ခုကိုပဲ သိထားသည့် လူစားမျိုးတဲ့။ ကျွန်မ၏ချစ်လှစွာသော ခင်ပွန်းသည်က သတ်မှတ်ပေးခဲ့သော ကျွန်မအတွက် မှတ်ချက်လေးက ထိုသို့ နာကျင်စရာကောင်းလှပါသည်။

"ဟိတ် တစ်ယောက်တည်း ဘာတွေပြုံးနေတာလဲ"

ဘေးနားက ကပ်ကာ ပြောလိုက်သော အသံကြားမှပင် ကျွန်မ အသိပြန်ဝင်လာ၏။ အတွင်းရေးမှူးလေးနှင့်ပြောနေသော သူ့အလုပ်ကိစ္စတွေပြီးစီးသွားပြီလား မသိ။ အတွင်းရေးမှူးကောင်လေးလည်း အခန်းထဲမှာ မရှိတော့ပါ။





"ပြုံးမိတာကတော့ ဒီလိုပါပဲ၊ မချိုပြုံးပေါ့၊ ဒါနဲ့ ဖော် အလုပ်ရှုပ်နေတာကို အလိုက်ကန်းဆိုးမသိ အကြောင်းမကြားဘာမကြားနဲ့ ရောက်လာမိတယ်၊ ဆောရီးနော်၊ ကျွန်မက အလုပ်ရခဲ့လို့ ဝမ်းသာအားရနဲ့ ဖော့်ကို လာပြောပြချင်တဲ့ဆန္ဒတစ်ခုတည်းပါ"

ကျွန်မက မျက်နှာငယ်လေးနှင့် ရှင်းပြလျှင် ဖော်က ဟက်ဟက်ပက်ပက် ရယ်မောလျက်

"ဘယ်သူ ဘာပြောနေလို့တုန်း နီ၊ ခုလိုလာတော့ ဖော်က ဝမ်းတောင်သာသေးတယ်၊ ဖြစ်နိုင်ရင် နေ့လယ်စာတောင် တူတူစားချင်တာ၊ နောက်ခဏနေရင် အစည်းအဝေးတစ်ခုရှိနေလို့ပေါ့"

"ဩော် ဟုတ်တယ် ခုနက အင်တာဗျူးတဲ့အစ်ကို ပြောတယ်၊ ဖော်တို့အစည်းအဝေးရှိတယ်တဲ့လေ၊ ပြီးတော့ တစ်ခုခုစားဖြစ်ရင်လည်း ဖော် မကျွေးရဘူးနော်၊ ကျွန်မ ကျွေးမှာ အခုလို အလုပ်တစ်ခုရတာ ဖော့်ကျေးဇူးတွေပဲလေ၊ ဖော်သာ မဆက်သွယ်ခဲ့ရင် ကျွန်မ တခြားနေရာတွေအားလုံး လိုက်လျှောက်နေရဦးမှာ"

"အဲဒီလို စကားတွေ မပြောစမ်းပါနဲ့၊ ဖော်တို့နှစ်ယောက်ကြားမှာ အဲဒါမျိုးတွေ ဘယ်တုန်းကမှ မလိုအပ်ခဲ့တာ နီ မေ့သွားပြီလား"

အဲဒီစကားပြောလိုက်သော ဖော့်လေသံတွေက တိုးတိုးဖျော့ဖျော့။ ဖော် ပြောသလိုမျိုး မေ့တော့ ဘယ်မေ့ပါ့မလဲလေ။ ဒါပေမဲ့ ကျွန်မ မေ့ထားခဲ့သည်။ မေ့ကိုမေ့ပစ်ထားရမည့်အခြေအနေတစ်ခုမှာ ကျွန်မ မေ့ဖျောက်ထားနိုင်ခဲ့သည်။ ဖော်နဲ့ပတ်သက်ခဲ့သည့် အဖြစ်အပျက်တွေမပြောနှင့် ဖော်ကိုယ်တိုင်ကိုတောင် ကျွန်မ မေ့ဖျောက်ပစ်ထားခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ဖော့်အသံတွေ တိုးဖျော့နေသလို ဖော့်မျက်လုံးများထဲသို့ ခပ်ဖျော့ဖျော့ငေးကြည့်လျက် ပြုံးလိုက်မိသော ကျွန်မအပြုံးတို့သည်လည်း အသက်မဲ့နေကြမှာပါ။

ကျွန်မတို့နှစ်ယောက်ကြားမှာ ဖြစ်ပျက်ခဲ့သမျှတွေသည် အိပ်မက်တွေလိုလို ပုံပြင်တွေလိုလိုနှင့် ဟိုမရောက်ဒီမရောက် ပြီးဆုံးခဲ့ရသည်။ သေချာပြန်စဉ်းစားကြည့်တော့လည်း ကျွန်မ အပြစ်တွေပါပဲ။ ကျွန်မဆိုတဲ့ မိန်းမက ကိုယ့်ကိုချစ်သောသူတစ်ယောက်ကို အလွယ်တကူ လက်လွှတ်ခဲ့ဖူးသဖြင့် ခုတော့ ဝဋ်တွေအကြီးကြီး လည်နေခဲ့ပြီလေ။

"ကျွန်မ ပြန်တော့မယ် ဖော်"

"ဘယ်နေ့အလုပ်စဆင်းရမှာလဲ"

"မနက်ဖြန်ပါပဲ"

"အိုကေလေ၊ ဒါဆို မနက်ဖြန် တွေ့ကြသေးတာပေါ့နော်"

အပြန်လမ်းတစ်လျှောက်လုံး ကျွန်မ အသိစိတ်ထဲမှာ အတွေးတစ်ခုက နေရာယူထားခဲ့၏။ ကျွန်မ မှားပြန်ပြီလားဆိုတဲ့အတွေးပါ။ ဖော်နဲ့ခုလိုမျိုး ပြန်ပတ်သက်မိတာ ကျွန်မ အမှားတစ်ခု ထပ်ကျူးလွန်မိသလိုများ ဖြစ်နေပြီလား။ သူ သိသွားရင် ဘယ်လိုပုံစံမျိုးနဲ့ ကျွန်မ ဖြေရှင်းရမှာတဲ့လဲ။

အိုလေ ကျွန်မစိတ်တွေ ရှိးသားသန့်စင်နေတာပဲ။ ပြီးတော့ ဖော်ကလည်း ခုချိန်မှာ ကျွန်မအတွက် အားထားစရာ မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ ရှိနေတာလေ။ သူက ဘယ်လိုစွပ်စွဲချက်မျိုးတွေနဲ့





စွဲချက်တင်ချင်နေသေးတာလဲ။ ပြီးတော့ သူက ကျွန်မ ဘာလုပ်လုပ် စိတ်ဝင်တစားနဲ့ လိုက်စုံစမ်းနေမှာလည်း မဟုတ်တော့ပါဘူး။ ကျွန်မ ရှိတဲ့ဘဝကို သူ ပိုလို့နှစ်သက်နေခဲ့တာပဲလေ။

■ ■ ■

ပထမဆုံး အလုပ်ဝင်သည့်နေ့မို့ ကျွန်မအတွက် သင်ယူလေ့လာစရာတွေ များလွန်းလှ၏။ ကျွန်မအထက်က အရောင်းမန်နေဂျာက စိတ်ရှည်ပြီးသဘောကောင်းသည့် မျက်နှာပေးနှင့် အစ်မကြီးတစ်ယောက်။ ကျွန်မအတွက် သူ့ဆီကနေ မေးမြန်းလေ့လာနေရတာနဲ့တင် ထိုတစ်နေ့တာ ကုန်ဆုံးလုလုအချိန်မှာ ကျွန်မဖုန်းလေး ထမြည်လာခဲ့သည်။ ဖော့်ဆီက။

"ဟဲလို ဖော်"

"ဘယ်လိုလဲ အဆင်ပြေလား၊ မရတနာက သိပ်စကားပြောကောင်းတယ်၊ မင်းနဲ့အိုကေမှာပါ"

"အဆင်ပြေတာပေါ့၊ ဘာမပြေစရာရှိလို့လဲ ဖော်ရဲ့၊ ကျွန်မအတွက် သိပ်ကိုအဆင်ပြေတဲ့ လုပ်ငန်းခွင်တစ်ခုဖြစ်လာမှာပါ"

"မင်းဆီက အဲဒီစကားကြားရတာ ဖော် စိတ်ချမ်းသာလိုက်တာ၊ ဒါနဲ့ ခဏနေ ရုံးဆင်းရင် တွေ့ရအောင်၊ ကားပါကင်မှာ စောင့်နေမယ်"

"ဘာအတွက်လဲ ဖော်"

"တစ်ခုခုကျွေးမယ့် အစီအစဉ်ကို ဒီညနေပဲ အကောင်အထည်ဖော်နိုင်းမလားလို့ပါ၊ ဖော် ဗိုက်ဆာနေလို့"

ဖော်က သူ ဗိုက်ဆာနေတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလာလေတော့ ကျွန်မအတွက် ငြင်းဆန်ဖို့ရာ ခက်ခဲရသည်။

"ကောင်းပြီလေ ဇော်၊ ကျွန်မ ဖုန်းပြန်ခေါ်လိုက်ပါ့မယ်"

ဖုန်းလေးကို ကုတ်အင်္ကျီအိတ်ကပ်လေးထဲ ပြန်ထည့်လိုက်ပြီး စားပွဲပေါ်မှာ ရှုပ်ပွနေသည့် ဖိုင်တွဲများဆီသို့ အာရုံပြန်လွှဲလိုက်သည်။ ဒီနေ့အတွက်တော့ ဒီဖိုင်တွဲတွေကို အပြီးသတ် လေ့လာနိုင်မှ ဖြစ်ပါလိမ့်မည်။

"ညီမလေးရေ တစ်နေ့တည်းနဲ့လည်း အကုန်မှတ်မနေနဲ့ဦး။ တော်ကြာ ခေါင်းပူပြီး အာရုံပိုနောက်သွားဦးမယ်၊ မမတော့ ပြန်တော့မယ်၊ ညီမလေးလည်း ပြန်ချင်ပြန်လို့ရပြီနော်၊ အောက်ဒိုးကတော့ မနက်ဖြန်မှပဲ ထွက်ပြီး ထပ်လေ့လာကြသေးတာပေါ့"

မရတနာ နှုတ်ဆက်ပြန်သွားပြီး မိနစ်နှစ်ဆယ်လောက် ကျွန်မ ထပ်နေလိုက်သေးသည်။ ကားပါကင်ဘက်ဆီ လမ်းလျှောက်လာရင်း လက် ကလည်း ဖုန်းခလုတ်လေးများကို နှိပ်နေမိ၏။ ဇော့်ဆီပေါ့။

"ဘယ်လိုလဲ နီ၊ ပြီးပြီလား"

"ဟုတ် ပြီးပြီ၊ အခု ကျွန်မက ကားပါကင်ကိုတောင် ရောက်နေပြီ ဇော်ရဲ့၊ ဇော်က ဘယ်မှာလဲ"

"ဒီမှာပါဗျာ"

ကျွန်မနှင့်ခပ်လှမ်းလှမ်းမှ အဖြူရောင်ကားတစ်စီးက မီးပွိုင့်လေးတွေ ထတောက်သွားသည်။ ကားမောင်းသူနေရာမှာ ထိုင်လျက် ကျွန်မရှိရာဆီ လက်လှမ်းပြနေသော ဇော့်ကိုတွေ့လိုက်ရမှ ကျွန်မ ပြုံးလိုက်မိ၏။





"ကဲ ဒကာရှင်ကြီး ဘယ်မှာကျွေးမှာလဲ

"ဇော် စားချင်တဲ့ဆီ သွားလေ ကျွန်မ ကျွေးမှာပေါ့"

"ဈေးကြီးတဲ့ဆိုင်တော့ မဟုတ်ဘူးမလား"

ဇော်က ပြောပြီးရယ်တော့ ကျွန်မလည်း လိုက်ရယ်မိသည်။ ဇော်ဟာ ဟိုးအရင်ကကိစ္စတွေကို တစ်ချိန်တစ်ခါလေးတောင်မှ မေ့ဖျောက်ပစ်လိုက်ဖို့ မကြိုးစားခဲ့ဘူးလား မသိ။

ပြီးတော့ ဇော် မောင်းလာခဲ့သော ဆိုင်။ အဲဒီဆိုင်လေးကို ကျွန်မတို့နှစ်ယောက်အတူ ပြန်ထိုင်ဖြစ်ဖို့စိတ်ကူး ဇော့်မှာ ဘာလို့များ ရှိနေသေးတာလဲ။

"ဇော် ဘာလို့ ဒီဆိုင်ကို မောင်းလာတာလဲ"

ကားပါကင်ထိုးပြီး ရပ်တန့်နေပြီဖြစ်သော ကားလေးပေါ်မှာ လှည့်မယှက် ထိုင်လျက်ကနေ ကျွန်မ မေးခွန်းထုတ်မိသည်၊ ဇော့်မျက်နှာကို တည့်တည့်မကြည့်မိအောင်လည်း ဂရုစိုက်ရသေး၏။

"ဒီဆိုင်က ဘာဖြစ်လို့လဲ နီရဲ့၊ ဇော်ရော နီရော ဒီဆိုင်က သက်သက်လွတ်ချဉ်စပ်ဟင်းရည်ကို သိပ်ကြိုက်ခဲ့တာလေ၊ ဇော်က အဲဒါလေးကို ပြန်သတိရသွားလို့ပါ"

"ကျွန်မတို့နှစ်ယောက် ဒီဆိုင်မှာ ပြန်ထိုင်ဖို့ဆိုတာ မသင့်တော်ဘူးဆိုတာ ဇော် မတွေးမိဘူးလားဟင်"

ဇော့်ထံမှ ခပ်ယဲ့ယဲ့ ရယ်မောလိုက်သံ ကြားရ၏။

"ဇော်ကတော့ ကိုယ့်လိပ်ပြာကိုယ်လုံရင် ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်တတ်ဘူး၊ နီ သိပါဟယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းလေးချလိုက်ရုံကလွဲလို့ ကျွန်မ ဘာများတတ်နိုင်ဦး မှာလဲ။ ဇော်ဆိုတဲ့ယောကျ်ားက သူမှန်တယ်ထင်ရင် ဘာကိုမဆို မကြောက် မလန့် ဂရုမစိုက်တတ်တာ ဟိုးအရင်ကတည်းကပါပဲ။

ကားပေါ်ကနေ လေးကန်သော ခြေလှမ်းများဖြင့် ကျွန်မ ဆင်း လိုက်ခဲ့ရသည်။ ဇော်ကတော့ ဒီနှစ်တွေအတွင်း ကျွန်မတို့နှစ်ယောက် ကြားမှာ ကြီးမားခိုင်ခန့်သည့် ဘယ်လိုကိစ္စကြီးမျိုးမှ ဖြစ်မထားသည့် အတိုင်း ရဲရင့်တက်ကြွစွာဖြင့် ရှေ့မှလျှောက်လှမ်းသွား၏။

ဒီထမင်းဆိုင်လေးဟာ ကျွန်မနဲ့ဇော်တို့အတွက် ဘယ်တော့မှဆို မေ့ဖျောက်ပစ်လို့ရမှာ မဟုတ်သော အမှတ်တရတစ်ခုပါပဲ။ ဒီဆိုင်လေးမှာ ပဲ ကျွန်မတို့နှစ်ယောက် စတင်ဆုံစည်းခဲ့သည်။ ဒီဆိုင်လေးမှာ ချစ်သူတွေ ဖြစ်ခဲ့သည်။ ချစ်သူဘဝတစ်လျှောက်လုံး ကျွန်မတို့ အများဆုံးချိန်းတွေ့ ဖြစ်ခဲ့သော ဆိုင်လေးလည်း ဖြစ်၏။

ဒီလိုနေရာမျိုးကိုမှ ခုလို အနေအထားမျိုးမှာ နှစ်ယောက်တွဲ ပြီး ပြန်လည်ရောက်ရှိလာရခြင်းသည် ကျွန်မအတွက်ကတော့ စိတ်အာရုံ နောက်ကျိစေတာ ဝန်ခံချင်ပါသည်။

"အစ်ကိုတို့ ဘာများသုံးဆောင်မလဲ ခင်ဗျာ"

အသံကြောင့် မော့ကြည့်မိတော့ ရည်မွန်သော ချာတိတ်လေး တစ်ယောက်။ စားပွဲထိုးအသစ်လေး ဖြစ်ပါလိမ့်မည်။

"ချဉ်စပ်ဟင်းရည်တစ်ပွဲ၊ ကြက်ကချင်ချက်၊ မုန့်ညင်းခရုဆီရယ် ထမင်းနှစ်ပြားရယ် ပေးနော်၊ မြန်မြန်လေးလုပ်"

ကျွန်မတော့ ဇော့်ကို အံ့ဩပြီးရင် အံ့ဩရပါသည်။ ဒီကြက်





ကချင်ချက်တွေ မုန့်ညင်းခရုဆီတွေဆိုတာ ကျွန်မတို့နှစ်ဦးလာတိုင်း အမြဲ မှာယူနေကျ အစားအသောက်များသာ ဖြစ်သည်။ ခုချိန်မှာ အရင်ကနဲ့ တစ်ပုံစံတည်း မှာယူနေခြင်းဟာ ဇော် ရိုးရောရိုးရဲ့လား။

ကျွန်မ စိတ်တွေ နောက်ကျိရှုပ်ထွေးနေပါပြီ။

"ဘာလို့ အဲဒါတွေ မှာလိုက်တာလဲ ဇော်"

"အဲဒါတွေက ဇော်တို့မှာနေကျပဲမဟုတ်လား၊ ဇော်တို့ သိပ် ကြိုက်ခဲ့တာလေ"

"ခုချိန်မှာ အရင်ကလိုမျိုး ပုံစံတွေ ထပ်မလုပ်သင့်တော့ဘူး မဟုတ်လား"

"နီ ဘာကိုပြောချင်တာလဲ၊ ဇော် တကယ်နားမလည်ဘူး၊ ဒီ အစားအသောက်တွေကို ဇော်တို့အရင်တုန်းကလည်း ကြိုက်ခဲ့တယ်၊ အခုလည်းကြိုက်နေသေးတယ် မဟုတ်လား၊ အဲဒီမီနူးအတိုင်း ပြန်မှာ မိတာ ဇော် ဘယ်လောက်တောင် မှားသွားလို့လဲ"

"မှားတယ် မမှားဘူးလို့ ကျွန်မ မဆိုလိုပါဘူး ဒါပေမဲ့"

တစ်ချိန်က အတိတ်တွေကို ပြန်သတိရအောင် လုပ်နေသလို ဖြစ်မနေဘူးလားလို့ ဆက်ပြောရန် ပြင်ပြီးကာမှ ကျွန်မ ပါးစပ်ကိုအချိန်မီ ပြန်ထိန်းသိမ်းလိုက်ရသည်။ အဲဒီစကား ပြောလိုက်ကာမှ ကျွန်မဘက်က ပြီး အတိတ်တွေကို သတိတရဖြစ်နေပါတယ်လို့ ဇော့်ကို ထင်မသွား စေချင်ဘူးလေ။

"ဆက်ပြောလေ နီ၊ ဘာကိုဆိုလိုတယ်ဆိုတာ"

ကျွန်မ သူ့ကို မျက်စောင်းပိတ်ထိုးလိုက်၏။ ကျွန်မ ဘာကိုဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်ဆိုတာ သူ နည်းနည်းတော့ သဘောပေါက်မှာပါ။ ဇော်နဲ့ ကျွန်မက တစ်ယောက်ပါးစပ်ဟလိုက်တာနှင့် အူဘယ်နှခွေဆိုတာ သိနေခဲ့သော ရင်းနှီးမှုမျိုးမဟုတ်လား။

စားပွဲထိုးလေး စားသောက်ဖွယ်ရာတွေ လာချပေးသည်ထိ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြတော့။ မျက်နှာချင်းဆိုင်ထိုင်လျက် တစ်ယောက်ကိုတစ်ယောက်လည်း မကြည့်ပါဘဲ အဝေးဆီသို့ ငေးနေမိကြသည်။

"ဟာ ဘယ်သူတွေများလဲ မှတ်တယ် မောင်ဇော်တို့ပါလား"

ဟော ကြည့် ကျွန်မထင်ထားသည့်အတိုင်း တစ်ပုံစံတည်း ဖြစ်လာခဲ့ပြီ။ ကျွန်မတို့နှစ်ယောက်စလုံးနှင့် အလွန်ရင်းနှီးသော ဆိုင်ရှင်အစ်ကိုကြီးက ကျွန်မတို့ကို လှမ်းမြင်သွားပြီး အားရဝမ်းသာ လာနှုတ်ဆက်ခြင်း။ ကြည့်ပါဦး ဇော့်မျက်နှာကလည်း ပြုံးရွှင်ရယ်မောပြီး ဒီနှစ်တွေအတွင်းမှာ ကျွန်မတို့နှစ်ယောက် ဘာကိစ္စတွေမှ ထွေထွေထူးထူး မဖြစ်ခဲ့ကြသလိုလို။

"မတွေ့တာတောင် ကြာပြီကွာ၊ မင်းတို့အတွဲ ပျောက်လှချည်လား"

ဇော်က ထိုမေးခွန်းအတွက် နှုတ်ကမဖြေ၊ ပြုံးရုံသာ ပြုံးနေ၏။

"ဘယ်လိုလဲ မင်းတို့ရော လက်ထပ်ပြီးကြပြီလား၊ အချိန်ကာလတွေလည်း မနည်းတော့ဘူးနော်"

ကဲ ခုလိုမျိုး ကသီလင်တဖြစ်စေမည့် မေးခွန်းမျိုးတွေနဲ့ ကြုံလာတော့ ဇော် ဘယ်လိုဖြေမှာတဲ့လဲ။ ကျွန်မကတော့ စိတ်ရှုပ်ထွေးလွန်း





လှပြီ။

"ဒီကြားထဲမှာ ကျွန်တော်တို့နှစ်ယောက်လည်း မဆုံဖြစ်ကြလို့ပါ"

ဇော့်အဖြေဟာ ဆိုင်ရှင်အစ်ကိုကြီးအတွက် လုံလောက်သည့်အဖြေတစ်ခုဖြစ် မဖြစ်တော့ ကျွန်မမသိ။ ပြုံးရယ်နေသော မျက်နှာကတစ်ချက်တည်ကြည်သွားပြီး စကားလမ်းကြောင်းပြောင်းပစ်လိုက်တာတော့ သတိထားမိလိုက်သည်။

"ဘယ်လိုလဲ မင်းတို့ အလုပ်အကိုင်တွေရော အဆင်ပြေကြလား၊ ငါကတော့ ဆိုင်ကိုတိုးချဲ့လိုက်တယ်လေ၊ မင်းတို့မြင်တဲ့အတိုင်းပဲ"

"အဆင်ပြေပါတယ်ဗျာ၊ အစ်ကိုကြည့်ရတာလည်း တော်တော်လေး အိုကေနေတဲ့ပုံပဲနော်"

"အေးကွ ငါက စားသုံးသူတွေအပေါ် စေတနာထားတော့ ရောင်းပြန်ဟပ်တယ် ထင်တာပါပဲကွာ ကဲ ကဲ မင်းတို့လည်း စားကြလေ ဒါ မနှောင့်ယှက်တော့ဘူး"

ကျွန်မတို့နှစ်ယောက်တည်း ကျန်ခဲ့တော့မှ ကျွန်မရဲ့ဟန်ဆောင်အပြုံးတွေကို ပြည်ဖုံးကားချလိုက်ပြီး

"တွေ့လား ဇော်၊ ဒီဆိုင်ကို ရွေးခဲ့လို့ ကျွန်မတို့နှစ်ယောက်လုံး နေရထိုင်ရ ဘယ်လောက်တောင် ခက်သွားလဲ"

"ဇော်ကတော့ အဲဒီလောက်မဟုတ်ပါဘူး၊ ဇော်တို့ဘက်က ဘာမှမှားယွင်းထားတာ မရှိဘူးလေ၊ ဘာကိုဂရုစိုက်နေရမှာလဲ"

"ဇော် ရှင်ကလေ ပြောလေကဲလေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ စားခါနီးသောက်ခါနီးကို မင်း တော်တော် စကားများတာပဲ၊ စားမှာဖြင့်စား ဖော်ကတော့ ဗိုက်အရမ်းဆာနေပြီ၊ ဆွဲတော့မယ်"

ဖော်က တကယ်ပင် စကားဆုံးသည်နှင့် ခေါင်းမဖော်တမ်း စားတော့သည်။ ကျွန်မမှာတော့ ထမင်းတစ်ပွဲသာ ကုန်သွားရော ဖော့်လုပ်ရပ်တွေကို နားမလည်နိုင်သေး။

"ကဲ ဘယ်ကိုလိုက်ပို့ပေးရမလဲ ပြော"

"တော်ပြီ ကိုယ့်ဘာသာပဲ ပြန်တော့မယ်"

ကျွန်မရဲ့လေသံခပ်ပြတ်ပြတ်ကို ဖော်က အလိုမကျစွာ မျက်မှောင်ကျုံ့လျက် တုန့်ပြန်သည်။ ကျွန်မ မျက်နှာလွှဲထားလိုက်၏။

"ဘာလို့ ကိုယ့်ဘာသာ ပြန်ရမှာလဲ၊ ညရှစ်နာရီတောင် ထိုးတော့မှာကို"

"ကျွန်မက ကလေးလေး မဟုတ်တော့ဘူးလေ ဖော်၊ ဖော်နဲ့တွေ့ကာစကလို အပျိုဖြန်းလေးတစ်ယောက်လည်း မဟုတ်တော့ဘူး အိမ်ထောင်ကျပြီးလို့တောင် တစ်ခုလပ်ဖြစ်လုလု မိန်းမတစ်ယောက်ဖြစ်နေပါပြီ၊ ပြီးတော့ ဒီထက်မက ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မက လက်ရှိမှာ အိမ်ထောင်ရှိနေတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ သူစိမ်းယောကျ်ားတစ်ယောက်နဲ့တွဲပြီး ညဘက် အလုပ်ပြန်လာတယ်ဆိုတာက တော့ ပတ်ဝန်းကျင်အနေနဲ့လည်း ဘယ်လိုမှ မသင့်တော်တာ အမှန်ပါပဲ"

ဖော် ငြိမ်ကျသွားသည်။ မျက်မှောင်များကတော့ ကျုံ့ထားဆဲ။

"ကျွန်မ ဘတ်စ်ကားစီးပြီးပဲ ပြန်ပါ့မယ်"

"ဘတ်စ်ကားဂိတ် လိုက်ပို့ပေးမယ်လေ"





ဖော်ဟာ သူလုပ်ချင်တဲ့ကိစ္စတစ်ခုကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြစ်သလောက်လုပ်ချင်တတ်တဲ့ ဥာဉ်ကလေးကို ဖျောက်မပစ်သေးဘူးကိုး။

"မလိုပါဘူး ဖော်ရယ်၊ ကျွန်မဘာသာပဲ သွားပါ့မယ်၊ ဘတ်စ်ကားဂိတ်ကလည်း ဟိုးမှာတောင် လှမ်းမြင်နေရတာ"

လူအများစုဝေးရပ်နေသော ခပ်လှမ်းလှမ်းမှ ကားမှတ်တိုင်တစ်ခုကို ကျွန်မ လက်ညှိုးညွှန်ပြလိုက်သည်။ ဖော် သက်ပြင်းတစ်ချက်ချ၏။ ပခုံးတစ်ချက်တွန့်သည်။

"ဖော်က မင်းကိုစိတ်ပူလို့ပါ၊ အိုကေ ဟိုးအရင်တုန်းကလို မင်းကလေးတစ်ယောက်အရွယ် မဟုတ်တော့ဘူးဆိုတာ ဖော် လက်ခံပါတယ်၊ ဂွတ်ဘိုင် မနက်မှ တွေ့ကြတာပေါ့"

ခပ်ပြုံးပြုံးလေးပြောလျက် သူ့ကားပေါ်တက် ထွက်ခွာသွားသော ဖော့်ကိုကြည့်ရင်း ဒီတစ်ခါ သက်ပြင်းချရသူက ကျွန်မဖြစ်နေခဲ့သည်။

ဖော်ရယ် ငါတော့ ဘာကိုဘယ်လိုဆက်လုပ်ရမယ်ဆိုတာတောင် မတွေးတတ်တော့ပါဘူး။ အားလုံးဟာ ငါ့အမှားတွေပါပဲ။

■ ■ ■

ကျွန်မသည် အလွန် စိတ်လှုပ်ရှားလွယ် ခံစားလွယ် ထိခိုက်လွယ်သော စိတ်ဓာတ်ပိုင်ရှင်တစ်ယောက် ဖြစ်၏။ အရှဲ့တိုက်သည့်နေရာမှာလည်း ကိုယ့်အတွက်အကျိုးရှိလား၊ အကျိုးယုတ်မလားဆိုတာတွေကို အသည့်မတွေးဘဲ လုပ်ချင်တာကိုသာ ဖွတ်လုပ်တတ်ခဲ့သောလူစားမျိုး ဖြစ်သည်။ အဲဒီ စိတ်ဓာတ်တွေကြောင့်လည်း ဖော်နဲ့ဝေးကွာခဲ့ရခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဇော် ပြောတာကို မင်းနားထောင်သင့်တယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးဘူးလား"

"လက်ထပ်တယ်ဆိုတာ ဒီလောက်မှ မလွယ်ကူတာ ဇော်ရဲ့၊ ကျွန်မကိုလည်း အချိန်နည်းနည်းလောက် ပေးပါဦး"

"ဇော်တို့နှစ်ယောက် ချစ်နေကြတာ လေးနှစ်ရှိပြီလေ၊ ဇော့်ကို လက်ထပ်ဖို့ထိ မင်း စဉ်းစားခဲ့တာမဟုတ်ဘူးလား"

ဇော့်ရဲ့ဝေခွဲရခက်စွာ မချိတင်ကဲပြောလိုက်သော မေးခွန်းကြောင့် ကျွန်မကိုယ်တိုင်ပင် တုန်လှုပ်သွားမိသည်။ ကျွန်မ ဇော့်ကို ချစ်ခဲ့ပါသည်။ ဒါပေမဲ့ လက်ထပ်ဆိုတာကြီးကတော့ ကျွန်မအတွက် သိပ်ကိုကြီးလေးလွန်းသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုပါ။

ပြီးတော့နောက်ထပ် အကြောင်းပြချက်တစ်ခု။ ကျွန်မအတွက် ရင်ဆိုင်ဖို့ရာ သိပ်ခက်ခဲလွန်းသည့်အနေအထားတစ်ရပ်ကို ဇော့်ရဲ့အတိတ်မှာ ပိုင်ဆိုင်ထားခဲ့ဖူးနေတယ်လေ။ မိန်းမတစ်ယောက်နှင့် နီးပြေးခဲ့ဖူးသည်ဆိုသော အတိတ်ကြီး။ ထိုအမျိုးသမီးနှင့်အိမ်ထောင်ကွဲခဲ့ပြီး တစ်ခုလပ်ဆိုသည့် နာမည်တစ်လုံးနှင့်နေထိုင်နေသော ယောကျ်ားတစ်ယောက်။ ကျွန်မ နည်းနည်းတော့ စိုးရွံ့နေမိသည်။

ဇော်က လက်ထပ်ဖို့ပြောလိုက်တိုင်း ငြင်းဆန်နေမိသည့် အကြောင်းပြချက်တွေထဲမှာ ထိုအကြောင်းအရာက ထိပ်ဆုံးကပါနေတာ ကျွန်မဘာသာ သိနေသည်။ ဇော့်ကိုသာ တစ်ခါမှ ထုတ်မပြောဖြစ်ခဲ့ဖူးပါ။ ဇော်နဲ့ကျွန်မကြားမှာ ဘယ်လိုအဖုအထစ်မျိုးကိုမှ ကျွန်မ မလိုလားခဲ့ဘူးလေ။





"တော်ပါပြီကွာ ဒီကိစ္စပြောလိုက်တိုင်း ဇော်တို့နှစ်ယောက် စကားများကြရတယ်၊ ဇော် မပြောတော့ဘူးနော်၊ အချိန်တစ်ခုတော့ ရောက်လာမှာပါ၊ ဟုတ်တယ်မလား"

ဇော်က ရှုပ်ထွေးနေခက်ကျိုးနေသော သူ့မျက်နှာကို ချက်ချင်းပင် အပြုံးတစ်ခုနှင့်ပြုပြင်လိုက်ပြီး ကျွန်မ ပခုံးလေးကို ခပ်ဖွဖွဆုပ်ကိုင်ကာ ပြော၏။ အချိန်တစ်ခုတော့ ရောက်လာမှာပါဆိုတဲ့ ဇော့်စကားလုံးတွေထဲမှာ မျှော်လင့်ချက်တွေ ပါဝင်နေတာ ကျွန်မသိတာပေါ့။

ဒါပေမဲ့ အတိတ်တစ်ခုကို ပြင်ဆင်နိုင်သည့်အချိန်တစ်ခုဆိုတာ ရှိလာမှာတဲ့လား။ တစ်သက်လုံး ဘယ်တော့မှ ဖြစ်မလာနိုင်သည့် အချိန်တစ်ခုကို ကျွန်မတို့နှစ်ယောက် စောင့်ဆိုင်းနေကြရမှာတဲ့လား။

စိတ်ထဲက ပြောနေမိသော စကားလုံးတွေကို ဇော် မကြားနိုင်လို့ တော်ပါသေး၏။ ဇော့်ကို ကျွန်မရဲ့အတွေးတွေကြောင့် စိတ်မညစ်စေချင်ပါ။ ပြီးတော့ ဇော့်ကို ကျွန်မတကယ်ပင် ချစ်ပါသည်။ ကျွန်မဘဝအတွက် အချစ်ဦးရည်းစားဦးမို့လို့လည်း အရာအားလုံးထက် ချစ်မြတ်နိုးပါသည်။

ဒါကိုတော့ ဇော် ယုံရပါလိမ့်မည်။

"ဇော့်ကို ကျွန်မသိပ်ချစ်တာ ဇော် ယုံပါတယ်နော်"

ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် စိတ်မချနိုင်စွာပင် နှုတ်က ထုတ်မေးလိုက်မိသည်ထိ ကျွန်မအချစ်အပေါ် ဇော် မယုံကြည်တော့မှာကိုတော့ ထိတ်လန့်နေမိတာ အမှန်ပါပဲ။

"ဇော့်ကို မင်းချစ်တယ်ဆိုတာ ဘယ်တော့မှ သံသယဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုလောက်အောင်ကို ဖော် ယုံပါတယ်''

ကျွန်မကို ရင်ခွင်တွင်းသို့ ညင်သာစွာ ဆွဲယူရင်း ဖော်က ခပ်တိုးတိုး ပြောသည်။ ကျွန်မသည် ကလေးတစ်ယောက်လိုပင် ပျော်ရွှင်ဝမ်းသာသွားမိ၏။ ဖော့်ကို ကျွန်မ အလွန်ချစ်တယ်ဆိုတာ ကျွန်မကိုယ်တိုင်တောင် ဘယ်လိုမှ ပြန်ရုပ်သိမ်းလို့ မတတ်နိုင်သည့် မှန်ကန်လွန်းသော အချက်တစ်ခုပါပဲ။

■ ■ ■

## အခန်း (၂)

သို့သော် ထိုမှန်ကန်လွန်းသောအချက်သည် မောင်နှင့်ဆုံတွေ့ပြီးနောက်မှာတော့ မှားယွင်းလွန်းခဲ့၏။ ဒီဇာတ်လမ်းအစအဆုံး မှားယွင်းသူတစ်ယောက်ကို ပြသပါဆိုရင် ကျွန်မကလွဲလို့ ဘယ်သူတစ်ဦးတစ်ယောက်မှ မဖြစ်နိုင်ခဲ့ပါ။ အမှားတွေ စတင်ခဲ့တာ ကျွန်မသာလျှင် ဖြစ်သည်။

''နီ မင်း သီချင်းဆိုနေတယ်ဆို''

''အို ဖော် ပြောမှပဲ ကျွန်မက ကြီးကြီးကျယ်ကျယ်တွေလုပ်နေတယ်လို့ ထင်ကုန်တော့မှာပဲ၊ သူငယ်ချင်းတစ်ယောက် ခုမှ သီချင်းခွေထုတ်မှာကို စတူဒီယိုမှာ နည်းနည်းပါးပါး လိုက်စပ်ရတာပါကွယ်''

''ယောကျ်ားတွေချည်းပဲမဟုတ်လား၊ မင်းတစ်ယောက်တည်း မိန်းကလေးပါတာဆို''



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံ လေသံမာမာနှင့် မပြောဆိုဖူးသော ဇော်က ခုတော့ ကျွန်မကိုပြောနေသော စကားသံတွေထဲတွင် မာဆတ်ဆတ်နိုင်ခြင်းတွေ တော်တော်များများ ပျော်ဝင်နေ၏။

''ဇော်နော် ခု ကျွန်မကို လာအော်နေတာလား''

''ဟာ အော်သင့်ရင် အော်ရမှာပဲကွ၊ မင်းလုပ်နေတာက မဟုတ်သေးပါဘူး။ ယောကျ်ားတွေအများကြီးကြားထဲမှာ မင်းတစ်ယောက်တည်း မိန်းကလေးဖြစ်နေတယ်ဆိုတာကြီးကတော့''

ဇော့်မျက်နှာကိုကြည့်မိတော့ တကယ်ပင် ဒေါသဖြစ်နေပုံ။ ဖြူဖွေးနေသော အသားအရေကြောင့် မျက်နှာတစ်ခုလုံး နီမြန်းနေတာ သိသာလွန်းလှသည်။

ရုတ်တရက်ဆိုသလို ကျွန်မ ခေါင်းထဲ အတွေးတစ်ခု ဝင်လာလျက် ရယ်ချင်စိတ်ဖြစ်သွားမိသည်။

''ငါ အော်နေတာကို မင်းက ဘာတွေပြုံးနေတာလဲ နီ''

''ရှင် ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ ကျွန်မ သဘောပေါက်ပြီ အဟီး''

''မင်းက ဘာတွေသဘောပေါက်နေတာလဲ''

''ရှင် ကျွန်မကို သဝန်တိုနေတာ မဟုတ်လား''

ဇော့်ကို လက်ညှိုးတထိုးထိုးနှင့် သူခိုးဖမ်းမိသလို ပုံစံမျိုးပြောလျှင် ဇော့်မျက်နှာကြီး ပိုမိုနီမြန်းလာလျက် တစ်ဖက်သို့ လှည့်သွားပြီးမှ

''ဘာဖြစ်လဲ၊ မင်းကို သဝန်မတိုရတော့ဘူးလား''

''သိပ်ရတာပေါ့၊ ဇော့်ကို ကျွန်မက သဝန်မတိုတတ်ဘူးလို့





ထင်နေတာလေ''

''ငါဘယ်လောက် သဝန်တိုတတ်တယ်ဆိုတာ မင်းသိရင် ခုလိုတောင် ရယ်နေနိုင်မယ် မထင်ဘူး''

ခုလိုမျိုး မျက်နှာတည်တည်နှင့် ပြောနေတော့လည်း ဇော့်ပုံက ကျွန်မကိုနှစ်နှစ်ကာကာ မြတ်နိုးနေမိသည့် ယောကျ်ားတစ်ယောက်လိုလို။ တစ်ခါတစ်ခါမှာ ဇော်က သိပ်ကိုအေးစက်လွန်းသည်လို့ ကျွန်မက သတ်မှတ်သည်။ ချစ်သူရည်းစားဖြစ်နေလို့ အပြင်တွေလျှောက်သွား လျှောက်စားနေကြတာတောင်မှ ကျွန်မကို နူးညံ့သည့်စကားလုံးလေးတွေ အပြုအမူလေးတွေ ပြုခဲလုပ်ခဲ၏။

အပေါင်းအသင်းများသော ကျွန်မကို တားမြစ်ဖို့ဆိုတာ ဝေးလို့ သူကပါ ကျွန်မသူငယ်ချင်းတွေနှင့်ရင်းနှီးအောင် လိုက်ပေါင်းသင်းတတ်သေး၏။ ဒီတစ်ခါတော့ သူ မမြဲသိပ်နိုင်တော့ဘူးနဲ့တူပါရဲ့။ ဒီလိုဆိုတော့လည်း ကျွန်မချစ်သူ ဇော်က ပိုလို့တောင် ချစ်ဖို့ကောင်းသွားပြန်ပါပြီ။

ဒါပေမဲ့လေ ကျွန်မက ကိုယ့်ကိုယ်ကိုယ်တောင် ပြန်ပြီးမုန်တီးရလောက်အောင်ပဲ ဇော့်အပေါ် သစ္စာဖောက်ခဲ့မိ၏။ တစ်ခါတလေ အေးတိအေးစက်နိုင်တယ်လို့ ကျွန်မ ထင်မိသော ဇော့်ထက် ကျွန်မကို နွေးထွေးစွာဆက်ဆံတတ်သည့် မောင့်အပေါ် စိတ်သာယာခဲ့သည်။

မောင်နဲ့စတင်ဆုံဆည်းဖြစ်ကြပုံက သိပ်တော့မဆန်းကြယ်ပါ။ ကျွန်မ သွားနေသော စတူဒီယိုမှာ မောင်က သူငယ်ချင်းနှင့်အတူ အဖော်အဖြစ် လိုက်လာပေးတာ။ ရက်လေးတွေ ကြာလာတော့ ကျွန်မတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ရင်းနှီးမှုလည်း ပိုလာခဲ့သည်။ အချိန်တော်တော်များများမှာ အလုပ်ရှုပ်နေတတ်သော ဇော်နှင့် ကျွန်မ စိတ်ကူးယဉ်ထားသည့်အတိုင်း ဖုန်းတွေဘာတွေလည်း မကြာခဏ မပြောဖြစ်ခဲ့။ မောင်နဲ့ကျတော့ သူက ဆက် ကိုယ်ကဆက်နှင့် အမြဲလိုလို ကျွန်မတို့နှစ်ယောက် အဆက်အသွယ် ရှိနေခဲ့ကြသည်။

"မင်းဆက်ဆိုတာ ဘယ်သူလဲ"

တစ်ညနေ ကျွန်မနှင့်ဇော်တို့ အတူတကွ ရှိနေကြတုန်း မောင့်ထံမှ ဖုန်းဝင်လာခဲ့သည်။ ဘာရယ်မဟုတ်ပါဘဲ ဇော့်ရှေ့မှာတော့ မောင်နှင့် စကားပြောဖို့ ကျွန်မ တွန့်ဆုတ်နေခဲ့၏။

အလုပ်များနေတယ်လို့ လိမ်ညာပြောဆိုပြီး ဖုန်းချလိုက်ရုံရှိသေး ဇော့်ထံမှ မေးခွန်းကို ရင်ဆိုင်ရခြင်း ဖြစ်သည်။ ဖုန်းလာနေတုန်းက ကျွန်မ မှတ်ထားသော မောင့်နာမည်ကို ဇော် သေချာဖတ်လိုက်မိပုံပါပဲ။

"ကျွန်မ သူငယ်ချင်းပါ"

"ဇော်လည်း တစ်ခါမှ မကြားဖူးပါလား"

"ဟုတ်တယ် ဟိုတလောက စတူဒီယိုသွားရင်းနဲ့မှ ခင်လာကြတာ၊ ဇော်နဲ့လည်း တစ်ရက်မိတ်ဆက်ပေးမလို့ပါပဲ"

"ဒါဆို ခင်တာ သိပ်မကြာသေးဘူးပဲ၊ သူ့မှာကိစ္စရှိလို့ ဆက်တာလားမသိဘဲ မင်းက ဘာလို့အလုပ်ရှုပ်နေတယ်ဆိုပြီး လိမ်လိုက်ရတာလဲ"

"ရှင်"

ကျွန်မ ဘယ်လိုဖြေရှင်းရပါ့မလဲ၊ တကယ်တော့ အဲဒီအချိန်တုန်းက မောင်နဲ့ကျွန်မတို့ သူငယ်ချင်းအဆင့်သာ ရှိကြသေးတာ။ ဒါကိုတောင်





ဇော့်ရှေ့မှာ မောင်နဲ့စကားပြောဖို့ကို ကျွန်မ ဝန်လေးနေခဲ့သည်။

"လိမ်ချင်လွန်းလို့တော့ မဟုတ်ပါဘူး ဇော်ရယ်၊ သူက နည်းနည်းစကားများတော့ ဇော်နဲ့တူတူရှိနေတဲ့အချိန်လေးတွေထဲက ပွဲပါသွားမှာစိုးလို့ပါ"

ကြည့်စမ်း ကျွန်မပါးစပ်က ထွက်ကျသွားသည့် မုသားစကား။ အဲဒီတည်းကစလို့ မောင်နဲ့ပတ်သက်ပြီး ဇော့်ကို ကျွန်မ လိမ်ညာတတ်သွားခြင်းဖြစ်ပါလိမ့်မည်။

■ ■ ■

"ညနေကျ ငါတို့တူတူပြန်ရအောင်လေ နီ"

"နင် ဘယ်အချိန်ဆင်းမှာလဲ"

"ခုနစ်နာရီဆို ပြီးပြီ၊ ဒီညနေ နည်းနည်းစောတယ်"

မောင့်အလုပ်ချိန်က ပုံမှန်ဆို ရှစ်နာရီ ရှစ်နာရီခွဲလောက်မှ ပြီးတတ်ခြင်းပါ။ ကျွန်မတို့နှစ်ယောက်ရဲ့အလုပ်ခွင်တွေကလည်း သိပ်အဝေးကြီးမှာမဟုတ်။ သို့သော် အလုပ်ဆင်းချိန်မတူညီသောကြောင့် အမြဲလိုလိုတော့ မဆုံဖြစ်ပါ။

"ကောင်းပြီလေ ငါတို့အလုပ်လမ်းထိပ်က ကော်ဖီဆိုင်က စောင့်နေမယ်၊ နင်စောရောက်ရင်လည်း စောင့်နေလိုက် ဟုတ်ပြီလား"

မောင့် တောင်းဆိုချက်ကို ကျွန်မ လွယ်လင့်တကူပင် လိုက်လျောလိုက်ခြင်းနှင့်အတူ အလုပ်ဆင်းချိန်တွေမှာ ဇော် လာမကြိုတတ်တာကိုလည်း ကျွန်မ ဖြတ်ခနဲ သတိရမိပြန်သည်။ ဇော်ကတော့ အမြဲတမ်း အလုပ်ရှုပ်နေတတ်သည့် လူတစ်ယောက်ပါပဲ။ သူဦးလေးပိုင်သော ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုမန်နေဂျင်းရာထူးနှင့်မို့ သူ့မှာတော်ရုံတန်ရုံဆို ကျွန်မအတွက် အချိန်မပေးနိုင်ရှာ။ သူ အလုပ်ပြီးသည့်အချိန်မျိုးမှသာ ကျွန်မထံသို့ မရမက လာတွေ့တတ်ခြင်း ဖြစ်၏။

ထမင်းမစားရသေးဘူးဆိုရင်တော့ ကျွန်မတို့နှစ်ယောက် ဆုံနေကျ ထမင်းဆိုင်လေးမှာ ထိုင်ဖြစ်တတ်သည်။ များသောအားဖြင့်တော့ ဇော်က လမ်းဘေးဆိုင်လေးများကိုသာ နှစ်သက်တတ်၏။ စိတ်လွတ်လက်လွတ်ရှိသောကြောင့်ဟုလည်း ပြောတတ်သေးသည်။

"ဟာ စောလှချည်လား ငါက အရင်ရောက်မယ်တောင် ထင်နေတာ"

ကျွန်မ ထိုင်နေသော စားပွဲမှာ ဝင်ထိုင်ရင်း မောင် ရယ်ရယ်မောမော ပြောသည်။ ဇော့်ထံသို့ ရောက်နေသော ကျွန်မအတွေးစတွေလည်း ပြတ်တောက်သွားရ၏။

"ကော်ဖီ မှာခဲ့ပြီလား"

"မှာခဲ့ပြီ နီရဲ့"

"ဒါနဲ့ နင်က စောစောစီးစီးပြီးတာကို အိမ်ပြန်မနားဘဲ ငါ့ကို ဘာလို့ လာချိန်းတာတုန်း"

"နင်နဲ့လည်း ဖုန်းသာအဆက်မပြတ် ပြောဖြစ်နေတာ၊ လူချင်းက သိပ်မတွေ့ဖြစ်တော့ ခုလို စောစောလေးပြီးတုန်း ချိန်းလိုက်တာပါဟာ။ ဘာလဲ နင် မအားလို့လား"

"လောလောဆယ်ထိတော့ အားပါတယ်ဟာ"

"ဟွန် နင့်စကားကြီးကလည်း တစ်မျိုးကြီး"





"ဟုတ်တယ်ဟာ ခဏနေရင် ငါ့ချစ်သူက ငါ့ဆီလာမလား မသိဘူး၊ အဲဒါကြောင့် အိမ်ပြန်ရေမိုးချိုးပြီး စောင့်နေရဦးမှာ"

ဆိုင်းမဆင့်ဗုံမဆင့် ပြောချလိုက်သော ကျွန်မ စကားကြောင့် မောင့်မျက်နှာ ပျက်ယွင်းသွားလျက် နှုတ်တွေလည်း ဆွံ့အသွားသည်။ ကျွန်မတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြင်းကသာ ကြီးစိုးသွား၏။

စက္ကန့်ပေါင်းများစွာ မောင်က ရှေ့မှကော်ဖီခွက်ကို တစ်ကျိုက် ယူမော့လိုက်ပြီး

"နင် ဘာပြောလိုက်တာလဲ နီ"

"ငါ့ချစ်သူကို ပြန်စောင့်ရမယ်လို့ ပြောတာလေဟာ၊ နင်က လည်း"

ကျွန်မ အဲဒီလို ပြောလိုက်ရင် မောင် ကြောင်အမ်းသွားမယ် ဆိုတာလည်း ကြိုတွေးမိပါရဲ့။ ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မ လိမ်ထားသလို ဖြစ်နေသော ခံစားချက်တစ်ခုကို ထိမ်ချန်ထားဖို့ မသင့်တော့ဘူးမဟုတ် လား။ မောင့်ကိုအမှန်အတိုင်း ပြောပြထားမှသာလျှင် ကျွန်မကိုယ်ကျွန်မ လည်း လိပ်ပြာလုံနိုင်ပါလိမ့်မည်။

"နင့်မှာ ချစ်သူရှိတာ ငါ့ကိုတစ်ခါမှလည်း မပြောဖူးပါလား နီ"

"အေးနော် အကြောင်းမတိုက်ဆိုင်သေးလို့ပါဟာ၊ ခုတော့ ပြောပြီပဲဟာ"

"မဟုတ်သေးဘူး နီ၊ ငါ လုံးဝထင်မထားဘူး။ နင့်မှာချစ်သူ ညီးစားတစ်ယောက် ရှိနေလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ [illegible]ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိဘူး''

''နင်ကသာ မတွေးထားမိသေးတာ၊ ငါ့ချစ်သူက နင့်နာမည်ကို တောင် တော်တော်လေး ရင်းနှီးနေပါပြီ၊ ငါတောင် အခွင့်အရေးရရင် နင်နဲ့မိတ်ဆက်ပေးဦးမယ်လို့ ပြောထားသေးတယ်''

မောင့်နှုတ်တွေ ဒီတစ်ခါတော့ တကယ်ပင် ဆွံ့အသွား၏။ ကျွန်မကိုလည်း ဘာမှဆက်မပြောတော့။ ရှေ့တည့်တည့်စားပွဲပေါ်မှ ကော်ဖီခွက်ကိုသာ မျက်လုံးအသေများဖြင့် ငေးကြည့်နေသည်။

''ငါက ဒီည နင်နဲ့တူတူ ကန်တော်ကြီးသွားရအောင်လို့ ပြောမို့''

မောင့်စကားမဆုံးသေးခင်မှာ ကျွန်မ အိတ်ထဲမှ ဖုန်းလေးက အသံထမြည်လာ၏။ ဖော်တစ်ယောက်တည်းအတွက် သီးသန့်ထားထားသော I'm Yours ဆိုတဲ့ အင်္ဂလိပ် Ringtone လေး။

''အင်း ဖော် ပြော''

မောင့်ကို မကြားစေချင်သောကြောင့် ကျွန်မလေသံကို တိုးနိုင်သမျှတိုးပြီး ပြောနေမိ၏။ ဖော်နဲ့စကားပြောနေတာကို မောင့်ကိုဘာကြောင့် မကြားစေချင်တာလဲဆိုသည့်အဖြေမျိုးလည်း ကျွန်မမှာမရှိပါ။ ဒီတိုင်း မကြားစေချင်ရုံသက်သက်သာ ဖြစ်သည်။

ဖုန်းခလုတ်လေးကို ပိတ်လိုက်ပြီးမှ မောင့်မျက်နှာကို ကျွန်မ စေ့စေ့စိုက်ကြည့်နိုင်တော့၏။ မောင့်မျက်လုံးတွေက ကျွန်မကို စူးစိုက် ငေးကြည့်နေလိုက်ကြတာ၊ ကျော့ထဲကတောင် စိမ့်ပြီးချမ်းလာသလိုလို။

''နင် ငါနဲ့ ကန်တော်ကြီး လိုက်နိုင်မှာလား နီ''

''ငါ စိတ်မကောင်းပါဘူးဟာ၊ ဖော်က သူ့အလုပ်တွေပြီးလို့





ဒိုဆီ ထွက်လာနေပြီတဲ့၊ ငါ အိမ်ပြန်မှဖြစ်မယ်''

ထိုအချိန်က မောင့်နှုတ်ခမ်းမှာ မြင်လိုက်ရသော အပြုံးယဲ့ယဲ့လေးဟာ ကျွန်မစိတ်နှလုံးသားထဲမှာ ကပ်ငြိပါလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့တာ အမှန်ပါပဲ။

အဲဒီညက မောင်က ကျွန်မကို လမ်းထိပ်ထိ လိုက်ပို့ပေးပြီး သူ့ယောက်ျားလေးသူငယ်ချင်းတွေနဲ့ပဲ လက်ဖက်ရည်ဆိုင်ထိုင်တော့မယ်လို့ ခပ်တည်တည်ပြော၏။ ကျွန်မကိုများ စိတ်ဆိုးသွားတာလားလို့ စဉ်းစားမိသေးသည်။

အို ဘာလို့ ဆိုးရမှာလဲ။ ကျွန်မက သူ့အပေါ်မှာ ဘာတွေများ မဟုတ်တာ မမှန်တာ လုပ်ခဲ့မိလို့လဲ၊ ကျွန်မချစ်သူနဲ့ချိန်းထားတာမို့ ဖွင့်ပွင့်လင်းလင်းပြောပြီး ငြင်းဆန်ခဲ့ခြင်းပဲ။ ပြီးတော့ ကန်တော်ကြီးလို နေရာမျိုးကို ညဘက်ကြီး နှစ်ယောက်တည်းသွားဖို့ဆိုတာကလည်း တစ်မျိုးကြီးမဟုတ်လား။

ကျွန်မကို နှုတ်ဆက်ထွက်ခွာသွားသော မောင့်နောက်ကျောပြင်ကို ငေးကြည့်ရင်း ဘာလို့များ စိတ်ထဲမှာ အားတုံ့အားနာလိုလို ဘာလိုလို ခံစားချက်ကြီးတစ်ခုက နေရာယူနေတာပါလိမ့်။ ဘာဖြစ်လို့ရော မောင့်နောက်ကျောကို ကျွန်မက မျက်စိတစ်ဆုံး ငေးကြည့်နေမိခဲ့တာပါလိမ့်။

တကယ်ဆို ကျွန်မ မကောင်းခဲ့တာပါပဲ။

■ ■ ■

''မင်းသတင်းတွေ ဖော် ကြားနေရတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အားလုံး အားလပ်ရက်ရသည့် တနင်္ဂနွေတစ်ရက်မှာ ဇော်နဲ့တူတူ ထိုင်နေကျ ထမင်းဆိုင်လေးတွင် ထိုင်ဖြစ်ကြတော့ ဇော့်ဘက်က စကားစလာခြင်း။ ဘာကိုဆိုလိုတာမှန်း ကျွန်မ လုံးဝမခန့်မှန်းနိုင်ခဲ့ပါ။

"ဇော် ဘာကိုပြောချင်တာလဲဟင်"

"ခုတလော မင်းအကောင်တစ်ကောင်နဲ့ တွဲနေတယ်ဆို"

"ဟင် ဇော့်ကို ဘယ်သူပြောတာလဲ"

"အဲဒီလို ပြန်မေးတယ်ဆိုတည်းက မင်းတကယ်ပဲ ဖာတ်လမ်းတွေ ရှုပ်နေခဲ့တာလား နီ"

ဇော့်အသံလည်း မကြားစဖူး မာထန်နေ၏။ ကျွန်မ လက်ဖျားများပင် အေးစက်လာသည်။ အဆိုးဆုံးကတော့ ဇော့်မျက်လုံးများကို တည့်တည့်မကြည့်ရဲတော့ခြင်းပါပဲ။

"ပြောလေ နီ၊ မင်း ဘာဖာတ်လမ်းတွေ ရှုပ်ထားတယ်ဆိုတာ"

"ဒီမှာ ဇော်၊ နီ ဘာဖာတ်လမ်းမှ မရှုပ်ထားဘူး"

"ဒီလိုဆို မင်းနဲ့ပတ်သက်တဲ့ သတင်းတွေက ဘယ်လိုဖြစ်လို့ ငါ့နားထဲ ရောက်လာတာလဲ၊ အငယ်လေးက မင်းကိုယောကျ်ားတစ်ယောက်နဲ့ တွဲပြီး ကန်တော်ကြီးမှာ တွေ့လိုက်တယ်လို့ ပြောတယ်၊ ဖိုးချိုကလည်း မင်းအလုပ်ဆင်းတဲ့အချိန်မျိုးတွေမှာ နှစ်ယောက်သားတပူးတွဲတွဲရှိတာကို မြင်မိတာ နှစ်ခါတောင်ရှိပြီလို့ပြောတယ်၊ သူတို့ပြောတာတွေက လိမ်ညာထားတာတွေလား"

အငယ်လေးတို့ ဖိုးချိုတို့ဆိုတာ ဇော့်ရဲ့အိမ်နီးနားချင်း ငယ်





သူငယ်ချင်းတွေ၊ ကျွန်မနှင့်လည်း ဇော် မိတ်ဆက်ပေးထားသောကြောင့် မေးထူးခေါ်ပြောရှိသည့်သူတွေပါပဲ။ မောင်နဲ့အတူ သွားလာနေခဲ့တာတွေကို သူတို့က တွေ့မြင်ခဲ့တယ်တဲ့လား။

ကန်တော်ကြီးသွားရအောင်ဆိုပြီး နေ့စဉ်ရက်ဆက် နားပူနားဆာ လုပ်လွန်းသောကြောင့် ပြီးခဲ့သည့်ပိတ်ရက်တုန်းက ကျွန်မ လိုက်လျောပေးခဲ့သည်။ နှစ်ယောက်အတူ ကန်စပ်မြက်ခင်းပြင်လေးမှာထိုင်ပြီး ခေါက်ဖီသောက်ရင်း ဟိုမရောက်ဒီမရောက် စကားတွေပြောဖြစ်ကြသည်။ မောင် အများဆုံးသိချင်နေသည့်အကြောင်းကတော့ ကျွန်မနဲ့ဇော်တို့အကြောင်းပါပဲ။

နောက်ထပ် ကျွန်မ မထင်မှတ်ပါဘဲ သိခွင့်ရခဲ့သည့်အချက်တစ်ခုကတော့ မောင့်မှာလည်း ချစ်သူမိန်းကလေးတစ်ယောက် ရှိနေသည်ဆိုသည့် အမှန်တရား။ တကယ်သာဆို သူသည်လည်း ကျွန်မကို ပွင့်လင်းစွာ ထုတ်မပြောဘဲ ခုမှသာ မတတ်သာလို့ ပြောပြလိုက်ရပုံ။ ကျွန်မတို့နှစ်ယောက်သည် ချစ်သူကိုယ်စီနှင့် သံယောဇဉ်တွယ်မိကြသော ဖောက်ပြန်သူတွေများလား။

ဟင့်အင်း မဟုတ်ပါဘူး။ ကျွန်မတို့နှစ်ယောက်ကြားက ဆက်ဆံရေးက ဒီလောက်လည်း မဟုတ်သေးပါ။ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်မိနေကြသော သူငယ်ချင်းကောင်းများအဖြစ်မှာသာ ရှိနေတာပါ။

"ဟေး နီ ဇော် မေးနေတယ်လေ၊ ခုတလော နီ မူမမှန်ဘူး၊ ဇော့်ကိုလည်း အရင်ကလောက် ဖုန်းမဆက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်နော် စကားတွေက တကယ်ပဲ ကျွန်မကို စော်ကားလွန်းနေပြီ၊ ကျွန်မဒီရက်ပိုင်း ဖုန်းလည်းသိပ်မဆက်ဖြစ်ဘူးဆိုတာ အလုပ်တွေသိပ်များနေတယ်လေ ဇော်ရယ်၊ လကုန်တော့မယ် မဟုတ်လား"

"ဟွန်း ပြောလိုက်ရင် သူကပဲ ကိုယ့်ထက်တောင် အလုပ်များနေတဲ့ပုံ"

"အောင်မာ ဇော်က ဒုမန်နေဂျင်းလေ၊ စားပွဲလေးမှာထိုင်ပြီး လိုအပ်တာလေး ညွှန်ကြားနေရုံ၊ ကျွန်မက မားကတ်တင်းဆင်းပြီး နေပူကြီးထဲ သွားလာလှုပ်ရှားနေရတာရှင့်"

"ဇော့်ကိုများ စားပွဲလေးမှာ သက်တောင့်သက်သာထိုင်ပြီး လခယူနေတဲ့ကောင် မှတ်နေလား မသိဘူး၊ ဒုမန်နေဂျာမှာလည်း သူ့ဖိအားနဲ့သူ ရှိတယ်ကွ"

အဲဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ရဲ့စကားဝိုင်းလေးက သဝန်တိုစကားများခြင်းတွေကနေ အလုပ်ကိစ္စကို ရောက်မှန်းမသိ ရောက်သွားတော့၏။

"တော်ပြီကွာ မင်းက ဇော် ပြောနေတဲ့စကားတွေကို အလေးအနက်မထားဘူး၊ မင်းလုပ်ချင်တာတွေပဲ မင်းလုပ်နေတယ်၊ ဘယ်တော့မှလည်း ပြင်မှာမဟုတ်ပါဘူး"

ဇော်က တစ်ခုခုနဲ့ပတ်သက်လို့ ကျွန်မကိုပြောလို့ဆိုလို့ မကောင်းတော့ဘူးဆိုရင် မျက်နှာလွှဲလျက် ခပ်ရွဲ့ရွဲ့ပြောတတ်သော စကား။

"ဇော်ရယ် ကျွန်မကို အဲဒီလို မပြောပါနဲ့"

"မပြောနဲ့ဆိုရင် မပြောဘူး၊ ဒါပေမဲ့ မင်းလုပ်နေတာတွေကို





ဇော် အမြဲသိနေတယ်ဆိုတာတော့ မမေ့နဲ့"

ကျွန်မ သက်ပြင်းလေးခိုးချမိသည်။ ဘာလို့များ ကျွန်မခံစားချက်တွေ အရင်လို ရှင်းလင်းပေါ့ပါးခြင်း မရှိတော့တာလဲ၊ အရင်ကလို ဇော့်စကားတွေကို တစ်ခွန်းမကျန် ပြန်လည်တုန့်ပြန်ဖို့ ကျွန်မမှာ စကားလုံးတွေပျောက်ရှနေခဲ့သည်။

"ဇော် ထင်နေသလိုတွေ မဟုတ်ပါဘူး၊ ကျွန်မနဲ့မင်းဆက်က ရိုးရိုးသူငယ်ချင်းတွေပါပဲ"

"ဒါပေမဲ့ ဇော် အံ့သြမိတယ်၊ ဒီလို အချိန်တိုလေးအတွင်းမှာ ယောကျ်ားတစ်ယောက်နဲ့ မင်းဒီလောက်ထိ ရင်းရင်းနှီးနှီး ခင်မင်သွားနိုင်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာ အမှန်ပဲ"

"ဇော်ရယ် ဘာမှစိတ်ပူမနေပါနဲ့၊ ကျွန်မက ဇော့်နားမှာပဲ အမြဲနေချင်တဲ့သူပါ"

ထိုအချိန်က ဘာလို့များ အဲဒီလို လိမ်ညာခဲ့မိတာပါလိမ့်ကွယ်။

"မမ ကော်ဖီသောက်ဦးမလား၊ ကျွန်မအတွက် ဖျော်ရင်း နဲ့ခဲ့မယ်လေ"

"အေး ကောင်းသားပဲ၊ မမလည်း ဒီမနက် ကော်ဖီမသောက်ရသေးဘူး၊ ဖျော်ပေးမယ်ဆို သိပ်ကျေးဇူးတင်တာပေါ့၊ နို့မှုန့်လေးထည့်ပါလား၊ မမက အခါးမကြိုက်ဘူး"

ကျွန်မအတွက် အခါးများများတစ်ခွက်၊ မရတနာအတွက် နို့ဆိမ့်လေးတစ်ခွက်။ ဒီနေ့မနက်မှ ရာသီဥတုလေးကလည်း စိုစိုစွတ်စွတ်နဲ့ ချမ်းချင်ချင်။ တစ်ညလုံးလည်း မိုးရွာသွန်းထားပြီး မနက်ရုံးလာချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



မတိတ်နိုင်သေးသော မိုးဒဏ်ကို ကော်ဖီပူပူလေးနှင့် အံတုကြမည်သော

"ညီမရေ ဒီနေ့သွားရမယ့်နေရာတွေကို မမ သတ်မှတ်ပေးပြီး ပြီနော်၊ ကိုယ့်ဘာသာ အစီအစဉ်ဆွဲပြီးရင် လုပ်ငန်းစလို့ရပြီ"

မရတနာက ကော်ဖီခွက်ကို လှမ်းယူရင်း ကျွန်မကို တရှည် ပေးသည်။ လုပ်ငန်းခွင်စဝင်သည့် တစ်ပတ်လုံးလုံး ကျွန်မကို တခြားအဖွဲ့ တစ်ခုနှင့်အတူသာ စေလွှတ်ခဲ့ပြီး ဒီနေ့မှ ကျွန်မကိုယ်ပိုင်အဖွဲ့လေးနှင့် အပြင်စထွက်ရမည်ဖြစ်သည်။ လက်အောက်မှ ဝန်ထမ်းလေးတွေ အားလုံး နှင့်လည်း ရင်းနှီးသွားပြီမို့ ကျွန်မအတွက် ဒီအလုပ်ထဲမှာ စိတ်ရှုပ်စရာ သိပ်ကြီးကြီးမားမား ရှိမည်မထင်ပါ။

ကျွန်မထိန်းချုပ်ရမည့် လူဦးရေက အယောက်သုံးဆယ်ကျော် ပေမယ့် ကျွန်မအတွက်ကတော့ လုပ်ငန်းအတွေ့အကြုံရှိခဲ့သည်မို့ သိပ်ထူး ထူးခြားခြားတော့ မဟုတ်ပါ။ ဒီကုမ္ပဏီမှာ အလုပ်ဝင်ရတာကို ကျွန်မ ပျော်နေမိသည်။ တစ်ခုပါပဲ ဖော့်ကို နေ့စဉ်တွေ့နေရတော့ တစ်မျိုးဖြစ်မိ တာကလွဲလို့ပေါ့လေ။

ကျွန်မတို့နှစ်ယောက်ရဲ့အတိတ်ကဇာတ်လမ်းလေးကို ဝန်ထမ်း တွေ မသိနိုင်ပေမယ့် ကျွန်မအတွက်ကတော့ တကယ့်ကို မျက်နှာပူစရာ ဖြစ်နေခဲ့သည်။ ဖော့်ဆီက ဂရုစိုက်မှုလေးတွေကို ခဏခဏ ပြန်မြင်နေရ တော့ မှားယွင်းမိခဲ့ဖူးသည့် ကျွန်မ မျက်နှာပူတာ မလွန်ပါဘူးနော်။ ခုချိန်မှာ ကျွန်မ မှားသွားပါတယ်ဆိုပြီး ဖော့်ဆီမှာ ဝန်ချတောင်းပန်ရင် တောင် မျက်နှာပြောင်လာတိုက်တယ်လို့ ထင်ချင်ခဲ့စရာတွေပဲလေ။

"ဒီနေ့တော့ အဝေးတွေများတယ်နော် မမ၊ ကျွန်မ ခဏနေ





ခင် သွားလိုက်တော့မယ်"

"သွားလေ ညီမလေး၊ အားလုံးလည်း အသင့်ဖြစ်နေပြီပဲ၊ အားကတော့ နောင်ရိုးကိုပဲ မောင်းခိုင်းလိုက်နော်"

"ဟုတ်ကဲ့ မမ"

ကျွန်မနှင့်အတူသွားမည့်ထဲက ယောကျ်ားလေးဝန်ထမ်းတွေကို ချည်းတွေ ကားပေါ်တင်ခိုင်းရင်း ကျွန်မကိုယ်တိုင်လည်း ပစ္စည်းစာရင်း စစ်နေမိသည်။

"ဘယ်ဘက်သွားမလို့လဲ နှီ"

အနားကပ်ပြီး ကြားလိုက်ရသော ခပ်တိုးတိုးအသံကြောင့် ကျွန်မ လန့်ဖျပ်ကြက်သီးများပင် ထသွားမိသည်။ ဘယ်အချိန်တည်းက ကျွန်မကျောဘက်ကပ်ကပ်လေးတွင် ရောက်နေမှန်းမသိသော ဖော်။

"လန့်သွားတာပဲ ဖော်၊ ဘာလို့ အဲဒီလိုလုပ်တာလဲ"

"ရော် ခက်တာပဲ၊ ဖော် ဘာလုပ်လို့လဲ"

"ဝန်ထမ်းတွေရှိနေတာကို ကျွန်မနဲ့ ဒီလောက်နီးနီးကပ်ကပ် နေသင့်ဘူးလို့ ထင်တာပဲ"

"ဖော်ကတော့ အဲဒီလို မထင်ပါဘူး၊ ဖော်က မဟုတ်တာလုပ် နေတာမှမဟုတ်တဲ့"

"တော်ပြီ ဖော့်ကိုမပြောတော့ဘူး သိလား"

"ဘယ်ဘက်သွားမှာလဲဆိုတာလောက်တော့ ပြောပြဦးပေါ့"

"စော်ဘွားကြီးကုန်းဘက်"

မသိမသာလေး မျက်စောင်းထိုးပစ်လျက် ဆောင့်ဆောင့်အောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင့်လေး ကျွန်မ ဖြေလိုက်သည်။

"နေပူတယ် ထီးရောပါရဲ့လား"

"ဖော်ရေ ကျွန်မ ကလေးမဟုတ်တော့ဘူးနော်"

"အိုး ဆောရီး၊ ဟုတ်သားပဲနော်၊ ဖော် အဲဒါကို မေ့မေ့သွားတယ် အဟင်း"

ဖော့်လေသံက ကျွန်မကို ရွဲ့နေပုံလည်းမပေါက်ပါ။ ဟိုးလွန်ခဲ့တဲ့ နှစ်တွေတုန်းကလို သူ့နားမှာ အမြဲတွယ်ကပ်နေတတ်သည့် ကောင်မလေး တစ်ယောက်လို့များ ဖော်က ကျွန်မကိုမြင်နေတုန်းလား။ သူ ဂရုစိုက်မှုတွေ မရှိရင် သေမတတ် အဖြစ်သည်းပြတတ်သည့် ချာတိတ်မလေးတစ် ယောက်လို့များ ဖော် ထင်နေတုန်းလား။

တကယ်တော့ သူ့ကိုရက်ရက်စက်စက် သစ္စာဖောက်ခဲ့သော မိန်းမလေ။ သစ္စာဖောက်လို့ဝတော့မှ သူ့ဆီမှာ မျက်နှာပြောင်တိုက်ပြီး အလုပ်ဝင်လုပ်နေသည့်အရှက်မဲ့သော မိန်းမလေ။ အရင်လို သူဂရုမစိုက် သင့်တော့ပါ။

"ဒါဆိုလည်း ဖော် သွားတော့မယ်နော်"

နှုတ်ဆက်ထွက်ခွာသွားသော ဖော့်ခြေလှမ်းတွေက သွက်သွက် လက်လက် စမတ်ကျကျ။ ငေးကြည့်နေမိသော ကျွန်မမျက်ဝန်းတွေက တော့ အလိုမကျနိုင်ခြင်းတွေ တစ်ပုံတစ်ခေါင်း။

"အစ်မ အားလုံးအဆင်သင့်ပဲနော်၊ ကျွန်တော်တို့ သွားကြ တော့မလား"

ကားမောင်းပေးမည့်ကောင်လေးက ကျွန်မကို သတင်းလာပို့





သော့မှ ကျွန်မအတွေးတွေ လုပ်ငန်းခွင်ထဲ ပြန်ရောက်လာ၏။

"အဆင်သင့်ဖြစ်ရင် သွားမယ်လေ နောင်ရိုး၊ စော်ဘွားကြီး ကုန်းကိုအရင်သွားလိုက်၊ ပြီးမှ အင်းစိန်နဲ့ ဘုရင့်နောင်ဘက်သွားမယ်"

"ဟုတ်ကဲ့ အစ်မ"

ခုလိုမျိုး လုပ်ငန်းခွင်ထဲမှာ စိတ်နှစ်လိုက်ပြီဆိုရင်တော့ ကျွန်မ ဆတ်ရုံတန်ရုံ ဘာကိုမှသိပ်မတွေးမိတော့ပါ။ ဖော့်ရဲ့ဂရုစိုက်မှုတွေလည်း မေ့ထားလိုက်သည်။ မောင်ပေးတဲ့ နာကျင်မှုတွေလည်း မေ့ထားလိုက် သည်။ စိတ်ကို လွတ်လပ်တက်ကြွစွာနှင့် အလုပ်ထဲမှာသာ နှစ်မြှုပ်ထား လိုက်ပါသည်။

"အစ်မက ဦးဖော်နဲ့ရင်းနှီးလားဟင်"

ဆိုင်တစ်ဆိုင်မှာ ထမင်းစားဖြစ်ကြတော့ နောင်ရိုးက ကျွန်မကို ဆုံမရဲလေသံလေးနှင့် စကားစလာသည်။ ကျွန်မနည်းနည်းတော့ ဖြေရ ကျပ်သွား၏။

"ဘယ်လိုပြောရမလဲ၊ သူနဲ့အစ်မက ဟိုးအရင်တည်းက ခင်ခဲ့ ကြတဲ့သူတွေပေါ့"

"သြော် ဒါဆို အစ်မက မိုက်တာပေါ့"

"ဘာမိုက်တာတုန်း၊ ရုံးကအကြီးအကဲနဲ့ သိတာနဲ့ပဲ ကိုယ်က ဘာမိုက်ရမှာလဲကွ"

ကိုယ့်အကြောင်းနဲ့ကိုယ်မို့ တုန့်ပြန်လိုက်သော ကျွန်မလေသံက ဆတ်တော်လေး မာထန်သွားတာ ကိုယ်တိုင်တောင် သတိမထားလိုက်မိ။ နောင်ရိုးကတော့ တော်တော်လေး အံ့သြသွားပုံပါပဲ၊ ပြုံးရယ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလည်းချက်ချင်းပျက်ကျသွားသည်။

"ဆောရီး အစ်မ၊ ကျွန်တော်က တခြားမကောင်းတဲ့သဘောနဲ့ ပြောတာမဟုတ်ပါဘူး"

လေသံပျော့လေးနှင့် တောင်းပန်လာတော့မှ ကျွန်မ နည်းနည်း များသွားမှန်း သဘောပေါက်လိုက်၏။

"ရပါတယ် ဆောရီး၊ ကိုယ်လည်း လေသံနည်းနည်းမာသွားတယ်၊ ကိုယ် သူနဲ့ရင်းနှီးတယ်ဆိုတာကို လူတချို့က အထင်လွဲနေကြတယ်လေ၊ ဒါကြောင့် ခုလိုမျိုး တုန့်ပြန်လိုက်မိတာ"

"ကိစ္စမရှိပါဘူး ကျွန်တော်ကလည်း စပ်စုလွန်းတာကိုး"

အပြုံးလေးနဲ့တုန့်ပြန်ရှုံကလွဲလို့ ကျွန်မ ဘာများထပ်တတ်နိုင်ဦးမှာလဲ။ ဇော်ရေ ငါတော့ အာရုံတွေနောက်ကျိနေရပြီ။

■ ■ ■

"နင် ငါနဲ့အတူတူ ရုပ်ရှင်လိုက်ကြည့်ပါလား"

"ဘာလဲ နင့်ကောင်မလေးလည်း ပါမှာလား၊ ဒါဆိုရင်တော့ ငါ မလိုက်ပါဘူး၊ သူများကြားထဲ နှောင့်ယှက်သူတော့ မဖြစ်ချင်ဘူး"

မင်းဆက်ရဲ့ဖိတ်ခေါ်မှုကို ကျွန်မက ချက်ချင်းပင် တုန့်ပြန်လိုက်တော့ သူ့မျက်နှာပျက်ကျသွားပြီး မျက်မှောင်ကြီးလည်း ကျုံ့သွားသည်။ ခေါင်းလည်းတခါခါ။

"ဘယ်ကလာ သူနဲ့သွားကြည့်ရမှာလဲ၊ ငါနဲ့သူနဲ့က အဲဒီလိုမျိုးတွေ သိပ်မသွားဖြစ်ပါဘူး၊ ငါက သူငယ်ချင်းတွေနဲ့ပဲ နေတာများတာလေ"





"ဪ ဒါကြောင့် ငါ့ကိုအဖော်လာစပ်တာပေါ့လေ"

"ကဲပါ မူမနေနဲ့ နင်လိုက်မှာလား မလိုက်ဘူးလားပဲပြော"

"ဘယ်နေ့လဲ"

"ခုလာမယ့် စနေနေ့"

ပြန်ဖြေလိုက်တဲ့ မင်းဆက်စကားကြားတော့ ကျွန်မမျက်လုံးလေး ပြူးသွားမိသည်။

"လာမယ့် စနေ ဟုတ်လား၊ အဲဒါ ငါ့မွေးနေ့လေ"

"ဟာ ဟုတ်လား၊ ကောင်းတာပေါ့ နင့်မွေးနေ့ဆိုတော့ နင်တောင် ဒကာခံရမယ့်အနေအထားမျိုး ဖြစ်သွားပြီပဲ"

မင်းဆက်က ပျော်သွားပုံ။ ကျွန်မက စိတ်ပျက်သွားတာပါ။

"မဟုတ်သေးဘူးလေ မင်းဆက်ရဲ့၊ ငါ့မွေးနေ့ဆိုတော့ ဇော့်ကို အချိန်ပေးရမှာလေ၊ နင်နဲ့ရုပ်ရှင်သွားကြည့်ဖို့ အဆင်မပြေလောက်ဘူး"

သက်ပြင်းလေးယဲ့ယဲ့ချရင်း ကျွန်မ စိတ်ပျက်လက်ပျက်ပြောတော့ သူ့မျက်နှာက လင်ပုပ်ဖမ်းသွားသည်။ ဘာလို့များ အဲဒီမျက်နှာကို ကြည့်ပြီး ကျွန်မစိတ်တွေမပြတ်သားချင်ချင် ဖြစ်လာရတာလဲ။ စိတ်ညစ်ပါတယ်နော်။

"နင့်မွေးနေ့မှာ နင့်အကောင်တစ်ယောက်တည်းကိုပဲ နင်က အချိန်ပေးမှာလား၊ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီရှိတာတောင်မှ ငါ့ကို နည်းနည်းလေးလောက် ဖဲ့မပေးနိုင်တော့ဘူးလား"

"ငါ ဘယ်လိုပြောရမလဲ မင်းဆက်ရယ်၊ နှစ်ဆယ့်လေးနာရီရှိတာတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ မွေးနေ့ဆိုတော့ ဇော်နဲ့တူတူရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



က ပိုပြီးသင့်တော်မယ်ထင်လို့ပါ''

''တော်ပြီ နီ၊ နင်က ငါ့ကိုနည်းနည်းလေးတောင်မှ အလေး မထားခဲ့ဘူးပဲ''

''အဲဒီလို မဟုတ်ပါဘူးဟာ၊ ငါက ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောပြတာပါ''

''တော်ပြီ မပြောချင်တော့ပါဘူးဆို၊ မေ့လိုက်တော့ ရုပ်ရှင်လည်း မကြည့်ချင်တော့ဘူး''

မင်းဆက် ကျွန်မကို စိတ်ဆိုးသွားပါပြီ။ တစ်ခါတလေတော့ လည်း ယောကျ်ားကြီးတန်မဲ့ စိတ်ဆိုးစိတ်ကောက်တတ်သော သူ့ကို ကျွန်မ စိတ်မရှည်ချင်။

''နောက်နေ့ဟာ နော် တနင်္ဂနွေကျ ငါတို့သွားကြည့်မယ်လေ နော်၊ နင်ကြည့်ချင်တဲ့ကားက ရုံဆင်းဦးမှာမှ မဟုတ်တာကို''

''တော်ပြီ မပြောနဲ့ မကြားချင်ဘူး''

တကယ်ကိုပင် သူ ကျွန်မနားမှ ထထွက်သွားပါသည်။ ကော်ဖီ ဆိုင်လေးထဲ၌ ကျွန်မမှာသာ ကြောင်တောင်တောင်နှင့် ကျန်ရစ်ခဲ့ရတော့ သည်။

■ ■ ■



## အခန်း (၃)

''ဖော်နော် အဲဒီလို လုပ်လို့မရဘူး။ ဒီနေ့ ဘာနေ့လဲ ဖော် သိဘူးလား''

''အင်း ဘာနေ့လဲ ပြောပါဦး''

ကျွန်မ သိတာပေါ့။ အဲဒါ ကျွန်မကိုတမင်ရစ်နေတာ။ ဒီနေ့ဟာ ကျွန်မမွေးနေ့မှန်း မမှတ်မိရလောက်အောင် ဖော့်စိတ်တွေ မှုမမှန်မဖြစ် သေးပါ။

''ဒီနေ့က ရှင့်ချစ်သူ အနီသွေးရဲ့မွေးနေ့လေ၊ မမှတ်မိတော့ ဘူးလား''

''ဟင်း ဟင်း ဟုတ်လား၊ ဖော်ဖြင့် မမှတ်မိတော့ပါဘူး''

''တော်ပြီကွာ ဖော်က တကယ်ပဲ စိတ်ပုပ်တယ်''

''ဟင် သူ့မွေးနေ့မမှတ်မိတာနဲ့ပဲ ငါ့စိတ်ပုပ်တယ် လှုပ်နေပါ လား''



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ကွာ တကယ်မပိုက်တူး၊ တော်ပြီ ဖုန်းချလိုက်တော့မယ်"

ကျွန်မ တကယ်ပင် ဖုန်းချပစ်လိုက်သည်။ ချက်ချင်းလိုလိုပင် ဇော့်ထံမှ ဖုန်းပြန်ဝင်လာ၏။ တော်ပါသေးရဲ့ ပြန်ခေါ်ပေလို့သာပဲ ဟွန်း

"ဘာတုန်း ဘာပြောဖို့ ကျန်နေသေးလို့လဲ"

"မင်းမွေးနေ့ကို ဇော် မှတ်မိပါတယ်ကွာ၊ ဒါပေမဲ့ ဒီနေ့ တကယ်ကို ဇော် အလုပ်များနေလို့ပါ၊ ညကျမှ ဖုန်းထပ်ဆက်လိုက်မယ်လေနော်"

ဇော်က လေသံချိုချိုလေးနှင့် ပြောလာပေမယ့် ကျွန်မကတော့ ဘယ်လိုမှ သည်းမခံနိုင်ခဲ့ပါ။ တစ်ဦးတည်းသောချစ်သူရဲ့မွေးနေ့မှာတောင် ခုလိုမျိုး အလုပ်တွေရှုပ်ပြနေသော ဇော့်ကို ကျွန်မ ပေါက်ကွဲချင်နေပါပြီ။

"ဖုန်းဆက်တာ ဘာလုပ်ရမလဲ၊ လာလည်းမလာနဲ့ ဆက်လည်းမဆက်နဲ့ ဟုတ်ပြီလား၊ ဒီကလည်း လုပ်ချင်တာလုပ်မှာ"

ဒီတစ်ခါလည်း ကျွန်မ ပြောချင်တာပြောပြီး ဖုန်းချပစ်လိုက်၏။ သို့သော် ဇော် ပြန်မခေါ်တော့ပါ။

မခေါ်လည်းနေပေါ့။ ချစ်သူတစ်ယောက်မှာ ဒီလောက် အခွင့်အရေးလေးတောင် မရှိရတော့ဘူးလား။ မွေးနေ့မှာ ကိုယ့်ချစ်သူနဲ့တူတူ ရှိနေချင်ကြတာ မိန်းကလေးတိုင်းရဲ့ဆန္ဒပဲမဟုတ်ဘူးလား။ ဒါလေးကိုတောင် ဇော်က မဖြည့်ဆည်းပေးနိုင်ဘူးလေ၊ အမြဲလိုလို သူ့အလုပ်တွေကသာ ကျွန်မထက်ပိုပြီး ဂရုစိုက်ရမယ့်အရာတွေ ဖြစ်ဖြစ်နေတတ်သည်။

ကြာတော့လည်း ဇော်ရဲ့အလုပ်အပေါ် ချစ်ခင်တွယ်တာမှုတွေကို ကျွန်မ မုန်းတီးလာမိသည်။





"ဟယ်လို မင်းဆက် နင် ဒီနေ့အားလား၊ ငါတို့ နင် ဟိုတစ်ခါပြောတဲ့ ရုပ်ရှင် သွားကြည့်ရအောင်လေ"

"နင့်မွေးနေ့မို့ နင့်လူကြီးနဲ့တူတူ ရှိနေရမှာဆို၊ ခုမှ ငါ့ကို ရုပ်ရှင်ကြည့်ဖို့ လာပြောနေတာလား"

"အဲဒီလူအကြောင်း ထည့်မပြောစမ်းနဲ့ဟာ၊ ငါသူ့ကို စိတ်တိုနေတယ်"

"ဟွန် နင်တို့က ဘာဖြစ်ပြန်ပြီလဲ"

"ငါ့မွေးနေ့မှန်းသိလျက်သားနဲ့ အလုပ်တွေကို စောစောပြီးအောင် လုပ်မထားဘူးလေ၊ ဒီနေ့လည်း မအားဘူးတဲ့ ကြည့်ဦး"

ကလေးတစ်ယောက်က လူကြီးတစ်ယောက်ကို ပြန်လည်တိုင်တည်သလိုလေး ဆူအောင့်အောင့်နှင့် ကျွန်မ ပြောမိသည်။ တစ်ဖက်မှ ရယ်သံသဲ့သဲ့လေး ကြားရ၏။

"ဒါဆိုရင် ဘုရားသခင်က ငါ့ဘက်မှာ ရှိနေတယ်နဲ့တူတယ်၊ နင်လည်း အားသွားပြီဆိုတော့ ငါတို့ ဒီညနေပွဲပဲ သွားကြည့်ကြမယ်လေ"

"အင်း ပြီးရော နင် ဖုန်းပြန်ဆက်လိုက်လေနော်"

"ဒါနဲ့ နင်အခု ဘာလုပ်မှာလဲ"

"ထွေထွေထူးထူးတော့ ဘာမှမရှိတော့ဘူးပေါ့၊ ငါ့ဘာသာ အပျင်းပြေဈေးဝယ်ထွက်မလားလို့ စဉ်းစားနေတာ"

"ငါ လိုက်ပေးမယ်လေဟာ၊ စနေနေ့ဆိုတော့ ငါလည်း အားနေတာပဲ"

ဒီလိုနဲ့ပဲ ကျွန်မရဲ့မွေးနေ့လေးက မျှော်လင့်ထားသည့် ချစ်သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူရှိခွင့်မရခဲ့ဘဲ မထင်မှတ်ထားသူနှင့် လျှောက်သွားလျှောက်စားဖြစ်ခဲ့ပြန်သည်။

"ကဲ နင်လိုချင်တာတွေလည်း တော်တော်များများရပြီ။ ဗိုက်ဆာ တယ်ဟာ၊ တစ်ခုခု သွားစားရအောင် နင့်မွေးနေ့ဆိုတော့ နင် ဒကာခံ ပေါ့"

လက်မှာပတ်ထားသော နာရီလေးကိုကြည့်လိုက်တော့ နေ့လယ် နှစ်နာရီပင် ကျော်နေပြီ။ မင်းဆက် ဗိုက်ဆာမယ်ဆိုလည်း ဆာလောက်ရောပေါ့။ ကျွန်မကတော့ လိုချင်တာတွေ ရနေပြီမို့ ဗိုက်ဆာတာတောင် မေ့ချင်ချင်ဖြစ်နေသည်။

"ငါပဲ ကျွေးမှာပါ၊ မပူပါနဲ့ နင် ဒီလောက်ခြေထောက်အညောင်းခံပြီး ငါ့နောက်က လိုက်ပေးထားတာကို ဒီစင်တာထဲက တစ်ဆိုင်ဆိုင်မှာပဲ ထိုင်လိုက်မလား"

"အင်း ထိုင်လေ"

ယိုးဒယားစားသောက်ဆိုင်လေးတစ်ခုမှာ ကျွန်မတို့နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ဖြစ်ကြပြီး စားရင်းသောက်ရင်း အလာပသလာပ ပြောကြရင်း ဇော်ကိုစိတ်တိုနေသော ကျွန်မစိတ်တွေကို မေ့ဖျောက်ထားနိုင်ခဲ့သည်။ မင်းဆက်နဲ့တွေ့တိုင်း ကျွန်မ စိတ်တွေလန်းဆန်းတက်ကြွလျက် ပေါ့ပေါ့ပါးပါး ဖြစ်လွန်းသည်။

"ငါတို့ပြီးရင် သီချင်းသွားဆိုကြမလား"

"သီချင်းသွားဆိုမယ် ဟုတ်လား၊ ဘယ်မှာလဲ"

"ငါ့သူငယ်ချင်းတွေနဲ့ သွားနေကျ နေရာရှိတယ်၊ ရှုပ်ရှုပ်ယှက်





ယှက် မဟုတ်ဘူး၊ အခန်းကျယ်ကြီး ဈေးလည်းကြီးတယ်"

ကျွန်မ နည်းနည်းတော့ စဉ်းစားရသည်။ တော်ကြာ မဟုတ်တရုတ်တွေများ ဖြစ်နေရင် အခက်။ အဲဒီလို နေရာမျိုးတွေကို ကျွန်မ ဘယ်တုန်းကမှ ရောက်ဖူးခဲ့တာမဟုတ်။

"နင့်မျက်နှာကြီးကလည်း ငါကပဲ မဟုတ်တာ တစ်ခုခုလုပ်တော့မယ့်ပုံကြီးနဲ့"

မင်းဆက် ဆောင့်ဆောင့်အောင့်အောင့် ပြောမှ ကျွန်မအတွေးတွေကို နေရာမှန်ပြန်ခေါ်လိုက်ရင်း

"ငါက တစ်ခါမှ မသွားဖူးတော့ အဆင်ပြေပါ့မလားလို့ စိတ်ပူနေတာပါ"

"နင် ဘာကိုပူနေလဲ ငါသိတယ်၊ နင်ထင်နေတာမျိုး လုံးဝမဟုတ်ဘူး၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်ပဲ၊ သွားမှာလား မသွားဘူးလား"

မင်းဆက်က ခပ်တည်တည်နှင့်မေးလျှင် ကျွန်မမှာ အလိုလိုခေါင်းညိတ်ပြီးသား ဖြစ်သွား၏။ ကျွန်မ ငြင်းလိုက်လို့ မင်းဆက် စိတ်ဆိုးသွားမှာကိုတော့ မလိုလားတာ အမှန်ပါ။ မင်းဆက် စိတ်ဆိုးမှာကို အဲဒီတုန်းတည်းက ကြောက်တတ်ခဲ့တာ ကျွန်မည့ံဖျင်းမှုတွေထဲက အဆိုးရွားဆုံးတစ်ခုပါပဲ။

တက္ကစီငှားပြီး ကျွန်မတို့ရောက်သွားသော နေရာသည် ကြီးမားကျယ်ပြန့်သည့် ဟိုတယ်ကြီးတစ်ခု ဖြစ်နေသည်။ အဲဒီထဲမှာမှ ခမ်းခမ်းနားနား ဖွင့်ထားသော ကာရာအိုကေသီဆိုလို့ရသည့် အခန်းကျယ်ကြီး



www.burmeseclassic.com

များ။ ဆိုဖာခုံအရှည်ကြီးကလည်း ကျွန်မတို့နှစ်ယောက်အတွက် အဆ မတန် ကြီးမားလွန်းနေသည်။

မီးလေးမှိန်မှိန်လေး ထွန်းပေးထားတာကိုတော့ ကျွန်မ မနှစ် သက်ပါ။ အခန်းကျယ်ကြီးထဲမှာ ကိုယ့်ချစ်သူလည်းမဟုတ်သည့် သူငယ် ချင်းယောကျာ်းလေးတစ်ယောက်နှင့်ဆိုသောအခါက ထိုမီးအလင်းဖျော့ ဖျော့ကို အလိုလို မနှစ်သက်နိုင် ဖြစ်လာမိသည်။

"နင့်မျက်နှာကြီးကလည်း ဘာဖြစ်နေတာလဲ"

"သိပ်မှောင်လွန်းသလားလို့ပါ"

"ဟာ နင်ကလည်း ဝေးလိုက်တာ၊ မီးတွေထိန်နေအောင်ထွန်း ထားတဲ့ ကာရာအိုကေခန်း နင်တွေ့ဖူးလို့လား"

"ငါ မသိဘူးလေ၊ ဒီလိုနေရာတွေ ငါမလာဖူးပါဘူးလို့ နင့်ကို ပြောသားပဲ၊ နင်ကတော့ ဆရာကြီးဆိုတော့ အားလုံးကျွမ်းကျင်နေမှာပေါ့"

ကျွန်မက ခပ်ရွဲ့ရွဲ့လေးပြောလိုက်မိတော့ သူ စိတ်မရှည်ဖြစ်လာ ပုံနှင့် ခပ်ခွာခွာထိုင်နေရင်းကနေ ကျွန်မနားသို့ ဝုန်းခနဲ ရောက်လာ၏။

"ဒီမှာ နီ နင်က ငါ အဲဒီလောက်ပြောနေတာတောင် ငါ့ကို ဒီလိုပုံစံ စကားတွေပဲ လာပြောနေတာ ငါ့ကိုမယုံလို့လား၊ ငါက နင့်ကိုလိမ် ပြီး မကောင်းတဲ့နေရာတစ်ခုကို ခေါ်လာတယ်လို့ နင်ထင်နေတာလား။ နင့်ကို မဟုတ်တာတစ်ခုခုလုပ်တော့မယ်လို့ နင်တွေးကြောက်နေတာ လား"

ဒါဟာ မင်းဆက် စိတ်ဆိုးသွားသည့် လေသံစစ်စစ်ပါပဲ၊ ကျွန်မ မျက်နှာနှင့် သူ့မျက်နှာသိပ်နီးကပ်လွန်းနေသောကြောင့် ကိုယ်ကို နောက်





သို့ နည်းနည်းယို့လိုက်ရင်း

"ငါက အဲဒီသဘောမဟုတ်ပါဘူးဟ၊ နင့်ကိုလည်း အထင်မလွဲ ပါဘူး၊ ဘာလွဲစရာရှိလဲ နင်နဲ့ငါက တကယ့်သူငယ်ချင်းအရင်းကြီးတွေ ပဲဟာကို"

"ခုမှ နင့်လေသံက ဒီလိုပြောင်းလဲသွားတာပါ၊ တကယ်တော့ နင့်စိတ်ထဲက ငါ့ကိုမယုံခဲ့ပါဘူး"

တစ်ထစ်ချစွပ်စွဲနေသည့် သူ့မျက်ဝန်းတွေအောက်ကလွတ် အောင် ကျွန်မ ဘာလုပ်ရမလဲ။ တံတွေးကိုတောင် မနည်းမြိုချလိုက်ရ သည်ထိ ကျွန်မ အာခေါင်တွေ ခြောက်သွေ့အက်ကွဲလာသည်။

"နင် အဲဒီလိုကြီး ငါ့ကိုမကြည့်နဲ့၊ ငါ နင့်ကို အထင်လည်းမလွဲ ဘူး ဘာမှမဖြစ်တော့ဘူး၊ ငါတို့သီချင်းဆိုဖို့လာတာမဟုတ်လား၊ သီချင်းပဲ ဆိုရအောင်ဟာ နော်"

"မဟုတ်သေးဘူး နီရယ်၊ နင်က ငါ့ကိုဆို တော်တော်အထင် သေးပုံပဲ၊ ငါ စိတ်မကောင်းဘူး"

ဆိုဖာနောက်ကျောကို မှီချပစ်လိုက်ရင်း သူ သက်ပြင်းချလျက် ပြောသည်။ ကျွန်မ ဘယ်လိုရှင်းပြရမလဲ၊ ကျွန်မက သူ့ကိုစော်ကားချင် ခဲ့တာ မဟုတ်ကြောင်း ဘယ်လိုရှင်းပြရင် အကောင်းဆုံးဖြစ်မှာလဲ။

"ဆောရီးဟာ အဲဒီသဘောဖြစ်သွားရင် ငါတောင်းပန်တယ် ကွာ ပြီလား"

သူ့မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်ရင်း ကျွန်မ ပြော လိုက်ချိန်မှာ ကျွန်မကို ပြန်လည်စိုက်ကြည့်နေခဲ့သော သူ့မျက်ဝန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သည် ဘာမှန်းမသိသည့် ဆွဲဆောင်မှုတစ်ခုရှိနေခဲ့တာတော့ အသေအချာပင် ဖြစ်သည်။ အဲဒီအကြည့်တွေထဲကနေ ရုတ်တရက် လွှဲဖယ်လို့ မရနိုင်လောက်အောင် ကျွန်မကို ဖမ်းစားထားလိုက်သလိုလို။

"နို"

တိုးဖျော့သော သူ့ခေါ်သံကို ကျွန်မ ပြန်ထူးနိုင်သည့် အင်အားတွေလည်း လည်ချောင်းဝမှာတင် ပျောက်ရှနေကြပြီ။ သူ ဘာလို့များ အဲဒီလို လွှဲဖယ်ဖို့ ခက်ခဲစေသည့် အကြည့်မျိုးတွေနှင့် ကျွန်မကို ကြည့်နေခဲ့တာလဲ။

"ငါ ငါ နင့်ကို"

စကားတစ်ခုခု ပြောတော့မည်လိုလိုနှင့် သူ ဘာမှဆက်မပြောတော့ပြန်ပါ။ အကြည့်ကိုတော့ ကျွန်မ မျက်လုံးများဆီမှ လွှဲဖယ်ပစ်လိုက်သည်။

ခုမှ ကျွန်မလည်း အသက်ပြန်ဝင်လာသူတစ်ယောက်လို အယောင်ယောင်အမှားမှားနှင့် စားပွဲပေါ်မှ မိုက်ခွက်ကို လှမ်းဆွဲယူလိုက်သည်။ သူက ဆော့င်းဘောက်စ်တွေနားထသွားကာ အသံသွားညှိသည်။

"နင်ဆိုချင်တဲ့သီချင်းတွေ ထည့်လိုက်လေ၊ ခုံအောက်မှာ မီနူးစာအုပ်တွေရှိတယ်"

"ဩော် အင်း"

သီချင်းတွေကို တစ်ပုဒ်ချင်းရှာဖွေလျက် ကျွန်မ အနှစ်သက်ဆုံး နံပါတ်ကို ထည့်လိုက်သည်။ ဖြူဖြူကျော်သိန်းရဲ့လမ်းခွဲနှင့် ချမ်းချမ်းရဲ့ တကယ်ဆိုရင် အချစ်ပဲလို့တယ်။ ဒီသီချင်းနှစ်ပုဒ်က လောလောလတ်





လတ် ကျွန်မ သိပ်နှစ်သက်နေသော သီချင်းလေးတွေလေ။

"နှစ်ပုဒ်ထဲလား"

"အင်း တော်ပြီ၊ နင်ပဲ ဆက်ထည့်လိုက်တော့လေ"

ကျွန်မလက်ထဲမှ စာအုပ်ကို သူ့ထံကမ်းပေးလိုက်သည်။

"နင် နှစ်ပုဒ်ထဲဆိုတော့ နည်းတာပေါ့၊ ငါနဲ့စုံတွဲတစ်ပုဒ်ဆို"

"ဟွန် ဘာဆိုရမှာလဲ"

" Rဇာနည်နဲ့ဝိုင်းစုရဲ့ လိုက်ဖက်တဲ့ဘဝ လေ"

မဆိုးပါဘူး။ ကျွန်မ နားထောင်ဖြစ်သည့် သီချင်းလေးတွေထဲက တစ်ပုဒ်ပါပဲ။ ကျွန်မ ဆိုနိုင်လောက်ပါသည်။

"ဟဲ့ ဆိုမယ်မဟုတ်လား"

"အင်း ဆိုကြည့်မယ်လေ"

"ဒါနဲ့ နင့်ကိုငါ တစ်ခုခွင့်တောင်းချင်တယ် နို"

"ပြောလေ"

"ငါ နည်းနည်းသောက်လို့ရမလားဟင်"

သူ့စကားအဆုံးမှာ ကျွန်မ မျက်မှောင်ကျုံ့သွားမိသည်။ သူက ဘာသောက်ချင်တာလဲ။ အရက်လား ဘီယာလား ဆေးလိပ်လား။ ဆေးလိပ်တော့ မဖြစ်နိုင်။ ဆေးလိပ်က ကျွန်မရှေ့မှာ သူ မကြာမကြာ သောက်တာ မြင်တွေ့နေကျပဲလေ။

"နင် နင်က ဘာသောက်မလို့လဲ"

"ငါ ဘီယာနည်းနည်းသောက်ချင်တယ်၊ အများကြီးမဟုတ်ပါဘူး တစ်ပုလင်း နှစ်ပုလင်းပဲ"

"အဲဒါ အများကြီးမဟုတ်ဘူးလား"

"ဘယ်လိုလုပ်များမှာလဲ အရူးမရဲ့"

"ဟာ တော်ကြာ နင်မူးနေရင် ဘယ်လိုလုပ်မလဲ၊ ငါ မထိန်းနိုင်ဘူး၊ ပြီးတော့ မကောင်းပါဘူးဟာ"

"နင်ဟာလေ တော်တော်စိတ်ပူတတ်တယ်နော်၊ တစ်ပုလင်းနှစ်ပုလင်းလောက်နဲ့ ငါက မူးစရာလားဟ၊ တကယ်ပါပဲ"

ကျွန်မ သူ့ကိုမသောက်စေချင်ပါ။ သို့သော် နောက်ထပ်မိနစ်နှစ်ဆယ်လောက်အကြာမှာ သူက ပုလင်းတစ်လုံးပင် ကုန်သွားလို့ နောက်တစ်ပုလင်းထပ်ဖောက်နေပြီဖြစ်သည်။ သူ့တောင်းဆိုမှုတွေဆို ဘာလို့များ ကျွန်မ ပြတ်ပြတ်သားသား မငြင်းနိုင်ခဲ့တာလဲ။ သူ့လိုအင်တွေကိုပဲ အမြဲခေါင်းညိတ်လိုက်လျောနေခဲ့မိတာလဲ။

လောလောဆယ်တော့ သူက သောက်လိုက်ဆိုလိုက်နှင့် အလွန်အဆင်ပြေနေသည်။

"ကဲ ငါတို့နှစ်ယောက်လုံး ဆိုရတော့မယ်၊ ဒေါ်အနီသွေးအဆင်သင့်ပြင်ထား"

သူပြောတာလည်း ဟုတ်တော့ဟုတ်သည်။ ကျွန်မ ထင်ထားသလို သူ မမူးပါ။ မျက်လုံးလေးတွေ ပုံမှန်ထက်ပိုပြီး မှေးစင်းနေတာပဲရှိသည်။

သူက မိုက်ကိုကိုင်လျက် အော်ကြီးဟစ်ကျယ်ပြောရင်း ကျွန်မထံသို့ လက်တစ်ဖက်ကမ်းပေးသည်။ မျက်စောင်းလေးတစ်ချက် ထိုးလိုက်ရင်း ကျွန်မလည်း လက်ကလေးပြန်ကမ်းပေးလိုက်၏။ သူက မသိရင်ဘဲ





ကျွန်မတို့ရှေ့မှာ ပရိသတ်တွေရှိနေသလိုမျိုး ဟန်ပါပါနှင့်သီချင်းကို စတင်သီဆိုလိုက်သည်။ မျက်လုံးများကိုစုံမှိတ် ဦးခေါင်းကိုပင့်မော့လျက်။

အဲဒီအချိန်ကစလို့ ကျွန်မ ရင်ထဲမှာ မောင်ဆိုတဲ့လူတစ်ယောက် အမြစ်စတွယ်ခဲ့တာလား။ ကျွန်မ မသိပါ။ သေချာတာတစ်ခုကတော့ သူ့ရဲ့ပုံရိပ်တွေတိုင်းကို ကျွန်မ စိတ်ကမသိလိုက်ပါဘဲ တစ်ခုချင်းစီ လိုက်ကြည့်မှတ်သားနေခဲ့မိခြင်းပင်။

"ဘယ်လိုလဲ ဒီနေ့ ပျော်ရဲ့လား"

"အင်း ပျော်ပါတယ် ဖော့ကြောင့် စိတ်တိုနေရတာတွေကို နင်က ဖျောက်ပစ်ပေးနိုင်ခဲ့တာပဲ"

"နင့်မွေးနေ့မှာ ငါက နင့်ကို အပြည့်အဝပျော်စေချင်တာ၊ နင့်ချစ်သူကြောင့်မဟုတ်တဲ့နဲ့ ငါ့ကြောင့် နင့်ကိုပျော်စေချင်တာ၊ ခု ငါ့ဆန္ဒပြည့်သွားတာပေါ့နော်"

မင်းဆက်က အရောင်တွေတောက်ပနေသော မျက်ဝန်းများဖြင့် ကျွန်မကို ငေးကြည့်ရင်း ပြောသည်။ သူ့အပြုံးများက လှပပါသည်။ နှုတ်ခမ်းကွေးလေး ပိုလို့ကွေးညွတ်သွားပုံက ကြည့်ကောင်း၏။

"နင့်ကို အိမ်အောက်ထိ လိုက်ပို့ပေးမယ်နော်"

"သဘောပဲ"

ကျွန်မတို့ရပ်ကွက်ထဲဝင်လာချိန်မှာ ပတ်ဝန်းကျင်၌ အမှောင်ကအတော်လေး အသားကျနေပြီဖြစ်သည်။ နာရီသိချင်စိတ်နှင့် ပခုံးမှာလွယ်ထားသော အိတ်ထဲမှ ဖုန်းလေးကိုထုတ်ကြည့်မိမှပင် ဖော့ထံမှ Missed Call တွေ မြောက်မြားစွာ ရောက်ရှိနေတာ ကျွန်မ သိတော့သည်။

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ်နာရီနီးပါးလောက်ထဲက ဖော် အဆက်မပြတ်ခေါ်ထားခြင်းဖြစ်သည်။ အားလုံးပေါင်း ငါးဆယ့်ခြောက်ခါ။ ကျွန်မတော့ ပြဿနာကြီးပါပြီ။ မင်းဆက်နဲ့အတူ ကာရာအိုကေခန်းထဲရောက်ပြီး သိပ်မကြာခင်တည်းက ဖော် ဖုန်းခေါ်နေခြင်းပေါ့။ အခန်းထဲမှာက သီချင်းသံများဖြင့် ဆူညံနေခြင်းကြောင့် ကျွန်မ မကြားနိုင်ခဲ့ခြင်းပါပဲ။

ခုတော့ ဖော့်ကို အကြောင်းပြချက်ကောင်းကောင်းတစ်ခု ပေးနိုင်ဖို့ ကျွန်မ အကြံထုတ်ရပါပြီ။

"ဟဲ့ ဖုန်းကိုကြည့်ပြီး ဘာတွေဖြစ်နေတာတုန်း"

"ငါတော့ ပြဿနာကြီးပြီ၊ ငါတို့သီချင်းဆိုနေတုန်း ဖော် ခေါ်ထားတဲ့ Missed Call တွေ မနည်းမနောပဲ"

ကျွန်မ စိတ်ညစ်ညူးစွာ ပြောမိလျှင် မင်းဆက်လည်း မျက်မှောင်ကြီးကျုံ့သွား၏။ ခြေလှမ်းများလည်း ရပ်တန့်သွားသည်။

"နင့်လူကတော့ တကယ်ကိုပဲ၊ ငါ့ကြောင့် နင်ပျော်တယ်ဆိုလို့ ဝမ်းသာတာမှ မဆုံးသေးဘူး၊ သူ့ကြောင့် နင် စိတ်ပြန်ညစ်နေရပြီပေါ့"

"အဲဒီလိုတော့ မပြောပါနဲ့၊ သူ အရေးကြီးလို့သာ ဒီလောက်အများကြီးခေါ်ထားတာ ငါသိတယ်၊ အရေးကြီးကိစ္စတစ်ခုခုမရှိဘဲနဲ့ သူ ဘယ်တော့မှ ငါ့ကို ခုလို ခဏခဏ မခေါ်ဖူးဘူး"

"ဩော် အေး ငါမှားပါတယ် ကျေနပ်ပြီလား"

မင်းဆက်က ခပ်ဆတ်ဆတ်ပြောလိုက်ပြီး လမ်းဘေးတစ်နေရာမှ အုတ်ခုံလေးတွင် ထိုင်ချလိုက်၏။ ကျွန်မလည်း ဘာလုပ်ရမှန်းမသိစွာပင် သူ့ဘေးကပ်ထိုင်လိုက်သည်။





"ငါ့ကို Reason ကောင်းကောင်းလေး စဉ်းစားပေးစမ်းပါဦး"

"ငါနဲ့အတူ သီချင်းသွားဆိုတယ်လို့ ပြောလိုက်ရင် ဘာဖြစ်လို့လဲ၊ သူ မအားလို့ ငါတို့သွားကြတာပဲလေ၊ ပြီးတော့လည်း ငါတို့နှစ်ယောက်က မဟုတ်တာလုပ်ခဲ့တာမှ မဟုတ်ဘဲ၊ နင်က ဘာကိုကြောက်နေတာလဲ"

အဲဒီလိုပြောတာကတော့ မင်းဆက် လွန်ပါသည်။ သူ့ဆိုရင်ရော သူ့ကောင်မလေးက တခြားယောက်ျားလေးသူငယ်ချင်းတစ်ယောက်နဲ့ နှစ်ယောက်တည်း ကာရာအိုကေသွားဆိုတယ်ပြောရင် ပျော်ပျော်ကြီး လက်ခံပေးနိုင်မှာမို့လို့လား။

စိတ်ထဲက ပြောလိုက်ရင်း သူ့ကို မျက်စောင်းထိုးလိုက်မိသည်။

"ဘာလို့ ငါ့ကိုမျက်စောင်းလာထိုးတာတုန်း၊ ငါပြောတာ မှားလို့လား"

"မမှားပေမယ့် မလွန်လွန်းဘူးလား၊ ဖော့်နေရာမှာ နင်ဆိုရော နင့်ကောင်မလေးက တခြားယောက်ျားတစ်ယောက်နဲ့ ခုလိုသွားနေတာကို ခွင့်လွှတ်မှာမို့လို့လား"

"အဲဒါကတော့ စိတ်ပူစရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက တော်ရုံတန်ရုံ အပြင်မှမထွက်တာ၊ ငါပါမှ ဟိုသွားဒီသွားလုပ်တာ၊ တခြားအချိန်တွေဆို အိမ်ထဲမှာပဲ"

"ဩော် ပြောပုံကိုက ငါကတော့ လမ်းသလားတတ်တဲ့မိန်းမပေါ့၊ နင့်ချစ်သူကတော့ သိပ်ကိုဗိုင်းကောင်းကျောက်ဖိလေးပေါ့လေ"

"ရော် ခက်တာပဲ နီရယ်၊ တကယ်တော့ ငါက နင့်လိုမျိုး ပွင့်ပွင့်လင်းလင်းရှိတဲ့ မိန်းကလေးတွေကိုမှ ပိုသဘောကျတာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိရင်ဘဲ နင့်ကောင်မလေးကို နင်မချစ်တဲ့အတိုင်း"

"နင်ပြောမှပဲ ငါလည်း တွေးကြည့်မိတယ်၊ ငါ သူနဲ့ရည်းစား ဖြစ်ခါစကတော့ တော်တော်လေး ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ နှစ်တွေကြာလာ တော့လည်း အချစ်တွေက မရှိသလောက်ကို အေးစက်နေပါပြီ"

"ဟယ် မင်းဆက် နင်ဘယ်လိုများ ပြောလိုက်တာလဲ၊ ဟိုက သိသွားရင်လည်း မကောင်းပါဘူးဟယ်"

"ကြားသွားတော့ရော ငါက ကြောက်မယ်များ ထင်နေတာ လား၊ မင်းဆက်ဆိုတဲ့ကောင်က လုပ်ချင်တာလုပ်တယ်၊ ပြောချင်တာ ပြောတယ်၊ ငါ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ဘူး"

"နင်တို့ယောကျ်ားတွေကလေ အဲဒီလိုတွေချည်းပဲလား မသိပါ ဘူး ဟွန့်"

"နင်တို့မိန်းမတွေလည်း သိပ်မထူးပါဘူးလေ"

"တော်ပြီ တော်ပြီ နင်နဲ့ဆက်ပြောရင် စကားနိုင်လုရတော့ မယ်"

"ငါက စကားနိုင်လုနေတာ မဟုတ်ပါဘူး၊ အမှန်တွေပဲ ပြောနေ တာပါ"

"ကဲ တော်ပါတော့ဆို လောလောဆယ် ဖော့ကို ဘယ်လိုလုပ် ရမလဲ၊ ကူစဉ်းစားပေးပါဦး"

"ဖုန်းပြန်ဆက်လိုက်လေ"

"အဲဒါ နင်ပြောမှလား၊ ဖုန်းပြန်ဆက်တာကတော့ ဆက်ရမှာ ပဲလေ၊ သူ ဒီလောက်ခေါ်ထားတာတွေကို ငါ မကိုင်ဖြစ်တဲ့အကြောင်းပြ





ချက်တော့ ကောင်းကောင်းလေး ပေးရမှာ မဟုတ်ဘူးလား"

သူက သက်ပြင်းတစ်ချက်ချရင်း မျက်မှောင်ကြီးကျုံ့လျက် စဉ်းစားဟန်ပြုသည်။

"နင် ရုပ်ရှင်သွားကြည့်တယ်လို့ ပြောလိုက်လေ"

"ငါ ဘယ်တုန်းကမှ တစ်ယောက်တည်း ရုပ်ရှင်သွားမကြည့် ဖူးဘူးဟ"

"ဟာ နင်က တော်တော်ဝေးတာပဲ၊ ဒီနေ့က နင့်မွေးနေ့ ဒီလို နေ့မျိုးမှာတောင် သူက နင့်အတွက် အချိန်မပေးလို့ သူ့ကိုစိတ်ဆိုးပြီး တစ်ယောက်တည်းသွားကြည့်တာလို့ ပြောပေါ့၊ ဖုန်းက အိတ်ထဲမှာ အသံ ပိတ်ထားလို့ မကြားဘူးပေါ့၊ အဲဒီလောက် မတုံးစမ်းပါနဲ့ဟာ"

"အင်း ဆိုးတော့မဆိုးပါဘူး၊ လုပ်ကြည့်ရမှာပဲလေ"

အသက်တစ်ချက်ပြင်းပြင်းရှူလိုက်ပြီး ဖော့ထံသို့ ဖုန်းပြန်ခေါ် လိုက်သည်။ ဖုန်းမြည်သံပင် တစ်ချက်မပြည့်သေးခင်မှာဘဲ တစ်ဖက်မှ ဖော့အသံကို ကြားလိုက်ရသည်။ အလျင်စလို။

"မင်းကိုငါ ဖုန်းခေါ်ထားတာ ဘယ်နှခါတောင်ရှိပြီလဲ နှီ၊ ဘာလို့ ခုမှ ပြန်ခေါ်တာလဲ"

အသံက စိတ်ပူသံလိုလို ဒေါသသံလိုလို။ ကျွန်မ သေချာမသဲ ကွဲပါ။

"ရှင် ဖုန်းခေါ်ထားတာတွေ ကျွန်မ မသိဘူး"

"ငါခေါ်ထားတာ အကြိမ်ပေါင်းမြောက်မြားစွာပဲ၊ ဒါကိုတောင် ခင်းက မသိရလောက်အောင် ဘယ်မှာ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတစ်ယောက်တည်း ရုပ်ရှင်သွားကြည့်နေတာလေ၊ ဖုန်းကို အသံပိတ်ထားလို့ မကြားတာ"

လိမ်လည်ပြောနေရတာဆိုတော့လည်း အသံက တုန်ချင်ချင်ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ပြီး ခပ်စွာစွာလေး ပြောလိုက်သည်။

"တောက် မင်းကွာ တစ်ယောက်တည်း မကြောက်မလန့် ရုပ်ရှင်သွားကြည့်တယ် ဟုတ်လား"

ဖော်အသံတွေထဲမှာ အံ့သြမယုံနိုင်ခြင်းတွေ ပြည့်နှက်နေသည်။ မတတ်နိုင်တော့ပါ။ ဖော် ယုံယုံ မယုံယုံ ကျွန်မ ခင်းတဲ့ဇာတ်ကို ကျွန်မပဲ ဆက်ကရတော့မည်။

"ရုပ်ရှင်သွားကြည့်တာပဲ ဘာကြောက်စရာရှိလို့လဲ"

"မင်းဘယ်မှာလဲ၊ ငါ အခုလာခဲ့မယ်"

"ကျွန်မ အိမ်ပြန်ရောက်နေပြီ"

"အေး အဲဒါဆို ပြန်ဆင်းခဲ့၊ ငါထွက်လာနေပြီ"

ပြောပြီးတာနှင့် ဖော့်ဘက်မှအရင် ဖုန်းချသွား၏။ ဖော် လာနေပြီဆိုတော့ ကျွန်မ ပိုလို့ပင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရ၏။ အနားမှာထိုင်နေဆဲဖြစ်သော မင်းဆက်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဘယ်လိုလုပ်မလဲဆိုသည့် သဘော။

"နင် အိမ်မှာလို့ပြောလိုက်တယ်မဟုတ်လား၊ ဒါဆို အခု အိမ်ကိုချက်ချင်းပြန်တော့၊ နောက်မှ နင့်ဘာသာ သူနဲ့မတွေ့တာ တွေ့တာ နင့်သဘောပဲ၊ ငါလည်း အိမ်အောက်ထိ မပို့တော့ဘူး၊ တော်ကြာ နင့်လူနဲ့ တိုးနေရင် ရှင်းရခက်သွားမယ်၊ ဒီကပဲ လှည့်ပြန်ပြီ၊ တစ်ခုခုဖြစ်ရင်





ဖုန်းဆက်လိုက်လေ"

"အေးဟာ ငါလည်း သွားပြီ"

အိမ်ဘက်ဆီလျှောက်လာနေသော ခြေလှမ်းတွေကို အရှိန်မြှင့်တင်ထားရသည်။ တော်ကြာ ဖော့်နောက်မှ အိမ်ရှေ့ရောက်သွားမိရင် မိုးမီးလောင်ပြီ။

ကျွန်မအခန်းလေးရှိရာ လေးထပ်ကို မရောက်သေးခင်မှာဘဲ လှေကားတစ်ဝက်မှာတင် ဖော့်ထံမှ ဖုန်းဝင်လာခဲ့၏။

"မင်းအိမ်အောက်ရောက်နေပြီ၊ ဆင်းခဲ့တော့"

"ဆင်းလာနေပါပြီနော်၊ စောင့်နေ"

ကျွန်မ ဦးတည်ရာကို အပေါ်ကနေ အောက်ဘက်ဆီ ပြန်ပြောင်းလိုက်ရ၏။ တော်သေးတာပေါ့ လှေကားထဲရောက်နေချိန်မှ ဖော် ရောက်လာလို့ ဟူ၍။

"ပြောစမ်းပါဦး ဘယ်လိုဖြစ်တယ်ဆိုတာကို"

သူ့ကားထဲသို့ ကျွန်မ ဝင်ထိုင်လိုက်သည်နှင့်ဖော့်အသံက အေးစက်စက် ထွက်ကျလာသည်။

"ကျွန်မမွေးနေ့မှာတောင် ဖော်က အလုပ်ကို ဦးစားပေးနေတော့ ကျွန်မလည်း လုပ်ချင်တာလုပ်မှာပဲ"

"ဘာလဲ မင်းလုပ်ချင်တာက တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်တာလား"

"ဖော်နော် ကျွန်မကို မရွဲ့နဲ့"

"ဟာ ဖော် ဘယ်မှာရွဲ့လို့လဲ၊ မင်းက လုပ်ချင်တာလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ခဲ့တာမဟုတ်လား''

''ဖော်သာ ကျွန်မနားမှာနေပေးရင် အဲဒီလိုတွေ လုပ်ပါ့မလားလို့ ဖော့်ကို စိတ်ဆိုးလို့ အရွဲ့တိုက်တာပေါ့''

''မင်းရဲ့ အဲဒီအရွဲ့တိုက်တတ်တဲ့စိတ်က တစ်နေ့မှာ မင်းကို ဒုက္ခပေးမှာကွ၊ ငါ့မှာတော့ မင်းအတွက်အချိန်ပေးချင်လို့ အလုပ်တွေကို တောင် မြန်မြန်လုပ်ပြီး ထွက်လာတာ၊ မင်းက ဖုန်းတောင်မကိုင်ဘူး''

ဖုန်းပြောနေတုန်းက ဖော် ဒေါသထွက်နေတာလို့ ကျွန်မ ထင်ခဲ့ တာတွေက ခုတော့လည်း မဟုတ်ပါလား။ ဖော့်လေသံဟာ ပုံမှန်လိုပါပဲ။ ဖော့်ပုံစံကြောင့် ကျွန်မပင် ကြောင်တောင်တောင် ဖြစ်သွားမိသည်။

''ဖော် ကျွန်မကို ဒေါသထွက်နေတယ်လို့ ကျွန်မ ထင်နေတာ''

တစ်ချိန်လုံး ရှေ့တည့်တည့်ကိုသာ ကြည့်ပြီး စကားပြောနေ သော ဖော်က ခုတော့ ကျွန်မဘက်သို့ လှည့်ကြည့်လာသည်။

''ဟုတ်တယ် ခုနကတော့ ဖော် ဖုန်းဆက်တာကို မကိုင်လို့ မင်းကို ဒေါသဖြစ်နေခဲ့တာ၊ တစ်ချိန်လုံးလည်း စိတ်ပူနေခဲ့တာ၊ ခုတော့ မင်းလည်း ဘာမှမဖြစ်ဘူး အေးအေးချမ်းချမ်းပဲဆိုတာ သိလိုက်ရပြီလေ''

ဖော့်မျက်နှာက ဒေါသမရှိသည့်အပြင် ပြုံးတောင်ပြုံးနေသေး သည်။

''ဒါပေမဲ့ ကျွန်မကို အချိန်ပေးဖို့ဖော် ပြန်လာတဲ့အချိန်မှာ ကျွန်မက ဖုန်းတောင်မကိုင်ဘူးလေ၊ ဖော် ကျွန်မကို စိတ်ဆိုးလို့ရပါတယ်''

''မဆိုးပါဘူးကွာ၊ ဖော်လည်း နည်းနည်းလွန်သွားပါတယ် မင်းမွေးနေ့မှန်းသိရဲ့သားနဲ့ အလုပ်တွေကို လျစ်လျူမရှုနိုင်ခဲ့ဘူး၊ ထား





လိုက်ပါတော့ ခု ဖော်တို့နှစ်ယောက်တွေ့နေပြီပဲ''

ဟင့်အင်း ဖော် ကျွန်မကို ဒီလောက်ထိ နားလည်မပေးပါနဲ့။ အရင်ကလိုမျိုး ကျွန်မက ဖော့်ရဲ့နားလည်ပေးမှုတွေနဲ့ ထိုက်တန်သေးရဲ့ လားဆိုတာ ကျွန်မကိုယ်ကျွန်မတောင် မသိတော့ပါဘူး။

''ညစာ ဘာစားပြီးပြီလဲ''

''ဟင့်အင်း မစားရသေးပါဘူး''

''ဒါဆို တစ်ခုခုသွားစားကြမယ်လေ၊ မင်းမွေးနေ့ဆိုတော့ ဘယ် မှာ ဘာစားမလဲ၊ ကြိုက်တာပြော ဟုတ်ပြီလား''

''ဟင့်အင်း ကျွန်မတို့စားနေကျ ထမင်းဆိုင်လေးပဲ သွားရ အောင်နော်''

''ဒါဆိုလည်း ကောင်းပါပြီဗျာ၊ စားပြီးရင်ရော ဘယ်သွားမယ် များ စိတ်ကူးထားတုန်း မရွှေချော''

ဖော်က ကားလေးကို ညင်သာစွာ မောင်းထွက်လိုက်ရင်း စကားဆက်သည်။ အခုအနေအထားက ဖော်ကပဲ ကျွန်မကို ပြန်ချော့ နေရသလိုလို၊ ဖော့်အပေါ်မှာ ကျွန်မ တော်တော်တရားလွန်နေပါလားလို့ ကိုယ့်ဘာသာ ပြန်တွေးမိသည်။

''ဟိတ် အဲဒီလောက် မငြိမ်နဲ့လေ၊ မေးနေတာကို မကြားဘူး လား၊ မဟုတ်မှလွဲရော ဒီနေ့ ဖော် မအားဘူးဆိုပြီး တခြားကောင်လေး တစ်ယောက်ယောက်နဲ့ တူတူရှိနေတာ မဟုတ်ဘူးလား ပြောစမ်း''

''ဟာ ဖော်ကလည်း ဘာတွေပြောနေတာလဲ မဟုတ်တာတွေ''

တကယ်ဆို ခုလိုမျိုး ဖော် စနောက်နေကျ ဖြစ်သည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ ကျွန်မက လိမ်လည်ထားသူမို့လား။ ဖော့မျက်လုံးများကိုတောင် စေ့စေ့မကြည့်ရဲဘဲ ဗလုံးဗထွေးသာ ပြန်ပြောဖြစ်သည်။

စားကြသောက်ကြတော့လည်း ဖော့မျက်လုံးများကို တည့်တည့်မကြည့်မိအောင် ကြိုးစားရင်း အစားအသောက်အရသာကိုတောင် ကောင်းကောင်းမခံစားလိုက်နိုင်။

"တော်ပြီလား အရင်ကဆို မင်းနှစ်ပန်းကန်လောက် စားနေတာလေ"

"သိပ်မဆာလို့ပါ ဖော်ရယ်"

စားသောက်ဆိုင်လေးက ထွက်လာတော့ ဖော်က ကားလေးကို ပြည်လမ်းဘက် ဦးတည်လိုက်သည်။

"ဘယ်သွားမလို့လဲ ဖော်"

"ထုံးစံအတိုင်းပေါ့"

အမြဲလိုလို အလုပ်ရှုပ်နေတတ်သည့် ဖော့အတွက် ကျွန်မနဲ့တွေ့ဖြစ်ရင် များသောအားဖြင့် ကားလျှောက်မောင်းခြင်းဖြင့်သာ အချိန်ကုန်ဆုံးစေတတ်သည်။ ကားပတ်မောင်းရင်း ကျွန်မတို့နှစ်ယောက် ရပ်ချင်သည့်နေရာမှာရပ်ပြီး အေးအေးလူလူ စကားလေးပြော သီချင်းလေးနားထောင်နှင့်။ ဒါက ကျွန်မတို့နှစ်ယောက်ရဲ့ ချိန်းတွေ့မှုပုံစံတစ်မျိုးပေါ့။

"ဖော် အဲကွန်းပိတ်လိုက်မယ်နော်"

"အင်း ပိတ်လေ"

ဖော်က အဲကွန်းကိုပိတ်လိုက်ပြီး ပြတင်းမှန်များကို ဖွင့်လိုက်သည်။ ပြင်ပမှ ဝင်လာသော ညလေက ကျွန်မဆံပင်များကို လွင့်ဖွာနေ





စသည်။ လေကြောင့် မျက်နှာတစ်ခုလုံး ခြောက်သွေ့အေးစက်လာ၏။

ဖော့ကိုကြည့်မိတော့ မျက်နှာပေါ်မှာ ဘာခံစားချက်မှ ထူးထူးထွေထွေ မတွေ့ရ။ အမြဲလိုလို အေးဆေးတည်ငြိမ်စွာနေတတ်သော အော်ဟာ ကျွန်မ လေးစားရသော ယောကျ်ားတစ်ယောက်ပုံစံပါ။ ဒါကြောင့်လည်း ကျွန်မရဲ့ရည်းစားဦးအဖြစ် ဒီသုံးနှစ်လုံး ကျွန်မ အရိပ်တကြည့်ကြည့်နဲ့ ချစ်ခဲ့ရတာလေ။

ဒါပေမဲ့ ဒီရက်ပိုင်း ကျွန်မစိတ်တွေ ထွေပြားနေသည်။ ဘာကို အလိုမကျနေမှန်းလည်းမသိ။ အမြဲတမ်း အလုပ်များနေတတ်သည့် ဖော့ကိုလား။ ကျွန်မ လိုချင်သော ကြင်နာမှုတွေကို ဖော့ဆီက အချိန်တိုင်းမှာ မရခဲ့လို့လား။ သေချာတာကတော့ အရင်လိုမျိုး ကျွန်မရဲ့စိတ်ဓာတ်တွေ လွတ်လပ်ပေါ့ပါးခြင်း မရှိတော့ပါ။

"ဖော်တို့ ကန်ဘောင်မှာ ထိုင်ရအောင်လေ"

"ဟင် ဖော် ထိုင်ချင်ထိုင်လေ"

အတွေးထဲ နစ်မြောနေသော ကျွန်မ ဖော့အသံကြားမှ သတိ ပြန်ဝင်လာသည်။

ညနေဘက်လောက် လူမရှုပ်တော့သော ကန်ဘောင်ပေါ်မှာ ကျွန်မတို့နှစ်ယောက်အတွက် ထိုင်ခုံနေရာလွတ်တစ်ခုကို အလွယ်တကူပင် ရှာဖွေရရှိခဲ့သည်။ ငြိမ်သက်နေသော ရေပြင်ကျယ်ကျယ်က ကျွန်မတို့ မျက်စိရှေ့မှာ နက်မှောင်နေသည်။ ညင်သာစွာ နွဲ့နွဲ့လေးတိုက်နေသော လေပြည်ထဲမှာ မိုးနံ့လေးတွေတောင် ကပ်ငြိပါလာသလိုပင်။

"ဒီည မိုးရွာမယ်နဲ့တူတယ်နော် နီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မိုးနံ့လေးတွေ သင်းနေတာပဲနော်"

ကျွန်မက မိုးရာသီကို နှစ်သက်သူ။ မိုးအေးအေးလေးမှာ အိပ်ထဲနေရင်း ကော်ဖီတစ်ခွက်နှင့်ငြိမ့်နေတတ်သူ။ ဒီညတော့ မိုးအေးအေးနှင့် အိပ်ရာထဲဖိမ်ကျရဖို့ များနေပြီ။

"မိုးလေကောင် ဒီလောက်အေးစက်ရင် ညဘက် တော်တော် အေးမှာပဲ နီ၊ အဲကွန်းတွေဘာတွေ မဖွင့်နဲ့နော်၊ လုံလုံခြုံခြုံအိပ်"

ဇော်ကတော့ ထုံးစံအတိုင်း ကျွန်မကို ကလေးတစ်ယောက်လို လိုက်ပူပန်ပြောဆိုရင်း ကျွန်မပခုံးလေးကို ဖွဖွသိုင်းဖက်သည်။ ဇော့်ပခုံးထက်မှာ အလိုက်သင့်လေး ခေါင်းမှီရင်း ကျွန်မ ငြိမ်သက်နေမိ၏။

"ဟိတ် ကောင်မလေး ဇော် ပြောတာကြားလား"

"ကြားပါတယ် ဇော်ရယ်၊ ဒါပေမဲ့လေ ကျွန်မက စောင်ခြုံလို့ နွေးတာထက် ဇော့်ရင်ခွင်ထဲမှာနေပြီး နွေးထွေးလုံခြုံနေရတာကို ပိုကြိုက်တယ်"

ဇော့်ထံမှ ရယ်သံတိုးသဲ့သဲ့လေး ကြားရသည်။ ကျွန်မနဖူးကို ဖွဖွလေး ငုံ့နမ်းလိုက်သေး၏။

"ဒါဆို ဇော့်ကို လက်ထပ်လိုက်လေ"

ဒီစကားကိုကြားရတိုင်း ကျွန်မ စိတ်ထဲ ဖြတ်သားသော အဖြေတစ်ခု ဘယ်တော့မှ ထွက်မလာခဲ့။ ဇော့်ရဲ့အတိတ်ကို ကျွန်မလက်ခံပေးဖို့ ခက်ခဲနေသေးသည်။ ဒါမှမဟုတ် အဲဒါဟာလည်း ကျွန်မရဲ့အကြောင်းပြချက်တစ်ခုသာ ဖြစ်နေနိုင်ပါသည်။ သေချာတာကတော့ ကျွန်မ စိတ်ထဲမှာ ဇော့်ကိုလက်ထပ်ဖို့ဆိုတာမျိုးအတွက် ဘယ်တုန်းကမှ ပြင်ဆင်ဖူး





ခြင်း မရှိတာပါပဲ။ ဇော့်ကိုလက်ထပ်ခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာ မဟုတ်ဘဲ ဒီတိုင်းလေးပဲ ချစ်နေရတာကို ကျွန်မ နှစ်သက်နေမိသည်။

"လက်ထပ်ဖို့ဆိုတာကတော့ မဖြစ်သေးဘူးလေ ဇော်ရယ်"

"ဇော့်ကို လက်ထပ်ဖို့ မင်းဘယ်တော့မှ မတွေးခဲ့ဖူးဘူးနဲ့ တူတယ်နော်"

ဟုတ်တယ်လို့ ဖြေလိုက်ဖို့ ကျွန်မမှာ အင်အားမရှိပါ။ ဇော့်ကို ကျွန်မ ချစ်ပါသည်။ ဒါပေမဲ့ ဇော့်အတိတ်ကြောင့် လက်ထပ်ဖို့တော့ စဉ်းစားပါရစေဦးဆိုတာမျိုး။ ဒါဟာ ရက်စက်ပြီး တွေဝေသော အဖြေစကားမျိုးသာ ဖြစ်ပါလိမ့်မည်။ ဇော် လိုချင်နေတာ ဇော် မျှော်လင့်ထားတာလည်း ဒီအဖြေမျိုး ဖြစ်မှာမဟုတ်ပါ။

"ဘာလို့များ ဒီလိုပြောရတာလဲ ဇော်၊ ဇော့်ကို လက်မထပ်ချင်သေးဘူးဆိုတာလည်း ကျွန်မက ဒီလို လွတ်လွတ်လပ်လပ်လေးနေရတာကို သဘောကျနေသေးတာလေ၊ ပြီးတော့ ခုမှ ကျွန်မအသက်က နှစ်ဆယ့်သုံးပဲ ရှိသေးတာရှင့်"

"နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးတစ်ယောက်က လက်ထပ်ဖို့ မသင့်သေးဘူးဆိုတာမျိုး ဇော်ဖြင့် တစ်ခါမှ မကြားဖူးပါဘူး"

"ဇော်နော် သူများကို မရွဲ့နဲ့ သိလား"

အောက်နှုတ်ခမ်းလေးကို အသာဖိကိုက်လျက် ကျွန်မ စိတ်မရှည်သံလေးနှင့် ပြောတော့ ဇော်က ကျွန်မ ခေါင်းလေးကို အုပ်ကိုင်လိုက်ရင်း

"ကောင်းပါပြီဗျာ လက်ထပ်ဖို့ကို မပြောတော့ပါဘူး၊ လက်မထပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ ဒီလိုပဲ တစ်သက်လုံးနေသွားကြတာပေါ့နော်"

ဇော်သည် ထိုမျှလောက်ထိ ကျွန်မအပေါ် လိုက်လျောနားလည်ပေးခဲ့သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ဖူးပါ၏။

■ ■ ■

## အခန်း (၄)

"ဘယ်လိုလဲ အလုပ်ထဲမှာ အိုကေရဲ့လား နှိုး"

အဆောင်ပြန်ရောက်သည်နှင့် သဲသဲက ကျွန်မကို ဆီးမေးသည်။ ပြန်ရောက်ရောက်ချင်း ပင်ပန်းနွမ်းနယ်လာမှုနှင့်အတူ ကုလားထိုင်ပေါ်သို့ ကျွန်မ အရုပ်ကြိုးပြတ်ထိုင်ချလိုက်၏။

"ဒီလိုပါပဲဟာ မားကတ်တင်းဘက်ဆိုတော့ အပြင်ပဲထွက်နေရတာများတော့ တခြားဌာနတွေထက် ပိုပင်ပန်းတာတော့ အမှန်ပဲလေ"

"အင်းလေ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နှင့်ကို အခုလိုမျိုး လုပ်ငန်းခွင်ထဲမှာ မြန်မြန်အသားကျလာတာ မြင်ရတော့ စိတ်ချမ်းသာတယ်"

ဇော်နဲ့ပတ်သက်ခဲ့တဲ့ အဖြစ်မှန်တွေကို မသိသေးသည့် သဲသဲကတော့ ကျွန်မကို အားရကျေနပ်နေပုံပါပဲ။ ကျွန်မမှာသာ နေ့စဉ်နေ့တိုင်း မြင်တွေ့နေရသော အတိတ်က ချစ်သူဟောင်းကို ရှောင်မရတိမ်းမရနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းကြိတ်ပြီး ဗျာများနေရတာလေ။

"ငါ ရေချိုးလိုက်ဦးမယ်ဟာ၊ ပြီးရင် ထမင်းစားကြတာပေါ့"

"အိုကေ အိုကေ ငါ နူးထားလိုက်မယ်နော်၊ နင်ထွက်လာရင် အဆင်သင့်စားလို့ရတာပေါ့"

သဲသဲက ကျွန်မနှင့်ခင်မင်ရင်းနှီးတာ မကြာသေးပေမယ့် တကယ့်ငယ်ပေါင်းကြီးဖော်တစ်ယောက်လိုပင် အားကိုးရပါသည်။ သူမနှင့်အတူ တစ်ဆောင်တည်းနေဖြစ်သွားတာကိုက ကျွန်မအတွက် ကံကောင်းခြင်းပါပဲ။

"နင့်ယောက်ျားကရော နင့်ကိုနည်းနည်းမှ အဆက်အသွယ် မလုပ်ဖူးလားဟာ၊ သူကလည်း တကယ်နေနိုင်တယ်"

ဆိုင်းမဆင့်ဗုံမဆင့် ပြောချလိုက်သော သဲသဲစကားကြောင့် စားလက်စထမင်းပင် နင်သွားမတတ် ကျွန်မ ခံရခက်သွားသည်။ ရေတစ်ခွက်ကို ခပ်မြန်မြန်ထည့်သောက်လိုက်ရ၏။

"တော်ပါဟာ စားနေသောက်နေတုန်း အဲဒီအကြောင်းတွေ မပြောစမ်းပါနဲ့"

"ငါလည်း စဉ်းစားရင်းစဉ်းစားရင်း မနေနိုင်လွန်းလို့ပါဟာ"

ဒီအကြောင်းတွေကို တတ်နိုင်သလောက် မေ့ထားချင်ခဲ့သော ကျွန်မအတွက် ခုလိုမျိုး မထင်မှတ်ဘဲ ပြန်ကြားလိုက်ရခြင်းဟာ ရင်ထဲက ဒဏ်ရာကို တဆစ်ဆစ်ပြန်နာကျင်လာစေသည်။ ကျွန်မအတွက် အနစ်နာခံချစ်တတ်ခဲ့သော ဖော့ကို စွန့်လွှတ်လျက် မောင့်ကိုမှ ရူးမိုက်မြတ်နိုးစွာ ရွေးချယ်လက်ထပ်ခဲ့မိသော ကျွန်မသည် သစ္စာဖောက်ခြင်း၏ပြစ်ဒဏ်ကို





အရှင်လတ်လတ် နှလုံးသားတွေ ကွဲကြေရင်း ခံစားနေရသည်။

အတတ်နိုင်ဆုံးတော့ ကျွန်မ အပြစ်တွေကို ကျွန်မ မေ့ထားချင်သည်။ ဘဝကို အသစ်ကပြန်လည်စတင်ချင်သည်။ ဒါပေမဲ့ ကျွန်မ ပြန်လည်စတင်လိုက်သော ဘဝအသစ်ထဲမှာ ဖော်က ပါဝင်ပတ်သက်နေပြန်၏။ တကယ်ဆို ဒီသံသရာထဲကနေ ကျွန်မ ရုန်းထွက်ဖို့သင့်နေပါပြီ။

ကျွန်မကို ဘယ်သူမှမသိနိုင်သော နေရာဒေသလေးတစ်ခုမှာ တစ်ယောက်တည်းဘဝကို ရပ်တည်သင့်သည်။ အင်းလေ ဒီလိုမျိုး ရပ်တည်ဖို့ဆိုတာကလည်း လုံလောက်တဲ့အင်အားရှိပါဦးမှ။ ငယ်စဉ်တည်းက အဒေါ်ဝမ်းကွဲလက်မှာ ကြီးပြင်းလာပြီး ကျွန်မအိမ်ထောင်ကျသွားသည့်အတွက် တာဝန်ယူစရာ ဝန်ထုပ်ဝန်ပိုးမရှိတော့သလို ပျော်ရွှင်သွားခဲ့သော ထိုအဒေါ်ဝမ်းကွဲကလွဲရင် ကျွန်မမှာ ဘာကျောထောက်နောက်ခံအင်အားများ ရှိလို့လဲ။

ကိုယ့်အင်ကိုယ့်အားနှင့် ရှာဖွေနိုင်ပါမှ ကျွန်မ ဖြစ်ချင်တာတွေ ကြိုးစားခွင့်ရမည်ဖြစ်သည်။ တစ်ယောက်တည်းထွက်ခွာသွားဖို့ မဖြစ်နိုင်သေးမှတော့ ခုလိုမျိုး ကိုယ်တတ်နိုင်သည့်အနေအထားတစ်ခုနှင့် ကြိုးစားဆောင်းရွိုးမှာပဲလေ။ ရည်မှန်းချက်တွေ အကောင်အထည်ဖော်နိုင်တဲ့တစ်နေ့ကျရင်တော့ အားလုံးနှင့်ဝေးရာကို ကျွန်မတစ်ယောက်တည်း ထွက်သွားဖို့ ဆုံးဖြတ်ပြီးသားပါ။

သာယာအေးချမ်းသော ကျွန်မဆိုတဲ့မိန်းမတစ်ယောက်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ မြင်ဖူးတွေ့ဖူးဆုံဖူးခြင်းမရှိသော ကျွန်မ ပတ်သက်သည့် ဘယ်လိုအတိတ်အကြောင်းအရာမျိုးကိုမှ မကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးသော လွတ်လပ်စွာနေထိုင်ရင်း သဘာဝနှင့်လိုက်လျောညီထွေ ဖြစ်နိုင်သော နေရာလေးတစ်ခုတော့ ဒီကမ္ဘာကြီးပေါ်မှာရှိမှာပါ။

အဲဒီလို နေရာလေးကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကျွန်မ ရှာဖွေတွေ့ရှိနိုင်ပါလိမ့်မည်။

"နှီ အခု အဆောင်မှာနေနေတာဆို"

ဇော့်မျက်နှာက အံ့ဩမယုံနိုင်ခြင်းတွေကို ကျွန်မ စိတ်ရှုပ်ထွေးစွာ မြင်နေရသည်။ ကျွန်မနေထိုင်သည့်လိပ်စာကို ဇော် သိသွားမှာစိုးလို့ တောင် ဟိုးတစ်ခါက အိမ်ပြန်လိုက်ပို့ပေးပါမည်ဆိုတာကို ငြင်းဆန်ခဲ့တာလေ။ ခုတော့ ဇော်က ကျွန်မ အဆောင်မှာနေတာကို သိလို့နေပြီ။

"ဇော် ဘယ်လိုသိတာလဲလို့ အံ့ဩနေတယ် မဟုတ်လား"

ဟောကြည့် ကျွန်မ တွေးနေတာတွေကိုလည်း သူ သိနေပြန်ပါပြီ။

"စိတ်တော့မဆိုးနဲ့နော် ဇော် ပြောပြမယ်၊ ဟိုးတစ်ရက် နှီ အလုပ်ဆင်းချိန်မှာ ဇော် နောက်ကနေ လိုက်ကြည့်ထားတာ"

"ဟင်"

ဒါတော့ ကျွန်မ တကယ်အံ့ဩရခြင်း ဖြစ်သည်။ တစ်ယောက်ယောက်ကြောင့် အဖြစ်အပျက်တစ်ခုခုကြောင့် ဇော် သိသွားတယ်လို့ ကျွန်မ ထင်နေတာလေ။ ခုတော့ ဇော်ကိုယ်တိုင် ကျွန်မနောက်က လိုက်ချောင်းထားတာတဲ့။ နည်းနည်းတော့ စိတ်တိုသွားမိတာအမှန်။

"ဇော် ဘာလို့ ဒီလိုလုပ်တာလဲ"

"ဇော် မင်းကိုစိတ်ပူတယ် နှီ၊ မင်းစိတ်ကို ဇော် အသိဆုံးပါ





င်းက မာကျောချင်ယောင်ဆောင်ထားပြီး အတွင်းထဲမှာက ပျော့ခွေ သဲကျတော့မတတ် ဖြစ်နေတတ်တာ"

ကျေးဇူးပြုပြီး ကျွန်မအကြောင်းတွေကို မေ့ပစ်လိုက်ပါတော့ ဇော်။

"ကျွန်မက အရင်တုန်းကလို ဇော့်နားမှာ တွယ်ကပ်နေတတ်တဲ့ ကောင်မလေးမဟုတ်တော့ဘူးလို့ ပြောခဲ့ပြီးပြီပဲ၊ အရင်ကအကြောင်းတွေ ကို ထည့်မပြောပါနဲ့တော့ ဇော်"

"နှီရယ် မင်းဘယ်လောက်ပဲ ဟန်ဆောင်ဆောင် မင်းရဲ့အထဲ မှာ ဘာရှိတယ်ဆိုတာ ဇော် အားလုံးနားလည်ပါတယ်၊ လူတစ်ယောက်က အမြင်ပုံပန်းကိုသာ ဟန်ဆောင်ဖုံးဖိထားလို့ရချင်ရမယ်၊ အတွင်းက သူ့ ရဲ့စိတ်ခံစားချက်ကိုတော့ ဘယ်လိုမှပြောင်းလဲလို့မရနိုင်ဘူး၊ မင်းစိတ်က သိပ်ကို နူးညံ့တာ ဇော် သိပါတယ်"

"ကျွန်မကို ဇော် သိချင်ယောင်မဆောင်ပါနဲ့၊ ဇော် ကျွန်မကို သိပါဘူး၊ ဟင့်အင်း မသိနဲ့ ကျွန်မဘာသာ လွတ်လပ်စွာ နေပါရစေ"

ကျွန်မစိတ်ရှိလက်ရှိ အော်ပစ်လိုက်သည်။ ခုတလောကားထဲမှာ ဇော်နဲ့ကျွန်မနှစ်ယောက်တည်းမို့ ခုလောက်ထိ လွှတ်လွှတ်လပ်လပ် စကား ပြောနိုင်ခြင်းပါ။

"ဇော် တကယ်စိတ်ပူနေတာ နှီ၊ ဖြစ်နိုင်ရင် မင်းတစ်ယောက် တည်း အဆောင်မှာနေရတာကို ဇော် တားချင်တယ်၊ ခုလိုအခြေအနေ မျိုးမှာ မင်းကို ဇော်နဲ့အနီးဆုံးမှာပဲ ရှိနေစေချင်တယ်၊ အဲဒါ အလွန် ရိုးသားစွာပြောတဲ့စကားပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ဇော်၊ ကျွန်မကို ဘာမှထပ်မပြောပါနဲ့"

ကျွန်မ ဆင်းရမည့်အထပ်ရောက်နေပြီမို့ တံခါးလေး ဖြတ်ခနဲ ပွင့်သွားသည်။ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလျှောက်ခဲ့ပါသော်လည်း ကျွန်မစိတ်တို့ကတော့ လေးပင်နောက်ကျနေပြီ။

ဇော် ကျွန်မကို ဘာလို့များ စိတ်ပူနေသေးတာလဲ။ သူ့အပေါ်မှာ ရက်စက်စွာ သစ္စာဖောက်ခဲ့သော မိန်းမတစ်ယောက်ကိုလေ။ တကယ်ဆို ကျွန်မလိုမိန်းမကို အလုပ်တစ်နေရာစီစဉ်ပေးတာကိုက ဇော့်အတွက် တော်တော်လွန်နေပါပြီ။ ခုလောက်ထိ ကျွန်မကို လိုက်စိုးရိမ်ပူပန်နေတာကတော့ နေရထိုင်ရခက်လွန်းလှ၏။

ဒါဟာလည်း ဘုရားသခင်ဆီက အပြစ်ဒဏ်ပဲဖြစ်ပါလိမ့်မည်။

"အစ်မ ညနေကျရင် ကျွန်တော်တို့ စမ်းချောင်းဘက် သွားရဦးမယ်နော်"

ဌာနထဲအဝင်မှာ နောင်ရိုးနှင့်တည့်တည့်တိုးတော့ ကျွန်မစိတ်တွေက အလုပ်ထဲ ပြန်ရောက်သွားပြန်သည်။

"အေး ဟုတ်တယ်လေ၊ စားသောက်ပြီးရင် ပစ္စည်းတွေ အဆင်သင့်ပြင်ထားလိုက်နော်"

"ဟုတ်ကဲ့ အစ်မ၊ ဒါနဲ့ အစ်မရော စားပြီးပြီလား"

"ခုမှ စားမလို့လေ"

"ဒါဆို ကျွန်တော်တို့နဲ့တူတူ လာစားပါလား၊ Dinning Room ထဲက စောင့်နေမယ်"

"ဟုတ်ပါပြီ ကိုယ်လာခဲ့ပါ့မယ်"





ဝန်ထမ်းလေးတွေထဲမှာ နောင်ရိုးတစ်ယောက်ကိုတော့ ကျွန်မ ကောင်းကောင်း သတိထားမိသည်။ အလုပ်လည်းကြိုးစားပြီး ရည်မွန်အော်ရွှေသည်။ ရုပ်ရည်လေးကလည်း လခစားဝန်ထမ်းတစ်ယောက်ဆိုတာထက် မော်ဒယ်တစ်ယောက်နှင့်တောင် ပိုတူနေသေး၏။ အရပ်ခပ်မြင့်မြင့်နှင့် သန့်သန့်ပြန့်ပြန့် နေတတ်ပုံလေးကြောင့် ဖောက်သည်တွေကလည်း သူ့ကိုဆို သဘောကျကြသည်။

စကားအပြောအဆိုကအစ ညင်သာသိမ်မွေ့ပြီး ဖောက်သည်များကို ဆွဲဆောင်နိုင်သည်။ လုပ်ငန်းပိုင်းမှာ ရှေ့လျှောက်အလားအလာကောင်းသော ကောင်လေးပါပဲ။

စားသောက်ပိုင်းမှာ ကျွန်မအဖွဲ့က ဝန်ထမ်းလေးတွေ အားလုံးပါ၊ စုပြီးစားသောက်ကြတာဆိုတော့ တစ်ယောက်ကိုတစ်ယောက် ရင်းနှီးခင်မင်ခွင့် ပိုရစေလို့ ကျွန်မကတော့ ခုလိုစုပေါင်းစားကြတာကို သဘောကျနေမိသည်။

"ကျွန်တော်တို့ပစ္စည်းတွေ ထုတ်ထားလိုက်တော့မယ်နော်"

ယောက်ျားလေးအဖွဲ့က ကျွန်မကို နှုတ်ဆက်လျက် စားသောက်ခန်းထဲမှ ထွက်သွားသည်။ တက်ကြွလန်းဆန်းနေသော လက်အောက်မှ ဝန်ထမ်းလေးတွေကိုကြည့်ရင်း ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာသလိုပါပဲ။

"ဒီနေ့တော့ မင်းတို့စောစောပြန်ရမှာပါ၊ စမ်းချောင်းတစ်ခုပဲ သွားစရာရှိတာလေ"

ကားမောင်းသူ နောင်ရိုးဘေးမှာ ဝင်ထိုင်ရင်း ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



အားပေးသလို ပြောလိုက်သည်။

"ကျွန်တော်က နောက်ကျလည်း ကိစ္စမရှိပါဘူးဗျာ၊ အဓိကက အလုပ်တွေမြန်မြန်ပြတ်သွားပြီး အကြွေးမကျန်ရင် ပြီးတာပါပဲ"

"အံမယ် ကိုယ်လုပ်နေတာတွေ အကြွေးမကျန်ပါဘူးနော်"

"ဟုတ်ပါတယ်ဗျ။ ဒါကြောင့် အစ်မအဖွဲ့ထဲမှာနေရတာ ကျွန်တော်လည်း စိတ်ချမ်းသာတယ်"

"အပြောကောင်းတယ်နော်၊ ဖောက်သည်တွေကလည်း အဲဒါ ကြောင့် နောင်ရိုးပြောလိုက်တာနဲ့ အော်ဒါတွေ တန်းတက်လာတာဖြစ်မှာ"

"ဟာ အဲဒီလိုတော့ မပြောပါနဲ့၊ ကျွန်တော်တစ်ယောက်တည်း ကြောင့်တော့ မဟုတ်ပါဘူး"

နောင်ရိုး ကားမောင်းနေရင်းတန်းလန်းနှင့် ကျွန်မဘက်လှည့် ကြည့်ကာ အသည်းအသန် ငြင်းသည်။ ကျွန်မကတော့ သဲ့သဲ့လေးရယ် မောနေလိုက်မိသည်။

"နွယ်တို့နှစ်ယောက်ကို ရှင်စောပုက စင်တာရှေ့မှာ ချပေး လိုက်မယ်နော်၊ နောက်နာရီဝက်နေရင် ပြန်လာခေါ်မယ်"

"ဟုတ် အစ်မ"

အရောင်းဝန်ထမ်းကောင်မလေးနှစ်ယောက်ကို အော်ဒါကောက် ဖို့ ချထားပေးခဲ့ပြီး ကျွန်မနဲ့နောင်ရိုးနှစ်ယောက်ပဲ ရှေ့ဆက်ထွက်လာ သည်။ နောက်တစ်ဘလောက်အကျော်မှာ ကျွန်မ ငွေသိမ်းရမည့်ဆေး

ဒီတစ်နေ့လုံး နေက ခြစ်ခြစ်တောက်ပူလျက် လေလည်း မတိုး သလောက်နီးပါးပင်။ ကားပေါ်မှာထိုင်နေရင်းနှင့် ကျွန်မခေါင်းထဲ ငြိမ်း





ကြီးဖြစ်လာသည်။ မျက်လုံးများပင် ပြာဝေချင်ချင်။ နားထင်နှစ်ဖက်ကို လက်နှင့်ထောက်ထားရင်း ပြတင်းဘောင်ပေါ် လက်ထောက်ထားလိုက် သည်။ ကျွန်မ ဦးခေါင်းက သူ့ဘာသာတည့်မတ်အောင် မရပ်တည်နိုင် တော့ဘူးလေ။

"အစ်မ ဘာဖြစ်လို့လဲ"

"အေးကွာ ရာသီဥတုကြောင့်နဲ့တူပါတယ်၊ ခေါင်းတွေမူးနောက် လာသလိုပဲ၊ ထမင်းစားပြီးတည်းက မူးချင်နေတာကို သကြားလုံးလေး ငုံပြီး မှေးထားမိတာ၊ ခုတော့ ခေါင်းတောင်မထောင်နိုင်တော့ဘူးနဲ့တူ တယ်"

"အစတည်းက ပြောပါတော့လား အစ်မရယ်၊ ကျွန်တော့်တို့ ဘာသာ လာလိုက်လည်း ဖြစ်နေတာပဲကို၊ အစ်မကကျန်ခဲ့ပြီး အေးအေး ဆေးဆေး နားလိုက်ပြီးရော၊ ကျွန်တော်တို့ ငွေသိမ်းရမယ့်ဆိုင်ဘေးမှာ အအေးဆိုင်လေးတစ်ခုရှိတာ သတိထားမိတယ်၊ အဲဒီမှာ အစ်မ ခဏနား ချင်နားလိုက်လေ"

ကျွန်မမှာ ဘာမှပြန်မပြောနိုင်။ ခေါင်းထဲက တရိပ်ရိပ်တိုးနေ တာကြောင့် မလှုပ်မယှက်ဘဲ ငြိမ်သက်နေမိသည်။

ကားလေးတုံ့ခနဲ ထိုးရပ်သွားတာနှင့်တစ်ပြိုင်နက် နောင်ရိုးက ပြေးဆင်းပြီး ကျွန်မဘက်ခြမ်းတံခါးကို ဆွဲဖွင့်လိုက်သည်။ နောက်တော့ ကျွန်မလက်မောင်းလေးကို ဖွဖွတွဲကိုင်လျက် ဖေးမပေးရင်း အအေးဆိုင် လေးဆီ လျှောက်လာ၏။ ဆိုင်လေးက လူရှင်းသောကြောင့် မျက်စိနောက် နားညည်းဒဏ်တော့ သက်သာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငွေသွားသိမ်းလိုက်မယ်လေ အစ်မ၊ ဒီမှာ ထိုင်စောင့်နေပေါ့နော်"

"ကျေးဇူးတင်ပါတယ် နောင်ရိုးရယ်၊ ဒက်ရှ်ဘုတ်ပေါ်က ဖိုင်အနီလေး ယူသွားလိုက်နော်၊ ဘောက်ချာတွေအဲဒီထဲမှာ ရှိတယ်"

နောင်ရိုးထွက်သွားတော့ ကျွန်မ တစ်ယောက်တည်း သံပုရာရည်တစ်ခွက်နှင့် ထိုင်စောင့်နေလိုက်သည်။ ဟိုးအရင်တည်းက နေပူကြီးထဲ လျှောက်သွားမိရင် ခုလိုပဲ ဖြစ်နေကျ။ အထူးအဆန်းတော့ မဟုတ်ပါ။

"ငါပြောရင် စွပ်စွဲတယ်ဆိုပြီး မင်းက စောဒကတက်ဦးမယ်၊ ခုလို မျက်စိကြီးနဲ့တည့်တည့်တိုးတော့ ဘာငြင်းချင်သေးလဲ"

"ဟင် မောင်"

သံပုရာရည်ကို ပိုက်လေးနှင့်စုပ်သောက်နေမိသော ကျွန်မ၏ အပြုအမူတွေ လေထဲမှာတင် တဒင်္ဂရပ်တန့်သွားကြ၏။ ဒီအချိန်ဒီနေရာမှာ ဘယ်လိုမှ ထင်မှတ်မထားစွာ မောင့်ကိုတည့်တည့်ကြီး တွေ့လိုက်ရခြင်းသည် ကျွန်မအတွက်တော့ အံ့ဩရင်တုန်သွားစေတာ အမှန်ပင်။

"မောင် ဒီကို ဘယ်လိုရောက်လာတာလဲ"

"ဒါက မင်းနဲ့မဆိုင်ပါဘူး၊ ဘာလဲ မင်းတို့အတွဲကို ငါက တည့်တည့်ကြီးမိသွားလို့ လန့်နေတာလား"

"မောင် ဘာတွေပြောနေတာလဲဟင်"

"မသိချင်ယောင်မဆောင်စမ်းပါနဲ့ကွာ၊ မင်းတို့လက်ချင်းချိတ်ပြီး ကားပေါ်က ဆင်းလာတည်းက ငါအစအဆုံးမြင်တယ်"

မောင့်လေသံမှာ ဒေါသတွေပျော်ဝင်နေသည်။ လူရှင်းသော





ဆိုင်လေးမို့သာပေါ့။ နို့မို့ဆိုရင် ကျွန်မအရှက်ပြန်းပြန်းကွဲရလောက်မည့် လေသံမျိုးပါ။

"မောင်ထင်တာတွေ စွပ်ပြောမနေနဲ့၊ အဲဒါ အလုပ်ထဲက ဝန်ထမ်းလေး၊ ကျွန်မ ခေါင်းမူးနေလို့ တွဲလာပေးတာ၊ ဘာဖြစ်လို့များ ကျွန်မကိုဆို အဲဒီလိုမျိုး ဖောက်ပြန်တတ်တဲ့မိန်းမတစ်ယောက်ဆိုပြီး မောင်မြင်နေတာလဲ"

"ဟွန်း မင်းပြောတော့လည်း မင်းစကားပေါ့၊ ပြီးတော့ မင်းကို ငါက မြင်ချင်လွန်းလို့ မြင်နေတာမဟုတ်ဘူး၊ မင်းလိုမိန်းမက ဖောက်ပြန်တတ်တဲ့မိန်းမမျိုးမို့လို့ ငါကလည်း ဒီအတိုင်းပဲ အမြဲယူဆထားတာ၊ ဒါ ဘယ်တော့မှ ပြောင်းမှာမဟုတ်ဘူး"

"မောင် တရားမလွန်ပါနဲ့၊ ဘယ်ကနေ ဘယ်လို ဒီနေရာကို ရောက်လာမှန်းမသိဘဲ ကျွန်မ ရှင်းပြနေတာကိုလည်း မယုံတဲ့ ဘာဖြစ်လို့ မောင်ထင်တာတွေချည်းပဲ တစ်ဖက်သတ် ပြောနေတာလဲ၊ မောင့်စကားတွေကို ရပ်တန်းကရပ်လိုက်ရင်ကောင်းမယ်"

"အဟွန့် ငါကလည်း မင်းကို စကားပြောချင်လွန်းလို့ လာပြောတာမဟုတ်ပါဘူး၊ မင်းနဲ့ငါ့ကို တွဲသိနေကြမယ့် ပတ်ဝန်းကျင်မျိုးမှာ မင်းအပြုအမူတွေက အဆင်မပြေလို့ ပြောနေရတာ၊ နောက်ဆို ဆင်ခြင်ပေါ့၊ ငါနဲ့ပြတ်ပြတ်သားသား မဖြစ်သေးခင်အချိန်ထိ"

"မောင် မောင် ဘယ်လိုပြောလိုက်တယ်၊ မောင့်ကို ကျွန်မက ပြတ်စဲပေးရမှာလား၊ မိန်းမတစ်ယောက်ဘဝမှာ အမည်းစက်အတင်ခံရမယ့်အဖြစ်မျိုး ကျွန်မ ဘယ်တော့မှ အဖြစ်မခံဘူး မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မင်းသဘောပဲလေ၊ ငါ့ဘက်ကတော့ မင်းကို အရှင်းလင်းဆုံးပြောထားပြီးသားစကားတွေပဲ၊ မင်းမှတ်မိမှာပါ"

ဆိုင်ထဲကနေ မောင်ထွက်သွားသည်၊ ကျွန်မတစ်ယောက်တည်း ဒေါသတွေ စိတ်နာကျင်ရခြင်းတွေနှင့် ကျန်ရစ်ခဲ့၏။ ခေါင်းလည်းပိုလို့ နောက်ကျိမူးဝေနေပြီ။ ဘယ်အချိန်တည်းက ရစ်ဝဲနေခဲ့မှန်းမသိသော မျက်ရည်တို့က ပါးပြင်ထက် လိမ့်ဆင်းကျလာသည်။ ရုတ်တရက်မို့ မျက်ရည်သုတ်ဖို့ကိုတောင် ကျွန်မ မေ့လျော့နေခဲ့၏။

မျက်စိရှေ့တည့်တည့်ဝင်လာသော တစ်ရှူးစကမ်းပေးနေသည့် လက်တစ်ဖက်ကိုမြင်မှပင် အသိဝင်လာသလို ကျွန်မ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မော့ကြည့်မိတော့ နောင်ရိုး။ ခက်ပါရဲ့ ဒီကောင်လေး ကျွန်မ မျက်ရည်တွေကို မြင်သွားခဲ့ပြီပေါ့။

"မျက်ရည်တွေ သုတ်လိုက်ပါဗျာ၊ အစ်မက တက်တက်ကြွကြွ ရွှင်လန်းနေတဲ့ပုံနဲ့ပဲ လိုက်ဖက်ပါတယ်၊ မျက်ရည်တွေနဲ့တော့နည်းနည်းမှ မအပ်စပ်ဘူး"

ကမ်းပေးနေသော တစ်ရှူးကို လှမ်းယူလိုက်ပြီး ပါးပြင်နှစ်ဖက်ကို ဖွတ်သုတ်လိုက်သည်၊ သုတ်ပြီးသား တစ်ရှူးစလေးကို စားပွဲခုံအောက်မှ အမှိုက်ခြင်းသေးသေးထဲ ထည့်လိုက်ရင်း ကျွန်မ နှုတ်ခမ်းများထက်မှာလည်း အပြုံးတစ်ခုကို ဖန်ဆင်းလိုက်သည်။

"အဆင်ပြေခဲ့လား နောင်ရိုး"

"ပြေတာပေါ့ အစ်မရဲ့၊ ဘာမပြေစရာရှိလဲ အစ်မရောသက်သာ





ရဲ့လား"

"မူးနေတုန်းပဲကွ၊ ဒါပေမဲ့ ခုနကလောက်မဟုတ်တော့ပါဘူး ကဲ ပြန်မယ်လေ၊ နွယ်နွယ်တို့ စောင့်နေလောက်ရောပေါ့"

ဒီတစ်ခါတော့ တွဲပေးဖို့ ဟန်ပြင်နေသော နောင်ရိုးလက်များကို အသာအယာရှောင်တိမ်းလိုက်ရင်း ရှေ့မှခပ်သုတ်သုတ်လျှောက်လာခဲ့ လိုက်သည်၊ ဟိုးအရင် လက်မထပ်ခင်တည်းက ဘာမဟုတ်တာလေးတွေ နဲ့တောင် သေလောက်အောင် သဝန်တိုတတ်ခဲ့သော မောင့်အကြောင်းကို ကျွန်မ ကောင်းကောင်းမှတ်မိနေပါသေးသည်။

ကျွန်မ နှစ်သက်သော ပြည်တွင်းပြည်ပက ဘယ် လ ၏ ဓာတ်ပုံကိုမှ ဖုန်းထဲထည့်ခွင့်မပြုခဲ့သည်ထိ မောင် သဝန်တိုတတ်ခဲ့သည်။ ထိုတုန်းကတော့ မောင့်ရဲ့သဝန်တိုမှုတွေဟာ ကျွန်မအတွက် နှစ်သက်စရာ သဘောကျစရာလေးတွေပါ။ သဘောထားသေးသိမ်လိုက်တာလို့တော့ ယောင်ယမ်းမတွေးမိခဲ့။ မောင် ဘာလုပ်လုပ် ချစ်စိတ်တစ်ခုတည်းနှင့် အကောင်းမြင်ပေးနိုင်ခဲ့၏။

ဒါပေမဲ့ အခုချိန်မှာတော့။

■ ■ ■

ဒီနေ့ ကျွန်မ အလုပ်မဆင်းနိုင်ပါ။ စိတ်ကိုတင်းထားပါလျက်နဲ့ လူကမထူနိုင် ဖြစ်နေသည်။

"နင်တစ်ယောက်တည်း ထနိုင်ရဲ့လား၊ အဆင်မပြေရင် ငါ ဒီနေ့ အတန်းချိန်ဖျက်လိုက်မယ်"

ဂရုတစိုက်ပြောပေးလာသော သဲသဲ၏ ဖေးမစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ကျေးဇူးတင်ရသေးသည်။

"ငါ ထနိုင်ပါတယ်ဟ၊ နင့်အတန်းချိန်တွေ မဖျက်ပါနဲ့"

မနေ့က အလုပ်ကပြန်လာတည်းက ကျွန်မ မထူမထနိုင်နှင့် အိပ်ရာထဲ တန်းလှဲနေမိခြင်း ဖြစ်သည်။ ဒီမနက်တော့ အိပ်ရာထဲက ထလာနိုင်သော်လည်း ကိုယ်ပူလျက် တစ်ကိုယ်လုံးကိုက်ခဲနေသည်။

"ရုတ်တရက်ကြီး နင်ကလည်း ဘယ်လိုထဖြစ်တာတုန်း၊ နေပူထဲ လျှောက်သွားတယ်နဲ့တူတယ်"

"နေပူထဲသွားတယ်ဆိုပေမယ့် ကားနဲ့ပါဟာ၊ ဒီရက်ပိုင်း ရာသီဥတုက ပူစပ်ပူလောင်ကြီးလေ၊ အပူထဲထွက်လိုက် အဲကွန်းဖွင့်ထားတဲ့ ရုံးခန်းထဲပြန်ဝင်လိုက်နဲ့ဆိုတော့ အပူရှပ်သွားတာနဲ့တူပါတယ်"

"နင့်ကို စိတ်ပြေလက်ပျောက် အလုပ်လုပ်စေချင်တာနော်၊ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းအောင်တော့ ထပ်မနှိပ်စက်မိစေနဲ့ ကြားလား"

တကယ်တော့ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုများသွားတာပါ။ ကျွန်မက စိတ်ပင်ပန်းလွန်းတဲ့ဒဏ်ကို မခံနိုင်ဘူးလေ။ တစ်ခုခုကိုရင်ဆိုင်ဖို့အတွက် ခက်ခက်ခဲခဲ ဖြတ်သန်းရတော့မည်ဆိုရင် ကျွန်မစိတ်ဓာတ်တွေ အလိုလိုကျလာသည်။ အရာရာကို ကြောက်ရွံ့လာမိသည်။ အဲဒီလိုဖြစ်တာနဲ့ တစ်ပြိုင်နက် ကျွန်မ ဘာကိုမှ မလုပ်ချင်မကိုင်ချင်နှင့် လောကကြီးရဲ့အဝေးတစ်နေရာကို ရှောင်ပြေးချင်စိတ်များသာ တစ်ကိုယ်လုံး ပြည့်နှက်နေတတ်၏။

"ငါမနေ့က မောင့်ကိုတွေ့ခဲ့တယ်"

ကျွန်မနားမှလှည့်ထွက်သွားတော့မည်ဆဲဆဲ သဲသဲ ခြေလှမ်းတွေ





ချက်ချင်းပင် ရပ်တန့်သွား၏။

"နင့်ယောကျ်ားကို ပြောတာလား"

"အေး ဟုတ်တယ်"

"နင့်ကိုသူ စဆက်သွယ်တာလား၊ ဘာတဲ့လဲ နို့"

သဲသဲက အလွန်စိတ်ဝင်စားစွာနှင့်ပင် ထိုင်ခုံမှာတောင် ဝင်ထိုင်လိုက်သေး၏။ ကျွန်မအဖြစ်အပျက်ကို သူ အစအဆုံးနားထောင်ဖို့ ပြင်ဆင်လိုက်ပုံ။

"ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး"

"အဆင်ပြေသလိုပြောဟာ၊ ငါက တော်တော်စိတ်ဝင်စားနေပြီ"

"ငါ့အလုပ်ထဲက နောင်ရိုးဆိုတဲ့ဝန်ထမ်းလေးနဲ့ ငွေသွားသိမ်းတော့ သူနဲ့တွေ့တာ၊ အဲဒီအချိန်တည်းက ခေါင်းမူးနေတာလေ၊ နောင်ရိုးကငါ့ကိုတွဲပြီး အအေးဆိုင်လေးကို လိုက်အပို့ ငါ့ကိုတစ်ယောက်တည်း ထားခဲ့ပြီး သူကတော့ ငွေသွားသိမ်းတာပေါ့၊ အဲဒီအချိန်မှာ သူ ရောက်လာတာ၊ ငါ့ကိုနောင်ရိုးနဲ့စွပ်စွဲလိုက်တာဟာ ရစရာကိုမရှိဘူး"

"ဟွန့် ဘယ်လိုကြီးတုန်း၊ သူက ဘယ်ကဘယ်လိုရောက်လာတာလဲ၊ ပြီးတော့ နင့်ကိုစွပ်စွဲတယ်ဆိုတာလည်း နင့်ကို သဝန်တိုနေတုန်းဆိုတာကို ပြနေတာပဲမဟုတ်လား"

"သူ ဘယ်လိုရောက်နေတယ်ဆိုတာတော့ ငါ မသိဘူး၊ ပြီးတော့ သူက သဝန်တိုတယ်ဆိုတာထက် ငါ့ကိုဆို ဖောက်ပြန်တတ်တဲ့မိန်းမတစ်ယောက်အနေနဲ့ အမြဲတမ်း စွပ်စွဲချင်နေတာ"

"အဲဒါကလည်း တစ်မျိုးကြီးပဲ၊ သူက ဘာလို့ နင့်ကိုဖောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ တစ်ထစ်ချယုံကြည်စွပ်စွဲနေတတ်တာလဲ''

အဲဒီမေးခွန်းကိုတော့ ကျွန်မ ဖြေရခက်သွားပါသည်။ သဲသဲကိုက ဖော်နဲ့ပတ်သက်သည့် အတိတ်များကို ထိန်ချန်ပြီး မောင်နဲ့လက်ထပ်ပြီး နောက် အဖြစ်အပျက်များကိုသာ ပြောပြခဲ့ခြင်းလေ။ ဒီတော့ ဖော့်အပေါ် မှာ ကျွန်မ ဖောက်ပြန်ခဲ့ဖူးတာကို သဲသဲ ဘယ်သိပါ့မလဲ။

''မသိပါဘူးဟာ သူက အဲဒီလိုပဲ လူတကာကို သံသယနဲ့လိုက် ကြည့်နေတတ်တာ''

''ဒါနဲ့ နင်အလုပ်လုပ်နေတာကိုရော သူ သိလား''

''မသိပါဘူး၊ အင်းလေ မနေ့ကသိရင်လည်း သိသွားမှာပေါ့''

ဖော့်အလုပ်ထဲမှာ ဝင်လုပ်နေမှန်းသာ မောင် သိသွားရင် ခု တောင် ရှင်းလို့မရသည့်ပြဿနာတွေက ပိုလို့တောင် မိုးမီးလောင်သွား စေနိုင်မှန်း သဲသဲကို မပြောပြဖြစ်ပါ။ စိတ်ထဲကနေသာ သက်ပြင်းလေး အကြိမ်ကြိမ် ချနေမိသည်။

''ကဲပါ နင်လည်း စိတ်ထဲသိပ်မထားပါနဲ့၊ ဒီတိုင်းပဲ နင်သိရ အောင် ပြောပြတာပါ''

''အေးပါဟ ကဲ ဒါဆိုလည်း ငါသွားဖို့ ပြင်ဆင်လိုက်ဦးမယ်၊ စားချင်တာရှိရင် ဖုန်းဆက်လိုက်လေ၊ အပြန်ကျ ငါဝယ်လာခဲ့မယ်''

''လောလောဆယ်တော့ ဘာမှစားချင်စိတ်ကို မရှိဘူးဟာ၊ အေးပါ တစ်ခုခုစားချင်လာတော့လည်း ဖုန်းဆက်လိုက်ပါ့မယ်၊ သွား လုပ်စရာရှိတာ လုပ်တော့လေ၊ နင်နေခက်ကျနေဦးမယ်''

သဲသဲ စာသင်ဖို့ထွက်သွားတော့ အခန်းလေးထဲမှာ ကျွန်မ





တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။ ကျွန်မတို့ငှားနေသော အဆောင်ပိုင်ရှင်က ဒီအခန်းလေးကို လူလေးယောက်နေနိုင်ဖို့ ပြင်ဆင် ထားခြင်းဖြစ်သည်။ ကျွန်မနှင့်သဲသဲတို့တိုင်ပင်ကာ လေးယောက်စာငွေ ကို တစ်ယောက်တစ်ဝက်ခွဲပေးလျက် နှစ်ယောက်တည်း နေလိုက်ကြတာ ဖြစ်၏။ မြို့လယ်ခေါင်တည့်တည့်မဟုတ်သော်လည်း သွားလို့လာလို့ အဆင်ပြေသော နေရာလေးမှာဆိုတော့ အဆင်ပြေပါသည်။ တိုက်ခန်း လေးကလည်း ကျွန်မတို့နှစ်ယောက်အတွက် လုံလုံလောက်လောက် ကျယ်ဝန်း၏။

ကားလမ်းတွေ ဘာတွေပိတ်သည့်အချိန်ကို နှုတ်လိုက်ရင် မြို့ထဲ က ကျွန်မ အလုပ်ခွင်သို့ နာရီဝက်လောက်နှင့် ရောက်နိုင်ပါသည်။ ဒီနေ့ ကျွန်မမရှိတော့ အားလုံးအဆင်ပြေမှ ပြေပါ့မလား။ အိပ်ရာထဲ နေရင်းနှင့် စိတ်တို့က အလုပ်ထဲ ရောက်မိပြန်သည်။ မနက်က မရတနာ ကို ဖုန်းဆက်ပြီးခွင့်တိုင်တော့ စိုးရိမ်ပူပန်စွာနှင့် မေးနေသေးသည်။ လာကြည့်ဖို့ လိုမလားတဲ့လေ။ ကျွန်မကို ခုလိုမျိုး ဂရုတစိုက်ရှိသည့်လူ တွေနှင့်နီးနီးကပ်ကပ်နေခွင့်ရတာ ဘာပဲဖြစ်ဖြစ် ကျွန်မ ကံကောင်းနေပါ သေးတယ်နော်။

အိပ်ရာထဲလှဲလိုက် ကော်ဖီလေးထသောက်လိုက်နှင့် နေ့တစ်ဝက် တိတိကျိုးချိန်မှာ ကျွန်မထံသို့ ဖုန်းတစ်ကောဝင်လာခဲ့သည်။ ဖော့်ထံမှ ဖြစ်နေလို့ ကျွန်မ နည်းနည်းတော့ စိတ်ရှုပ်သွား၏။

''ဟဲလို''

''နီ နေမကောင်းဘူးဆို''



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်လိုက်တာနှင့် စိုးရိမ်တကြီး ထွက်ကျလာသော ဖော့် အသံ။

"ဖော် ဘယ်လိုသိလဲ"

"မင်းတို့အဖွဲ့ မားကတ်ထဲဆင်းဖို့လုပ်နေတုန်း မင်းကိုမတွေ့လို့ ကားမောင်းတဲ့ကောင်လေးကို မေးလိုက်တာ၊ မနက်က မရေတာနားထိ မင်းခွင့်တိုင်တာ သူ ကြားတယ်လို့ပြောတယ်"

ဩော် နှောင်ရိုးနဲ့တူပါရဲ့။

"မနက်ဖြန်တော့ ပြန်ဆင်းနိုင်မှာပါ"

"အခုရော သက်သာရဲ့လား"

"မဆိုးပါဘူး"

"ဒါဆို ဝရန်တာ ထွက်လာခဲ့ပါလား"

"ရှင်"

"ဟုတ်တယ် ဖော် မင်းတို့တိုက်အောက် ရောက်နေတယ်"

ဒါက ဘယ်လိုဖြစ်ရပြန်ပြီလဲကွယ်။ ကျွန်မကို အဲဒီလောက်ထိ လိုက်ဂရုစိုက်ဖို့ မလိုအပ်ဘူးဆိုတာ ဖော် မသိချင်ယောင်ဆောင်နေတာ လားဟင်။

ဝရန်တာနားဆီ ခပ်သွက်သွက်လျှောက်သွားလိုက်ရင်း မသိမသာလေးအောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ သူ့ကားနားမှာရပ်လျက် အပေါ်သို့မော့ကြည့်နေသော ဖော့်ကို တကယ်ကြီးတွေ့လိုက်ရ၏။ ကျွန်မ မျက်လုံးများပြူးလျက် ရင်ဘတ်ကို လက်လေးနှင့်ဖိလိုက်မိသည်။

"ဖော် ဘာဖြစ်ချင်နေတာလဲ"





ဟုတ်တယ် ဖော် ဘာဖြစ်ချင်နေတာလဲ။

"ဖော် မင်းကိုစိတ်ပူလို့ တွေ့ချင်တယ်၊ အောက်မဆင်းနိုင်ရင်တောင် ဝရန်တာလောက်တော့ ထွက်ပေးပါနော်"

ဖော် လှမ်းမမြင်နိုင်သည့်အကွယ်လေးကနေ ကျွန်မ ကြည့်နေခြင်းမို့ ကျွန်မကိုတော့ ဖော် လုံးဝမတွေ့တာ သေချာပါသည်။

"ကျွန်မ မထနိုင်ဘူး ဖော်"

"ဟင် ဘယ်သူမှ မရှိဘူးလား။ မင်းတစ်ယောက်တည်း အိပ်ရာထဲမှာနေတောင် မထနိုင်တဲ့အခြေအနေမျိုးမှာ ဟာကွာ"

ဖုန်းကျသွား၏။

ချက်ချင်းကြီး ဖော် ဘာဖြစ်လို့ ဖုန်းချလိုက်တာလဲ။ အဖြေကို ကျွန်မ ချက်ချင်းပင် သိသွားပါသည်။ ကျွန်မတို့အိမ်တံခါးကို တဒုန်းဒုန်း ထုသံနှင့်အတူ ဖော့်အသံကျယ်ကျယ်ကို ကြားလိုက်ရလို့ပေါ့။

"နီ ခုချက်ချင်း တံခါးဖွင့်ပေးပါ"

ကျွန်မ ငြိမ်သက်နေမိတော့ ဖုန်းလေးက မြည်လာပြန်၏။ ကျွန်မ မတတ်သာစွာနှင့်ပင် ကိုင်လိုက်ရပြန်သည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဖော်၊ အခု ကျွန်မကို ဘာဖြစ်စေချင်နေတာလဲ"

"လုံးဝ မထနိုင်တာလား နီ၊ ကြိုးစားပြီး ဖြည်းဖြည်းချင်း ထကြည့်ပါလား၊ ဖော် အခန်းအပြင်မှာ စောင့်နေမယ်၊ ဆေးခန်းသွားမှ ဖြစ်မှာပေါ့ နီ၊ ဒီတိုင်းပဲ အိမ်ထဲအောင်းနေလို့ မရဘူးလေ"

"ဖော့် ပြန်ပါတော့နော် ကျွန်မကို အဲဒီလိုမျိုး ဝန်ထုပ်ဝန်ပိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် မလုပ်ပါနဲ့''

''မရဘူး နီ၊ ဒါက ကျွန်းမာရေးနဲ့ပတ်သက်နေတာ၊ မင်းကြိုး စားပြီး ထကြည့်ပါ၊ မင်းတံခါးမဖွင့်မချင်း ဖော် ဒီမှာပဲရပ်စောင့်နေမယ်''

စိတ်ညစ်ညူးစွာနှင့်ပင် ကျွန်မ ဖုန်းပစ်လိုက်သည်။ ဝရုန်တာ မထွက်ချင်လို့ အကြောင်းပြချက်ပေးလိုက်ကာမှ အခြေအနေက ပိုဆိုး သွား၏။ တော်ပါပြီ ဖြစ်ချင်ရာဖြစ် ပျော်အောင်သာ ပြန်အိပ်တော့မည်။

အိပ်ရာထက် ပြန်လှဲလိုက်ရင်း မျက်လုံးများကို စုံမှိတ်ထားလိုက် သည်။ ဖုန်းကိုလည်း စက်ပိတ်ထားလိုက်၏။ တဖြည်းဖြည်းနဲ့ အိပ်ပျော် သွားမှာပါ။

''နီ နီ ဘာဖြစ်လို့လဲ၊ နီ ထပါဦး''

အနီးကပ်ခေါ်သံ။ ပခုံးကိုပါ လှုပ်နှိုးခြင်းခံလိုက်ရတာမို့ ကျွန်မ မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည်။ သဲသဲပါလား။

''ဟင် သဲသဲ ပြန်လာပြီလား''

''ခုပဲ ပြန်ရောက်တာ၊ စိတ်ပူလိုက်ရတာ နီရယ်''

''ဘာဖြစ်လို့လဲဟ၊ ငါ ဒီတိုင်းအိပ်ပျော်နေတာပါ''

''ဖြော် နင်ကတော့ ဒီတိုင်းအိပ်ပျော်နေတယ် ပြောပေမယ့် ဖုန်းကြီးလည်းပိတ်ထားသေး၊ ပြီးတော့ အပြင်မှာ နင့်အလုပ်ကဆိုပြီး လူတစ်ယောက်ကလည်း စိုးရိမ်တကြီးနဲ့ ရပ်စောင့်နေတော့ ငါ ဘယ် လောက်ရင်တုန်သွားတယ်မှတ်လဲ''

''ဘာ သူ သူရှိသေးတယ် ဟုတ်လား''

ခုတင်ထက်မှာ ငုတ်တုတ်ထထိုင်လိုက်ပြီး ကျွန်မ အလန့်တ





ကြားမေးမိသည်။

''ဟုတ်တယ် အခု ဧည့်ခန်းထဲကို ငါ ခေါ်ထားတယ်''

''ဟာ ခက်တော့တာပဲ သဲသဲရယ်''

ပြောပြောဆိုဆိုနှင့် ကျွန်မမှာ ဧည့်ခန်းဘက် ထွက်လာခဲ့ရတော့ သည်။ ဧည့်ခန်းကုလားထိုင်ထက်မှာထိုင်ရင်း အတွင်းခန်းထဲကို လည် ဆန့်ဆန့်လှမ်းကြည့်နေသော ဖော့်ကိုတွေ့လိုက်ရတော့ ကျွန်မ သက်ပြင်းကြီးချလိုက်မိသည်။

''ခုချိန်ထိ ဖော် ဘာလုပ်နေတာလဲ''

''ဟာ တော်သေးတာပေါ့ နီရယ်၊ ဖော် နီတစ်ခုခုဖြစ်နေပြီလို့ ထင်ပြီး စိတ်တွေပူနေတာ၊ သော့တောင်မှ ဖျက်ပြီးဝင်မိတော့မလို့၊ နီ့ သူငယ်ချင်းရောက်လာလို့သာပေါ့''

''ဖော် ဒီလိုတွေလုပ်နေရင် ကျွန်မ မနေတတ်တော့ဘူး။ တကယ် ပြောနေတာ ဖော်၊ ကျွန်မကို ဒီလိုမျိုး ဂရုစိုက်မနေပါနဲ့တော့၊ တောင်းပန် ပါတယ်နော်''

''မင်းတစ်ယောက်တည်း နေမကောင်းဖြစ်နေတာကို ဖော်က ဘယ်လိုစိတ်နဲ့ ပစ်ထားရမှာလဲ နီ''

''ပစ်မထားနိုင်ဘူးဆိုတည်းက ဖော် မှားနေတာပဲ၊ တကယ်ဆို ကျွန်မလိုမိန်းမတစ်ယောက်ကို ဖော် စွန့်ပစ်လိုက်ရမှာ၊ အပြီးအပိုင် ညှိမကြည့်တဲ့ ထားလိုက်ရမှာ၊ အလုပ်လည်း မပေးသင့်ဘူး။ ဖြစ်ချင်တာ ဖြစ်ဆိုပြီး ထားခဲ့ရမှာ''

ကျွန်မ စိတ်ရှိလက်ရှိ အော်ဟစ်ပစ်လိုက်သည်။ ထင်မှတ်မထား



www.burmeseclassic.com

www.burmeseclassic.com



ပုံနှင့် ဇော် ကြောင်အမ်းစွာ ငေးစိုက်ကြည့်နေခဲ့သည်။

"ဇော့်အပေါ်မှာ ကျွန်မက ဘာများကောင်းခဲ့လို့လဲ၊ ဇော့်ကို သစ္စာဖောက်ခဲ့တဲ့မိန်းမလေ၊ ဇော့်မျက်နှာကို နည်းနည်းလေးမှတောင် မထောက်ဘဲ ဖောက်ပြန်ခဲ့တဲ့မိန်းမလေ၊ အဲဒီလိုမိန်းမကို ခုချိန်ထိ လိုက်ဂရုစိုက်ပေးနေတာ ဇော် မှားနေတာပေါ့။ ဇော်မသိဘူးလား၊ ဇော် အဲဒီလောက်တောင်မှပဲ မှတ်ဉာဏ်နည်းရလားဟင်"

အလိုမကျနိုင်စွာနှင့် ဒေါသတကြီး ကျွန်မ ပြောဆိုမိလျှင်တော့ ဇော် ထိုင်ရာကနေ ရုတ်ခနဲ ထရပ်လိုက်ပြီး

"ဟုတ်တယ် ငယ်ငယ်တည်းက ငါမဖြစ်ချင်တဲ့အဖြစ်အပျက်တွေ ဖြစ်လာခဲ့ရင် ငါမေ့ပစ်ဖို့ ကြိုးစားတော့တာပဲ၊ လွယ်လွယ်လေးပါ။ အဲဒီလို အဖြစ်တွေ ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးလို့ သဘောထားလိုက်တယ်၊ ဘယ်တော့မှလည်း ပြန်မတွေးဘူး၊ ပြောလည်းမပြောဘူး၊ လုံးဝကို မရှိခဲ့တဲ့ အဖြစ်အပျက်တွေလိုပဲ နေခဲ့တာ၊ မင်းအသိခဲ့ဆုံးပါပဲ၊ အခု မင်းနဲ့ပတ်သက်ပြီးတော့ ဒီလိုပဲ နှီ၊ ငါ အားလုံးကို မေ့ထားခဲ့တယ်၊ ဘယ်တုန်းကမှ မင်းဟာ ငါ့ကိုသစ္စာမဖောက်ခဲ့ဖူးတဲ့ပုံစံမျိုးလေ"

ဇော် မေ့ပျောက်ထားချင်တဲ့အရာတွေအတွက် ထိုနည်းကိုသာ ကျင့်သုံးမြဲဖြစ်မှန်း ကျွန်မ ဟိုးအရင်တည်းက သိနေခဲ့ပြီးသားပါ။ ဒါပေမဲ့ အရင်တုန်းက ဇော် မေ့ဖျောက်ပစ်ထားချင်ခဲ့သည့်အကြောင်းအရာများသည် မေ့ဖျောက်ပစ်ထားလိုက်မှသာ ဇော့်စိတ်အေးချမ်းသာယာမှာမို့ မေ့ဖျောက်ပစ်ထားဖို့ တကယ်လိုအပ်တာမို့ မေ့ဖျောက်ပစ်ထားခဲ့တာလေ။

အခု ကျွန်မနဲ့ပတ်သက်သည့်ကိစ္စကတော့ ဇော် ဘယ်တော့မှ





မေ့ဖို့မကြိုးစားသင့်သော အတိတ်သာဖြစ်သည်။ ကျွန်မရဲ့ဆိုးရွားသော ဖောက်ပြန်မှုကို ဇော် တစ်သက်လုံး မှတ်မိနေပြီး ကျွန်မကိုကျင်နေအောင် နာရမှာ။

"မဟုတ်ဘူး ဇော်၊ အခုကိစ္စက ဇော် ဘယ်တော့မှ မမေ့သင့်တဲ့ ဇော် နာကြည်းသင့်တဲ့လုပ်ရပ်မျိုးကို ကျွန်မ လုပ်ခဲ့တာလေ၊ ဇော် မေ့ပစ်လို့ မရဘူး"

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး၊ ငါ့မေ့ခြင်း မမေ့ခြင်း ဘာလုပ်သင့်တယ် ဘာမလုပ်သင့်ဘူးဆိုတာ ငါဘာသာပဲ ဆုံးဖြတ်မှာ"

ကျွန်မရှေ့ကနေ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသော ဇော့်ကို ကျွန်မ စိတ်ပျက်လက်ပျက်ငေးကြည့်နေမိသည်။

"နေမကောင်းသေးရင် အလုပ်မဆင်းနဲ့ဦး၊ အေးအေးဆေးဆေး အနားယူပါ"

တံခါးဝနားအရောက်မှာ နောက်လှည့်မကြည့်ဘဲ ပြောသွားသော စကား။

ကုလားထိုင်ပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရင်း ကျွန်မ ငြိမ်သက်နေမိသည်။ ခဏအကြာမှာ ကျွန်မနားသို့ သဲသဲ ရောက်လာခဲ့သည်။ သူမလည်း ကျွန်မနည်းတူ အချိန်အတော်ကြာကြာ ငြိမ်သက်စွာထိုင်နေပြီးမှ

"နင်တို့ပြောနေခဲ့တာတွေကို ငါနားမလည်ဘူး နှီ"

သဲသဲကိုရှင်းပြဖို့အတွက် ကျွန်မစိတ်တို့အဆင်သင့်ဖြစ်နေပါရဲ့လား။ ကိုယ့်ဘာသာမေးခွန်းပြန်ထုတ်ရသေးသည်။ အင်းလေ ကျွန်ရောက်

www.burmeseclassic.com



မှ ထပ်ပြီးဖုံးကွယ်နေဖို့လည်း မသင့်တော်တော့ဘူးပေါ့။

"နှင့်ကိုငါ မပြောပြထားခဲ့တဲ့ အတိတ်က အကြောင်းလေးတွေ ပါ"

"ဒီ ဇော်ဆိုတဲ့လူက နှင်နဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ"

ဒီကိစ္စတွေကို ကျွန်မ နှုတ်ကနေ ထုတ်ဖော်ပြောပြဖို့ကို တော်တော်လေး အရှိန်ယူလိုက်ရသည်။ ဇော်က မမေ့ပစ်နိုင်ပေမယ့် ကျွန်မကတော့ မေ့ဖျောက်ပစ်ထားခဲ့တာ ကြာပြီမဟုတ်လား။

"ဇော်က ငါ့ရဲ့ရည်းစားဦးပါ"

ပါးစပ်က ဘာမှမပြောပေမယ့် သဲသဲ တော်တော်လေး အံ့ဩသွားပုံပါ။ မျက်ခုံးလေးပင့်လျက် မျက်လုံးပြူးသွားသည်။

"မောင်နဲ့ကတော့ သူငယ်ချင်းတွေပေါ့၊ ဒါပေမဲ့ နောက်ပိုင်းမှာ ဇော့်ကိုသစ္စာဖောက်ပြီး မောင်နဲ့ချစ်ခဲ့မိတယ်၊ မောင့်မှာ ကောင်မလေး တစ်ယောက်ရှိတာသိပေမယ့် သူပြောခဲ့တဲ့ လှည့်ကွက်တွေကို ငါ အကြိမ်ကြိမ်ယုံစားခဲ့မိတာကိုး၊ ဟိုတစ်ယောက်ကို ဖြတ်လိုက်ပါပြီ ငါ့တစ်ယောက်တည်းကိုပဲ ချစ်တာပါဆိုတဲ့ သူ့ရဲ့စကားလုံးလေးတွေထဲမှာ ငါ သာယာမိခဲ့တယ်၊ တကယ်တော့ တစ်ဖက်မှာ ဇော့်ကိုသစ္စာဖောက်မိတဲ့အတွက် ငါ ပြန်ခံစားရတာပါပဲ၊ နောက်ဆုံးတော့ ငါမိုက်မိုက်ကန်းကန်းနဲ့ မောင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီး နှစ်ယောက်သားထွက်ပြေးခဲ့ကြတယ်၊ လက်ထပ်ပြီးနောက်ပိုင်း ကိစ္စတော်တော်များများကတော့ နှင်သိပြီးသားပါ"

ကြိုးစားပြီး ပြောလိုက်ရသော ထိုစကားတွေနောက်မှာ ကျွန်မ အာခေါင်တွေခြောက်သွေ့လာသည်။ တစ်နေ့လုံး ဘာမှမစားရသေးတာ





သွားသတိရ၏။ မနက်အစောပိုင်းက သောက်ထားသော ကိုယ်ပူကျဆေးလေးနဲ့ ဒီတိုင်းတင်းခံထားခဲ့တာလေ။

"ဆိုလိုချင်တာက နှင်က ဒီလူ့အပေါ်ကို သစ္စာဖောက်ပြီး အခု နှင့်ယောကျ်ားနဲ့လက်ထပ်ခဲ့တာလို့ ပြောချင်တာလား"

"အေး ဟုတ်တယ် အဲဒီအတိုင်းပဲ၊ ပြီးတော့ ငါအခုအလုပ်ဝင်နေတဲ့နေရာမှာ ဇော်က သူဌေးပဲ၊ သူ့ကျေးဇူးနဲ့ ငါဒီအလုပ်ရတာ"

အားလုံးကိုပြောပြလိုက်ရတော့ ကျွန်မရင်ထဲ ပေါ့ပါးသွားသည်။

"ဟူး နှင့်အဖြစ်ကလည်း နားလည်ဖို့တောင် တော်တော်ခက်ခဲနေတယ်၊ ဒါပေမဲ့ နှင့်ထက်စာရင် ဇော်ဆိုတဲ့လူက ပိုပြီးနားလည်ရခက်တယ်နော်၊ တကယ်ဆို နှင့်ကို ခုလိုမျိုး လိုက်ကူညီပေးနေတာတွေက အစ"

သဲသဲက စကားကိုရှေ့မဆက်။ တစ်ခုခုဆက်ပြောဖို့ကို အားတုံ့အားနာဖြစ်နေဟန်။

"သူ့အပေါ်မှာ သစ္စာမဲ့ခဲ့တဲ့ ငါလိုမိန်းမတစ်ယောက်ကို ခုချိန်ထိ ဂရုတစိုက်နေပေးနေတာကို နှင်နားမလည်နိုင်တာမဟုတ်လား"

"အဟင်း ဆိုပါတော့"

"ဒါကတော့ ငါလည်း နားမလည်နိုင်တာ၊ နှင့်အမြင်ပဲလေ၊ သူနဲ့ငါ တွဲခဲ့ကြတုန်းကတော့ တစ်ယောက်အပေါ်တစ်ယောက် တော်တော်လေး ဂရုတစိုက်နဲ့ချစ်ခဲ့ကြဖူးပါတယ်၊ ဒါပေမဲ့ ခုချိန်ထိ သူ ခုလိုမျိုးဖြစ်နေတာကို ငါလည်း မျက်နှာပူနေမိတယ်၊ အလုပ်ထဲမှာလည်း တစ်ယောက်ယောက်က ငါတို့နှစ်ယောက်ရဲ့အတိတ်က ဆက်ဆံရေးကိုသိသွားမှာ အချိန်တိုင်း စိုးရိမ်နေရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ငါ ဒါတော့ သဘောပေါက်ပါတယ်"

သဲသဲက ခေါင်းတညိတ်ညိတ်လုပ်ရင်း တစ်ခုခုကိုတွေးတော စဉ်းစားနေပုံ။

"ငါက အဲဒီလို မိန်းမမျိုးဆိုတာသိလိုက်ရတော့ နင်လည်း ငါ့ကို စိတ်ပျက်မိမှာပဲနော်"

ကျွန်မ မေးခွန်းကြောင့် သဲသဲက ကြောင်တောင်တောင် ဖြစ်သွားသလို။ နောက်တော့မှ ပေါ့ပါးစွာပြုံးလိုက်ရင်း

"စိတ်မပျက်ပါဘူး နင့်ဆီမှာလည်း နင့်ဘာသာ နိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုခု ဒါမှမဟုတ် ခံစားချက်တစ်ခုခုရှိလို့ ဖြစ်မှာပေါ့ ငါ တွေးနေတာက ဖော့ဆီမှာသာ နင်အလုပ်ဝင်နေမှန်း နင့်မောင်သိသွားရင် ဘယ်လိုတွေဆက်ဖြစ်မယ်ဆိုတာကိုပါ"

သဲသဲ သတိတရ တွေးပေးမှပင် အဲဒီပုပန်မှုက ကျွန်မအတွေးထဲ ရောက်လာ၏။ မောင်သာ သိသွားလို့ကတော့ ဟူး ကျွန်မ ဆက်လက် တွေးဖို့ရန်တောင် ကြောက်ရွံ့နေမိသည်။ ဒါပေမဲ့လေ ကာမပိုင်ခင်ပွန်း တစ်ယောက်လုံးက စွန့်ပစ်ခံထားရသည့်နောက်မှာ ရေနစ်နေသူတစ် ယောက်လို မြက်ပင်တစ်ပင်လည်း ကိုယ့်အကျိုးအမြတ်အတွက် ဆွဲသင့် ရင် ဆွဲထားရမှာပဲမဟုတ်လား။

ခုလိုမျိုး ကျွန်မဘဝ ရေနစ်နေချိန်မှာ ဖော်ဟာ ကျွန်မအတွက် မြက်ပင်လေးတစ်ပင်ပါပဲ။ အသက်ဆက်လက်ရှင်သန်နိုင်ဖို့ ထိုမြက်ပင် လေးကိုလည်း အားကိုးသင့်ရင် အားကိုးရမှာပဲလေ။

■ ■ ■



## အခန်း (၅)

စိတ်ညစ်ညူးစရာကောင်းစွာပင် ကျွန်မ တစ်ညလုံး အဖျား တက်နေခဲ့သည်။ တစ်ယောက်တစ်ခန်းစီ ခွဲအိပ်ကြတာမို့ သဲသဲကလည်း သိနိုင်ပါ။ တစ်ကိုယ်လုံး ပူခြစ်လျက် အတွင်းထဲက လှိုက်ပြီး ချမ်းနေ ခြင်းမျိုး။ ခြေတွေလက်တွေ လေးလံကိုက်ခဲမှုက မနေ့ကထက် ပိုဆိုးလာ သည်။

အာခေါင်တွေ ခြောက်သွေ့လာလျက် တံတွေးမြိုချရင်တောင် သည်းချောင်းက နာကျင်ချင်၏။ အိပ်ရာဘေးမှာ ရေဘူးလေးအဆင်သင့် ထားတတ်သော အကျင့်ကြောင့် ရေကိုတော့ အလွယ်တကူ ယူသောက် နိုင်သေး။ ပြောပြီး တော်သေးသည်။

နာရီကိုလှမ်းကြည့်လိုက်တော့ လေးနာရီထိုးတော့မည်။ ကျွန်မ တစ်ရေးမှ ကောင်းကောင်းမအိပ်နိုင်သေး။ အိပ်မက်တွေကလည်း ယောင်ဝါး လျှောက်မက်လိုက်သေးသည်။ တကယ့်အပြင်မှာ ဖြစ်နေသလိုလို



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လိုလို၊ တကယ်ပဲ အိပ်ပျော်သွားခဲ့သလိုလို နိုးတစ်ဝက် အိပ်တစ်ဝက်ဖြစ်နေသလိုလို ဘာတွေမှန်း ရေရေရာရာ မသိပါဘဲ ကျွန်မတစ်ယောက်တည်း အိပ်ရာထက်မှာ အချိန်တွေကုန်ဆုံးနေခဲ့သည်။

အိပ်မက်ထဲမှာ မောင်က ကျွန်မဆီ ရောက်လာသည်။ ကျွန်မဘေးမှာ ပြုံးပြုံးကြီး ရပ်နေသေး၏။ ထိုယောက်ျားနှစ်ယောက်ကြားမှာ ကျွန်မက ခြေမကိုင်မိလက်မကိုင်မိနှင့် ဗျာများနေရသည့်တဲ့။ အိပ်မက်ကိုက တော်တော်လေး အဆင်မပြေသော စိတ်ပင်ပန်းရသော အိပ်မက်မျိုးပါပဲ။ အိပ်မက်ဆိုးဆိုတာ ဒီလိုအိပ်မက်မျိုးတွေကိုခေါ်သော နာမည်ဖြစ်မှာပါ။

အတင်းကြိုးစားထပြီး ဆေးသောက်ရန် စဉ်းစားမိသေးသော်လည်း ခုလိုမျိုး စောင်ခြုံလေးထဲမှာ ကွေးနေရာကနေ ဘယ်လိုမှ ထမသွားချင်စိတ်က အနိုင်ယူသွားသည်။ အင်းလေ မကြာခင် မိုးလင်းတော့မှာပါ။ မိုးလင်းတော့မှ သဲသဲ ဈေးသွားသည့်အချိန် စားစရာတစ်ခုခု မှာလိုက်မည်။ စားပြီးသောက်ပြီးတော့မှ ဆေးတစ်ခွက်သောက်တာ ပိုကောင်းပါတယ်လေ။

ဒီလို အိပ်ရာထဲ လဲနေပုံမျိုးနဲ့တော့ မနက်လည်း အလုပ်ဆင်းနိုင်ဦးမည်မထင်။ မရတနာတော့ ကျွန်မကို စိတ်ပူပန်နေမှာ ကျိန်းသေပါသည်။ မောင်ရော ဒီအချိန်တော့ အိမ်ပြန်ရောက်လောက်ပါပြီလေ၊ သူ့လုပ်ဖော်ကိုင်ဖက်တွေနှင့် ညနက်သန်းခေါင် ဟိုဟိုဒီဒီ လျှောက်မသွားဖြစ်ဘူးဆိုရင်ပေါ့။

မောင် ဘာလို့များ ကျွန်မကို နည်းနည်းလောက်တောင် သတိ





မရတာပါလိမ့်ကွယ်။

အတွေးတွေက ဟိုရောက်လိုက် ဒီရောက်လိုက်၊ အိပ်ပျော်သွားတော့မလိုလိုနှင့် ချမ်းစိမ့်တုန်ယင်ပြီး ပြန်ပြန်နိုးလာတာသာ အဖတ်တင်သည်။ ဒီတစ်ညတော့ ဒီလိုနဲ့ပဲ မြန်မြန်ကုန်ဆုံးပါစေတော့။

ကျွန်မအခန်းတံခါးကို သဲသဲ လာခေါက်လိုက်ချိန်မှာ မနက်ခြောက်နာရီခွဲဖို့ ငါးမိနစ်ခန့် လိုပါသေးသည်။

"နီ ဘယ်လိုလဲ၊ သက်သာလား"

အိပ်ရာထက် တင်ပါးလွှဲဝင်ထိုင်ရင်း ကျွန်မနဖူးလေးကိုလည်း လက်နှင့်ဖွဖွစမ်းကာ မေးသည်။ သို့သော် အဖြေကိုတော့ ကျွန်မကိုယ်တိုင်ဖြေဖို့မလိုအပ်ခဲ့။ ခြစ်ခြစ်တောက်ပူနေသော ကျွန်မနဖူးဆီမှ သဲသဲ သိခွင့်ရသွားသည်။

"ဟယ် နီး နင့်ကိုယ်တွေပူနေလိုက်တာ ကြည့်စမ်း၊ တစ်ညလုံးအဖျားတက်နေခဲ့တာလား"

"အေးဟာ မနေ့ကလည်း ငါဘာမှမစားလိုက်ဘူး၊ ဆေးကလည်း မနက်ဘက်သောက်ထားတာပဲရှိတာလေ၊ ဟိုတစ်ယောက်ရောက်လာတော့ စိတ်ကဒေါ်ပိသွားတာနဲ့ပဲ ညက ကောင်းကောင်းတောင် အိပ်မပျော်ပါဘူး"

"ဒါများဟာ မထနိုင်ရင် ငါ့ကိုဖုန်းလှမ်းဆက်လိုက်ရောပေါ့"

"နင်လည်း တစ်နေ့လုံး စာသင်ပြီး ပြန်လာတာ ပင်ပန်းမှန်းသိနားလည်ပါတယ်ဟာ၊ မနိုးချင်တော့တာနဲ့ပဲ မနက်မှ နင်ဈေးသွားရင် စားစရာတစ်ခုခု မှာလိုက်ပြီးမှ ဆေးသောက်ဖို့ စဉ်းစားထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်း ဆေးတွေသောက်နေတာထက် နင်ဆေးခန်းသွားပြကြည့်ပါလား၊ မိုးတွင်းဆိုပေမယ့် နေကလည်း မတရားပူ မိုးကလည်း ရွာချင်သလို ထရွာနေတာဆိုတော့ လူတွေ ကျန်းမာရေးတော်တော်ထိခိုက်ကြတယ်၊ မပေါ့နဲ့ဟာ ငါ ဒီနေ့စာသင်ချိန်က နေ့လယ်တစ်နာရီမှ သွားရမှာ၊ မနက်ပိုင်း နင့်ကိုဆေးခန်းလိုက်ပြပေးမယ်လေ"

"ဒီလောက်လည်း မဟုတ်ပါဘူးဟ၊ ဒီလိုပဲ နေမကောင်းလိုက် ဒီကိုလ်ဂျင်လေး ဘိုင်အိုဂျက်ဆစ်လေးသောက်လိုက်နဲ့ အချိန်တန်တော့ ကောင်းသွားမှာပေါ့"

"နင်ကလည်း ဒီလောက် မထနိုင်တာတောင် ပေါ့ပျက်ပျက်နဲ့"

သဲသဲက မျက်စောင်းထိုးကာ အလိုမကျစွာ ဆိုသည်။

"ကဲပါ နင် ဈေးသွားမလို့ မဟုတ်လား၊ ငါ့ကို ပေါင်မုန့်အလွှတ်တစ်ထုပ်ဝယ်ခဲ့ပေးဟာ၊ အိမ်မှာကော်ဖီဖျော်ပြီး စားလိုက်မယ်၊ ဆေးလည်း တစ်ကဒ်လောက် ဝယ်လာပေးနော်"

"ဟုတ်ပါပြီ ဝယ်လာပါ့မယ်နော်၊ မထနိုင်ရင်လည်း အိပ်ရာထဲမှာပဲ နွေးနွေးထွေးထွေးနေ၊ အပြင်မှာ မိုးအုံ့ပြီး လေစိမ်းတွေလည်း တိုက်နေတယ်၊ ဒီနေ့တော့ မိုးရွာမယ်ထင်တာပဲ"

"ဒါဆို နင် ထီးယူသွားဦးနော်"

ကျွန်မ သတိပေးစကားအဆုံးမှာ သဲသဲက လက်မှာကိုင်ထားသော ဆွဲခြင်းလေးထဲမှ ခေါက်ထီးလေးထုတ်ကာ ဇော့ရမ်းပြသည်။

"ကဲ ငါသွားပြီ နင် နေမကောင်းဘူးဆိုတော့ ဒီနေ့ ကြက်သားပြုတ်ကြော်လေးပဲ လုပ်လိုက်တာ ကောင်းပါတယ်"





သူ့ဘာသာ တစ်ယောက်တည်းပြောနေသလို ရေရွတ်ရင်း သဲသဲ ထွက်သွား၏။ ခင်မင်တာ သိပ်မကြာသေးဘူးဆိုပေမယ့် အားကိုးရသော သူငယ်ချင်းတစ်ယောက်မို့ ကျွန်မ သံယောဇဉ် ဖြစ်မိပါသည်။ အခဆောင်မှာ အတူတူ စနေတုန်းကတော့ ကျွန်မအဖြစ်တွေကို ကိုယ်ချင်းစာမပေးနိုင်လောက်ပါဘူးလို့ ထင်ထားခဲ့တာ၊ ခုတော့လည်း အားကိုးရသော အခန်းဖော်သူငယ်ချင်း ဖြစ်နေ၏။ အနားမှာ ဘယ်သူမှမရှိသည့် ခုလိုချိန်မျိုးမှာ သူငယ်ချင်းကောင်းတစ်ယောက်ဆိုတာလည်း သိပ်ကိုလိုအပ်တာ အမှန်အကန်ပဲပေါ့။

"ညီမလေး အဖျားမကျရင်လည်း အိမ်မှာပဲ ပေကပ်မနေနဲ့လေ၊ ဆေးခန်းလေးဘာလေး သွားပြဦး၊ မဖြစ်သေးပါဘူး ညနေရုံးဆင်းရင် အိမ်ဝင်ခဲ့မယ် ဟုတ်ပြီလား"

"သက်သက်တော့ ဒုက္ခမခံပါနဲ့ မမရယ်၊ အဲဒီလောက်လည်း မဟုတ်ပါဘူး"

"ဟုတ်ပါပြီ ဘာမှစကားရှည်မနေနဲ့တော့၊ မမ လာခဲ့မယ် ဟုတ်ပြီလား"

မရတနာက လေသံပြတ်ပြတ်နှင့် ပြောပြီး ဖုန်းအရင်ချသွားသည်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း အလုပ်ပျက်သည့်အတွက် အပြစ်တင်စကားမဆိုကြဘဲ ခုလိုမျိုး ကျွန်မကိုဂရုတစိုက်နှင့်ဆက်ဆံလေတော့ ကျွန်မအတွက် စိတ်သက်သာရာရပါသည်။

မုန့်စားဆေးသောက်ပြီး တစ်ရေးတစ်မော အိပ်လိုက်သော့ ကိုယ်တစ်ကိုယ်လုံး ချွေးထွက်လာလျက် လန်းလန်းဆန်းဆန်းဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နီးနီးချင်း နေ့လယ်စာစားဖို့ သဲသဲ ပြင်ပေးတော့ ကြက်သားကြော်ကို ထမင်းဆီဆမ်းလေးနှင့် ခံတွင်းပျက်နေသောကြောင့် ကျွန်မအတွက် စားရသောက်ရတာ စိတ်ပျက်စရာ ကောင်းလွန်းနေသည်။

ဟိုးအရင်တုန်းက ကျွန်မ နေမကောင်းဖြစ်တိုင်း တောင့်တနေကျ ရေခဲမုန့်စားချင်စိတ်ကသာ ရင်ထဲမှာ ပြည့်နှက်နေ၏။ အဲဒီအချိန်တွေတုန်းကဆို ဖော်က အလိုက်တသိနှင့် ဝယ်လာပေးနေကျ။

ထမင်းပန်းကန်ကြီးရှေ့မှာချပြီး ကျွန်မအတွေးတွေက အတိတ်သို့ ခဏတာ လွင့်ပျံသွားသည်။

"ဟိတ် ငုတ်တုတ်ကြီး မျက်လုံးဖွင့် အိပ်ပျော်နေတာလားနဲ့"

သဲသဲက ပခုံးကိုလှုပ်ကိုင်လိုက်မှပင် ကျွန်မ သတိပြန်ဝင်လာရင်း ရှက်ရှက်နှင့် ရယ်လိုက်မိသည်။

"နေမကောင်းဖြစ်တိုင်း ရေခဲမုန့်စားချင်တတ်တာကို ပြန်တွေးနေမိလို့ပါ"

"ဘာလဲ အရင်က နေမကောင်းဖြစ်ရင် ဖော်လား မောင်လားတစ်ယောက်ယောက်ကတော့ ရေခဲမုန့်လိုက်ကျွေးနေကျပဲ ဖြစ်ရမယ်ဟုတ်တယ်ဟုတ်"

"ဖော်ပါ၊ ငါ့ကို ဒီလိုဂရုစိုက်တတ်တာ ဖော် တစ်ယောက်ပဲရှိခဲ့တာလေ"

"ငါအပြစ်တင်တာတော့မဟုတ်ပါဘူးဟာ၊ ဒါပေမဲ့ နင်ဘာဖြစ်လို့များ ဖော့်ကိုစွန့်ပစ်ပြီး နင့်အပေါ်မှာမကောင်းနိုင်တဲ့ယောကျ်ားတစ်ယောက်ကို ရွေးချယ်ခဲ့တာလဲ"

"ငါ့အဖြစ်ကိုသိတဲ့သူတိုင်းကတော့ နင့်လိုမေးခွန်းမျိုးပဲ မေးမှာလေ၊ လူမှန်ရင် ငါ့လိုလုပ်ရပ်မျိုး တော်ရုံလုပ်မှာမဟုတ်ပါဘူး၊ ငါကိုက သိပ်မှားခဲ့တာပါ၊ ငါ အကြိမ်ကြိမ်ဝန်ခံပါတယ်၊ ငါမှားခဲ့တယ်ဆိုတာကို"

စကားပြောနေရင်းတန်းလန်းနှင့် ကျွန်မ မျက်ဝန်းမှာ မျက်ရည်တို့စုဖွဲ့အိုင်ထွန်းလာပြီး ပါးပြင်တစ်လျှောက် စီးဆင်းကျလာသည်။ ပူလိုက်တာ၊ အဲဒီမျက်ရည်တွေက ကျွန်မရင်ကို ပူလောင်စေသည်၊ မငိုချင်တော့ပေမယ့် ကျွန်မအပြစ်တွေကို ဒီမျက်ရည်တွေနဲ့ပဲ သက်သေပြစရာရှိသည်။

ငိုခြင်းဟာ ကျွန်မအတွက် နာကျင်မှုတွေကို ဖောက်ထုတ်ဖို့ အခွင့်အရေးတစ်ခုလည်း ဖြစ်၏။ ငိုကြွေးပြီးပြီးချင်း ခဏတာတော့ ကျွန်မရင်ထဲ ပေါ့ပါးသွားစေပါသည်။

"ငိုမနေပါနဲ့တော့ဟာ၊ ငါ မှားသွားတာပါ၊ အစပျိုးမိသလိုဖြစ်သွားတယ်"

"နင် မမှားပါဘူး သဲသဲရယ်၊ နင်အစမပျိုးလည်း ငါ့စိတ်ထဲမှာက အချိန်တိုင်းလိုလို အဲဒီအရိပ်မည်းကြီးက ကပ်ပါနေတာပါ"

"တော်ပါပြီဟာ မငိုနဲ့တော့၊ ကြားလား၊ နေမကောင်းဖြစ်နေတာကို ထပ်ငိုနေရင် ပိုဆိုးသွားမှာပေါ့ နီရဲ့"

"အေးပါ မငိုတော့ဘူး ဟုတ်ပြီလား"

"ဒီလိုမှပေါ့ ကဲ ပြော ဘယ်က ရေခဲမုန့်စားချင်လဲ ငါ သွားဝယ်ပေးမယ်"







www.burmeseclassic.com

www.burmeseclassic.com



"နင်စာသင်စရာရှိတာသာ စိတ်ဖြောင့်ဖြောင့်နဲ့သွားသင်ပါ။ ရေခဲမုန့်အာသီသက ခဏနေရင် သူ့အလိုလိုပျောက်သွားလိမ့်မယ်"

ထမင်းတစ်ပန်းကန်တောင် ကုန်အောင်မစားနိုင်ဘဲ ကျွန်မ အခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ ငိုလိုက်တော့ အနည်းငယ်လန်းဆန်းနေတာတွေတောင် ပြန်ပြီးလေးလံထိုင်းမှိုင်းသွား၏။ အခန်းတံခါးလေးကို စေ့ပိတ်လိုက်ပြီး အိပ်ရာထက် ပြန်လှဲနေလိုက်သည်။ ဒီတစ်နေ့လုံးကတော့ အိပ်ရာထဲမှာသာ အချိန်တွေ ကုန်ဆုံးရစေဖို့ သေချာနေပါပြီ။

"ဟိတ် ကောင်မလေး မမတို့ တိုက်အောက်မှာ ရောက်နေပြီ"

ဖုန်းသံကြောင့် လန့်နိုးသွားပြီး စစချင်း ကြားလိုက်ရသည့်အသံက မရတနာရဲ့ လှိုက်လှိုက်လှဲလှဲ အသံ။

မမတို့ဆိုသည့်အသုံးအနှုန်းအရဆိုတော့ မရတနာတစ်ယောက်တည်းတော့ မဖြစ်နိုင်။ မရတနာနှင့်အတူ ဘယ်သူတွေများ ပါလာသေးလို့လဲ။ ဖုန်းချပြီးသည်နှင့် ဧည့်ခန်းထဲ ထွက်ကြည့်ရသေးသည်။ ရှုပ်ရှုပ်ပွပွများ ဖြစ်နေမလားလို့ပါ။ သဲသဲကတော့ ညကိုးနာရီလောက်မှ ပြန်လာမှာမို့ မရှိပါ။

"လာ မမ၊ လောလောဆယ်တော့ ကျွန်မ တစ်ယောက်တည်းပဲ"

"ညီမလေးအဆောင်လေးက ကောင်းသားပဲကွဲ့၊ နှစ်ယောက်တည်း ပေါင်းနေတာလား"

"ဟုတ် မမ၊ သူက ဂိုက်လုပ်တယ်လေ၊ စာသင်ချိန်တွေများလို့ တစ်ခါတလေဆို ညတော်တော်နက်မှ ပြန်လာတာ"





အိမ်ထဲဝင်ဝင်ချင်းမှာ မရတနာနဲ့ကျွန်မတို့ အပြန်အလှန်ပြောဖြစ်သော စကားများ။ နောက်ကခြေသံတွေကြားနေသောကြောင့် ကျွန်မ စောင့်ကြည့်မိတော့ နွယ်နွယ်နဲ့နောင်ရိုးတို့ ဖြစ်နေသည်။ သူတို့နှစ်ယောက်ပါ ပါလာတာကို ကျွန်မ ဒုံ့ဒြနေမိ၏။

"နွယ်နွယ်တို့ပါ ပါလာတာကိုး"

"ပါရတာပေါ့ အစ်မရယ်၊ အစီမ ရုံးမဆင်းနိုင်တာ နှစ်ရက်တောင်ရှိပြီဆိုတော့ အားလုံးက စိတ်ပူနေကြတာလေ"

"ညီမလေးပုံကြည့်ရတာ မမတော့ အားမရဘူးကွယ်၊ သွေးအားတွေဘာတွေများ နည်းနေလား၊ ဆေးခန်းရော ပြကြည့်ရဲ့လား"

"ဆေးခန်းတော့ မပြဖြစ်ဘူး မမ၊ နည်းနည်းလည်း သက်သာသာတော့လေ"

"သက်သာတယ်ဆိုပြီး ခဏခဏ ပြန်ပြန်ဖြစ်နေမှာကို မမက စိုးရိမ်လို့ပါ၊ ရော့ ဒီမှာ ညီမလေးအတွက် ဝယ်လာတာ"

မရတနာက အသီးတွေနှင့်အားဆေးတစ်ဘူး ကမ်းပေးသည်။ သက်လှမ်းယူလိုက်ရသော်လည်း စိတ်ထဲမှာ အားတုံ့အားနာ ဖြစ်နေမိသည်။

"မမရယ် တကူးတက ဒုက္ခရှာနေတယ်၊ ကျွန်မက ကောင်းနေပြီ၊ နက်ဖြန်တောင် အလုပ်ဆင်းဖို့ လုပ်ထားပြီးသားပါ"

"ကောင်းကောင်းကျန်းမာမှ လာနော်၊ တော်ကြာနေ အလုပ်ခွင်ပြန်ပိသွားလို့ ပိုဆိုးကုန်ဦးမယ်"

"ဟုတ် မမ၊ ကျွန်မ နေကောင်းနေပါပြီ၊ ဩော် စကားများ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တာ၊ မမတို့ကိုတောင် ဘာမှဧည့်မခံရသေးဘူး။ ကော်ဖီသောက်မလား အအေးသောက်မလား မမ၊ နွယ်တို့နောင်ရိုးတို့ရော ဘာသောက်ကြမလဲ ပြော''

''ကျွန်တော်တို့ ဘာမှမသောက်တော့ပါဘူး အစ်မ၊ သြော် မေ့နေလိုက်တာ ကျွန်တော်ကလည်း တကယ်ပဲ၊ ဒီမှာ အစ်မအတွက် ဝယ်လာတဲ့ မုန့်တစ်ခုကျန်သေးတယ်''

သူ လွယ်ထားသော ကျောပိုးအိတ်လေးထဲကနေ ထုတ်ပေးလိုက်သော ကျွန်မသိပ်ကြိုက်သောတံဆိပ်နှင့် ချောကလက်ရေခဲမုန့်ဘူးကြီး။ ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ကျွန်မ ကြောင်အမ်းဆွံ့အနေမိသည်။

''ဟဲ့ နောင်ရိုး နေမကောင်းတဲ့လူကို နင် ဝယ်လာတာ ရေခဲမုန့်ကြီးလား''

နွယ်နွယ်က နောင်ရိုးကိုကြည့်ပြီး အံ့သြစွာမေးသည်။

''အစ်မ စားချင်မင် ထင်လို့''

''သြော် အင်း ဟုတ်တယ်''

နောင်ရိုးလက်ထဲမှ ရေခဲမုန့်ဘူးကို လှမ်းယူရင်း ကျွန်မ ဝေခွဲရခက်နေသည်။ နေမကောင်းဖြစ်တဲ့အချိန်မှာ လူတကာက အစားအသောက်ကို ဂရုတစိုက်ရှိနေကြချိန် ကျွန်မကတော့ အမြဲတမ်းလိုလို ရေခဲမုန့်ကိုသာ တောင့်တတတ်ခဲ့သူ မဟုတ်လား။ ဒီလိုဖြစ်တတ်တာကိုလည်း ကျွန်မနှင့်ပတ်သက်သည့် လူနည်းစုမှ တကယ့်ကို လူနည်းလောက်သာ သိခြင်းဖြစ်သည်။





ခုတော့ နောင်ရိုးက ဘယ်လိုစိတ်ကူးနဲ့ ကျွန်မအတွက်ဆိုပြီး ရေခဲမုန့်ဘူးကြီး ဝယ်လာခဲ့တာလဲ မသိပါ။ တစ်ခုခုတော့ တစ်ခုခုပါပဲ။

မရတနာတို့ ပြန်သွားကြပြီး သဲသဲပင် ပြန်ရောက်လာခဲ့ပြီ။ ကျွန်မကတော့ ဧည့်ခန်းထဲမှာသာ ငုတ်တုတ်ထိုင်လျက်သား။

''ဟိတ် ဧည့်ခန်းထဲထွက်ထိုင်နေပုံအရတော့ အဖျားကျသွားပြီနဲ့ တူတယ်''

သဲသဲရဲ့ဝမ်းသာအားရ စကားကိုလည်း ကျွန်မမှာ အပြုံးလေးတစ်ချက်ဖြင့်သာ တုန့်ပြန်နိုင်သည်။

''ဟဲ့ စားပွဲပေါ်မှာလည်း ရေခဲမုန့်တွေရော အသီးတွေရော လိုပါလား၊ မဟုတ်မှလွဲရော နင် သွားဝယ်ထားတာလား''

''မဟုတ်ပါဘူးဟာ၊ ငါ့အလုပ်က အစ်မတွေလာသွားတာပါ''

''ထူးဆန်းလှချည်လား၊ သူတို့က နင်ရေခဲမုန့်စားချင်နေတာကို သိပြီး ဝယ်လာကြတာတဲ့လား''

''ငါလည်း အဲဒါကို အံ့သြနေတာ၊ မရတနာ ဝယ်လာတာတော့ ဟုတ်ပါဘူး၊ ငါ့အဖွဲ့ထဲက ကောင်လေး ဝယ်လာခဲ့တာလေ''

''သူက ဘာဖြစ်လို့ ရေခဲမုန့်ဝယ်လာတာတဲ့လဲ၊ တကယ်တော့ ခုမမာနဲ့ ရေခဲမုန့်က မအပ်စပ်တဲ့အရာတွေပဲ''

''အေး နင်အခု အံ့သြသလို ငါလည်းထိုင်စဉ်းစားနေတာပဲ၊ နောင်ရိုးက ဒါကို ဘယ်လိုသိတာလဲလို့''

သဲသဲနှင့် စကားပြောနေတုန်းမှာပဲ ကျွန်မ ဖုန်းလေးမြည်သည်။ ကြည့်လိုက်တော့ နောင်ရိုး တဲ့။ ဖုန်းဖြေသည့်ခလုတ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာပင် နှိပ်လိုက်၏။

"အေး ပြော နောင်ရိုး"

"အစ်မ အံ့ဩနေတယ် မဟုတ်လား၊ ရေခဲမုန့်ကြောင့်လေ"

ဟင် သူက ကျွန်မ အံ့ဩနေတာကအစ သိနေပြန်ပါရောလား

"မင်း ဘယ်လိုသိလဲ"

"တကယ်တော့ အစ်မရယ်၊ နေမကောင်းတဲ့ ကိုယ့်အထက်လူကြီးကို ရေခဲမုန့်ဝယ်လာပေးရလောက်အောင် ကျွန်တော် မမိုက်မဲသေးပါဘူး"

"ဒါဆို မင်းကို တစ်ယောက်ယောက် ခိုင်းလိုက်တာ မဟုတ်လား"

စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေသော မေးခွန်းတစ်ခုကို ထုတ်မေးလိုက်မိသည်။ ဟုတ်မှာပါ ကျွန်မ ထင်ထားသည့်အတိုင်း။

"အစ်မ ခန့်မှန်းနိုင်မှာပါလို့ ဦးဇော်က ပြောပါတယ်"

ကျွန်မမှာ ခုမှပင် ပြတ်ပြတ်သားသား ဟင်းချနိုင်တော့၏။ သို့သော် စိုးရိမ်စရာလေးတွေက ရှိနေပြန်သည်။ နောင်ရိုးကို ဇော်ဘာတွေများ ပြောလိုက်သလဲ။

"မင်းကိုဘာပြောပြီး ပေးခိုင်းတာလဲ"

"ဘာမှမပြောပါဘူး၊ အစ်မ နေမကောင်းဘူးဆိုတော့ ဒီမုန့်ယူသွားပေးပေးပါလို့ပဲ ပြောတာပါ၊ အစ်မတို့က အရင်တည်းက ရင်းနှီးတယ်ဆိုလို့ ကျွန်တော် ယူလာခဲ့တာပါ၊ မဟုတ်ရင် ရေခဲမုန့်ဆိုတာကြီးက နောက်နေသလိုကြီးလေ"





နောင်ရိုးက ပေါ့ပေါ့ပါးပါးပင် ရယ်သံစွက်လျက် ပြောသည်။ ကျွန်မမှာတော့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ရပါ၏။

"မရတနာတို့ရှေ့မှာ မပြောပါနဲ့ဆိုလို့ အခုမှ ဖုန်းဆက်ပြီး သုံးပြောတာပါ"

အဲဒီအတွက်ပဲ ဇော့်ကို ကျွန်မက ကျေးဇူးပြန်တင်ရဦးမည့်ပုံ။

"အင်း ဟုတ်ပါပြီ"

"ဒါဆိုလည်း အနားယူဦးနော် အစ်မ၊ ကျွန်တော် မနှောင့်ယှက်တော့ဘူး၊ နေကောင်းအောင်နေ မနက်ကျရင် ရုံးမှာတွေ့မယ်နော်"

နောင်ရိုးနဲ့ဖုန်းပြောပြီးနောက်မှာ သဲသဲ ရေခဲသေတ္တာထဲ ထည့်ထိုက်ပြီဖြစ်သော ရေခဲမုန့်ဘူးကိုထုတ်ယူပြီး စိမ်ပြေနပြေ ထိုင်စားနေလိုက်၏ ဦးဇော် ဝယ်ပေးလိုက်တယ်ဆိုတာကိုလည်း မေ့ဖျောက်ထားလိုက်သည်။ ဆာလောဆယ်မှာ ရေခဲမုန့်စားချင်စိတ်ကသာ အဓိကဖြစ်နေတာလေ။

ကောင်းလိုက်တာ ဒီအချိန်မှာ စားရတဲ့အရသာက တခြားအချိန်အတွေ့ထက်ကို ပိုမိုထူးကဲပါသည်။

■ ■ ■

ကျွန်မ အလုပ်ပြန်ဆင်းနေတာပင် တစ်ပတ်ရှိတော့မည်။ ဇော့်ကို လုံးဝမမြင်မိသေး။ အရင်ကတော့ ကျွန်မရှိသည့်နေရာတိုင်းလိုလိုမှာ အမှတ်တမဲ့လား၊ တမင်တကာလား ဝေခွဲမတတ်အောင်ပင် ဇော့်ကို မြင်ချင်အဆုံးပါ။

ခုရက်ပိုင်းတွေတော့ ဇော့်အရိပ်အယောင်ပင် မမြင်နိုင်အောင် ပျောက်ချက်သားကောင်းနေ၏။ ဇော့်ကို ဘာလို့များ သတိထားမိနေသေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ဒါကို ကျွန်မ မသိ။ သေချာတာကတော့ မြင်နေကျပုံရိပ်တစ်ခု မျက်စိရှေ့ကနေ ပျောက်ချင်းမလှ ပျောက်နေတော့လည်း အတွေးထဲ ဝင်ဝင်လာတာပေါ့။

"တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ ညီမလေး"

အနားရောက်လာပြီး စကားပြောလိုက်မှပင် မရတနာကို တွေ့လိုက်၏။ သန့်စင်ခန်းက မှန်ရှေ့မှာရပ်ရင်း တစ်ကိုယ်တည်း အတွေးလွန်နေမိခြင်းပင်။

"ဩော် မမ၊ ဒီနေ့သွားရမယ့်နေရာလေးတွေ ခေါင်းထဲမှာ စဥ်နေတာပါ"

လိမ်ပြောလိုက်ရပေမယ့် ကိုယ့်တာသာတော့ စိတ်မလုံခြုံဖြစ်ရသေးသည်။ မရတနာရှေ့ကနေ ခပ်သွက်သွက်လေး ထွက်ခဲ့လိုက်သည်။

ဇော့်ဆီက ဂရုစိုက်မှုလေးတွေကို ခုလိုမျိုး ပြန်ရနေတော့လည်း သိစိတ်က မဖြစ်သင့်တော့ဘူးဆိုပြီး အကြိမ်ကြိမ်ငြင်းဆန်နေမိပေမယ့် မသိစိတ်မှာတော့ ဝေခွဲရခက်စွာပင် ကတုန်ကယင် ဖြစ်နေမိသည်။ ကိုယ့် ကိုယ်ကိုယ် မနှစ်သက်နိုင်ခြင်း ဖြစ်ရသည့်အချက်များထဲမှာ စိတ်မပြတ် သားတတ်ခြင်းသည်လည်း ထိပ်ဆုံးက ပါဝင်ပါသည်။

အင်းလေ ခုဟာကတော့ ဇော့်ကို ပြန်လိုချင်တမ်းတနေတာမျိုးမှ မဟုတ်တာ။ ကျွန်မအနားမှာ နွေးထွေးစွာဆက်ဆံပေးမည့် လူရှေ နည်းပါးနေတုန်း ဇော့်ဆီကနေ ဂရုစိုက်မှုလေးတွေ ရလာသည့်အတွက် ကျေနပ်နေခြင်းသက်သက်ပါ။

"နောင်ရိုးရေ ဒီနေ့တော့ မင်းကပဲ ဦးဆောင်ပြီး သွားလိုက်ပါ





နော်၊ အစ်မက တခြားသွားစရာလေးရှိလို့"

"ဟုတ် ရပါတယ် အစ်မရဲ့၊ ဩော် ဒါနဲ့ အပြင်သွားမှာဆို ထီးရောပါရဲ့လား၊ မိုးကရွာချင်ရင် ကောက်ရွာ နေကလည်း ပူပြီဆို ရှုတ်စပ်ပူတာမျိုး၊ တော်ကြာ နေမကောင်းပြန်ဖြစ်နေဦးမယ်"

ဆရာကြီးလိုလို အိမ်ကလူကြီးလိုလိုနှင့် ပြောနေသော နောင်ရိုးကို စိတ်ဆိုးဖို့သတိမရဘဲ ကျွန်မ သဘောကျပြုံးမိ၏။

"ပါပါတယ်ရှင် စိတ်မပူပါနဲ့ ဟုတ်ပြီလား၊ သွားရမယ့်ဆိုင်တွေကိုသာ ကုန်အောင်သွားခဲ့"

"ကျွန်တော် တာဝန်မကျေတာ ဘယ်နှခါများ အစ်မတွေ့ဖူးလို့လဲဗျာ"

"အေးပါ ကိုယ်ကရော ဘာပြောနေလို့လဲ အဟင်း"

ကျွန်မက ရယ်မောလိုက်လျှင် နောင်ရိုး ရှက်သွားပုံနှင့် ဆံပင်များကို တစ်ချက်သပ်တင်လိုက်သည်။ ဟုတ်ပါရဲ့ ဒီကောင်လေးဟာ တော်တော်ကို ကြည့်ကောင်းသော ယောကျ်ားတစ်ယောက်ပါပဲ။

နောင်ရိုးကို တစ်နေ့တာ အစီအစဥ်တွေ ပြောဆိုရှင်းလင်းပေးပြီး ကျွန်မ ထွက်ခဲ့လိုက်သည်။

ကျွန်မတို့ကုမ္ပဏီတံဆိပ်ဖြင့် အလှကုန်ပစ္စည်းတွေ တင်သွင်းဖို့ ကိစ္စအတွက် ဈေးကွက်လေ့လာနိုင်းထားခြင်း ဖြစ်၏။ အုပ်ချုပ်ရေးမှူး ကိုယ်တိုင် ကျွန်မကိုခေါ်ယူတွေ့ဆုံပြီးတိုက်ရိုက်ပေးခဲ့သော တာဝန်မို့ ပေါ့လျော့ရဲတာတော့ အမှန်ပါပဲ။

ဒီနေ့တော့ နာမည်ကြီးတံဆိပ်ကောင်တာများရှိသည့် ရှော့ပင်း



www.burmeseclassic.com

www.burmeseclassic.com



မောလ်တွေအတွက် အရင်လှေလာမည်လို့ ဆုံးဖြတ်ထားသည်။ လမ်းစရိတ်က ရုံးမှာပြန်ထုတ်လို့ရတဲ့အတွက် တက္ကစီများနှင့်သာ နစ်ပါးသွားဖို့ တွေးထားပြီးသားမို့ ရုံးရှေ့မှာတွေ့ရသော ကားလေးကိုသာ လွယ်လင့်တကူ ငှားလိုက်သည်။

"ဟိုလေ အစ်မက ကိုမင်းဆက်ရဲ့အမျိုးသမီးမဟုတ်လားဗျ"

လမ်းတစ်ဝက်လောက်အရောက်မှာ ကားမောင်းသမားက ကျွန်မကို နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်ရင်း မေးလိုက်သည်။ ကျွန်မ အံ့သြရပြန်ပါပြီ။ ဒီလူကို ကျွန်မဖြင့်မသိပါ။

"ဟုတ်ပါတယ် ဒါနဲ့ ရှင်က"

"တော်သေးတာပေါ့ ကျွန်တော်က လူမှားမှာစိုးရိမ်နေတာ ကျွန်တော်က ကိုမင်းဆက်နဲ့အလုပ်တူတုလုပ်ဖူးပါတယ်၊ အစ်မ ဓာတ်ပုံတွေလည်း မြင်ဖူးတယ်လေ၊ ကျွန်တော် အလုပ်ထွက်လိုက်ပြီး ကားမောင်းစားတော့မှ အဆက်အသွယ်ပြတ်သွားတာပါ၊ ဟိုးတလောကတောင် လမ်းမှာတွေ့လို့ အစ်မနဲ့လက်ထပ်လိုက်ပြီဆိုတာ သူ ပြောပြတာလေ"

"ြသော် ဟုတ်"

"တစ်ရက်လောက်တော့ သူနဲ့အေးဆေး ဆုံချင်သေးတယ်ဗျာ သူ့ကိုပြောပေးဦးဗျ နော့"

ကျွန်မမှာ မချိတင်ကဲ ပြုံးလျက် ခေါင်းကိုသာသာလေး ညိတ်ပြရသည်။ အဲဒါမျိုးတွေ ကျွန်မ သိပ်စိတ်ရှုပ်ရပါသည်။ ဘာကြောင့်များ ဒီလိုတွေဖြစ်လာအောင် မောင် ဖန်တီးခဲ့တာလဲ။ အကြောင်းပြချက် မယ်မယ်ရရ မရှိပါဘဲ ကျွန်မကိုမပေါင်းသင်းနိုင်ပါဘူးလို့ ပြောခဲ့တာ





သိပ်တရားလွန်တယ်လို့များ မောင် မတွေးမိဘူးလားဟင်။

အိမ်ထောင်တစ်ခုကို လွယ်လွယ်လေးလို့များ မောင် တွက်ခဲ့တာလား။ ပတ်ဝန်းကျင်အသိုင်းအဝိုင်း သူငယ်ချင်းတွေကြားမှာ မျက်နှာမထားတတ်အောင်ဖြစ်နေရတာတွေက မောင်လိုချင်ခဲ့သည့် ရလဒ်တွေလား။ ခုချိန်ထိ ကျွန်မ စိတ်တွေမရှင်းလင်းနိုင်သေးဘူး မောင်။

ဓာတ်လှေကားပေါ်တက်ရတော့မည်မို့ အတွေးတွေကို ဖျောက်ဖစ်လိုက်ရသည်။ သွားရင်းလာရင်းနေရင်းထိုင်ရင်း အတွေးများနှင့်သာ အချိန်ကုန်တတ်လာတာလည်း မောင့်ကြောင့်ပါပဲ။ မောင် ပေးခဲ့တဲ့ ပဟေဠိလို ခံစားချက်တွေကို ဘယ်လိုတွေးတွေး အဖြေမထုတ်နိုင်ခဲ့တာ ကျွန်မ ညံ့ဖျင်းနေခြင်းပဲ ဖြစ်ပါလိမ့်မည်။

■ ■ ■

"ငါ ပြောစရာရှိတယ် နီ"

ဖုန်းကိုင်လိုက်တာနှင့် စကြားလိုက်ရသော မင်းဆက်အသံက ပုံမှန်မဟုတ်တာ သတိထားလိုက်မိသည်။ ဒီနေ့အလုပ်ပိတ်ရက်မို့ ကျွန်မ တစ်ကိုယ်တည်း အိမ်အပြင်ဘက်လည်းမထွက်ပါဘဲ အနားယူနေခြင်းဖြစ်သည်။ ဖော်နဲ့တောင် မချိန်းထားမိ။

"နင့်အသံကြီးက ဘာဖြစ်နေတာတုန်း"

"အဟင်း နင်က သတိထားမိသားပဲ၊ ငါ နည်းနည်းသောက်ထားတာဟ"

"ဘာ ဘာဖြစ်လို့ နင်က သောက်ထားရတာတုန်း"

ကျွန်မ အထိတ်တလန့်လေး မေးမိသည်။ နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားရုံနဲ့တော့ သူ့အသံက ဒီလိုဖြစ်နေမှာမဟုတ်ပါ။ စကားလုံးတွေက သိပ်မကွဲပြားသလို လေးလံလွန်းနေတာလေ။

"ငါ စိတ်ညစ်လို့ပေါ့၊ ဒါတွေ ထားပါ၊ အခု နင့်ကိုတွေ့ဖို့ ငါ လာနေတာ၊ နင်တို့လမ်းထိပ်နားရောက်နေပြီ"

"နင် ဘာဖြစ်နေတယ်ဆိုတာကို အရင်ပြောစမ်းပါဦး"

"တွေ့ရင် ပြောမယ်ဟာ၊ နင်တော်တော် စကားရှည်တယ်၊ ဆင်းမှာဖြင့် ဆင်းမလာဘူး"

နောက်ဆုံးတော့လည်း ကျွန်မပင် အရှုံးပေးကာ အိမ်အောက်ဆင်းရတော့သည်။ ကျွန်မထက်အရင် သူက ရောက်နှင့်နေပါ၏။ အိမ်ဘေးက သစ်ပင်အုတ်ခုံလေးမှာ ခေါင်းငိုက်စိုက်ထိုင်နေ၏။ ကျွန်မ မျက်မှောင်လေးကျုံ့လျက် စဉ်းစားမိသည်။ သူ ဘာတွေများဖြစ်နေသလဲလို့။

"ဘယ်လိုဖြစ်လာတာလဲဟယ်"

ကျွန်မအသံကြောင့် သူ မော့ကြည့်သည်။ မျက်လုံးလေး မသိမသာ မှေးစင်းနေ၏။ သူ တကယ်တစ်ခုခု ခံစားလာရသည့်ပုံပါပဲ။

"ပြောလေ ဘာဖြစ်လာတာလဲလို့"

သူ့ဘေးကပ်လျက်ဝင်ထိုင်ရင်း ကျွန်မခပ်ဆတ်ဆတ်လေး မေးလိုက်သည်။

"နင့်ကို ဘုန်းနိုင်က ကြိုက်တယ်တဲ့"

ဟင် ဘယ်လိုကြီးတုန်း။ ဘယ်လိုအကြောင်းအရာကြီးလဲ၊ ဘုန်းနိုင်ဆိုတာ အဆိုတော်ဖြစ်ဖို့ ကြိုးစားနေသော ကျွန်မငယ်သူငယ်ချင်း။ မင်းဆက်နဲ့လည်း ခင်မင်လာတာ လေးငါးနှစ်လောက်ရှိပြီတဲ့လေ၊ ဘုန်းနိုင်





သီချင်းသွင်းသည့်စတူဒီယိုကို လိုက်သွားရင်းနှင့် ကျွန်မနဲ့မင်းဆက် သိကျွမ်းခင်မင်ခဲ့ခြင်းလေ။

"နင်ဘာတွေပြောနေတာလဲ၊ ဘယ်လိုမှမဖြစ်နိုင်တာကြီးကို"

"ဟုတ်တယ် ငါ့နားနဲ့ ဆက်ဆက်ကြားခဲ့တာ၊ သူက နင့်ကို စိတ်ဝင်စားနေတာ၊ နင်နဲ့ဇော်နဲ့က မဖြစ်နိုင်ဘူးဆိုတာ သူ သိတယ်တဲ့၊ နင်က ဇော့်ကို လက်ထပ်မှာမဟုတ်ဘူးတဲ့၊ ဒါကြောင့် နင့်ကိုသူက ကြိုးစားခွင့်ရှိသေးတယ်တဲ့"

မင်းဆက်ပြောနေသည့်လေသံက ဘုန်းနိုင်က ကျွန်မကိုပြောပါသည်ဆိုသည့် ထိုစကားတွေအပေါ် မကျေမနပ်ဖြစ်နေပုံမျိုးပါ။

"အင်း ထားပါတော့၊ ဘုန်းနိုင်က အဲဒီလိုပြောတယ်ပဲ၊ ဒါပေမဲ့ နင်က ဘာလို့အရက်တွေမူးအောင် သောက်ထားတာတုန်း"

"အရက်မဟုတ်ပါဘူး ဘီယာပါဟ"

"နင်တော်တော်စောဒက များတာပဲနော်၊ ဘာပဲသောက်သောက် နောက်ဆုံးတော့ နင်မူးတာက မူးနေတာပဲ မဟုတ်လား၊ ငါ မေးတာကို ဖြေစမ်းပါ၊ နင်က အဲဒီအကြောင်းပြချက်နဲ့ မူးအောင်သောက်လာတာဆိုရင်တော့ မဟုတ်သေးပါဘူး"

ဘုန်းနိုင်နဲ့ကျွန်မက သူငယ်တန်းကနေ ဆယ်တန်းထိ တစ်ကျောင်းတည်း တက်လာသော ငယ်သူငယ်ချင်းတွေမို့ သံယောဇဉ်တော့ ရှိပါသည်။ ဒါပေမဲ့ အပြင်ဘက်မှာတော့ သိပ်မတွဲဖြစ်ကြ။ သူ လုပ်ချင်သည့် အနုပညာလိုင်းနှင့် ကျွန်မလုပ်နေသော အလုပ်တွေက ဘယ်လိုမှ ဝတ်သက်ဆက်စပ်မှု မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခုလိုမျိုး ဘုန်းနိုင်က ကျွန်မကိုချစ်နေလိမ့်မယ် ကြိုက်နေလိမ့်မယ်လို့တော့ ဘယ်တုန်းကမှ မတွေးခဲ့ဖူးတာ အမှန်။ မင်းဆက် များ နားကြားမှားလေသလား။

"ငါမသိဘူး၊ နင့်ကို ဒီကောင်က ကြိုက်နေတယ်ဆိုတာ သိလိုက်ရတော့ ငါ့စိတ်ထဲမှာ ဘယ်လိုကြီးမှန်း မသိဖြစ်သွားတယ်၊ စိတ်ခါတ်ကျသလိုလို စိတ်ညစ်သလိုလို ဘာကြီးမှန်းမသိဘူးကွာ၊ ပြောလည်းမပြတတ်ဘူး။ သေချာတာကတော့ ဘုန်းနိုင် နင့်ကိုကြိုက်နေပါတယ် ကြိုးစားလို့ရသေးတယ်ဆိုတာကြီးကို ငါ နည်းနည်းမှ သဘောမတူဘူး"

ဒီမင်းဆက်ကရော ဘာတွေဖြစ်နေတာလဲ။ ကျွန်မ နားမလည်နိုင်တော့ပါ။ သူ ဖြစ်နေတာတွေကိုလည်း နားမလည်။ သူပြောနေတာတွေကိုလည်း နားမလည်ပါ။ တစ်ခုခုတော့ သေသေချာချာ ရှင်းပြဖို့လိုနေပါပြီ။

"ဒီမှာ မင်းဆက် နင် ငါ့မျက်နှာကိုကြည့်ပြီး သေချာပြောစမ်း။ နင်ဘာဖြစ်လာတယ်ဆိုတာကို"

"ပြောပြီးပြီပဲ ဘုန်းနိုင် နင့်ကိုကြိုက်နေတာကို ငါသဘောမတူဘူးလို့ဆို"

"သူ့ဘာသာ တကယ်ကြိုက်တယ် မကြိုက်ဘူးတော့ ငါလည်း မသိဘူး၊ အေး ဒါပေမဲ့ ကြိုက်တယ်ဆိုဦးတော့ ဘာဖြစ်သေးတုန်း၊ နင်က ကြားထဲကနေ ဘာကိုသဘောမတူနိုင်ဘူး ဖြစ်နေတာလဲ"

ကျွန်မမျက်နှာကို စိုက်ကြည့်နေရင်းကနေ ကျွန်မ စကားများကိုလည်း သူ ငြိမ်သက်စွာ နားထောင်နေပါသည်။ ကျွန်မ စကားဆုံး





တော့ သူ မျက်နှာလွှဲသွား၏။

"ဖြေလေ ငါမေးနေတာကို"

"ငါမသိဘူး တကယ်မသိဘူး"

ရုတ်ခနဲ မတ်တပ်ထရပ်လိုက်တာမို့ ဟန်ချက်မညီဘဲ လူက ယိုင်ထိုးနေ၏။ သူ တော်တော်မူးနေတာပါလား။

"ငါသွားတော့မယ်၊ ဆောရီး နင့်ကိုနှောင့်ယှက်သလိုဖြစ်သွားရင်"

သူ့ခြေလှမ်းတွေ ကျွန်မရှေ့မှ ဖြည်းဖြည်းချင်း ရွေ့သွားသည်။ မတည်ငြိမ်နိုင်သော ယိုင်နဲ့နဲ့ခြေလှမ်းများပါပဲ။ သက်ပြင်းလေးမသိမသာ ချလိုက်ရင်း ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သော သူ့လက်မောင်းကို ဖမ်းဆိန်းချုပ်ထားလိုက်၏။

"ငါလိုက်ပို့မယ်၊ နင် ဒီလောက်ဖြစ်နေတာ တစ်ယောက်တည်း ဘယ်လိုသွားမှာလဲ"

"ရတယ် မလိုဘူး၊ ဒီနေ့ နင့်ပိတ်ရက်ဆိုတော့ နင့်ချစ်ချစ်ကြီး လာနေရင် မတွေ့ဘဲနေဦးမယ်၊ အိမ်ပေါ်ပြန်တက်တော့၊ ငါ့ဘာသာသွားလို့ရတယ်"

"နင်စကားမရှည်နဲ့၊ ငါလိုက်ပို့ပါမယ်လို့ ပြောနေတယ်မဟုတ်သား"

ကျွန်မက စိတ်မရှည်နိုင်စွာ ခပ်ဆတ်ဆတ်ပြောရင်း သူ့လက်မောင်းကိုလည်းမလွှတ်ပေးဘဲ ခြေလှမ်းတွေကို မြန်မြန်ဆန်ဆန် ရွေ့လျားလိုက်၏။ ကျွန်မဆွဲခေါ်ရာနောက်သို့ သူယက်ကန်ယက်ကန်နှင့် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တကယ်တမ်း လိုက်ပို့မည်ဆိုပြီး ဆွဲခေါ်လာပေမယ့် သူ့အိမ်ကို ကျွန်မ မသိပါ။

"နင့်အိမ်က ဘယ်မှာလဲ"

သူ့လမ်းကိုသာ သိခြင်းမို့ လမ်းထိပ်ထိရောက်အောင်တော့ တွဲခေါ်ခဲ့ပေးပါသည်။ ကျွန်မတို့နှစ်ယောက်က အိမ်ချင်းမဝေးလှတာမို့ တော်ပါသေးရဲ့။

"ငါ့အိမ်လား ငါ့အိမ်ဘယ်မှာလဲ မသိတော့ဘူး"

"ဘာ နင့်အိမ်ဘယ်မှာလဲဆိုတာကို နင်မသိတော့ဘူး ဟုတ်လား၊ မဖြစ်နိုင်လိုက်တာ မင်းဆက်ရယ်"

ခြေလှမ်းများကိုရပ်တန့်လိုက်ပြီး မြေကြီးပေါ် ဆောင့်လိုက်မိ၏။ စိတ်ညစ်လိုက်တာ အဲဒါ မင်းဆက် တမင်သက်သက် ရစ်နေတာ ကျွန်မ သိတာပေါ့။

"ခုနကထိ စကားတွေပြောနေတဲ့လူက ငါ့အိမ်ကိုလည်း ရောက်အောင်လာနိုင်သေးတယ်၊ ကိုယ့်အိမ်ကျတော့ မမှတ်မိတော့ဘူး ဟုတ်လား၊ နင်မဟုတ်တာတွေမပြောပါနဲ့ မင်းဆက်ရယ် ငါစိတ်တိုလာပြီနော်"

"ငါတကယ်ပြောနေတာ ငါ့အိမ်က ဘယ်နားမှာလဲဆိုတာ မမှတ်မိတော့ဘူး၊ ပြီးတော့ ဒီလမ်းလည်း မဟုတ်ဘူးနဲ့တူတယ်"

"ဘာ နင်ဘာပြောတယ်၊ ဒီလမ်းမှာ နင်နေတာလို့ ငါ့ကိုအမြဲ ပြောခဲ့ဖူးတယ်လေ၊ ခုကျတော့ ဒီလမ်းတောင် မဟုတ်တော့ဘူးတဲ့လား၊ ငါတကယ်စိတ်တိုသွားပြီ မင်းဆက်၊ နင့်ကိုဒီတိုင်းပဲ ထားခဲ့လိုက်တော့





မယ်"

တကယ်ပဲ စိတ်တိုလာပြီမို့ ကျွန်မ လှည့်ထွက်ရန် ပြင်သည်။ ထိုအခါမှ သူက ကျွန်မလက်မောင်းတစ်ဖက်ကို လှမ်းဆွဲထားလိုက်ပြီး

"မသွားပါနဲ့ဟ၊ ငါတကယ်မူးနေတာ၊ နင် ငါ့ကိုဒီတိုင်းကြီး ထားသွားတော့ ဘယ်လိုလုပ်ရမှာတုန်း၊ လာပါ ဒီနားကို တစ်ပတ်လောက်ပတ်ပြီး လမ်းလျှောက်လိုက်ရင် ငါ ပြန်မှတ်မိလာနိုင်ပါတယ်ဟ"

စိတ်တိုနေပေမယ့် ဒီလိုမျိုးကြားလိုက်ရပြန်တော့ ရယ်ချင်စိတ်ကို ထိန်းထားလိုက်ပေမယ့် ပြုံးမိသွားတာတော့ အမှန်။ ဒီတစ်ယောက် ကျွန်မကို တမင်သက်သက် ရစ်နေတာပါ။ အိမ်မပြန်ချင်သေးလို့ပဲလား ကျွန်မကိုပဲ အိမ်ပြန်မလွှတ်ချင်သေးလို့လားတော့ မသိ။

လက်မှနာရီကိုကြည့်လိုက်တော့ ရှစ်နာရီခွဲကျော်နေပြီ။

"လုပ်ပါ နင်ကလည်း နင့်ကြောင့် ငါ ဒီလောက်မူးနေတာကို ဒီတိုင်းထားသွားနိုင်တယ်ဆိုရင်တော့ နင်တော်တော် နှလုံးသားမဲ့တာပဲ"

"အောင်မာ ငါ့များ နှလုံးသားမဲ့သလေး ဘာလေးနဲ့ နင် အိမ်မပြန်ချင်သေးလို့မဟုတ်လား၊ သွားပါ ငါဘေးကနေ အဖော်လိုက်ပေးပါ့မယ်"

"ဟင့်အင်း ငါအိမ်မပြန်ချင်ဘူးဆိုတဲ့ နင့်အတွေးက တစ်ဝက်ပဲ မှန်တယ်၊ ငါဘာကြောင့် အိမ်မပြန်ချင်တယ်ဆိုတာတော့ နင် မသိပါဘူး"

"ကြီးကြီးကျယ်ကျယ်နဲ့ ပြောစမ်းပါဦး၊ နင်က အိမ်မှာ ဘာ အပြစ်တွေများလုပ်ထားလို့တုန်း"

"ငါ ဘာအပြစ်မှမလုပ်ပါဘူး၊ ငါ အိမ်မပြန်ချင်သေးတာက



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့တူတူရှိနေချင်သေးလို့''

အဲဒီစကားအကြားမှာ ကျွန်မရင်ထဲတစ်မျိုးလေး ဖြစ်သွားရသည်။ ဘယ်လိုခံစားမှုမျိုးပါလိမ့်။ သိမ့်ခနဲ အေးစက်သွားသော ခံစားမှုမျိုး။ ပြန်ပြောစရာစကားလုံးကိုလည်း ချက်ချင်းရှာမတွေ့နိုင် ဖြစ်ရသည်။

''ငါတို့လမ်းလျှောက်ရအောင်နော်''

စကားကို ခပ်လျှမ်းလျှမ်းပြောလိုက်ပြီး သူ ဆုပ်ကိုင်ထားသော လက်မောင်းကို ရုန်းလိုက်လျှင် သူ့မှာယိုင်ထိုးသွားပြန်၏။

ဒီတစ်ခါတော့ ကျွန်မစိတ်ထဲကနေ ကြိတ်ပြုံးလိုက်ပါသည်။ ခုနက ကျွန်မကိုတောင် ဖမ်းဆုပ်ထားနိုင်သူက ခုတော့ ကိုယ့်ကိုယ်ကိုယ်တောင် မနိုင်တော့ဘူးတဲ့လား။ မျက်စောင်းလေးတစ်ချက်ထိုးလျက် သူ့လက်မောင်းများကိုဆုပ်ကိုင်တွဲလျှောက်လိုက်၏။ သူ့နှုတ်ခမ်းလေးတွေ ပြုံးသွားတာ ကျွန်မ သေချာမြင်လိုက်တာပေါ့။

ရှေ့တည့်တည့်မှာ ဖြောင့်ဖြူးနေသော လမ်းမကြီးကို ဘယ်လောက်ထိ ဆက်လျှောက်ရမည်မှန်းမသိပေမယ့် ခုလိုမျိုး သူ့လက်မောင်းကိုတွဲပြီး လျှောက်နေရသည့်အရသာက ကျွန်မအတွက် အသစ်အဆန်း ဖြစ်လို့နေသည်။ ရင်ထဲမှာ ဘယ်လိုမှ ပြောပြလို့မတတ်နိုင်သော ခံစားချက်ကြီးက စီးဆင်းနေ၏။

သူရော ဘာဖြစ်လို့ ဒီလောက်တောင် တိတ်ဆိတ်နေတာလဲ။ နှုတ်ပိတ်ကာ ဘာစကားတစ်လုံးမှလည်း ထပ်မပြောဖြစ်ကြတော့တဲ့ လမ်းကိုသာ မှန်မှန်လျှောက်နေသော ကျွန်မတို့နှစ်ယောက်ရဲ့စိတ်နှလုံးတွေထဲမှာတော့ တစ်ခုခုဖြစ်လို့နေခဲ့တာ အချင်းချင်းခံစားလို့ရနေပါပြီ။





သူ့ခြေလှမ်းတွေ မယိုင်နဲ့တော့ပါ။ ဒါကို သတိထားမိသော်လည်း သူ့လက်မောင်းကိုလွှတ်ပေးလိုက်ဖို့တော့ ကျွန်မ မစဉ်းစားမိခဲ့။ မဖြစ်နိုင်ဘူး မှားနေပြီဆိုတာသိနေပေမယ့် မသိစိတ်ထဲမှာတော့ သာယာနေမိသော ကျွန်မ ဝန်ခံချင်ပါသည်။

ဟိုးတုန်းကဆို ကျွန်မတို့နှစ်ယောက် လျှောက်နေသော ဒီလမ်းမကို ဒီလိုညဘက်မျိုး ဘယ်ကားတစ်စီး လူတစ်ယောက်မှ ဖြတ်လေ့မရှိ။ [illegible] အဆောက်အဦးတွေ အသစ်ဆောက်လိုက်ပြီမို့ လူသွားလူလာရှိနေ[illegible]ဖြစ်သည်။ ဒါတောင် အခု ညကိုးနာရီမှာ တစ်စီးစ နှစ်စီးစ ဖြတ်[illegible]သော ကားများကလွဲရင် ဘာဆိုင်ဘာလူမှ မရှိသလောက် ရှင်းလင်း[illegible]။

''ပြန်ကြရအောင်နော် လူတွေလည်း ပြတ်တယ်၊ ပြီးတော့ [illegible]နာရီကျော်နေပြီဟ''

''နင်က ပြန်ချင်ပြီလား''

အဲဒီစကားပြောလိုက်တဲ့ သူ့မျက်ဝန်းတွေကို ကျွန်မ ရင်မဆိုင်[illegible] သေချာတာကတော့ ကျွန်မတို့နှစ်ယောက်လုံးရဲ့စိတ်ထဲမှာ တစ်ယောက်[illegible]ပါတစ်ယောက် မရိုးသားနိုင်တော့မှန်း ကောင်းကောင်းနားလည်နေ[illegible]

''ငါ မပြန်ချင်သေးလို့ရော ရလို့လား''

သူ သက်ပြင်းတိုးတိုးလေး ချသည်။

''ငါတို့ ဟိုနားလေးမှာ ခဏထိုင်ရအောင်ဟာ''

''သိပ်နောက်ကျနေပြီ မင်းဆက်ရယ်''



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ငါလိုက်ပို့ပေးပါ့မယ်"

"ဟင် အခုဟာက နင်လမ်းကောင် ကောင်းကောင်းမလျှောက်နိုင်လို့ ငါက လိုက်ပို့ပေးတာလေ၊ နင်က ပြန်လိုက်ပို့ပေးဦးမလို့လား ပြီးတော့ အိမ်ရော မှတ်မိပြီလား"

"စကားမရှည်စမ်းနဲ့၊ ဟိုနားလေးမှာခဏထိုင်ပြီးရင် ငါလိုက်ပို့ပေးမယ်လို့ ပြောနေတယ်မဟုတ်လား"

နောက်ဆုံးတော့လည်း သူ့အလိုကျအတိုင်း လမ်းဘေးတစ်ဖက်မှ ဆောက်လက်စ ကွန်ဒိုလေး၏အောက်ခြေလှေကားထစ်လေးများတွင် ထိုင်ဖြစ်ကြသည်။

ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်မပခုံးပေါ်သို့ သူ့ခေါင်း မှီချလိုက်သည်မို့ အထိတ်တလန့်နှင့် ကျွန်မ ရှုန်းထွက်လိုက်မိသည်။ ဒါဘာလုပ်တာလဲ။ သူ ဘာဖြစ်ချင်နေတာလဲ။ တစ်ယောက်စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို တစ်ယောက်က ရိပ်မိနေပေမယ့် ဒီလို အပြုအမူမျိုးကတော့ မဟုတ်သေးဘူးလေ။

ရှုန်းလိုက်မိသော်လည်း သူ့ကို ဘာမှတော့ မပြောဖြစ်လိုက်။ ဒါကြောင့်နဲ့တူပါရဲ့ ကျွန်မ ရှုန်းလိုက်သည့်ကြားမှပင် သူက နောက်တစ်ကြိမ် ထပ်မှီလိုက်ခြင်းဖြစ်သည်။

"မရုန်းပါနဲ့ နီရယ်၊ ငါ့ကိုဒီအခွင့်အရေးလေးတော့ ပေးပါ ငါ ဒီနေ့ စိတ်တွေသိပ်ပင်ပန်းနေတယ်၊ နင့်ပခုံးမှာ မှီလိုက်ရရင် သက်သာသွားလိမ့်မယ်လို့ ငါယုံကြည်တယ်"

တိုးသက်ညင်သာသော သူ့အပြောမှာ ရှုန်းထွက်ချင်သည့်





စိတ်တို့ ကျဆုံးကုန်ပြီး ကျွန်မ ငြိမ်သက်သွားရသည်။

"ငါ့ကို မကောင်းတဲ့ကောင်အဖြစ် နင်မြင်နေတယ်မဟုတ်လား"

"ပင်ပန်းနေတဲ့ သူငယ်ချင်းတစ်ယောက်ကို နှစ်သိမ့်ပေးတာပဲ ရပါတယ်"

"နင် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် လိမ်နေတာလဲ နီ"

ကျွန်မ ကိုယ့်ကိုယ်ကိုယ် လိမ်နေတယ်လို့ သူက ဘယ်အချက်ကိုကြည့်ပြီး စွပ်စွဲနေတာပါလိမ့်။ နေပါဦး ကျွန်မ ကိုယ့်ကိုယ်ကိုယ် လိမ်နေတယ်ဆိုတော့ရော ဘာဖြစ်သေးတုန်း။ အခုအခြေအနေမျိုးက ကိုယ့်ကိုယ်ကိုယ် လိမ်နိုင်မှ စိတ်သက်သာရာရမှာမျိုးလေ။

"ဘယ်နေရာမှာ ငါက ငါ့ကိုယ်ငါ လိမ်တယ်လို့ နင်ထင်လို့လဲ"

"အခုပေါ့ နင်ရော ငါရော သိပါတယ်၊ သူငယ်ချင်းတစ်ယောက်ကို နှစ်သိမ့်ပေးချင်တဲ့စိတ်မျိုးမဟုတ်သလို ငါကလည်း နင့်ကို သူငယ်ချင်းတစ်ယောက်လို အားကိုးနေတာ မဟုတ်ဘူးမှန်း"

"နင်ဆက်မပြောနဲ့တော့"

သူ တကယ် ဆက်မပြောတော့ပါ။

ကျွန်မတို့နှစ်ယောက်ရဲ့ နောက်ပိုင်းတစ်လျှောက်လုံး မှားယွင်းတော့မည့် အရာအားလုံးရဲ့အစသည် ထိုညလေးများလားလို့ ခုချိန်မှာ ကျွန်မ ပြန်တွေးကြည့်နေမိသည်။ ရင်ခုန်သံနောက်ကို လိုက်ခဲ့မိပြီး စိတ်အလိုကိုသာ ဦးစားပေးခဲ့သည့် ကျွန်မတို့နှစ်ဦးစလုံး ခုတော့ နာကျင်နေကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ခုချိန်မှာ နာကျင်နေတာ နှစ်ယောက်စလုံးဆိုတာထက် ကျွန်မတစ်ယောက်တည်းလည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ ဟိုးအရင်က ကျွန်မ မရှိလျှင် မနေနိုင်ခဲ့သော မောင်သည် ခုတော့ ကျွန်မမရှိဘဲနှင့် နေ့ရက်ပေါင်းများစွာကို အသားကျစွာ ဖြတ်သန်းကုန်လွန်ခဲ့ပြီမဟုတ်လား။

ကျွန်မက မိန်းမသားတစ်ယောက်ပါ မောင်။ ကိုယ့်လင်ယောကျ်ားနဲ့နှစ်ယောက်တစ်ဘဝ ထူထောင်ချင်တာ အိမ်ထောင်ရှင်အမျိုးသမီးတိုင်းရဲ့ဆန္ဒပါ။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး နားလည်ယုံကြည်ပေးနိုင်မယ့် လင့်တာဝန်မယားတာဝန် ကျေပွန်ကြမယ်ဆိုရင် ခုချိန်မှာ ကျွန်မတို့နှစ်ယောက်ရဲ့အိမ်ထောင်လေးက သိပ်ကို သာယာကြည်နူးဖို့ကောင်းနေမှာပဲ။

ဒါပေမဲ့ မောင့်ရဲ့ဘာအကြောင်းပြချက်မှ မပေးပါဘဲ စိမ်းကားရက်စက်သွားသည့် အပြုအမူတွေကတော့ ကျွန်မအသည်းနှလုံးကို အစိတ်စိတ်ကွဲကြေစေသည့်အပြင် ကျွန်မ မျှော်လင့်ထားခဲ့သော သာယာချမ်းမြေ့သည့် အိမ်ထောင်လေးတစ်ခုဆိုသည့် စိတ်ကူးတွေလည်း တစ်စစီပျောက်ရှကုန်ရသည်။

မောင် ရက်စက်လွန်းပါသည်။ တကယ်ဆို ဒီလောက်ထိ စိမ်းကားရက်စက်သွားရသည့် အကြောင်းပြချက်လေးတစ်ခုလောက်တောင် ကျွန်မကို ပေးခဲ့သင့်ပါရဲ့နော်။

မောင့်ရင်ခွင်မှာ မောင့်ဇနီးမယားတစ်ယောက်အဖြစ် ကျွန်မပျော်မွေ့ခဲ့ရသောအချိန်တွေသည် လပိုင်းလောက်မျှသာ၊ နွေးထွေးလုံခြုံ





ခဲ့သည့် မောင့်ရင်ခွင်သည် ခုတော့ ကျွန်မအတွက် တားမြစ်နယ်မြေတစ်ခုဖြစ်နေခဲ့ပြီ၊ မိန်းမတစ်ယောက်ဟာ သူ့ခင်ပွန်းသည်ဆီက ဂရုစိုက်ကြင်နာမှုကို အချိန်တိုင်းမျှော်လင့်နေမိတာ သိပ်မှန်ကန်တဲ့သဘာဝလို့ မောင်လက်ခံမပေးနိုင်တော့တာ ဘာကြောင့်လဲဟင်။

ကျွန်မတို့နှစ်ယောက်ရဲ့ဆက်ဆံရေးတွေ ဘာဖြစ်လို့များ ဒီလောက်ထိ အေးစက်ညစ်ညမ်းသွားခဲ့တာလဲ၊ ကျွန်မကို တစ်ချက်လောက်တော့ သနားကရုဏာလေးနဲ့ လှည့်ကြည့်ပါဦး မောင်ရယ်။ ဘာတွေပဲဖြစ်ဖြစ် ခုချိန်ထိ ကျွန်မဟာ မောင့်ရဲ့ဇနီးမယားတစ်ယောက် ဖြစ်နေဆဲပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"နေကောင်းသွားပြီလား နီ"

"ကောင်းနေပါပြီ ဩော် ဟိုနေ့က နောင်ရိုးနဲ့ထည့်ပေးလိုက်တဲ့ ရေခဲမုန့်စားရပါတယ်၊ ကျေးဇူးတင်တယ်နော်"

ဇော့်ကို ဆက်ပြီးစောဒကတက်နေလျှင်လည်း ပြီးတော့မှာ မဟုတ်သည့်အပြင် ကျွန်မပဲ အရှုံးပေးရဦးမှာမို့ ဘာမှမပြောဖြစ်တော့ပါ။ ပြုံးရုံသာ ပြုံးနေမိ၏။

"ဩော် ဒါနဲ့ မင်းကို ကိုကျော်ထက်က ဈေးကွက်လေ့လာနိုင်းထားတယ်ဆို ကော်စမတ်တစ်တွေနဲ့ပတ်သက်ပြီးတော့"

"ဟုတ်တယ် ဇော်၊ ကျွန်မ ဈေးကွက်ထဲဆင်းနေတာလည်း နှစ်ရက်လောက်တော့ ရှိပြီ၊ ဒီနေ့တော့ ပလာဇာတို့ဘာတို့ဘက်သွားဖို့ လုပ်ထားတယ်၊ အားလုံးပြီးမှ အုပ်ချုပ်ရေးမှူးဆီကို ကျွန်မ ဖိုင်တင်ပေးလိုက်ပါ့မယ်"





"မင်းတစ်ယောက်တည်း သွားနေတာလား"

"ဟုတ်တယ်လေ"

"ဇော်ပါလိုက်မယ်လေ၊ ကိုယ်ကိုယ်တိုင်ဈေးကွက်ထဲဆင်းတော့ ပိုကောင်းတာပေါ့"

ကျွန်မ ငြင်းရမှာလား။ သူနဲ့အတူတူ တွဲသွားဖို့ဆိုတာက တော်တော်လေးတော့ အဆင်မပြေသည့်ကိစ္စပါ။ ဒါပေမဲ့ တစ်ဖက်ကလည်း အလုပ်ဖြစ်နေပြန်သည်။

"ဘယ်အချိန်သွားမှာလဲ ဒီလိုလုပ် သွားတော့မယ်ဆိုရင် ဇော့်ဆီ ဖုန်းလှမ်းဆက်လိုက် ဟုတ်ပြီလား၊ ဇော် အစည်းအဝေးဖိုင်လေးတွေ သက်မှတ်ထိုးစရာရှိသေးလို့ အခန်းပြန်လိုက်ဦးမယ်"

ကျွန်မနားကနေ ဇော် သွက်လက်စွာ ထွက်ခွာသွားသည်။ ဇော် တမင်သက်သက် ဇာတ်လမ်းဆင်တာလား။ တကယ်ပဲ အလုပ်ထဲမှာ သူကိုယ်တိုင် စိတ်ပါလက်ပါ လိုက်လေ့လာချင်ခြင်းလား။ ကျွန်မ တွေးတတ်ဖြစ်နေသည်။

"အစ်မရေ ဒီနေ့ ကျွန်တော် ထွေထွေထူးထူး သွားစရာမရှိဘူး၊ အစ်မနဲ့လိုက်ခဲ့ပေးရမလား"

နောင်ရိုးကလည်း ကျွန်မနဲ့အတူလိုက်ခဲ့ချင်သတဲ့။ နောင်ရိုးကို ခေါ်သွားလိုက်ရင် ကောင်းမလား။ ဒါဆို ဇော် လိုက်ချင်မှ လိုက်တော့မည်လေ။ ရှေ့တည့်တည့်မှ နောင်ရိုးကို အဖြေပြန်မပေးနိုင်သေးဘဲ ကျွန်မ လက်များက ဇော့်ဆီ ဖုန်းခေါ်လိုက်မိသည်။

"ဘာလဲ နီ၊ သွားတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဖော်၊ နောင်ရိုးကို ခေါ်သွားရင် ကောင်းမလား

လို့ စဉ်းစားနေတာ"

"နောင်ရိုး ဟုတ်လား၊ သူကဒီနေ့ ဘာမှလုပ်စရာမရှိဘူးလား

"နည်းနည်းပါးလို့ပါ"

"ဒါပေမဲ့ အော်ဒါတွေဘာတွေ တက်လာရင် ပစ္စည်းတွေ

ချက်ချင်းပို့ပေးရမှာလေ၊ ခေါ်သွားလို့ အဆင်မပြေလောက်ဘူး။

ဖော်တို့ပဲ သွားကြတာပေါ့"

ဒါကရော နောင်ရိုးကို မခေါ်စေချင်လို့ တမင်သက်သ

အကြောင်းပြခြင်းပဲလား။

"ဒီနေ့တော့ မလိုက်နဲ့ဦးကွာ၊ ဦးဖော်ကိုယ်တိုင်က ဈေးကွက်

လိုက်လေ့လာချင်လို့ မင်းက ဒီမှာအော်ဒါတွေဘာတွေ တက်လာရင်လည်း

ရှိနေမှကောင်းမှာလေ၊ တို့ဌာနမှာ အားအကိုးရဆုံးဝန်ထမ်းက နောင်

ပဲမဟုတ်လား"

"ဟာ အစ်မကလည်း မဟုတ်တာတွေ ပြောနေပါပြီ၊ မလိုက်

ဆိုလည်း နေခဲ့ပါ့မယ်ဗျာ၊ ကျွန်တော်က အစ်မတစ်ယောက်တည်း သွ

သွားနေတော့ ပင်ပန်းမှာစိုးလို့ပါ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဒီနေ့တော့ တက္ကစီငှားစရာမလိုတော့ဘဲ ဖော့်ကားလေး

အငြိမ့်သားလိုက်လာရသည်။ တစ်လျှောက်လုံး စကားတစ်လုံးမှ မ

ပါဘဲ တိတ်ဆိတ်စွာနှင့် ကားမောင်းနေသော ဖော့်ကြောင့် ကျွန်မ အ

ငယ်ဖုတော့ စိတ်သက်သာရာရပါသည်။ ဖော်နဲ့စကားတွေပြောနေ





အတိတ်ကို တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ သတိပြန်ပြန်ရတတ်နေတာ

လေ။

ဖော့်ကားလေးက ကျွန်မနှင့်ချစ်သူရည်းစားဘဝတုန်းက မောင်း

နေကျ နီညိုရောင်ကားလေး မဟုတ်တော့။ နောက်ဆုံးပေါ် ခမော်ဒယ်လ်

နံပါတ်နှင့် ကားအနက်ရောင်ဖြစ်သွားပြီ။ နောက်ကြည့်မှန်မှာ ဖော်ချိတ်

ဖို့ဆိုပြီး ကျွန်မ ဝယ်ပေးခဲ့သော အသည်းပုံပြောင်ပြောင်လက်လက်

အပြာလေးလည်း မရှိတော့။ မွေးရန့်ထုတ်ပေးသည့် ဒီဇိုင်းလှလှကတ်

ပြားလေးသာ ကားလှုပ်တိုင်း ဟိုဘက်ဒီဘက် ယိမ်းခါနေ၏။

"ပလာဇာကို အရင်ဆုံးသွားကြမလား"

"ဟုတ် နောက်မှ ကျန်တဲ့နေရာတွေ ဆက်သွားကြတာပေါ့"

"ကောင်းပါပြီဗျာ"

ထူးထူးဆန်းဆန်းပင် ရန်ကုန်မြို့ကြီးမှာ ဒီနေ့ကားလမ်းတွေ

ချောင်ချောင်ချိချိ ရှိနေသဖြင့် ပလာဇာသို့ အချိန်တိုလေးအတွင်းမှာပင်

ကျွန်မတို့ ရောက်ရှိလာသည်။

Branded Cosmetic ကောင်တာများတွင် အရင်ဆုံး ဝင်လေ့လာ

ကြည့်ပြီးတော့ နေ့လယ်သုံးနာရီကျော်စပြုနေပြီ။ ဗိုက်ထဲမှလည်း တော်

တော်ဆာနေပြုနေပါပြီ။ မနက်က အိပ်ရာထနောက်ကျသွားခြင်းကြောင့်

မနက်စာလည်းမစားဖြစ်တော့ဘဲ ရုံးကိုတန်းပြေးလာရတာဆိုတော့ ကျွန်မ

အစာအိမ်က အော်ချင်ချင်တောင် ဖြစ်နေသည်။ ဖော်ကတော့ ဗိုက်ဆာ

ပုံလည်းမရပါ။

"ပလာဇာမှာတော့ အားလုံးပြီးသွားပြီပေါ့၊ မြေနီကုန်းဘက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရော မင်းသွားပြီးပြီလား''

''မသွားရသေးဘူး၊ သွားမယ့်စာရင်းထဲမှာတော့ ပါပါတယ်''

ခုချက်ချင်းပဲ သွားကြရအောင်လို့ ဇော်များ ပြောလိုက်မလား လို့ စိတ်ပူနေခဲ့ပေမယ့် တကယ်တမ်း ဇော် ပြောလိုက်သည့်စကားက

''သုံးနာရီတောင် တော်တော်ကျော်နေပြီ၊ ဇော်တို့နေ့လယ်စာ စားလိုက်ကြမလား''

အို ကျေးဇူးကြီးလှပါရဲ့ ဇော်။ ကျွန်မ မဆိုင်းမတွပင် ခေါင်း ညိတ်ပြလိုက်မိ၏။

အနီးဆုံးစားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြပြီး စား သောက်စရာတွေ မှာယူပြီးကြတော့ ကျွန်မ မရှက်နိုင်စွာပင် ခပ်မြန်မြန် စားလိုက်မိ၏။

''ထင်သားပဲ နီ ဗိုက်ဆာနေပြီဆိုတာ အဟင်း''

ကျွန်မ ဘာမှပြန်ပြောမနေတော့ပါ။ နောက်ကိုလည်း ဇော် ဘာပြောပြော ဘယ်လောက်ပဲ ဂရုစိုက်မှုတွေပြပြ ကျွန်မဘက်ကတော့ အရေးမစိုက်မိအောင် နေတော့မည်လို့လည်း ဆုံးဖြတ်ထားလိုက်၏။ ဇော်က သူ့အကြောင်းပြချက်နဲ့သူ အရင်အတိုင်း ဆက်ဆံနိုင်ပေမယ့် ကျွန်မကတော့ မဆက်ဆံနိုင်တော့တာ အမှန်။ ဒါကို ဇော် နားလည် အောင်လည်း မပြောချင်တော့ပါ။ ဇော်နဲ့ကျွန်မတို့ စကားအချေအတင် ဖြစ်ရခြင်းသာ အဖတ်တင်ပါလိမ့်မည်။

''နီ ပြန်ချင်ပြီလား''

''ဘာကိုဆိုလိုတာလဲ ဇော်၊ ကျွန်မတို့ မြေနီကုန်းဘက် သွားရ





ဦးမယ်လေ''

''နီ ပင်ပန်းနေပြီလားလို့ပါ၊ တော်ကြာ ဟိုတစ်ခါကလို ပြန် မှားနေမှာစိုးလို့''

''ရတယ် ဇော်၊ ကျွန်မ မပင်ပန်းပါဘူး၊ မနက်ဖြန်နောက်ဆုံး ထားပြီး အုပ်ချုပ်ရေးမှူးကို ရလဒ်လေးတွေ ပြန်တင်ချင်လို့ပါ''

ဇော်က ပခုံးတစ်ချက်တွန့်လိုက်ပြီးမှ သူ့ရှေ့က ထမင်းပန်းကန် ကို စကိုင်သည်။ နောက်တော့ တိတ်ဆိတ်စွာ စားသောက်နေ၏။

အဲဒီနေ့က ကျွန်မတို့နေရာစုံသွားပြီးနောက်မှာ မိုးတော်တော် လေး ချုပ်နေခဲ့ပြီ ဖြစ်သည်။ မြေနီကုန်းကနေ ပြန်ထွက်လာတော့

''အိမ်ပြန်လိုက်ပို့ပေးမယ်''

''ရုံးကိုပဲ ပြန်ပါ ဇော်၊ ကျွန်မ ညကျရင် Report ရေးဖို့ အချို့ Data လေးတွေ ပြန်ယူရမယ်''

ကျွန်မတို့နှစ်ယောက် ရုံးကိုရောက်သွားချိန်မှာ ညကိုးနာရီကျော် နေပြီ ဖြစ်သည်။ ကျွန်မ ကားပေါ်ကနေ ခပ်သွက်သွက်ဆင်းလိုက်ချိန်မှာ သူကပါ လိုက်ဆင်းလိုက်ပြီး

''ရုံးမှာ ဘယ်သူမှရှိတော့မှာမဟုတ်ဘူး၊ ဇော် လိုက်ခဲ့ပေးမယ်''

''ရပါတယ် ဇော်၊ လုံခြုံရေးဦးလေးကြီး ရှိနေတာပဲ''

''သွားပါကွာ ဇော်လည်း ဇော့်ရုံးခန်းထဲ ခဏသွားမလို့၊ ပြီးမှ ခင်းတို့ဌာနဘက် လာခဲ့မယ်နော်''

အင်း ဒီလိုဆိုရင်တော့ ကျွန် အိမ်အပြန်လိုက်ပို့မယ်လို့ ဇော် ပြောဦးမှာပါပဲ၊ အကြောင်းမရှိအကြောင်းရှာ တမင်သက်သက် သူ့ရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသွားနေနေတာပဲ ဖြစ်ရမယ်။ ဒါမှ ကျွန်မအပြန် သူ လိုက်ပို့ခွင့်ရ
လေ။

ကျွန်မအထင်ဟာ သေချာပေါက် မှန်ကန်နေခဲ့၏။

"ပြီးပြီလား နီ"

"ဟင့်အင်း ဇော်၊ ဒီမှာ ဖိုင်တစ်ခုပျောက်နေလို့ လိုက်ရှာ
တာ"

"ဘာဖိုင်လဲ ဇော်လည်း ဝိုင်းရှာပေးမယ်လေ"

"ဖိုင်ပေါ်မှာ ဘာမှမရေးထားဘူး။ အဝါရောင်လေး"

သေချာပေါက် ကျွန်မစားပွဲပေါ်မှာ အဲဒီဖိုင်လေးကို တင်ခဲ့
ပါ။ အခုကျ မရှိတော့။ တစ်ယောက်ယောက် ယူကြည့်တယ်လို့ ထင
အောင်ကလည်း အခုလုပ်နေသည့်ဈေးကွက်လေ့လာမှုစစ်တမ်း
အုပ်ချုပ်ရေးမှူးတိုက်ရိုက်ခိုင်းထားသော အလုပ်လေ။ ဒါနဲ့ပတ်သက်
စာရင်းဇယားအားလုံးက ဘယ်သူနဲ့မှ မသက်ဆိုင်ပါ။

သို့သော်လည်း ကိုယ့်စားပွဲမှာ မတွေ့ပြီမို့ တစ်ဌာနလုံး
ပတ်ရှာရတော့သည်။

"ဒါလေးလား နီ"

ဇော်က ကျွန်မစားပွဲနားမှာရပ်လျက် လက်ထဲမှာကိုင်ထားသေ
အဝါရောင်ဖိုင်လေးကို မြှောက်ပြသည်။ အဲဒါ ကျွန်မလိုက်ရှာနေသေ
ဖိုင် အသေအချာပါပဲ။

"ဟူး တော်ပါသေးရဲ့ ဇော်ရယ်၊ ကျေးဇူးပဲနော်၊ အဲဒီဖိုင်သ
နေရင်းထိုင်ရင်း ပျောက်သွားရင် ကျွန်မတော့ အစကနေ ပြန်လုပ်ရတေ





မှာ"

"ဖိုင်က စားပွဲအောက်ကျနေတာကို သေချာလည်းမရှာဘူး
ရွှေချော"

အဲဒီဖိုင်သာ တကယ်ပျောက်သွားရင် ကျွန်မတော့ ပင်ပန်းထား
မှု သဲထဲရေသွန်ဖြစ်တော့မှာ သေချာပါသည်။ အားလုံးကို အစကနေ
လုပ်ရတော့မှာလေ။ အခုနထိ တုန်နေသော ရင်ကို ခုတော့ ငြိမ်သက်
သွားအောင် ထိန်းသိမ်းနိုင်သွားပါပြီ။

"ကဲ ဖိုင်တွေ့ပြီဆိုတော့ အားလုံးပြီးပြီဆိုတော့ ပြန်လို့ရပြီ
ဟုတ်လား၊ ဇော်လိုက်ပို့ပေးမယ်နော်"

ငြင်းမလို့ ဟန်ပြင်ပြီးကာမှ ကျွန်မ စောဒကမတက်တော့ဘဲ
နောက်လိုက်လာခဲ့လိုက်သည်။ ဆယ်နာရီထိုးနေပြီလေ၊ တစ်ယောက်
ည်းလည်း ကားငှားစီးပြီး မပြန်ချင်တော့။ ပြီးတော့ လွန်ခဲ့တဲ့ ဆယ်မိနစ်
ာက်ကမှ ရွာချလိုက်သော ကိုရွှေမိုးကလည်း အပြင်မှာ အားကောင်း
ောင်းနှင့် သည်းထန်နေသည်လေ။

ဒီလိုအချိန်မှာ ဇော့်အကူအညီကို ကျွန်မယူမိတာ အလွန်တော့
စ်လောက်ပါဘူးလေ။

"ဇော် ဒါ ကျွန်မအဆောင်ဘက်သွားတဲ့လမ်း မဟုတ်ဘူးလေ"

ကျွန်မပြန်ရမည့်လမ်းနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းကို ဇော်
င်းနေသောကြောင့် ကျွန်မက အထိတ်တလန့်လေး သတိပေးလိုက်
ည်။ ဇော်က ဘာမှပြန်မပြောပါ။ ကားကိုသာ ဆက်မောင်းနေ၏။

"ဇော် ကျွန်မပြောတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းကလို ခဏလောက် ကားပတ်မောင်းရအောင်၊ စိတ်ပြေလက်ပျောက်ပေါ့"

"အဲဒီလို မလုပ်ပါနဲ့ ဇော်၊ မိုးတွေလည်း ဒီလောက်သည်းနေတာကို၊ ကားမောင်းရတာလည်း အန္တရာယ်များပါတယ်၊ ပြီးတော့ ကျွန်မအိမ်ပြန်ရောက်ရင် လုပ်စရာတွေလည်း ရှိသေးတယ်"

"ဘယ်လောက်မှ မကြာပါဘူးကွာ၊ ဇော့်ကို အချိန်နာရီဝက်လောက်ပဲပေး"

"ဇော့်ကို ဒေါသမဖြစ်ချင်ဘူးကွာ၊ အခု ကျွန်မကို အိမ်ပဲပြန်ပို့ပေးပါ"

"မင်းကို အိမ်ပြန်ပို့ပေးမှာပါ၊ ဇော့်ကိုအချိန်နည်းနည်းလေးလောက်ပဲပေးဖို့ တောင်းဆိုနေတာ"

"ဟင့်အင်း မဟုတ်ဘူး ဇော်က တောင်းဆိုနေတာမှမဟုတ်ဘဲ ဇော်လုပ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်နေတာလေ"

ကျွန်မကိုတစ်ချက်လှည့်မကြည့်ဘဲ ကားမောင်းနေရင်းကနေ ခုတစ်ခါတော့ ကားကို လမ်းဘေးကပ်ချရပ်လိုက်ပြီး ကျွန်မမျက်နှာကို ဇော် စေ့စေ့စိုက်ကြည့်လိုက်ရင်း

"ဇော် တောင်းဆိုနေတာ နီ၊ ဒါပေမဲ့ နီက မလိုက်လျောတော့ ဇော်လုပ်ချင်တာကို လုပ်သလိုတွေ ဖြစ်ဖြစ်နေရတာ"

"ကျွန်မတို့နှစ်ယောက်ကြားမှာ ရှိနေတဲ့ ဇာတ်လမ်းတစ်ခုက ခုလိုအချိန်မျိုးမှာ နှစ်ယောက်တည်းရှိနေဖို့ မသင့်တော်တော့ဘူးလို့ ဇော့်ကို ခဏခဏ ပြောပြီးခဲ့ပြီပဲ၊ ထပ်မပြောတော့မိအောင်လည်း ကျွန်မကိုယ်





ကျွန်မ ကြိုးစားပြီးနေနေတာ၊ ဒါပေမဲ့ ဇော်က မပြောပြောအောင်ကို လုပ်နေသလိုပဲနော်"

"ဇော်တို့နှစ်ယောက်ကြားမှာ ရှိနေတဲ့အတိတ်ကြောင့်လို့ မင်းဆိုလိုတာလား၊ မင်းထိတ်လန့်နေဆဲ အဲဒီအတိတ်တစ်ခုလုံးမှာ ဇော်ဘာမှမမှားခဲ့တဲ့အတွက် ဇော်ကတော့ ကိုယ့်လိပ်ပြာကိုယ်လုံတယ်"

ဇော်ဆိုလိုတဲ့စကားရဲ့အနက်က ဘယ်လောက်ထိ ကျွန်မရင်ကို ရှရှနစ်ဝင်သွားစေသလဲဆိုတာ ဇော်ကိုယ်တိုင်တောင် သိပ္ပါ့မလား။ မှားထားဖူးတဲ့လူတစ်ယောက်က သူ ကျူးလွန်မိခဲ့တဲ့လူအပေါ်မှာ ဘယ်လိုလုပ်လိပ်ပြာလုံနိုင်မှာတဲ့လဲ။ ခုချိန်မှာ ဇော်နဲ့ထပ်ပြီး မနီးစပ်ရအောင် ကြိုးစားနေခဲ့မိတာတွေ အားလုံးကလည်း ကျွန်မက မှားယွင်းမိခဲ့သူမို့လို့ပေါ့။

ကျွန်မသာ ဇော့်အပေါ် မဖောက်ပြန်ခဲ့မိဘူးဆိုရင် ဇော့်လိုပဲ လိပ်ပြာလုံနိုင်မလား မပြောနိုင်ပါ။

"ဟုတ်တယ် ဇော်၊ ဇော်ကတော့ လိပ်ပြာလုံနိုင်ပေမယ့် ကျွန်မက ဇော့်အပေါ်မှာ မလုပ်သင့်တာတွေကို လုပ်ခဲ့မိသူမို့ ကိုယ့်နောက်ကျောကိုယ်မလုံနိုင် ဖြစ်ရတယ်၊ ဒီတိုင်း အလုပ်ကိစ္စသက်သက် ဇော်နဲ့ပတ်သက်ပြောဆိုရတဲ့အပေါ်မှာတော့ ကျွန်မ စိတ်သန့်နိုင်ပါရဲ့၊ ခုလိုမျိုး အလုပ်ချိန်ပြင်ပမှာ ဇော့်ရဲ့ရှုစိုက်မှုတွေကို အရင်လိုခံယူပြီး ဆက်ဆံပြောဆိုနေရတာဆော့ ကျွန်မ စိတ်ပင်ပန်းတယ် ဇော်"

အပြင်က မိုးကြောင့်မဟုတ်ပါဘဲ ကိုယ့်အမှားကိုယ် ထုတ်ဖော်ပြောလိုက်ရသည့်အတွက် ကျွန်မ ခြေဖျားလက်ဖျားတွေ ထုံကျင်အေးစက်နေသည်။ အသံတွေလည်း တုန်ယင်နေ၏။ ဖြစ်နိုင်ရင် ဇော့်နားကနေ

ထွက်ပြေးသွားလိုက်ချင်ပါပြီ။

“ကျေးဇူးပြုပြီး အိမ်ကိုပဲ ပြန်မောင်းပါ ဖော်၊ ကျွန်မ ပင်ပန်းနေပြီ”

ကားခေါင်မိုးပေါ် လာရိုက်နေသော မိုးသံတွေအောက်မှာ ကျွန်မ တိုးတိတ်စွာ ပြောလိုက်ခြင်းပေမယ့် ဖော်ကတော့ ကောင်းကောင်းကြားမှာပါ။ မေ့ပျောက်ထားချင်ခဲ့သည့် အကြောင်းတွေကို ပြန်မပြောချင်ပါဘဲ လျက် ပြန်ပြောနေရသော ကျွန်မရင်ထဲမှာ ဘယ်သူ့အတွက်မှန်းမသိသော နာကျင်ခံခက်ရခြင်းတွေ ပြည့်နှက်နေ၏။

“ဖော် လိုက်မပို့တူးဆိုရင် ကျွန်မဘာသာ ပြန်မယ်၊ ကားတံခါးဖွင့်ပေးပါ”

လော့ပိတ်ထားသော ကားလေးထဲမှာ ကျွန်မ ဆက်မနေချင်တော့။ အဲကွန်းက စိမ့်စိမ့်လေးအေးနေပြီး သင်းပျံ့သောမွှေးရနံ့လေးက လွှမ်းခြုံထားသည့် ဒီကားထဲမှာ ဖော်နဲ့အတူ ကျွန်မ ရှိမနေချင်တော့ပါ။

ဖော်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ကားကိုစက်နှိုးလိုက်သည်။ ကျွန်မ ကံဆိုးချင်တာပဲလား မသိပါ။ စက်က နိုးမလာခဲ့။

တစ်ချက်နှစ်ချက်လောက်သာ မြည်ပြီး တိခနဲ ပြန်ပြန်ငြိမ်ကျသွားသည်။

“ဘာဖြစ်တာလဲ ဖော်”

“မသိဘူး နီ”

ဖော့်အဖြေက တိုးတိတိ။ ဖော် တမင်သက်သက် ကားကိုနှိုးမရဟန်ဆောင်နေတာလား မသိပါ။ ကျွန်မကလည်း ကားအကြောင်း





ဘာမှမသိသူမို့ လိမ်နေတာလား တကယ်လားပင် မခွဲခြားနိုင်။

“ဘယ်လိုလုပ်မလဲ ဖော်၊ ကျွန်မတော်တော်နောက်ကျနေပြီ”

“ဖော် စဉ်းစားနေပါတယ်၊ ဟာ သေစမ်း ဆိုက်ကုန်သွားတာနီရဲ့”

စတီယာရင်ရှေ့မှ ဒိုင်ခွက်လေးကိုကြည့်ပြီး လွှတ်ခနဲအော်ရင်း ဖော် သူ့နဖူးသူ ရိုက်သည်။ ဖော့်စကားကြောင့် ကျွန်မလည်း စိတ်တော်တော်ညစ်သွား၏။ ဒီနားတစ်ဝိုက်မှာ ဆီဆိုင်ဆိုလို့လည်း တစ်ဆိုင်မှ မတွေ့ခဲ့ပါ။ ကျွန်မတို့တော့ ဒီတစ်ခါ တကယ်ဒုက္ခများပါပြီ။

“ဆီဆိုင်လည်း မတွေ့ခဲ့မိဘူး၊ ကျွန်မတို့ ဘယ်လိုလုပ်မလဲ ဖော်၊ မိုးတွေကရွာနေတော့ တက္ကစီတွေလည်း အလာကျဲသွားပြီ၊ အဲဒါတွေအားလုံး ဖော် လုပ်လို့ သိလား၊ ကျွန်မကိုအစတည်းကသာ အိမ်ပြန်လိုက်ပို့ပေးလိုက်ရင် ခုလိုမျိုး ဖြစ်မှာမဟုတ်ဘူး၊ ဖြစ်လည်း ဆီဆိုင်တွေအငှားကားတွေရှိနေဦးမှာ၊ ခုတော့ မြို့ပြင်ဘက်သွားတဲ့လမ်းကြီး ဖော်ကွာကျွန်မ တကယ်စိတ်တိုတယ် သိလား”

ကျွန်မ ဒေါသနှင့်အော်ပစ်လိုက်တော့လည်း ဖော် ငြိမ်ခံနေပါသည်။ ဘာတစ်လုံးမှ ပြန်မပြော။

“ဖော် ကားဆင်းတားကြည့်မယ်၊ တစ်စီးစီးက ရပ်ပေးတော့သည်း သူ့ဆီက ဆီပြန်ဝယ်ရင်ဝယ် မဝယ်ရင်လည်း ဆီဆိုင်နားလောက်ရောက်တဲ့အထိ လိုက်ပို့ခိုင်းရမှာပဲ”

စကားဆုံးသည်နှင့် ကားပေါ်ကနေ ဖော် ဆင်းသွားသည်။ အပြင်မှာ မိုးတွေသည်းကြီးမည်းကြီး ရွာနေတုန်းမို့ အပြင်ဘက်သို့ ဖော်ခြေချလိုက်သည်နှင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတော့၏။

ကားအသွားအလာပြတ်နေသည်မို့ ဖော် တော်တော်နဲ့ ကားလို့မရ။ ဖော်ကတော့ ကြွက်စုတ်ဖြစ်နေပါပြီ။

"ကျွန်မပါ ငှိုင်းတားပေးမယ်"

"ဟာ နီ ဘာဖြစ်လို့ ဆင်းလာတာတုန်း၊ သွား ကားထဲမှာပဲ ပြန်သွားနေ၊ တစ်ကိုယ်လုံး ရွှဲကုန်တော့မှာပဲ"

ကျွန်မ ပခုံးကိုဆောင့်တွန်းလျက် သူက အတင်းပြန်လွှတ်၏။

"အခုလည်း စိုနေပြီပဲဟာကို၊ လုပ်မနေပါနဲ့တော့ ဖော်သာ ကားထဲဝင်နေလိုက်တော့ မဟုတ်ရင် ဖော် ဖျားတော့မယ်"

"အာ ဖော်က ရပါတယ်"

"ကားပေါ်သွားနေပါ ဖော် ကျွန်မ ထပ်မပြောဘူးနော်"

ကျွန်မကို ပြောလို့မနိုင်မှန်းသိတော့ ဖော် ကုပ်ကုပ်လေး ကားဘက်လျှောက်သွား၏။ ခေါင်းနှင့်မျက်နှာပေါ်ကို အဆက်မပြတ် ကျဆင်းနေသည့် မိုးရေစက်များ ရုတ်တရက် ရပ်တန့်သွားသောကြောင့် ကျွန်မမော့ကြည့်မိတော့ ဖော်ရယ်လေ ကျွန်မဦးခေါင်းထက်မှာ သူ့ကုတ်အင်္ကျီထူထူကို အုပ်မိုးပေးလျက်သား။

"ဒီကုတ်နဲ့ဆိုတော့ တို့နှစ်ယောက်လုံး နည်းနည်းသက်သာတာပေါ့"

လက်စသတ်တော့ သူက ကားဆီပြန်သွားပြီး ချွတ်ထားခဲ့သော ကုတ်အင်္ကျီသွားယူခြင်းကိုး။ ကျွန်မကတော့ ကျွန်မစကားကို နားခံပြီး ကားပေါ်ပြန်သွားထိုင်နေပြီမှတ်တာ။ ဖော့်ကိုတစ်ခုခုပြောဖို့ ဟန်ပြင်နေဆဲမှာပင် အဝေးမှ ကားမီးရောင်ကို လှမ်းမြင်လိုက်ရသောကြောင့် ကျွန်မ





လိုက်ခနဲ ဝမ်းသာသွားမိသည်။

ကားလေးတစ်စီး လမ်းမအတိုင်း ကျွန်မတို့ဆီ တည့်တည့်မောင်းလာနေ၏။ အနားရောက်လာတော့ ကျွန်မက လျင်မြန်စွာပင် လက်ပြတားလိုက်သည်။ ကားလေး ရပ်ပေးပါစေ။

ကျွန်မ ဆုတောင်းပြည့်ပါသည်၊ ကျွန်မတို့နှင့်ခပ်လှမ်းလှမ်းအကွာမှာ ကားရပ်သွား၏။ ကျွန်မတို့နှစ်ယောက် ခပ်သုတ်သုတ် လျှောက်သွားလိုက်ကြသည်။ မိုးရေများကြောင့် ကားထဲကိုတော့ မမြင်နိုင်ပါ။ ကားမှန်တံခါးလေး ဖြည်းဖြည်းချင်းလျှောကျသွားမှသာ မောင်းသူကို ကျွန်မတို့နှစ်ယောက်လုံး မြင်လိုက်ရ၏။

နဂိုက မိုးရေကြောင့်အေးစက်နေသော တစ်ကိုယ်လုံးဟာ ကားမောင်းသူမျက်နှာကို မြင်လိုက်ရချိန်မှာ သွေးမရှိသူလို ဖြူလျော့ကျသွား၏။ မျက်လုံးလေး ပြူးကျယ်သွားရလျက် အံ့ဩတုန်လှုပ်စွာ ဘာမှပင်မပြောနိုင်တော့လောက်အောင်။

"တောက်"

တက်ခေါက်သံပြင်းပြင်းတစ်ချက်က ကျွန်မနားထဲ ဆောင့်ဝင်လာသည်။ ဒီအခြေအနေကို ကျွန်မ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲ မောင်။

"ကျွန်တော်တို့ ကားဆီကုန်သွားလို့ လှမ်းတားလိုက်တာခင်ဗျားမကူညီနိုင်လည်း ရပါတယ်"

ဖော်ဆီက ထွက်လာသော စကားသံ။ မဟုတ်သေးဘူး ဖော်ဆဲဒီလိုပုံစံမျိုးနဲ့ ဆက်ဆံပြောဆိုရမယ့်လူ မဟုတ်ဘူးလေ။ အရှုံးသဖြင့်ဒီလိုအနေအထားမျိုးမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"မောင် အထင်မလွဲပါနဲ့၊ ကျွန်မ ရှင်းပြပါ့မယ်"

"ငါ့မျက်စိရှေ့မှာ ယောကျ်ားတွေနဲ့ အကြိမ်ကြိမ်တွဲပြရတာကို အားမရသေးလို့ ခုလိုမျိုး မင်းအဆက်ဟောင်းနဲ့ပါ ပြန်တွဲပြလိုက်တယ် ပေါ့လေ"

"မဟုတ်ဘူး မောင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ပြောတာကို နားထောင်ပါဦးနော်"

ချမ်းအေးတုန်ခိုက်နေသည့်ကြားမှ ကျွန်မ ကတုန်ကယင် တောင်းပန်မိသည်။ မောင့်မျက်နှာမှာ အထင်းသားမြင်တွေ့နေရသော နာကျည်းမုန်းတီးသည့် အငွေ့အသက်တွေကို ကျွန်မ ဘယ်လိုစကားလုံး တွေနဲ့ ဖြေဖျောက်ပေးနိုင်မှာတဲ့လဲ။ ကျွန်မမှာ လက်ပူးလက်ကြပ်မိသည့် တရားခံတစ်ယောက်လို ပြေးပေါက်မရှိ ဖြစ်နေရပြီ။

ဒီအခြေအနေကို အမှန်အတိုင်း ရှင်းပြလို့ရော မောင် နားလည် ပါတော့မလား။ လက်ခံပါတော့မလား။ အမှန်တရားတွေဆိုတာကို မ ကြည့်ပါတော့မလား။ အဖြေကအနုတ်လက္ခဏာသာ ဖြစ်သည်။

"မင်းပြောတဲ့စကားတွေကို ငါနားမထောင်ချင်တော့ဘူး။ မင်း မိန်းမဆီက ဘယ်လိုမှန်ကန်တဲ့စကားမျိုးမှလည်းထွက်လာမှာ မဟုတ် ဘူး။ မင်းက လိမ်ရတာအကျင့်ပါနေပြီ၊ လိမ်ပြောလိုက်ရမှ မင်းနေသာ ထိုင်သာ ရှိတတ်တာမျိုး မဟုတ်လား"

"မောင် ကျွန်မကို မစွပ်စွဲနဲ့၊ ကျွန်မ အဲဒီလိုမိန်းမမျိုး မဟုတ် ဘူး၊ မောင် စွပ်စွဲချင်တိုင်း တစ်ဖက်သတ် လာစွပ်စွဲမနေနဲ့ သိလား"

ကျွန်မ ဒေါသတကြီး အော်ဟစ်မိလျှင် မောင်က ဟွန့်ခနဲ





ပြုံးပြုံးလိုက်ရင်း

"ခုချိန်မှာ မင်းက ငါ့ကို ဒေါသထွက်ပြနေတာလား၊ ဒီအချိန်မှာ မင်းဒေါသထွက်ရမှာ မဟုတ်ဘူးကွ၊ မင်းအမှားက ငါ့ကိုထိုင်တောင်းပန် ရင်တောင် ကျေအေးပေးဖို့ မဖြစ်နိုင်တဲ့အမှားမျိုး။ ငါ့မျက်စိရှေ့တည့်တည့် မှာကွာ တောက် မိန်းမယုတ်"

"မင်း စကားတွေ တော်တော်လွန်လာပြီ၊ ငါတို့နှစ်ယောက်ကို မင်းက ဘယ်လိုအကြောင်းပြချက်နဲ့ ခုလောက်ထိ စွပ်စွဲနေတာလဲ"

"ကျုပ်စကားပြောနေတဲ့ထဲမှာ ခင်ဗျားမပါဘူး၊ ခင်ဗျားဘာသာ အေးဆေးနေလိုက်ရင် ကောင်းမယ်"

"မင်းအခု နှိုက်ပြောနေတာတွေက ငါနဲ့စွပ်စွဲနေတာမဟုတ်လို့ ဘာတွေလဲ၊ ဖောက်ပြန်တယ်လို့ ထင်လောက်တဲ့ ဘယ်လိုအပြုအမူမျိုး တွေ ငါတို့နှစ်ယောက်လုပ်နေတာ မင်းတွေ့လို့လဲ"

မောင် ဒေါသတကြီးနှင့် ကားတံခါးကိုတွန်းဖွင့်ကာ အပြင် ရောက်လာသည်။ သည်းထန်လွန်းနေသော မိုးကြောင့် မောင်လည်း ကျွန်မတို့နည်းတူ ရွှဲနစ်သွား၏။

"မင်းတို့က ဘယ်လိုအပြုအမူမျိုးကိုလုပ်မှ ဖောက်ပြန်တယ်လို့ စွပ်စွဲစေချင်တာလဲ၊ ဒီလိုအချိန်မတော် ဒီလိုနေရာမှာ မင်းတို့နှစ်ယောက် အတူတူရှိနေတာကိုက ဖောက်ပြန်တာပဲကွ နားလည်လား"

"မောင် တော်တော့ မောင့်စကားတွေက အရမ်းတရားလွန်နေ ပြီ ကျွန်မတို့က မောင် ထင်သလိုလုံးဝမဟုတ်ဘူး"

တဝုန်းဝုန်း ရွာနေသော မိုးသံများကို ကျော်လွန်အောင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အသံကုန်ဟစ် အော်ပစ်လိုက်သည်။ မောင်ရော ဇော်ပါ ကျွန်မကိုစူးစိုက် ကြည့်နေကြ၏။ ကျွန်မကတော့ ဘယ်သူ့ကိုမှမကြည့်ပါ။ မြေကြီးပေါ် တစ်စက်ပြီးတစ်စက် ကျနေသော မိုးရေစက်များကိုသာ ငေးစိုက်ကြည့် နေမိသည်။

"ကျွန်မကို မောင်နဲ့နှစ်ယောက်တည်း စကားပြောခွင့်ပေးပါ"

"ဘာတွေပြောဦးမလို့လဲ၊ မင်းရဲ့အလိမ်အညာတွေကို ငါ နား မထောင်နိုင်တော့ဘူးလို့ ပြောထားတယ်မဟုတ်လား"

"အဲဒီလို တစ်ဖက်သတ်မပြောပါနဲ့ မောင်၊ တကယ်တော့ ဒီ လိုအခြေအနေ မဖြစ်ခဲ့ရင်လည်း မောင်နဲ့ကျွန်မကြားမှာ နှစ်ယောက် တည်း အေးအေးဆေးဆေး ဆွေးနွေးစရာလေးတွေ ရှိနေတယ် မောင် ဒီတိုင်းကြီးနေလိုက်လို့ ပြီးမှာမှမဟုတ်ဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နှစ်ယောက်က တရားဝင်လက်ထပ်ထားတဲ့ လင်မယားတွေလေ၊ မောင် နေချင်တိုင်းနေလို့ ပြီးသွားမယ့်အရာ တစ်ခုမှမပါဘူး"

"မင်းက သိပ်လေကျယ်နေပါလား၊ ကောင်းပြီလေ မင်းဘာ ပြောချင်တာလဲ ပြော"

"ကျွန်မ နှစ်ယောက်တည်းပြောချင်တာ မောင်၊ ပြီးတော့ ခုလိုမျိုး ဘယ်လိုမှအဆင်မပြေတဲ့ ရာသီဥတုပတ်ဝန်းကျင်မျိုးမှာ မဟုတ် ဘူး"

ထိုစဉ်မှာ ကျွန်မတို့ဘက် မောင်းလာနေသော အခြားကား တစ်စီးကို ဇော်က လှမ်းတားလိုက်ပြီး အကူအညီတောင်းလိုက်လို့ ဇော့် ကားထဲ ဆီဖြည့်ခွင့်ရသွားသည်။ ဇော် ကျွန်မတို့နား ပြန်လျှောက်လာ၏





"ဆီဖြည့်ပြီးပြီ နီ၊ လိုက်မှာမလား"

"ဟင့်အင်း မလိုက်ဘူး ဇော်၊ ကျွန်မ မောင့်ကားနဲ့ပြန်မှာ"

"မင်းကို ငါ ခေါ်မသွားနိုင်ဘူး၊ ခေါ်နေတဲ့လူနောက်သာ လိုက် သွားပါ"

"မရဘူး မောင်၊ ကျွန်မမောင်နဲ့ပဲ လိုက်မှာ၊ ဇော် ပြန်ပါတော့ ကျွန်မ အတည်ပြောနေတာ၊ ဇော် ပြန်ပါ၊ အခုဖြစ်နေတဲ့အခြေအနေက ဇော် ပြန်မှဖြစ်မှာမို့ပါ"

ကျွန်မက တောင်းပန်တိုးလျှိုးစွာ ပြောလျှင် ဇော့်မျက်ဝန်းများ က စိတ်မချလွန်းကြီးစွာနှင့်ပင် သူ့ကားဘက်သို့ တစ်လှမ်းချင်း လေးပင် စွာ ပြန်လျှောက်သွားသည်။

"မောင် ကျွန်မကို အိမ်ပြန်လိုက်ပို့ပါ"

"ငါ မင်းကို မခေါ်နိုင်ဘူးလို့ ပြောပြီးပြီပဲ"

ဇော့်ကားလေး ကျွန်မတို့နားကနေ တဖြည်းဖြည်း ဝေးပြီး မိုးရေများထဲ ပျောက်ကွယ်သွား၏။ ကျွန်မတို့နှစ်ယောက်ကတော့ အချေ အတင်ဖြစ်နေကြတုန်း။

"မောင့်မိန်းမကို ဒီလိုအချိန် ဒီလိုနေရာမှာ တစ်ယောက်တည်း ထားခဲ့ရက်တယ်ပေါ့လေ"

"မင်း ငါ့ကို အဲဒီလိုစကားလုံးတွေ လာမပြောနဲ့ နီ၊ မင်းလုပ်ရပ် တွေက ငါ့ဘက်ကကြည့်ရင် ခွင့်လွှတ်နိုင်စရာတစ်ခုမှ မရှိဘူး၊ အဲဒီတော့ မင်းကိုငါ ဒီနေရာမှာ ထားခဲ့ရက်တယ်ဆိုတာ မင်းမမေ့ပါနဲ့"

"မောင် အဲဒီလို တစ်ယူသန်ပြီး တစ်ဖက်သတ်စွပ်စွဲနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှရပ်မှာလဲ မောင်''

မောင့်လက်မောင်းနှစ်ဖက်လုံးကို စုံကိုင်လျက် ကျွန်မ အတင်း လှုပ်ရမ်းကာ မေးလျှင် ထိုမြဲမြဲခိုင်မာစွာ ဆုပ်ကိုင်ထားသော ကျွန်မ လက်များကို မောင်က အားနှင့်ရုန်းထွက်လိုက်ရင်း

''ငါ့အသားကို မထိနဲ့၊ မင်းကိုငါ ရွံတယ် အနီးသွေး''

''မောင် အဲဒီလောက်ထိ ကျွန်မကိုမပြောပါနဲ့၊ မောင် ရွံရှာ လောက်အောင် ကျွန်မ ဘာကိုမှ မလုပ်ထားခဲ့ဘူး''

''တော်စမ်းပါကွာ''

မောင် ကျွန်မကို ကျောပေးရပ်လိုက်ပြီး ကားထဲပြန်ဝင်ထိုင်ရန် ကြိုးစားသည်။ နောက်တက်ကနေ သူ့လက်မောင်းများကို ကျွန်မ ဖမ်းဆွဲ ထားရပြန်သည်။

''မင်းကို ပြောနေတာ နားမလည်ဘူးလား။ ငါ့အသားကို မထိ နဲ့လို့''

''ကျွန်မကို မောင်နဲ့ အေးအေးဆေးဆေး စကားပြောခွင့်တော့ ပြုပါ မောင်၊ အဲဒီလိုကြီး ထွက်မသွားပါနဲ့''

''ဟာကွာ မင်းတော်တော် ပြောရခက်ပါလား''

မောင်က သူ့အားကြီးနှင့် ဆောင့်ရုန်းလိုက်ပြီး ကျွန်မ လက် များကိုလည်း တွန်းပစ်လိုက်သောကြောင့် အရှိန်မထိန်းနိုင်စွာပင် ကျွန်မ မှာ နောက်သို့ဖင်ထိုင်လျက် လဲကျသွားရ၏။

''အ အား''

ခြေသလုံးဆီမှ နာကျင်မှုက ကျွန်မ တစ်ကိုယ်လုံး တစ်မုဟုတ်





ချင်း ပျံ့နှံ့သွားသည်။ ချွန်ထက်သော အရာတစ်ခုခုက ကျွန်မအသားထဲ ကို နက်ရှိုင်းစွာ စူးနစ်ဝင်ရောက်သွားပုံမျိုး။

ချက်ချင်းလိုလိုပင် ကျွန်မ အောက်ဘက်မြေကြီးပေါ်မှာ သွေး များစီးဆင်းလာ၏။ မှိုးရေထဲမှာ ရောနှောနေသော သွေးများကို မောင် မြင်သွားပုံနှင့် တစ်ချက်စူးစိုက်ကြည့်သည်။ ကားပေါ်တက်အံ့ဆဲဆဲ မတက် ဖြစ်သေးဘဲ ရပ်နေ၏။

''နာလိုက်တာ ဘာနဲ့ထိုးမိသွားလဲ မသိဘူး မောင်''

အားကိုးတကြီးနှင့် မောင့်ကိုလှမ်းကြည့်မိတော့ မောင့်မျက်နှာ မှာ စိတ်ရှုပ်ထွေးနောက်ကျိသည့် ခံစားချက်တို့ကို အတိုင်းသား မြင်နေရ သည်။

ဒီလိုအခြေအနေမှာတော့ မောင် ကျွန်မကို တစ်ယောက်တည်း ပစ်ထားခဲ့မှာ မဟုတ်ပါဘူးနော်။

''မောင် မသွားပါနဲ့နော်၊ ကျွန်မ ဘာနဲ့ထိုးမိသွားလဲ မသိဘူး၊ အရမ်းနာနေတယ်''

သက်ပြင်းကို တိုးတိုးလေးချလျက် မောင် ကျွန်မဘေးတွင် လေးပင်စွာ ထိုင်ချလိုက်ပြီး သွေးများထွက်နေသော ခြေတစ်ဖက်ကို ဆွဲယူမလိုက်သည်။

အို ဟုတ်ပါရဲ့။ မြေကြီးထဲကို တစ်ဝက်လောက် နစ်ဝင်နေသော မှန်ကွဲစတစ်ခု။ အရှိန်နှင့်ပြုတ်ကျလာသော ကျွန်မ ခြေသလုံးထဲသို့ တည့်တည့်မတ်မတ်ကြီး စိုက်ဝင်ထိုးမိသွားခြင်း ဖြစ်သည်။

''မင်းကို စိတ်ပျက်တဲ့ထဲမှာ အဲဒါတွေလည်းပါတယ်''

www.burmeseclassic.com



"ဘယ်လိုများ ပြောလိုက်တာလဲ မောင်၊ အခုလိုဖြစ်ရတာ မောင် ကျွန်မကို တွန်းလိုက်လို့လေ"

"ဪ မင်းကို ငါ့အသားမထိဖို့ ပြောထားရက်နဲ့ အတင်းဆွဲလားရမ်းလား လုပ်တာက ဘယ်သူလဲ"

"မောင့်ကို အေးအေးဆေးဆေး ပြောနေတာကို မောင် လက်မခံလို့ ခုလိုဖြစ်ရတာလေ"

"ဒါဆို မင်းပြောချင်တာက မင်းက သိပ်မှန်ပြီး ငါက မှားနေတာပေါ့လေ"

မောင့်အသံမှာ ဒေါသတွေ ပါလာပြန်ပြီ။ ကျွန်မကပဲ စိတ်ကို လျှော့ပေးလိုက်ပါသည်။ အခုအချိန်မှာ ဘယ်ဘက်ကပဲကြည့်ကြည့် ကျွန်မက အရှုံးမဟုတ်လား။

"ကျွန်မကို ပြန်လိုက်ပို့မယ် မဟုတ်လား မောင်"

ပါးစပ်က ပြန်မဖြေဘဲ မတ်တပ်ထရပ်လိုက်ပြီး လက်ဟန်အမူအရာနှင့်တက်ရန်ပြသည်။ ကျွန်မ ဝမ်းသာသွားသည့်ဖြစ်ခြင်း။ သို့သော် ကံဆိုးစွာပင် ကျွန်မ မထနိုင်ပါ။ ကွဲသွားတာက တော်တော်ကြီးမားပြီး နက်လည်းနက်သမို့ ဟက်တက်ကြီးဖြစ်နေသော ဒဏ်ရာက နည်းနည်းဖနာနောမှ မဟုတ်တာ။

"ကျွန်မ ကျွန်မ မထနိုင်ဘူး မောင်၊ တအားနာနေတယ်"

ကျွန်မ လက်မောင်းတစ်ဖက်ကို အားနှင့် မောင် ဆွဲထူ၏။ မရပါ။ ထိမိထားသော ခြေထောက်ကို ဘယ်လိုမှမထောက်နိုင်ခြင်း ဖြစ်သည်။ မြေကြီးပေါ်ကို ဖုတ်ခနဲ ပြန်ပြုတ်ကျသွားတော့ မောင် စိတ်မရှည်





စွာ တက်ခေါက်ပြန်၏။ လက်နှစ်ဖက်ကို ခါးမှာထောက်ပြီး ကျွန်မကို ကျောပေးရပ်နေလိုက်တာပင် နှစ်မိနစ်လောက် ကြာပါသည်။

ဒဏ်ရာရဲ့နာကျင်မှုက တစ်ဆစ်ဆစ်နှင့် အသည်းခိုက်လှသည်။ မိုးရေတွေရဲ့ချမ်းအေးမှုကလည်း လူတစ်ကိုယ်လုံး တုန်ယင်အေးစက်နေစေ၏။ သို့သော် ကျွန်မကိုလျစ်လျူရှုကာ ကျောပေးရပ်နေသော မောင့်ရက်စက်မှုလောက်တော့ ဘယ်အရာကမှ ကျွန်မကို ဝမ်းမနည်းစေပါ။ ပါးပြင်ပေါ်မှာ မိုးရေများနှင့် ရောနှောနေသော မျက်ရည်စက်များသည် ဒဏ်ရာနာကျင်မှုကြောင့်လည်း မဟုတ်ပါဘဲ မောင့်ရက်စက်စိမ်းကားမှုကြောင့်သက်သက်သာ ဖြစ်သည်။

ဝမ်းနည်းနာကျင်စွာ ခေါင်းကိုငုံ့လျက် မျက်ရည်များကို သုတ်ပစ်လိုက်မိသည်။ ကျွန်မ အမြင်တွေ ဝေဝါးလှပြီ။ ထိုအချိန်မှာပဲ ကျွန်မ ဘယ်လိုမှ မမျှော်လင့်ထားသော အပြုအမူကို မောင် လုပ်လိုက်ခြင်းဖြစ်၏။ ကျွန်မကို ဖွေ့ခနဲပွေ့ချီကာ ကားဘက်ဆီ လျှောက်သွားခြင်းဖြစ်သည်။

ဝေးကွာနေခဲ့တာ ကြာပြီဖြစ်သော မောင့်ရင်ခွင်သည် ချမ်းအေးလွန်းသော ကျွန်မအား နွေးထွေးလုံခြုံသွားစေ၏။ မကြားရတာ ကြာပြီဖြစ်သော မောင့်ရင်ခုန်သံ တဒုတ်ဒုတ်သည် နားထောင်ရတာ အကောင်းဆုံး သံစဉ်ပင်ဖြစ်သည်။ ကျွန်မ လဲကျခဲ့သည့် နေရာနှင့် မောင့်ကားပေါ်မှာ နေရာလေး ဘယ်လောက်မှ မဝေးသော်လည်း ကျွန်မ တောင့်တလွမ်းနေသော အရာတွေကို ခဏတာဖြုတ် ပြန်လည်ခံစားခွင့်ရလိုက်သည့်အတွက်တော့ နာကျင်မှုများကိုပင် ခဏတာ မေ့ပျောက်ထားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် ကားလေးကို မောင်းထွက်လိုက်၏။ စတီယာရင်ကို လိုတာထက်ပိုပြီး ကျစ်ကျစ်ဆုပ်ကာ မျက်မှောင်ကြီးကျုံ့လျက် မောင်းနေသော မောင့်ကို ကျွန်မမသိမသာ ငေးကြည့်နေမိတာကလွဲရင် ဘာစကားတစ်ခွန်းမှ မပြောရဲသေး။ အသက်တောင်မှ ပြင်းပြင်းမရှူရဲသေးပါ။

ဟင် ဒါနဲ့ မောင် ဘယ်ကိုမောင်းနေတာပါလိမ့်။ ကျွန်မ ဘယ်မှာနေတယ်ဆိုတာကို မောင် မသိဘူးမဟုတ်လား။ အို ဘေးမှာမောင်ပါနေပြီပဲ၊ ဘယ်တွေပဲသွားသွား ကျွန်မကမောင့်နောက်ကနေ ထပ်ချပ်မကွာ လိုက်ချင်နေခဲ့သည့် မောင့်ဖနီးမယားတစ်ယောက်ပဲလေ။

ကိုယ့်အတွေးနှင့်ကိုယ် တစ်ချက်ကြိတ်ပြုံးမိသေးသည်။

ဆယ့်ငါးမိနစ်ခန့် မောင်းလာပြီးတော့ မောင် ချိုးကွေ့ဝင်လိုက်သော ကားပါကင်ကျယ်ကြီးဟာ ဆေးခန်းကြီးတစ်ခု၏ရှေ့တည့်တည့်တွင် ဖြစ်နေသည်။ မောင်က ဆေးခန်းလိုက်ပို့တာပေါ့ ကျွန်မကို။

''ဆင်း''

ပြောပြီးကာမှ သူ့ကိုမျက်နှာငယ်လေးနှင့် ပြန်ကြည့်နေသော ကျွန်မကြောင့် မောင် ခေါင်းတစ်ချက်ခါနှင့် ကားပေါ်မှဆင်းလာပြီး ကျွန်မဘက်မှတံခါးကို ဖွင့်ပေး၏။ နောက်တော့ ဆေးခန်းအပေါက်ဝမှ အစောင့်လေးတွေကို လှမ်းခေါ်လိုက်ကာ ဝှီးချဲလေးယူလာစေလိုက်သည်။ ဒီတစ်ခါတော့ မောင့်အချီအပွေ့ကို ကျွန်မ မရတော့ဘူးပေါ့နော်။

ဒဏ်ရာက တော်တော်ကြီးသောကြောင့် ဆယ့်နှစ်ချက်လောက် ချုပ်လိုက်ရပါသည်။ စိမ့်နေအောင်နာသော နာကျင်မှုကို အံ့ကြိတ်ခံရင်း တင်းခံထားရသည်။ ...





အား ဆွဲကိုင်ကာ အံကိုတင်းတင်းကြိတ်ရင်း တင်းခံထားရသည်။ မောင်က အခန်းအပြင်ထွက်သွားသောကြောင့် ကျွန်မမှာ အားကိုးတကြီးဆုပ်ကိုင်အားတင်းထားရမည့် လက်တစ်စုံလည်း မရှိခဲ့ပါ။

နေနိုင်လိုက်တာ မောင်ရယ်။

ဆေးဖိုးကိုတော့ မောင် ပေးချေလိုက်သည့်ပုံပါပဲ။ ဒီလောက်ထိ လိုက်လုပ်ပေးတာကိုပဲ ကျေးဇူးအထူးတင်မိပါတယ် မောင်။ ကားပေါ်ပြန်ရောက်တော့ သူက ကျွန်မကိုမကြည့်ပါ။ ခြေထောက်ကိုတော့ တစ်ချက်လှမ်းကြည့်၏။ ထဘီနှင့်ဖုံးမိနေသောကြောင့် မောင် ဘာမှမမြင်ရတာ သေချာပါသည်။

''ငါ ဘယ်မောင်းရမှာလဲ''

တော်ပါသေးရဲ့ ကျွန်မကို အိမ်ပြန်လိုက်ပို့ဖို့ မောင် တကယ်ဆုံးဖြတ်လိုက်ပြီပဲ။ ကျွန်မနေသည့် လိပ်စာလေးကို ခပ်မြန်မြန်လေး ရွတ်ပြလိုက်သည်။

မဝေးလှသောခရီးမို့ ခဏလေးအတွင်းမှာပင် ကျွန်မ အဆောင်တိုက်ခန်းလေးရှေ့ ကားထိုးရပ်သွားသည်။

''ပြန်လိုက်ပို့တာ ကျေးဇူးတင်ပါတယ် မောင်၊ မောင် အားတဲ့တစ်ရက်လောက် ကျွန်မဆီ ဖုန်းဆက်ပေးပါနော်၊ ကျွန်မ မောင်နဲ့နှစ်ယောက်တည်း စကားပြောချင်လို့ပါ''

''ဒါကိုတော့ ငါ မဆုံးဖြတ်နိုင်သေးဘူး၊ မင်းပြောမယ့်စကားတွေက ငါ့အတွက် ဘာလေးနက်မှုနဲ့ ယုံကြည်မှုကိုမှ မပေးနိုင်ရင် ဘာမှလည်း ထူးလာမှာမဟုတ်ဘူး၊ ငါတို့နှစ်ယောက်ကြားက အက်ကြောင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြန်စေ့လို့မရအောင် ကွဲနေခဲ့ပြီ''

''ဟင့်အင်း အဲဒါ မောင် တစ်ဖက်သတ်စကားနဲ့ ခံစားချက်ပါ။ ကျွန်မဘက်ကတော့ မောင့်ကို ဘယ်တော့မှ လက်တွဲမဖြုတ်ပါဘူး။ မောင့်ရဲ့မိန်းမအဖြစ်ပဲ မောင့်ကိုချစ်လျက်ရှိနေတုန်းပါ''

အိမ်အောက်ကနေ သဲသဲကို ဖုန်းဆက်ခေါ်ဖို့ ပြင်လိုက်စဉ်မှာ ပင်ကျွန်မဖုန်းလေး မပါလာတာ သိလိုက်ရ၏။ ဒီတိုင်းဆို ဖော့ကားထဲမှာ ပါသွားတာ သေချာပါသည်။ မောင့်ဆီက ဖုန်းလေးကို ငှားရမ်းတော့ မပေးချင်ပေးချင်နှင့် ထုတ်ပေး၏။ သဲသဲကို ဖုန်းဆက်ခေါ်ရသည့် အကြောင်းရင်းတွေထဲမှာ ဒဏ်ရာကြောင့် တွဲကူဖို့အပြင် ကျွန်မဟာ မိန်းကလေးအဖော်တစ်ယောက်နဲ့ အတူနေထိုင်နေတယ်ဆိုတာ မောင့်ကို သိစေချင်လို့လည်းပါတာပေါ့လေ။

''ဟယ် နီ ဘယ်လိုဖြစ်လို့တုန်း''

''ငါ ချော်လဲကျလို့ဟ၊ လမ်းမလျှောက်နိုင်ဘူး၊ ငါ့ကိုကူတွဲပြီး တက်ပေးပါနော်''

''အေး အေး''

လက်တစ်ဖက်က ကျွန်မကို သိုင်းဖက်လိုက်ရင်းနှင့် သဲသဲမျက်လုံးတွေက မောင့်ဆီကို ရောက်ရောက်နေသည်။ သူမ တစ်ခါမှမမြင်ဘူးသော ယောကျ်ားတစ်ယောက်နှင့်အတူတွဲပြန်လာသည်မို့ ရူးစမ်းနေခြင်း ပေါ့။ မောင့်ကားလေး ထွက်သွားသည်နှင့် လှေကားကိုဖြည်းဖြည်းချင်း တက်ရသည်။

ဒီပုံနဲ့ဆို မနက်ဖြန် အလုပ်ဆင်းနိုင်မည် မထင်ပါ။ ပျက်ကွက်





သည့်ရက်တွေများနေသောကြောင့် ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်လှပါပြီ။ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေကိုလည်း မျက်နှာမပြနိုင်အောင်ပါပဲ။

လှေကားတစ်လျှောက်လုံး တိတ်ဆိတ်နေသမျှ ဧည့်ခန်းကခုံလေးမှာ ထိုင်မိသည်နှင့်သဲသဲက သူမ သိချင်သည်များကို စမေးတော့သည်။

''ဘယ်လိုဖြစ်လို့ ချော်လဲတာလဲ''

''မိုးရွာနေတော့ ဒီလိုချောပြီး ချော်လဲတာပေါ့ဟာ၊ ဆယ့်နှစ်ချက်တောင် ချုပ်ခဲ့ရတယ်''

''ဘုရားရေ ဘယ်မှာလဲ ပြစမ်း ပြစမ်း''

ဒဏ်ရာကို မမြင်ရသော်လည်း ဒဏ်ရာပေါ်မှ ပတ်တီးဖြူဖြူများကို ကြည့်ရုံနဲ့တင် သဲသဲက ရင်ဘတ်ဖိနေသည်။

''နီရယ် နင်ကလေ ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ၊ အလုပ်တွေလည်း ထပ်ပျက်ဦးတော့မှာပေါ့ ဟင်း''

သဲသဲက ကျွန်မကိုယ်စား စိတ်တွေပူပေးနေသည့်အတွက် အားနာမိသေးသည်။ မနက်ဖြန်တင်ရမည့် ဖိုင်တွဲကို ပြင်ဆင်တင်ပြဖို့ ကျွန်မမှာအခွင့်အရေး မရှိတော့ဘူးလား။ အိမ်မှာပဲ အပြီးသတ် ရိုပို့သ် ရေးပြီး အင်တာနက်ကနေ လှမ်းပို့ပေးလိုက်ရင်တော့ ရပါသည်။ အင်း ပြီးမှပဲ အုပ်ချုပ်ရေးမှူးကို ကိုယ်တိုင်ဖုန်းဆက်မေးလိုက်တော့မည်။

''သဲသဲရေ ပြီးရင် ငါ့ကိုဖုန်းခဏငှားနော်၊ အုပ်ချုပ်ရေးမှူးကို လှမ်းဆက်ပြီး အလုပ်ကိစ္စလေး မေးချင်လို့''



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဖုန်းက"

"ငါ့ဖုန်းက ရုံးမှာကျန်ခဲ့လို့ပါဟာ"

"ဪ ဒါကြောင့် ခုနက နံပါတ်က အစိမ်းကြီးဖြစ်နေတာကိုး"

"အင်း ဟုတ်တယ် သူများဖုန်းနဲ့ယူခေါ်တာလေ"

"အေး မေးပါဦးမယ်၊ ခုနက လိုက်ပို့တဲ့ယောကျ်ားက ဘယ်သူလဲ"

"မောင်လေ"

"ဘုရားရေ"

ဒီအချိန်ခဏလေးအတွင်းမှာပင် ကျွန်မကြောင့် သဲသဲ ဘုရားတနေရတာ နှစ်ကြိမ်ရှိပြီ။ အင်းလေ သူ တလည်းတချင်စရာတွေချည်းပဲကိုး။

"ဘယ်လိုဖြစ်တာလဲ နီ၊ ဘာတွေထပ်ဖြစ်ကြပြန်ပြီလဲ ငါ့ကိုပြောပါဦး"

ကျွန်မကအဖြစ်အပျက်ကို အတိုချုံးရှင်းပြလိုက်သည်။ မောင်တွန်းလိုက်လို့ ကျွန်မဒဏ်ရာရသွားတာကိုတော့ ကျွန်မဘာသာ ခြေချော်လဲကျတယ်လို့ အနည်းငယ် ပြုပြင်ပြောဆိုလိုက်ရတာပေါ့လေ။

"ဟယ် နှင့်အဖြစ်ကလည်း စိတ်ပျက်စရာကြီးပါလား၊ အေးလေ နှင့်ယောကျ်ားနေရာမှာ ငါဆိုရင်လည်း သေချာပေါက် အထင်လွဲမှာပဲပေါ့"

သဲသဲက ရင်ဘတ်ကို လက်လေးနှင့်ဖိရင်း ဟန်ပါပါ ပြောသည်။ သဲသဲ ပြောတာလည်း မှန်ပါသည်။ မောင့်နေရာမှာ ကျွန်မဆိုရင်လည်း





သေချာပေါက် အထင်လွဲမှာပါ။ မောင်ဆိုတော့ ပိုဆိုးတာပေါ့။ နဂိုတည်းကမှ ကျွန်မကို ဘယ်လိုအကြောင်းပြချက်တွေနှင့် ဖောက်ပြန်ပါတယ်ဆိုပြီး စွပ်စွဲနေမှန်းမသိခဲ့တာလေ။ ခုလိုမျိုးမြင်ကွင်းမျိုးကို မျက်လုံးနှင့်တပ်အပ်မြင်လိုက်ရတော့ မောင့်ရင်ထဲက သံသယတွေ ပိုမိုခိုင်မာစေခဲ့မှာပေါ့။

"အခု နှင်ဘာလုပ်မယ် စိတ်ကူးထားလဲ"

"ငါ သူနဲ့နှစ်ယောက်တည်း စကားပြောခွင့်တောင်းထားတယ်၊ ငါတို့မျက်နှာချင်းဆိုင်နဲ့ စိတ်ကိုအေးအေးထားပြီး တစ်ခုခုကို ဆုံးဖြတ်ရတော့မယ့်အချိန်ရောက်နေပြီလေ၊ ဒီလိုမပြတ်မသား အခြေအနေကြီးနဲ့ ဘယ်လောက်ကြာကြာ နေနေရမှာတဲ့လဲ"

"အင်းပေါ့ သူက နှင့်ကိုတွေ့ခွင့်ပေးပြီး နှင်ပြောတာတွေကို လက်ခံနားလည်ပေးရင်တော့ အကောင်းဆုံးပေါ့လေ"

"ဆုတောင်းရတာပေါ့ဟာ"

ဟုတ်ပါတယ်။ ခုချိန်မှာ ကျွန်မဘက်က လုပ်နိုင်တာဆိုလို့ ဘုရားထံ ဆုတောင်းတာကလွဲရင် ဘာများတတ်နိုင်တော့မှာလဲ။

■ ■ ■

ဒဏ်ရာက အဆမတန် ကိုက်ခဲနေသည့်ကြားမှ မနက်ဆယ်နာရီအမီပေးပို့နိုင်ဖို့ ဖိုင်တွဲကို အရင်လုပ်နေရသည်။ ဒီညတော့ ကျွန်မအိပ်ရမည် မထင်ပါ။ အနာရှိန်ရော မိုးတွေရွာနှစ်နေအောင် မိထားတာရောကြောင့် လူက ခေါင်းထူနိုင်ဖို့ကို တော်တော်လေး ကြိုးစားနေရသည်။ အင်တာနက်ကနေပဲ ပို့ပေးလိုက်ပါဆိုပြီး လိုက်လျောပေးခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှူးကို ကျွန်မ ကတိမပျက်ချင်ပါ။

ညဆယ့်နှစ်နာရီတိတိ ဖြစ်နေပြီ။ ကျွန်မ ရေးရမည့်အချက်အလက်တွေ တော်တော်များများ ကျန်နေသေး၏။ ထိုစဉ်မှာပင် အိမ်ရှေ့မှ ဘဲလ်တီးသံထွက်လာခြင်း ဖြစ်သည်။

ဟင် ညကြီးသန်းခေါင် ဘယ်သူပါလိမ့်။ သဲသဲ မအိပ်သေးဘူးနဲ့တူသည်။ ချက်ချင်း တံခါးထဖွင့်ပေးသံ ကြားရ၏။ ဧည့်စာရင်းတွေ ဘာတွေ လာစစ်တာများလား။

"နှီ"

"အေး သဲသဲ ညကြီးမင်းကြီး ဘဲလ်လာတီးတာ ဘယ်သူတုန်း ဧည့်စာရင်းလား"

"ဘယ်က ဧည့်စာရင်းကမှာလဲ၊ နင့်ဇော် ရောက်နေတာ ဧည့်ခန်းထဲမှာ ထိုင်ခိုင်းထားတယ်"

"ဘာ ဇော် ဟုတ်လား။ သူက ဒီအချိန်ကြီး ဘာလာလုပ်တာလဲ"

ကျွန်မ ရင်တုန်ပန်းတုန်ဖြစ်စွာပင် မေးမိသည်။ ဒါ သူစိမ်းယောကျာ်းလေးတစ်ယောက် လာလည်ဖို့ ဘယ်လိုမှမသင့်တော်သေးအချိန်နာရီလေ။ ပတ်ဝန်းကျင်အခန်းတွေက သတိထားမိသွားရင် ကျွန်မတစ်ယောက်တည်းမဟုတ် သဲသဲပါ မကောင်းဖြစ်တော့မည်။

ဒီလူ ဘာဖြစ်တာပါလိမ့်။

"နင့်ဖုန်းကျန်ခဲ့လို့ လာပေးတာလို့ ပြောတယ်၊ ဟွန့် မိန်းမဇော် ငါ့ကိုပြောတော့ ရုံးမှာကျန်ခဲ့တယ်ဆိုပြီး"





"ဆောရီးပါဟာ ဘာရယ်မဟုတ် ငါဒီတိုင်းပြောလိုက်မိတာပါ"

"ဘယ်လိုလုပ်ရမလဲ၊ ခေါ်ခဲ့ရမှာလား"

"တကယ်ဆို နင် အိမ်ထဲတောင် ပေးမဝင်သင့်ဘူး၊ ဖုန်းကိုယူထားပြီး ပြန်လွှတ်လိုက်ရမှာ"

"ဒါတော့ တကယ်ဆောရီးဟာ၊ သူက နင့်ကိုမေးတော့ နင်အခန်းထဲမှာ ခြေထောက်ချုပ်ထားရလို့ ထလာနိုင်မှာမဟုတ်ဘူးလို့ ပြောလိုက်တယ်၊ အဲဒါလေ ဟို သူက နင့်ကိုတွေ့ချင်နေတယ်ဟာ၊ ငါ ခေါ်လာခဲ့လိုက်မယ်နော်"

"ဟဲ့ သဲသဲ ဟဲ့"

ကျွန်မ၏ထံမှ အဖြေစကားကို မစောင့်ဘဲ အခန်းထဲမှ လှစ်ခနဲပြေးထွက်သွားသည်။ သဲသဲရဲ့ဆန္ဒကို ကျွန်မ နားလည်ပါရဲ့လေ။ ကျွန်မအပေါ် အကြောင်းမဲ့ ရက်စက်စိမ်းကားနေသော မောင့်ထက်စာရင် ကျွန်မကို ဂရုတစိုက်ရှိသည့် ဇော့်ကိုအလေးပိုသာပြီး တွန်းပို့ပေးနေတာပေါ့။

ကျွန်မ အတွေးမဆုံးသေးခင် အခန်းထဲသို့ ဇော် ဝင်လာ၏။ အိမ်နေရင်းအကျႌပွပွနှင့် ဘောင်းဘီတိုလေးသာ ဝတ်ထားတာမို့ ဒဏ်ရာကို ဇော် အလွယ်တကူ မြင်တွေ့သွားပါသည်။

"ဘယ်လိုဖြစ်တာလဲ နှီ၊ ဒါ ဘယ်လိုဖြစ်တာလဲ၊ ငါ ဒါကြောင့်နင့်ကိုမထားခဲ့ချင်တာ သိလား၊ ငါမရှိတာနဲ့ နင်ဒီလိုဖြစ်တော့တာပဲ"

"လျှောက်မပြောစမ်းပါနဲ့ ဇော်၊ ဇော်ရှိလည်း ကျွန်မ ဖြစ်ဖို့ပါလာရင် ဖြစ်မှာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်းပြောတော့ ဆယ့်နှစ်ချက်တောင် ချုပ်လိုက်ရတယ်ဆို၊ တော်တော်ကြီးမှာပဲ ဒဏ်ရာက"

"ဟုတ်တယ် မှန်ကွဲစ စိုက်ဝင်သွားတာလေ"

"ဇော်ကို မှန်မှန်ပြောစမ်း။ မင်းဘာသာမင်းဖြစ်တဲ့ဒဏ်ရာတော့ မဟုတ်နိုင်ဘူး။ ဟိုကောင် မင်းကိုတစ်ခုခုလုပ်လိုက်တာ မဟုတ်လား"

"ဇော် ဘာတွေပြောနေတာလဲ"

ပြောသာ ပြောလိုက်ရသည်။ စိတ်တို့က မလုံခြုံစွာပင် ဇော့်မျက်လုံးများကို တည့်တည့်မကြည့်ရဲဘဲ မျက်နှာလွှဲလိုက်မိ၏။

"သေချာပါတယ် ဟိုကောင် မင်းယောကျ်ား လုပ်တာမဟုတ်လား။ ငါ့ကွာ တောက် ဒီလိုမှန်းသိရင် မင်းဘယ်လိုပြောပြော မထားခဲ့ဘူး"

"ဇော် ဘာဖြစ်လို့ ဒေါသတွေထွက်နေတာတုန်း၊ ခံရတာက ကျွန်မပါ၊ လုပ်တဲ့သူကလည်း ကျွန်မခင်ပွန်း၊ ဇော်က ကြားထဲကနေ ဘာဖြစ်လို့ နာနေတာတုန်း"

မောင် လုပ်တာမဟုတ်ဘူးလို့ မလိမ်ညာချင်တော့လို့ ဝန်ခံလိုက်ရပေမယ့် အထက်ပါစကားများကိုတော့ ဇော် နာကျည်းသွားအောင် ကျွန်မ ပြောလိုက်မိခြင်း ဖြစ်သည်။

"မင်းက ဘယ်လောက်ပဲ မင်းယောကျ်ားတွေ ဘာတွေပြောပြော ငါကတော့ အဲဒီကောင်ကို အသေသတ်ပစ်ချင်နေတာပဲသိတယ် လူစိတ်မရှိတဲ့ကောင်"

"ဇော် တော်တော့၊ ကျွန်မရှေ့မှာ သူ့ကို အဲဒီလို မပြောပါနဲ့





"မင်းယောကျ်ားဆိုတိုင်း သူဘာလုပ်လုပ် မင်းက ဒီတိုင်း ငြိမ်ခံနေမှာလား၊ ခုတစ်ခါကတော့ ဆယ့်နှစ်ချက်ချုပ်ရတဲ့ဒဏ်ရာပေါ့၊ နောက်အခေါက်အခေါက်တွေဆို မင်းအသက်ကိုပါ နှုတ်ယူဦးမလား မသိဘူး"

"ဇော် ကျွန်မစကားကို နားမထောင်ဘူးလား၊ သူ့ကိုမပြောနဲ့တော့လို့ ပြောနေတယ်လေ၊ သွား ဇော် ပြန်တော့"

ခေါင်းမထူနိုင်သည့်ကြားက ဇော့်ကို အားတင်းပြီး ဟန်လုပ်ပြောနေရတာ တစ်ချက်တစ်ချက်တော့ လူက မူးဟုက်ချင်ချင်။ မူးနောက်နောက်ဖြစ်သွားသော အသိစိတ်တို့ကို မနည်းပြန်ထိန်းထားရသည်။ ဒါပေမဲ့ ဇော် ရိပ်မိနေလေသလား မသိ၊ ဘာမှဆက်မပြောတော့ဘဲ ကျွန်မမျက်နှာကို တည့်တည့်ကြီး စူးစူးစိုက်စိုက် ကြည့်နေ၏။

"နီ မင်းနေမကောင်းဘူး မဟုတ်လား"

"ကောင်းပါတယ်"

"ဘာကောင်းတာလဲ ဇော့်ကို လာမလိမ်နဲ့၊ မိုးတွေလည်း ဒီသောက်မိထားပြီး ဒဏ်ရာလည်း ပြင်းပြင်းထန်ထန် ရထားတာကို မင်းအခု ဒါက ဘာလုပ်နေတာလဲ"

ကျွန်မရှေ့မှ လက်ပ်တော့ပ်ကွန်ပျူတာလေးကိုလှမ်းကြည့်ပြီး မေးသည်။ ကျွန်မရဲ့လုပ်လက်စ အချက်အလက်တွေကို ဇော် မြင်မှာ...

"မင်းအခြေအနေက ကောင်းကောင်းအနားယူရမှာကို၊ အခု...လုပ်နေတာတွေက နည်းနည်းမှ နည်းလမ်းမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး ဇော်၊ ဒါ အလုပ်အတွက် အရေးကြီးတယ် မနက်ဖြန် အလုပ်မသွားဖြစ်တော့ပေမယ့် ပေးထားတဲ့ကတိအတိုင်း ရှိုးယ် တွေကို မေးလ်ကနေပဲ ပို့ပေးလိုက်တော့မယ်၊ ခုနကပဲ ဖုန်းဆက်ပြီး ခွင့်တောင်းပြီးသွားပြီ"

"ဘာလဲ ကိုကျော်ထက်က ခွင့်ပြုလိုက်တာလား၊ ဟာ ဒီလူ ကတော့ ဒီမှာ အခြေအနေက ဒီလောက်ဆိုးနေတာကို နည်းနည်းပါးပါး အလိုက်ကန်းဆိုးမသိဘူး"

"ဇော် သူများတွေကို ရမ်းမနေပါနဲ့၊ ကျွန်မ ဒီလောက်ဖြစ်နေ တာကို အုပ်ချုပ်ရေးမှူးမှ မသိတာ၊ ခုလိုမျိုးခဏခဏ ပျက်နေတာကို ဘာမှမပြောတာဘဲ တော်လှပြီ"

"မလုပ်နဲ့တော့ ဒီဟာတွေကို၊ မင်း ကောင်းကောင်းအနားယူ သင့်တယ်"

"ဟင့်အင်း ကျွန်မပြီးအောင်လုပ်မှာ ဇော်၊ ပြီးတော့ ဒီစစ်တမ်း ပြီးသွားတာနဲ့ ကျွန်မ အလုပ်ထွက်မယ်"

"ဘာ မင်းဘာပြောတယ်"

"ဟုတ်တယ် ကျွန်မ အလုပ်ထွက်တော့မယ်၊ ဒီရက်ပိုင်းတွေ ကျွန်မတာဝန်ကို ကျွန်မ ကောင်းကောင်းမကျေပွန်ခဲ့ဘူး၊ အဲဒီတော့ ဒီလိုဝန်ထမ်းမျိုးက လုပ်ငန်းခွင်ထဲမှာ ရေရှည်ဆို အဆင်မပြေဘူးလေ"

"ဒီမှာ နီ၊ ဇော်က မင်းအလုပ်ရှင်ပါ၊ မင်းကို ဘယ်သူက ဘာမှမလုပ်ရဲဘူးကွ"

"တစ်ယောက်ယောက်ပြောမှ သိတာထက် ကိုယ့်တာသာသိပြီ





စောစောစီးစီး ခုလိုလုပ်လိုက်တာက ပိုသင့်တော်တာပဲလေ"

ဇော် တစ်ချက်ငိုင်ခနဲ ဖြစ်သွား၏။ ပြီးမှ တစ်လုံးချင်း

"မင်း အလုပ်ထွက်မှာ ဇော့်ကြောင့်လား"

ထိုမေးခွန်းကို ကျွန်မ မဖြေချင်။ ပုဂ္ဂိုလ်ရေးခံစားချက်ကြောင့် အလုပ်ထွက်သည်ဆိုတာမျိုးတော့ ကျွန်မ မဖြစ်ချင်ပါ။ ဒါပေမဲ့ ဇော့် ကြောင့်ဆိုသည့်အချက်ဟာ လုံးဝမပါဝင်ဘူးလို့ ငြင်းလို့မရတာတော့ အမှန်ပဲလေ။

"ဖြေလေ ဇော့်ကြောင့်လားလို့"

"နည်းနည်းမှ မဟုတ်ဘူးလို့ ငြင်းရင်တော့ ကျွန်မလိမ်ပြော နေတာပဲဖြစ်လိမ့်မယ်၊ ဇော့်ရဲ့ ကျွန်မမနှစ်သက်တဲ့အပြုအမူတွေကြောင့် လည်း ပါသင့်သလောက် ပါပါတယ်"

"ဟာ နီ မင်းကွာ"

ကျွန်မဘေးက ပလတ်စတစ်ခုံရှည်လေးမှာ ဇော် ထိုင်ချလိုက် ၏။ စိတ်ပျက်ညစ်ညူးသွားသည့်ဟန်ပန်က ဘယ်လိုမှကို ငြင်းလို့မရ အောင် ဇော့်မျက်နှာမှာ အထင်းသားပေါ်လွင်နေသည်။

ကျွန်မခေါင်းထဲက မူးနောက်ရီဝေမှုက တဖြည်းဖြည်းချင်း ပိုပို တိုးလာလျက် ဒဏ်ရာရဲ့ကိုက်ခဲနာကျင်မှုကလည်း မီးစနှင့်ထိုးနေသလိုကို စူးစူးရှရှ။ ခံစားရသည့်ဝေဒနာတွေက ကျွန်မတစ်ကိုယ်လုံးမှာ အကြိတ် အနယ်ပါပဲ။

"ဇော် ပြန်သင့်နေပြီ"

အားယူပြီး ပြောလိုက်ရသော ကျွန်မအသံကြားမှ ဇော် အသိ



www.burmeseclassic.com

ဝင်လာသူလို ကျွန်မဘက်လှည့်ကြည့်သည်။

"မင်းကရော"

"ကျွန်မက အလုပ်ဆက်လုပ်မှာပေါ့ ဖော်"

"ဟင့်အင်း မရဘူး၊ ဖော် ခွင့်မပြုဘူး၊ မင်းအခု ဆေးသောက်ပြီး အနားယူလိုက်တော့"

"ဆေးခန်းက ပေးလိုက်တဲ့ ဆေးသောက်ပြီးပါပြီ၊ ကျွန်မကို စိတ်မပူဘဲ ဆရာမလုပ်ဘဲ ဖော့်လမ်းကိုသာ ဖော် တည့်တည့်မတ်မတ် ပြန်ပါတော့"

"ဖော် မပြန်ဘူး နီ"

"ဖော် ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ် ဖော် မပြန်ဘူး၊ ဒီည မင်းနားမှာနေမယ်၊ မင်း အနားမယူမချင်း ဖော် တစ်ဖဝါးမှ ခွာမှာမဟုတ်ဘူး"

ဖော့်မျက်နှာက တကယ့်ကို ဆုံးဖြတ်ချက် ခိုင်မာစွာချထားပြီး ပြောဆိုနေသည့်ပုံ။ ကျွန်မ နည်းနည်းတော့ လန့်သွားမိသည်။ ဖော်က တစ်ခုခုကို ဆုံးဖြတ်ချက်ချပြီးရင် မဖြစ်ဖြစ်အောင် လုပ်တတ်သူ မဟုတ်လား။

"ဖော် တကယ်ပြောနေတာနော်၊ ဒါကြောင့် မင်းအိပ်ရာပေါ်မှာ သွားပြီး အနားယူလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ကျွန်မစိတ်တွေ တော်တော်လေး ရှုပ်ထွေးသွားသည်။ ဒါ ကျွန်မ အခန်းထဲထိလာပြီး ကျွန်မကို အကျပ်ကိုင်နေခြင်းပဲ မဟုတ်လား။ ခံရ ခက်လှသော်လည်း ဖော့်ရဲ့ဖွတ်တရွတ်လုပ်တတ်သည့် စိတ်ကို ကျွန်မ





ကောင်းကောင်းသိပါသည်။

"အိုကေ ကောင်းပြီ၊ ကျွန်မ အနားယူလိုက်ရင် ဖော် ပြန်မှာလား"

"အင်း ပြန်မှာ"

သက်ပြင်းလေးကို မသိမသာချလိုက်ရင်း အိပ်ရာထက်သို့ ခုတင်ကို အားပြုရင်း နေရာရွှေ့လိုက်သည်။ ကျွန်မထိုင်နေသော ကုလားထိုင်နှင့်အိပ်ရာက ကပ်လျက်သားမို့ လူတစ်ဖက်သား၏အကူအညီကို ယူစရာမလိုပါ။ မဟုတ်ရင် ဖော့်အကူအညီကို တောင်းနေရဦးမှာလေ။ ဖော် ပြန်သွားရင်လည်း ကိုယ့်ဘာသာပြန်ထပြီး ကုလားထိုင်လေးဆီ အသာအယာ ရွှေ့လိုက်ရုံ။

ခေါင်းအုံးပေါ် ခေါင်းလေးတင်လိုက်ပြီး ဖော့်ကိုလှမ်းကြည့်လိုက်တော့ ခါးကြီးထောက်ပြီး ကျွန်မကို မျက်မှောင်ကျုံ့လျက်သား စိုက်ကြည့်နေတာ မြင်ရသည်။

"ပြန်တော့လေ"

"အောင်မာ ဖော့်ကို လူလည်ကျဖို့ လုပ်နေတာမဟုတ်လား၊ မရဘူး နီ နီအိပ်ပျော်သွားတာကိုကြည့်ပြီးမှ ဖော် ပြန်မှာ"

"ဟာ အဲဒါတော့ ဖော် ညစ်တာပဲ"

ဒီတစ်ခါတော့ ကျွန်မ စိတ်တိုစွာ ပြောလိုက်မိသည်။

"မညစ်ပါဘူး၊ မင်းသာ ပျော်အောင်အိပ်၊ မင်းအိပ်ပျော်သွားတာနဲ့ ဖော် တကယ်ပြန်မှာ"

ဟူး ဒီဖော်က လွယ်လွယ်ကူကူနဲ့ပြောလို့ရမှာမဟုတ်ဘဲတူတူ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်ယောင်ဆောင်ဖို့သာ ကျွန်မ ကြိုးစားရပါတော့မည်။ မျက်လုံးလေး များကို မှိတ်ထားလိုက်၏။

ကောင်းလိုက်တာ။ လှဲလိုက်ရတာမို့ တစ်ကိုယ်လုံးက အကြော တွေပြေလျက် ကျိန်းစပ်နေသော မျက်လုံးများကလည်း ခမ့အနားရသွား ကြသည်၊ ကိုယ့်ကိုယ်ကိုယ် အိပ်ချင်ယောင်ဆောင်နေတာလို့ စိတ်ထဲကနေ အတန်တန် တင်းထားပါလျက်နဲ့ အမှောင်ကမ္ဘာကြီးထဲ ပြုတ်ပြုတ်ကျ သွားတာ အကြိမ်ကြိမ်။

မေးခန်ဲ့ဖြစ်သွားလိုက်၊ ဆတ်ခနဲ ပြန်နိုးလိုက်နှင့် ကျွန်မတစ် ယောက်တည်း ကိုယ့်စိတ်နှင့်ကိုယ် ဗျာများနေသည်၊ ဖော်ရှိသေးလားလို့ မျက်လုံးဖွင့်ကြည့်ချင်တာတောင် မနိုင်တော့သည့်အနေအထားနှင့် နောက်ဆုံးတစ်ကြိမ်မှာတော့ ကျွန်မ စိတ်မနိုင်စွာပင် တကယ်ကြီး အိပ် ပျော်သွားတော့၏။



## အခန်း (၇)

"ဟင်"

ပါးစပ်က အာမေဍိတ်သံလေး ထွက်ကျသွားသည်ထိ ကျွန်မ အံ့သြသွားရသည်။

လမ်းပေါ်က ကားမောင်းသံတွေ လူသံတွေကြောင့် ကျွန်မ ဖြတ်ခနဲ နိုးသွားချိန်မှာ မနက်ခုနစ်နာရီခွဲနေပြီ။ ဒါက အံ့သြစရာမဟုတ် ပါ။ တကယ့်အံ့သြစရာက ကျွန်မဘေးကပ်လျက်မှာ လက်နှစ်ဖက်ကို ယှက်ပွေ့ပြီး ခေါင်းခုကာ ကွေးကွေးလေး အိပ်ပျော်နေသည့် ဖော့ကိုမြင် လိုက်ရသောကြောင့် ဖြစ်သည်။

သူ သူ့ညက အိမ်မပြန်ဘူးလား။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ လျက် အိပ်ပျော်သွားသည့်နောက်မှာ တစ်ညလုံးနေလို့ တစ်ရေးကောင်း ကျွန်မ မနိုးလာတော့။ ထို့ကြောင့် ဖော် ပြန်သွားလား မပြန်သွားလား

www.burmeseclassic.com



လည်း ကျွန်မ မသိလိုက်။ ခုတော့ သူက ကျွန်မဘေးမှာတောင် ကောင်းကောင်းအိပ်ပျော်လို့နေသေးသည်။

ဟင် ပြီးတော့ ကျွန်မအလုပ်တွေ၊ ဒီတစ်ခါတော့ ဒုက္ခတာကယ်ကြီးပါပြီ။ ခုအချိန်နဲ့တော့ ဘယ်လိုမှမီအောင် လုပ်နိုင်တော့မည်မထင်။ ကျွန်မ သေသာသေလိုက်ချင်တော့တာပဲ။

“ဇော် ဟိတ် ဇော်  ထစမ်း ထ ထ”

သူ့လက်ကိုကိုင်လှုပ်ပြီး နှိုးလိုက်မှပင် ကျွန်မ မျက်လုံးပြူးရပြန်သည်။ ဇော် ကိုယ်တွေခြစ်ခြစ်တောက် ပူနေပါလား။ ညက မိုးမိထားသည့်ဒဏ်နှင့် ဇော် ဖျားနေပြီပေါ့။

ဒုက္ခပါပဲ။

သဲသဲဆီကို ချက်ချင်းဖုန်းဆက်ခေါ်ရတော့၏။ တစ်ဖက်ခန်းကနေ သဲသဲ ချက်ချင်းကူးလာပါသည်။

“မနက်အစောကြီးတုန်းက ငါ တံခါးလာခေါက်သေးတယ်၊ နင်က အထဲက ပိတ်ထားတာကိုး”

“ငါမဟုတ်ပါဘူးဟာ၊ ဇော်ပဲဖြစ်မှာပေါ့”

“ဒါနဲ့ သူက ဘယ်လိုဖြစ်တာလဲ၊ ညက ဒီမှာ”

“နောက်မှ ငါပြောပြမယ်ဟာ၊ လောလောဆယ် ဇော့်ကို ရေခဲအုပ်ဖို့ ပြင်ဆင်ပေးပါလားဟင်”

“အေး အေး ငါသွားလုပ်လိုက်မယ်”

သဲသဲက ထင်မြင်ချက်တွေပေးတော့မှာကိုကြိုသိတာမို့ ကျွန်မ ခပ်မြန်မြန်ပင် ပိတ်လိုက်သည်။ အခုအရေးကြီးတာက ဇော့်ကို တစ်ခုခု





လုပ်ပေးဖို့ပဲလေ။

အိပ်ရာပေါ်မှာ ဇော့်ကို သက်တောင့်သက်သာဖြစ်အောင် နေရာပြောင်းလဲပေးလိုက်ပြီး သဘက်အသေးလေးထဲ ရေခဲတုံးလေးတွေထည့်လျက် နဖူးထက်အသာဖွဖွကပ်ပေးနေမိသည်။ ခုချိန် ကျွန်မခေါင်းထဲမှာ အလုပ်ကိစ္စတွေလည်း မရှိတော့ဘဲ ဇော့်ကို သက်သာစေချင်သည့်စိတ်ကသာ နေရာယူထား၏။

“နီရေ ငါသွားတော့မယ်နော်၊ နင် အဆင်ပြေပါ့မလား”

သဲသဲက စာသွားသင်ခါနီး စိတ်ပူပန်စွာနှင့် လာမေးပါသေးသည်။

“အေး ဘာမှစိတ်မပူပါနဲ့၊ ငါလည်း ဖြည်းဖြည်းချင်းလျှောက်လို့ရပါတယ်၊ ကျန်တာကတော့ သူနိုးလာမှပဲ ကြည့်လုပ်တော့မယ်”

ဆယ့်ငါးမိနစ်လောက်ဆက်တိုက် ရေခဲအုပ်ပေးလိုက်တော့ ဇော် နည်းနည်းလှုပ်လှုပ်လာသည်။

“ဇော် ဇော် နိုးပြီလား”

“အင်း ဟင်း”

မျက်လုံးကိုဖြည်းဖြည်းချင်း ဖွင့်ကြည့်လာသည့်အတွက် ကျွန်မ ဝမ်းသာရသေးသည်။

“ဇော် ဇော် အိပ်ပျော်သွားတယ်”

“ဘယ်လိုဖြစ်တာလဲ ဇော်၊ ကျွန်မနိုးလာတော့မှ ဘေးနားမှာ ဇော် ရောက်နေတယ်၊ ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူလို့၊ ညက ကျွန်မလည်း လုံးဝမဟုန်နိုင်ဘဲ အိပ်ပျော်သွားတာလေ၊ ဇော် ပြန်လား



www.burmeseclassic.com

www.burmeseclassic.com



မပြန်လားလည်း ကျွန်မ မသိလိုက်ဘူး''

''ဇော် တောင်းပန်ပါတယ်၊ တကယ်ဆို ဇော် မှားသွားတယ်''

လေသံလေးနှင့် လေးပင်စွာ တောင်းပန်စကားဆိုလာသော ဇော့်ကြောင့် ကျွန်မမှာ သက်ပြင်းလေး ချမိသေးသည်။

''ဇော် ခဏနားနေဦး၊ ကျွန်မ စားဖို့ တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်''

ကျွန်မက ခုတင်တိုင်ကို အားယူထရင်း ဖြည်းဖြည်းချင်း ရပ်လိုက်သည်။ ခူးခနဲ အောင့်သွားပေမယ့် ကြိုးစားပြီး လျှောက်ရင်တော့ ဖြစ်မှာပါ။

''မင်းခြေထောက်နာနေတာကို ဘယ်သွားဦးမလို့လဲ၊ တကယ်တမ်း နားရမှာ မင်းလေ''

ဇော်က လှဲနေရာကနေ ကုန်းထလိုက်ပြီး ကျွန်မ လက်တစ်ဖက်ကို လှမ်းဆွဲထားရင်း ပြောသည်။

''ရှင့်ဘာသာ အေးဆေးနားနေစမ်းပါ ကျွန်မ ဒီလောက်တော့ လျှောက်နိုင်ပါသေးတယ်''

လက်ကို ဆတ်ခနဲ ရုန်းထွက်လိုက်ပြီး နံရံကိုအားပြုကာ ခပ်မှန်မှန် လှမ်းလာခဲ့လိုက်သည်။ ပေါင်မုန့်ချပ်တွေကိုယူကာ မီးကင်စက်လေးထဲ ထည့်လိုက်သည်၊ နောက်တော့ ကြက်ဥကြော်သည်။ နောက် ကော်ဖီခါးခါး နှစ်ခွက်။ အားလုံးကို ဗန်းလေးထဲ စုထည့်ပြီး ယူလာလိုက်၏။ ခြေထောက်က ထော့နင်းထော့နင်းနှင့် လမ်းမှာ မှောက်မကျသွားအောင် မနည်းထိန်းနေရသေးသည်။





''ဟာ ရရဲ့လား နီ''

အခန်းထဲဝင်လာတာမြင်တော့ သူ ခုတင်ပေါ်ကနေ ချက်ချင်းထလာကာ ကျွန်မလက်ထဲမှ စားစရာဗန်းကို လှမ်းယူပြီး စားပွဲပေါ်တင်လိုက်၏။

''နီ မင်းကလေ တော်တော်ခေါင်းမာတာပဲနော်''

''ဘာဖြစ်သေးတုန်း''

ကျွန်မ ဘုဆတ်ဆတ်ပြန်ပြောလိုက်လျှင် သူ ဘာမှဆက်မပြောတော့ဘဲ ပါးစပ်ပိတ်သွား၏။

''ရော့ ဒီမှာ ပေါင်မုန့်မီးကင် ကြက်ဥကြော်လေးစား၊ ပြီးရင် ကော်ဖီသောက်၊ အားလုံးပြီးရင် ဆေးသောက်ရမယ်''

ငေးစိုက်ကြည့်နေသော ဇော့်မျက်ဝန်းတွေမှာ ဟိုးလွန်ခဲ့တဲ့နှစ်တွေတုန်းကအတိုင်း ကြင်နာနွေးထွေးလို့မှုကို ကျွန်မ ခံစားသိနေရသည်။ ကျွန်မတို့နှစ်ဦး ရည်းစားဖြစ်ကာစက ယယ်ရွယ်သူချင်းမို့ ရှက်လည်းရှက် တစ်ယောက်ကိုတစ်ယောက်လည်း အရူးအမူး ချစ်ခဲ့ကြသည်။

သို့သော် အဲဒီတုန်းက ကျွန်မ အမြဲတမ်း မကျေနပ်ခဲ့သော အကြောင်းအရာသည် ဇော် ခိုးပြေးခဲ့ဖူးသည်။ ကွာရှင်းခဲ့ဖူးသည်ဆိုသော အမှန်တရားတစ်ခုဖြစ်၏။

''ဇော့်ကို သူက အတင်းလိုက်ကပ်နေတာ တော်တော်ကြာပြီ၊ တစ်ရက် ဇော်တို့သူငယ်ချင်းတွေ ဘီယာဆိုင်သွားထိုင်တာကို လိုက်လာခဲ့ပြီး အပြန်မှာ ဇော့်နောက်ကနေ ဖွတ်လိုက်တော့တာလေ၊ ဟိုကောင်တွေကလည်း အရမ်းအားကိုးရပါတယ်၊ ဇော် အဲဒီလောက်တားနေတဲ့ကြားက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ကိုယ်ပြန်သွားကြတာ၊ ဖော် မသိလိုက်ပါဘဲ အဲဒီမိန်းမက သူ့အိမ်ကို ဖော်နဲ့ရိုးပြေးသွားပါပြီဆိုပြီး ဖုန်းဆက်ပြောခဲ့တာ၊ ဖော်ကတော့ နောက်ကနေ သူပါလာတာသိပေမယ့် ကိုယ့်အိမ်ထဲရောက်ရင် အားလုံး အိုကေသွားမယ်၊ သူလည်း သူ့အိမ်သူ လှည့်ပြန်သွားမယ်လို့ ထင်ခဲ့တာ ဖော့်အထင်တွေ လုံးဝဥဿုန်ကို လွဲသွားတော့တာပဲ၊ ဖော်လည်း အိမ် ပြန်ရောက်ရော ဖော့်ဦးလေးရယ် သူ့မိဘတွေရယ်က ခြံပြင်ထွက်စောင့် နေပြီ၊ ဖော့်နောက်မှာလည်း သူက ကပ်လျက်ပါလာတာဆိုတော့ ဖော် ဘယ်လိုရှင်းရှင်း သူတို့မယုံကြတော့ဘူးလေ၊ ငယ်သေးတော့ ဖော်လည်း ပြန်ချေပဖို့ မယ်မယ်ရရ ဘာမှမစဉ်းစားမိဘူး၊ နောက်ဆုံးတော့ ဖော် သူ့ကိုလက်ထပ်လိုက်ရတယ်၊ ဒါပေမဲ့ အားလုံးသိတဲ့အတိုင်းပါပဲ၊ ခြောက် လအကြာမှာပဲ ဖော် သူနဲ့တရားဝင်ကွာရှင်းခဲ့တာလေ၊ အဖြစ်အပျက် မှန်တွေကို ဖော် ရှင်းပြလို့ ဦးလေးကလည်း နားလည်ထားတော့ ဖော့်ကို မတားခဲ့ပါဘူး၊ ဒါကို သူတို့ဘက်က မကျေနပ်တော့ ဖော်ကပဲ တစ်ခုခု မကောင်းတာတွေ သူတို့သမီးအပေါ်မှာ လုပ်ခဲ့ပြီးမှ အနိုင်နဲ့ပိုင်းပြီး ကွာပစ်တယ်လို့ သတင်းလွှင့်ကြတာ''

ဒီလောက်ထိ ရှည်ရှည်ဝေးဝေး ရှင်းပြခဲ့ပါလျက် ဖော့်စကား တွေကို ကျွန်မ ယုံကြည်ခဲ့ရင်တောင် လက်ခံပေးဖို့တော့ ခဲယဉ်းနေခဲ့ ဖူးသည်။ ဖော့်ကို ဘယ်လောက်ပဲချစ်ချစ် တစ်ခုလပ်ဆိုတဲ့နာမည်ကို ကျွန်မ မနှစ်မြို့နိုင်ခဲ့၊ ကျွန်မက အိမ်ထောင်တစ်ခုကို တစ်သက်မှာ တစ်မင်္ဂလာ၊ ရိုးမြေကျပေါင်းသင်းခြင်းကိုသာ မြတ်နိုးခဲ့သူ ဖြစ်၏။ ဘယ်သူ မဆို လူ့ပျိုအပျိုဘဝမှာ ရည်းစားတွေ ဘယ်လောက်ပဲထားထား အိမ်





ထောင်ကျသွားလျှင်တော့ တည်တည်ငြိမ်ငြိမ်နှင့် ကိုယ့်အိမ်ထောင် သာ ယာအောင်သာ ကြိုးစားကြတာကိုပဲ ကျွန်မ မြင်ချင်ခဲ့သည်။

အိမ်ထောင်ရေးသာယာချမ်းမြေ့မှုကို လိုလားသော ကျွန်မရဲ့ အိမ်ထောင်ရေးကတော့ ခုချိန်မှာ မယုံနိုင်စရာကောင်းလောက်အောင်ကို အက်ကွဲကြောင်းတွေ ကြီးမားနေခဲ့သည်။ အချိန်မရွေး ပြုတ်ကျသွားနိုင် သော ချောက်ကမ်းပါးစွန်းမှာ ရပ်နေရ၏။ ကိုယ်ချစ်ရသူနှင့် နှစ်ဦး သဘောတူ ထူထောင်ထားသော အိမ်ထောင်ရေးကို လက်လွှတ်ပေးရ တော့မယ်လို့ စဉ်းစားမိတိုင်း ကျွန်မ သွေးပျက်တုန်လှုပ်နေဆဲ ဖြစ်သည်။

"ဟေး နီ ဘာတွေတွေးနေတာလဲ၊ စားဦးလေ"

အနားကပ်လျက်မှာ စားသောက်နေရင်း လှမ်းသတိပေးသော ဖော့်အသံကြောင့် ကျွန်မအတွေးထဲကနေ လန့်နိုးသွား၏။ ဖော်က ပေါင်မုန့်နှစ်ချပ်တောင် စားလို့ပြီးနေပြီ။

"ကြက်ဥကြော်လည်း စားလိုက်ဦး၊ အစာစားပြီးရင် ဆေး သောက်ရမယ်"

ဖော့်ကို ဆေးတိုက်ခြင်းကိစ္စ ပြီးစီးသွားတော့မှ ကျွန်မ ပြော ရောရှိတာတွေကို ဆက်ပြောရသည်။

"ဖော် ကျွန်မ တကယ်အတည်ပြောနေတာပါ၊ ဒီလို လုပ်ရပ် မျိုးက ဖော်ရော ကျွန်မရော နှစ်ယောက်လုံးအတွက် အဆင်မပြေဘူး၊ ဥပမာ ဒီနေ့မနက်ပဲကြည့် ကျွန်မနဲ့အတူနေတဲ့ သူငယ်ချင်းက ဘယ်လို ထင်သွားမလဲ၊ ကျွန်မတို့နှစ်ယောက်လုံးကတော့ နေမကောင်းလို့ လုံးထွေး မှိန်းပြီး အိပ်ပျော်သွားတယ်၊ ဒါပေမဲ့ တခြားသူတစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြောကြည့်ပါလား၊ ဘယ်သူမှယုံမှာမဟုတ်ဘူး ဇော်၊ ကျွန်မတို့ ရိုးသားပါတယ်ဆိုတာကို''

''ညက ကိစ္စက ဇော် မှားသွားတယ်၊ တောင်းပန်တယ်လို့ ပြောပြီးသွားပြီလေ''

''မဟုတ်သေးဘူး ဇော်၊ ရုံးမှာ လမ်းမှာ ကျွန်မနဲ့ပတ်သက်ပြီး ဇော် ဆက်ဆံတဲ့ပုံစံ အားလုံးကို ဇော်ပြောင်းလဲပစ်ရမှာ''

''ဇော် မင်းကို ရိုးသားစွာ ဂရုစိုက်တာပါ''

ကော်ဖီကို တစ်ငုံသောက်လိုက်ရင်း ဇော် ပြောသည်။

''ဇော် တကယ်ပဲ ရိုးသားတယ်ဆိုတာ သေချာရင် ကျွန်မ မျက်လုံးတွေကို တည့်တည့်ကြည့်ပြီး ပြောပါ ဇော်''

ဇော် ကျွန်မကိုမကြည့်ပါ။ ရှေ့တည့်တည့်မှာရှိသော ပြက္ခဒိန်လေးကိုသာ ငေးစိုက်ကြည့်နေသည်။

''ဇော်တို့နှစ်ယောက် ချစ်သူစဖြစ်ခဲ့တာ ဘယ်နေ့လဲ နီ မှတ်မိသေးလား''

မထင်မှတ်ဘဲ ကြားလိုက်ရသော ဇော့်စကားက ကျွန်မကို ကြောင်အမ်းသွားစေသည်။

''ဇော် ရှင်ရူးနေပြီလား''

ထိုအချိန်ကျမှ ဇော် ကျွန်မဘက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်လာခဲ့သည်။ နေမကောင်းလို့ ဖြူလျော်လျော်ဖြစ်နေသော နှုတ်ခမ်းများက ဖျော့ဖျော့လေး ပြုံးနေ၏။

''မင်း ငါ့ကို သစ္စာဖောက်လိုက်တာ စသိခဲ့တဲ့ အချိန်တည်းက





ဒါရူးသွားတာလေ၊ ဟုတ်တယ် အဲဒီအချိန်တည်းက ငါ ရူးနေခဲ့တာ ခုချိန်ထိပဲ၊ မင်းကိုငါ ရူးမတတ် ချစ်ခဲ့တယ်ဆိုတာ မင်းမယုံကြည်ခဲ့ဘူးလား''

ဇော့်စကားများကို နားထောင်ပြီး ကျွန်မ ကျောထဲကပင် စိမ့်ခနဲ အေးသွား၏။ ဇော့်လေသံကို နားထောင်ရတာ နိုင်ငံခြားရုပ်ရှင်တွေထဲက စိတ္တဇလူသတ်ကောင်လိုလို ဘာလိုလို။

''အခု အခု ဇော် ပြောနေတာတွေက ယုတ္တိရှိတယ်လို့ ဇော် ထင်နေတာလား''

''ဇော် ထင်နေတာ မဟုတ်ဘူး၊ ဇော် သိကိုသိနေတာ၊ ဟုတ်ကို ဟုတ်နေတာ''

''တော်ပြီ ဇော်၊ ဇော် ပြန်တော့''

မတ်တပ်ထရပ်လိုက်သည့် ဇော့်ခြေထောက်တွေ ယိမ်းထိုးနေတာ ကျွန်မ သိပါသည်။ သူ နေမကောင်းတာ တကယ်မှန်းသိပေမယ့် ခုလောက်ထိ ပြုစုပေးခဲ့တာကပင် သူ့အတွက် တော်တော်များနေပါပြီ။ တကယ်ဆို ဒီလိုအနေအထားမျိုးဆိုတာ ဇော်ဖန်တီးခဲ့တဲ့ မဖြစ်သင့်သော အရာတွေထဲမှာ တစ်ခုအပါအဝင်ပဲလေ။

ကျွန်မရှေ့ကနေ တစ်လှမ်းချင်းထွက်သွားသော ဇော် ပျောက်ကွယ်သွားတော့မှ ကျွန်မမှာ သက်ပြင်းချနိုင်တော့သည်။ ဇော်တကယ်ပဲ ကျွန်မကို အဲဒီလောက်ထိ ချစ်ခဲ့တာတဲ့လား။ ချစ်သူဘဝတစ်လျှောက်လုံး အလုပ်သိပ်များတတ်တာကလွဲရင် ကျွန်မအပေါ် ဘာတစ်ခုမှ ဇော်မပျက်ကွက်ခဲ့တာတော့ ကျွန်မ ကောင်းကောင်းမှတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လိုချင်တာအားလုံးရသည်။ ဖြစ်ချင်တာတွေလည်း ဖြစ်ခွင့်ပေးသည်။ ဘယ်အချိန်မဆို ကျွန်မရဲ့ပြဿနာတွေကို ကူညီနားထောင်ဖြေရှင်းပေးဖို့ ဝန်မလေးတတ်သူလည်း ဖြစ်၏။

ခုချိန်မှာ အရာရာကို စောင့်ထိန်းနေရပေမယ့် တစ်ချိန်တစ်ခါတုန်းကတော့ ရှည်းစားဦးဆိုသည့် အသိလေးတစ်ခုတည်းနဲ့တင် ဖော့်ကို ကျွန်မ သိပ်ချစ်ခဲ့တာ အသေအချာပါပဲ။

■ ■ ■

"တင်ပြထားတဲ့အချက်အလက်တွေအားလုံး သိပ်ပြည့်စုံပါတယ်"

"ရှင် ဘာကိုပြောတာလဲ အုပ်ချုပ်ရေးမှူး"

ကိုကျော်ထက်ထံမှ ဖုန်းဝင်လာသောကြောင့် ကျွန်မ တော်တော်စိတ်ပျက်လက်ပျက်နှင့် ဖုန်းကိုင်လိုက်ခြင်း ဖြစ်သည်။

မနေ့တုန်းက သူ့ကိုကတိပေးခဲ့သလိုမျိုး ကျွန်မ အင်တာနက်ကနေ မပို့ဖြစ်ရုံတင်မကဘဲ ဘာအချက်အလက်မှတောင် မပြုစုဖြစ်လိုက်။ ဖော် ဝင်နှောင့်ယှက်လို့ အားလုံးလွဲချော်ကုန်ရတာလေ။ ကွန်ပျူတာရှေ့တောင် မသွားတော့ဘဲ အိပ်ရာထဲမှာ ပေကပ်လုံ့နေတာ နှစ်ဆယ့်လေးနာရီပင် ကျော်နေပြီ။

အခုလည်း ဖုန်းကိုင်တုန်းကတော့ ရင်တထိတ်ထိတ်ပေမယ့် ကိုကျော်ထက်အသံကို ကြားလိုက်ရချိန်မှာ ကျွန်မအံ့ဩသွားမိ၏။ ဘာကိုဆိုလိုမှန်းလည်း ချက်ချင်းသဘောမပေါက်နိုင်။

"ဟိုတစ်နေ့က ညတွင်းချင်းပို့ပေးလိုက်တဲ့ စျေးကွက်စစ်တမ်း





ကို ပြောတာပါ"

"ရှင် အဲဒါ အဲဒါက"

ကျွန်မ အထစ်ထစ်အငေါ့ငေါ့နှင့် ဘာပြောလို့ပြောရမှန်း မသိ။ စားပွဲပေါ်မှ လက်ဝ်တော့ကို လှမ်းယူလိုက်ပြီး ခပ်မြန်မြန်ဖွင့်ကြည့်လိုက်တော့မှ အဖြေက ရှင်းသွား၏။ ဖိုင်တွေလည်း အားလုံးစနစ်တကျလုပ်ပြီးသည့်အပြင် အဲဒီနေ့ညကြီး နှစ်နာရီလေးဆယ့်သုံးမိနစ်အချိန်မှာ ကိုကျော်ထက်ထံသို့ မေးလ်လည်းပို့ပြီးဖြစ်နေသည်။ ကွန်ပျူတာကို လုံးဝပစ်ထားမိသောကြောင့် ဒါတွေကို ကျွန်မ လုံးဝမသိခဲ့ပါ။

ခုတော့။

"ဟုတ် ကျွန်မရေးထားတာ လိုအပ်တာလေးတွေ ရှိရင်လည်း မေးနိုင်ပါတယ်နော်"

"လောလောဆယ်တော့ မင်းရဲ့တင်ပြပုံ တော်တော်သဘောကျပါတယ်၊ နောက်ပိုင်း မင်းသက်သာတော့မှ လူချင်းတွေ့ပြီး ရှေ့လျှောက်ပလန်တွေ ထပ်ချကြတာပေါ့"

ခုချိန်မှာ အလုပ်ထွက်ဖို့ ပြောလိုက်ရင် ကျွန်မဘက်က ဘယ်တရားပါ့မလဲနော်။ အချိန်လေးတော့ နည်းနည်းယူရဦးမည်နှင့်တူသည်။

"ဩော် ဒါနဲ့ အဲဒီနေ့က ခွင့်ပါတစ်ခါတည်းတွဲတင်တော့ ကျွန်တော်က ရိုးရိုးနေမကောင်းတာလို့ပဲ ထင်နေခဲ့တာ၊ ဖော် ပြောပြတော့မှပဲ အဖြစ်မှန်ကို သိရတော့တယ်၊ အေးအေးဆေးဆေး အနားယူပါ။ ဒဏ်ရာကောင်းကောင်း သက်သာတော့မှပဲ အလုပ်ပြန်ဆင်းပေါ့"

ဖော် ဖော် ဘာတွေသွားပြောလိုက်လဲ မသိပါ။ အဖြစ်မှန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကရော ဘာတွေများပါလိမ့်။ ကျွန်မ သိကျွာကိုထိခိုက်စေမည့် စကားလုံးအကြောင်းအရာမျိုးတွေတော့ ဖော် မပြောလောက်ဘူးလို့ ကျွန်မ ယုံကြည်လိုက်သည်။ ဖော် ဒီလောက်တော့ မဖွဲ့မကွက် လုပ်မည့်လူစား မျိုး မဟုတ်တာ ကျွန်မ သိနေတာပဲလေ။

ကိုကျော်ထက်နှင့် ဖုန်းပြောပြီးသွားတော့ ကျွန်မမှာ သူရေး သွားသော ဖိုင်တစ်ခုလုံးကို အစမှအဆုံး တစ်လုံးချင်းပြန်ဖတ်ကြည့်မိ သည်။ စေ့စေ့စပ်စပ် သေသေချာချာ ရေးထားသော စာတမ်းတစ်ခုပါပဲ ဒါတောင် ဖော်ကိုယ်တိုင် ကွင်းဆင်းလေ့လာခဲ့တာ နောက်ဆုံးတစ်ရက် တည်းမို့လို့ပေါ့။ နို့မဟုတ်ရင် ဒီစာတမ်းက ဒီထက်တောင် ပိုကောင်းနေ မလား မသိပါ။

"ဘာတွေသဘောကျနေတာလဲ နီ"

"ဟိုနေ့က ငါ့အလုပ်တွေကို ဖော် လုပ်ပေးသွားတာဟ၊ အခုပဲ အုပ်ချုပ်ရေးမှူးက ဖုန်းဆက်ပြီး လှမ်းပြောလို့ ငါ သိတာ"

"ဟင် နင်ပြောပြတဲ့ ဟိုတစ်ညကိစ္စအထဲမှာ ဒါမပါဘူးနော်"

"ရော် ငါလည်း ခုမှသိတာပါဆိုနေမှ"

"ဒါဆို ဖော်က နေမကောင်းလျက်သားကြီးနဲ့ နင့်ဟာတွေလုပ် ပေးပြီး သူဘယ်လိုမှ မဟန်နိုင်တော့ဘဲ ဒေါင်းသွားတာ ဖြစ်မယ်ဟ"

သဲသဲ ပြောမှ ထိုညကို ပြန်တွေးမိပြီး ကျွန်မ ဖော့အပေါ် ကျေးဇူးတင်မိသလို အားတုံ့အားနာလည်း ဖြစ်သွားမိ၏။ မိုးမိပြီး နေ မကောင်းတာချင်းတူတူ ကျွန်မကိုအတင်းအနားယူခိုင်းပြီး ကျွန်မအလုပ် တွေကျတော့ သူက အပင်ပန်းခံလုပ်ပေးသွားသည်။ ဒီအတွက် ကျေးဇူး





တင်စကားလေးတစ်ခွန်းတောင် မပြောလိုက်ရ။

"နင် ဘယ်လိုပဲဖြစ်ဖြစ်ဟာ နင့်ကို စာမလာ သတင်းမကြား ပစ်ထားတဲ့ နင့်ယောကျ်ားထက်စာရင် ဖော်ကမှ တော်ပါသေးတယ်၊ ပြီးတော့ နင်လုပ်ခဲ့တဲ့ လုပ်ရပ်တွေကိုလည်း ခွင့်လွှတ်လို့သာ ခုလိုမျိုး နင့်ကိုဂရုတစိုက်နဲ့ လိုက်စောင့်ရှောက်နေတာပေါ့၊ နင့်ယောကျ်ားတောင် ဒီလိုမျိုး လုပ်ပေးလို့လား"

အမှန်အတိုင်းပြောရရင် မောင့်ကို မကောင်းမှန်းသိပေမယ့် မောင် မကောင်းပါဘူးလို့ ကျွန်မရှေ့မှာ လာပြောတာမျိုးကို ကျွန်မ သဘောမကျပါ။ ဒါပေမဲ့ သဲသဲ ဖြစ်နေတော့လည်း ခွင့်လွှတ်လိုက်ရပါ သည်။ ကျွန်မကို ကိုယ်ချင်းစာပြီး ကျွန်မဘက်က နာကာ ပြောဆိုပေး နေခြင်း မဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် ဒီရက်တွေမှာ သဲသဲဆီကသာ အကူအညီတွေ မရခဲ့ရင် ကျွန်မဘဝ တွေးရဲစရာတောင် မရှိပါ။

"နင့်ကိုငါ တကယ်ပဲ ကျေးဇူးတင်တယ် သဲရယ်"

"ဟွန် အဆက်အစပ်မရှိ အဲဒါက ဘာထဖြစ်တာတုန်း"

"နင့်ကို အဲဒီစကားပြောချင်ခဲ့တာ ကြာပါပြီ၊ အခုရက်ပိုင်းတွေ မှာ နင်သာမရှိခဲ့ရင် ငါတစ်ယောက်တည်း ဘာတွေများ ဖြစ်နေမလဲဆို တာ စဉ်းတောင် မစဉ်းစားရဲပါဘူး"

"မလိုပါဘူးဟာ၊ တစ်အိမ်တည်းနေကြတာပဲ၊ ငါတို့နှစ်ယောက် လုံးက တစ်ကောင်ကြွက်တွေဆိုတော့ ခုလိုနေရင်းထိုင်ရင်းနဲ့ ညီအစ်မ တစ်ယောက်ရတယ်လို့ပဲ ငါကတော့ တွေးတယ်"

"အေးပါဟာ နင့်ကျေးဇူးတွေကတော့ ငါ့ဆီမှာ မနည်းမနော

www.burmeseclassic.com



ပါပဲ''

''ဒါတွေ ပြောမနေနဲ့၊ သူစိမ်းဆန်တယ် ဟုတ်ပြီလား''

သဲသဲက ကျွန်မလက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ပြော သည်။ ညီအစ်ကို မောင်နှမမရှိဘဲ တစ်ယောက်တည်း ကြီးပြင်းလာရ သည်မို့ ညီမဖြစ်ဖြစ် အစ်မဖြစ်ဖြစ် တစ်ယောက်လောက်ရှိရင် သိပ် ကောင်းမှာပဲလို့ ငယ်ငယ်က တောင့်တခဲ့ဖူးသည်။ အခု ကျွန်မဆန္ဒတွေ ပြည့်ရသလိုပါပဲ။

■ ■ ■

''မင်း ဘယ်သူနဲ့လာတာလဲ''

သဲသဲ ဆေးသွားဝယ်နေတုန်း ဆေးခန်းရှေ့က ခုံတန်းလေးမှာ ကျွန်မ ထိုင်စောင့်နေစဉ် အနားသို့ မောင် ရောက်လာခြင်းဖြစ်သည်။

ရုတ်တရက်မို့ ကျွန်မ အံ့ဩသွား၏။ ဒီဆေးခန်းကို မောင် ဘာလာလုပ်တာလဲ။ ဒီနေ့ ကျွန်မ ရက်ချိန်းရှိမှန်းသိလို့များလား။ ကိုယ့် အတွေးကိုယ် ချက်ချင်းပင် ဦးနှောက်ထဲက မောင်းထုတ်လိုက်ရ၏။ မဖြစ်နိုင်လိုက်တာ မောင်က ကျွန်မကို အဲဒီလို ဂရုတစိုက်မရှိတော့တာ တော်တော်ကြာနေခဲ့ပြီ မဟုတ်လား။

''နီရေ ဆေးတွေက ဈေးကြီးတယ်နော်''

ကျွန်မ လက်ထဲကို ပြန်အမ်းလိုက်သည့် ငွေတွေထည့်ပေးပြီး သဲသဲ ညည်းညူသည်။ ကျွန်မက မျက်လုံးနှင့်အချက်ပြလိုက်တော့ မောင့်ကို တွေ့သွားပုံရပြီး

''ဩော် အသိနဲ့တွေ့နေတာနဲ့ တူတယ်''





အဲဒါ သဲသဲ တမင်ပြောခြင်းပါ။ ဟိုတစ်နေ့ညက မောင့်ကို သူမ သေသေချာချာ တွေ့လိုက်တာပဲလေ။ မမှတ်မိစရာ မရှိပါ။

''ငါတစ်နေရာရာက သွားစောင့်နေရမလား နီ''

သဲသဲရဲ့မေးခွန်းကို ချက်ချင်းမဖြေနိုင်သေးဘဲ မောင့်ကို ကျွန်မ လှမ်းကြည့်လိုက်သည်။

''မင်းက ငါနဲ့နှစ်ယောက်တည်း စကားပြောချင်တယ်ဆိုလို့ ပြီးတော့ ဒီနေ့ မင်းဆေးခန်းမှာ ရက်ချိန်းရှိတာ ငါသိတဲ့အတွက် လာ စောင့်နေတာ''

ဒါဆို ကျွန်မထင်သည့်အတိုင်း မောင်က ကျွန်မကို တမင် တကာ လာစောင့်နေခြင်းပေါ့။

''သဲသဲ ငါစိတ်မကောင်းပါဘူးဟာ၊ နင်တစ်ယောက်တည်း ပြန် နင့်လို့ ဖြစ်မလားဟင်''

''အာ နင်ကလည်း ဘာစိတ်မကောင်းစရာရှိလို့လဲ၊ ဩော် ဒါနဲ့ နင်တို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောချင်တယ်ဆို အိမ်မှာသွားပြောကြပါလား။ ငါလည်း ဝယ်စရာလေးတွေရှိလို့ ဈေးပင် လည်း မထွက်ဖြစ်တာကြာပြီ၊ ငါ အေးဆေးဈေးတကာပတ်ပြီးမှ ပြန်လာ ခဲ့မယ်၊ ငါက နင့်ခြေထောက်မှာ ဒဏ်ရာကြီးနဲ့မို့လို့ ပြောတာနော်''

ဒီအတွက်လည်း မောင့်ကိုပဲ ကျွန်မ လှမ်းကြည့်ရတာပါပဲ။

''ကောင်းပြီလေ ဒါဆိုလည်း မင်းနေတဲ့နေရာပဲ သွားကြတာ ပေါ့''

သဲသဲက ကျွန်မ လက်မောင်းကိုတွဲလျက် မောင့်ကားပေါ်ထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးသည်။ မောင်က ကျွန်မအိမ်လေးရှေ့သို့ တန်းတန်းမတ်မတ် မောင်းလာနိုင်ပါသည်။ ကျွန်မနေတဲ့နေရာကို မောင် မှတ်ထားတယ်ဆိုတဲ့ သဘောပေါ့နော်။

လေးလွှာထိ မောင်က နောက်ကနေ ထိန်းပေးလျက် ဖြည်းဖြည်းချင်း တက်ရသည်။ မောင့်ကြောင့်နဲ့ ကျွန်မ အနာတရဖြစ်သွားလို့ မောင့်စိတ်တွေ နည်းနည်းပြေသွားမယ်ဆိုရင် ကျွန်မ နာကျင်ရတာ ဘာအရေးလဲ မောင်။ အနည်းဆုံးတော့ မောင် ဘာကြောင့် ကျွန်မအပေါ် စိမ်းကားရက်စက်ခဲ့တယ်ဆိုတဲ့အကြောင်းရင်းလေးလောက် သိရရင် မဆိုးပါဘူး။

"အ ကျွတ် ကျွတ်"

နောက်တက်သို့ လန်ကျမလို ဖြစ်သွားသောကြောင့် မောင်က လှမ်းထိန်းပေးလိုက်ရသည်။ နာကျင်မှုကြောင့် ကျွန်မ ခြေလှမ်းတွေတုန့်သွားလျက် မျက်နှာတစ်ခုလုံးလည်း ရှုံ့မဲ့သွားရ၏။

"လှေကားတက်တာကို ဘာတွေးပြီး တက်နေလဲ မသိပါဘူး"

အရင်ကလို တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြင်နာနေသည့်အချိန်မျိုးဆိုရင်တော့ ကျွန်မက မျက်စောင်းလေးပင့်လျက် မောင့်အကြောင်းတွေ တွေးနေတာပေါ့လို့ ပြန်ဖြေဖြစ်မှာ သေချာပါသည်။ ခုတော့ ရေငုံနှုတ်ပိတ် အပြစ်ရှိသူတစ်ယောက်လို တိတ်ဆိတ်နေမိသည်။

"မောင် ကော်ဖီသောက်မယ် မဟုတ်လားဟင်၊ ကျွန်မ ဖျော်လိုက်မယ်"

"မင်းဘာသာ အေးအေးထိုင်နေစမ်းပါ၊ ပြီးရင် ပြောစရာရှိ





တယ်ဆိုတာကို ပြော"

ကျွန်မကို ချိုချိုသာသာပြောလိုက်ရင် မောင့်အတွက် ဘာတွေများ ထိခိုက်နစ်နာသွားမှာစိုးလို့လဲကွယ်။ မောင့်ဆီက လေသံမာမာနှင့် ပြောဆိုလိုက်သော စကားအခွန်းတိုင်းအခွန်းတိုင်းမှာ ကျွန်မနှလုံးသားက တဆစ်ဆစ်နှင့် နာကျင်စူးအောင့်နေခဲ့၏။

ပြီးတော့ မောင်နဲ့နှစ်ယောက်တည်း ခုလို စကားပြောခွင့်ရဖို့ ကျွန်မ အမြဲတမ်း တောင့်တနေခဲ့သော်လည်း တကယ်တမ်း ကျွန်မရှေ့တည့်တည့် မောင် ရောက်နေချိန်မှာတော့ ဘယ်ကစပြောလို့ ပြောရမှန်း မသိအောင် ကျွန်မ ထွေပြားနေခဲ့သည်။ ကျွန်မအဓိက သိချင်သည့်အချက်က ဒီလိုမျိုး မောင် ဘာကြောင့်ဖြစ်သွားတယ်ဆိုတာ၊ ပြီးတော့ မောင့်ကို ဘယ်တော့မှ မကွဲကွာပေးနိုင်ဘူးဆိုတာ။

"ပြောလေ မင်းပြောစရာရှိတယ်ဆိုလို့ ငါလာခဲ့တာနော်၊ ဒီလိုပဲ လုပ်နေမယ်ဆိုရင်တော့ အဆင်မပြေဘူး"

"ကျွန်မ ပြောမှာပါ မောင်၊ မောင်နဲ့ဝေးကွာနေတဲ့အချိန်တွေက သိပ်များနေတော့ ပြောစရာ စကားလုံးတွေကလည်း သိပ်များနေတယ်"

"မင်း ငါ့ကိုမရစ်နဲ့တော့ နို"

"ကောင်းပါပြီ မောင်၊ အဓိက ကျွန်မ သိချင်တဲ့အချက်က ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်ကြလို့တောင် တကူးတက နီးပြေးလက်ထပ်ခဲ့ကြပြီးမှ မောင် ဘာလို့ ဒီလိုပြောင်းလဲသွားခဲ့တာလဲ။ အဲဒီအကြောင်းပြချက်ကို ကျွန်မ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါက မပြောနိုင်ဘူးဆိုရင်ရော"

"မောင် မပြောလို့မရဘူးလေ၊ ကျွန်မတို့က လင်မယားတွေ ဒါပေမဲ့ မောင် ကျွန်မအပေါ် ဆက်ဆံနေတာတွေက ဇနီးမယားတစ် ယောက်အနေနဲ့ ဘယ်လိုမှ လက်ခံပေးလို့ မရဘူး"

"လက်ခံပေးလို့ ရတာမရတာ မင်းအပိုင်းပဲလေ၊ ငါကတော့ ငါ့စိတ်ထဲမှာ ဖြစ်လာတဲ့အတိုင်း ဆက်ဆံမှာပဲ"

"ပြတ်သားလှချည်လား မောင်၊ အဲဒီလို ဖြစ်သွားရတဲ့ အ ကြောင်းပြချက်ကို မောင် မပြောမချင်း ကျွန်မလည်း အလျှော့ပေးမှာ မဟုတ်ဘူး"

"အလျှော့မပေးလို့ မင်းက ဘာလုပ်ချင်တာလဲ"

မောင့်မျက်နှာမှာ ခက်ထန်မှုတွေကို ကျွန်မ မြင်နေရသည် ကျွန်မကိုတွေ့တိုင်း မောင့်ရင်ထဲမှာ ဒေါသတွေနဲ့ အမုန်းတွေသာ ပေါ် ပေါက်လာတတ်တာလား။

ဘာကြောင့်လဲ မောင်ရာ။

"ကျွန်မ အရမ်းစိတ်ဆင်းရဲတယ် မောင်၊ ကျွန်မ အမြဲတမ်း အကောင်းဆုံး ဖြစ်စေချင်ခဲ့တဲ့ အိမ်ထောင်လေးကို ခုလို မောင်နဲ့အတူ ထူထောင်ခွင့်ရပြီဆိုပြီး ကျွန်မ ဘယ်လောက်တောင် ဝမ်းသာကျေနပ် နေခဲ့ရသလဲ။ ဒါပေမဲ့ ကျွန်မ မျှော်လင့်ခဲ့တာတွေ အလကားပဲ၊ မောင် လုံးဝပြောင်းလဲသွားခဲ့တယ်"

"နေစမ်းပါဦး မင်းက ငါတို့အိမ်ထောင်ရေးကို အကောင်းဆုံး ဖြစ်အောင် လုပ်မယ် ဟုတ်လား။ ဟား ဟား ရယ်စရာတွေ သိပ်မချ





ပါနဲ့ ဒေါ်အနီသွေးရယ်၊ ခင်ဗျားလိုမိန်းမက အိမ်ထောင်ကျသွားလည်း ခြေငြိမ်မှာ မဟုတ်ဘူးမှန်း ကျုပ် အစောကြီးထဲက သိခဲ့သင့်တယ်"

"ဟင် မောင် မောင်ဘယ်လိုပြောလိုက်တာလဲ၊ အဲဒီစကားက ကျွန်မကို ဘယ်လောက်တောင် စွပ်စွဲစော်ကားလိုက်သလဲဆိုတာ မောင် သိရဲ့လား"

"စွပ်စွဲတယ် စော်ကားတယ် ဟုတ်လား၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးကြည့်ပါဦး၊ ငါ ဘယ်လိုတွေ နေခဲ့ထိုင်ခဲ့သလဲလို့"

ဟင့်အင်း မဟုတ်သေးပါဘူး။ တစ်ခုခုကိုတော့ မောင် သေချာ ပေါက်အထင်လွဲနေပါပြီ၊ ဒါပေမဲ့ ဘာဆိုတာကို မောင် မပြောသရွေ့တော့ ကျွန်မ ဘယ်လိုတတ်နိုင်ပါ့မလဲ။

"ကျွန်မ ဘယ်လိုတွေနေခဲ့ထိုင်ခဲ့လို့လဲ မောင်၊ မောင့်အတွက် ချက်ပြုတ်လျှော်ဖွပ်ပေးခဲ့တာတွေအပြင် ကျွန်မ ဘာတွေများ ကျူးလွန် ခဲ့လို့လဲ၊ မောင်သာ တစ်လျှောက်လုံး ကျွန်မကို လျစ်လျူရှုခဲ့တာလေ၊ သွားချင်တဲ့အချိန် ထွက်သွား ပြန်ချင်တဲ့အချိန်မှ ပြန်လာ၊ သွားချင်တဲ့ နေရာကို စိတ်ကြိုက်သွားနေခဲ့တာ ဘယ်သူလဲ၊ မောင်ကရော လင့်ဝတ္တ ရား ဘယ်လောက်များ ကျေခဲ့လို့လဲ"

"ဩော် လက်စသတ်တော့ မင်းက ငါ့ကို အပြစ်တွေပုံချနေ တာကိုး၊ မင်းကိုယ်မင်းတော့ သိပ်မှန်တယ်လို့ ထင်တယ်ပေါ့လေ၊ ငါက မှားတယ် မင်းက မှန်တယ်ပေါ့ ဟဟ"

မောင့်ရဲ့နှုတ်ခမ်းထဲမှာ တွဲလဲခိုနေသော အဲဒီလှောင်ပြုံးတွေကို ကျွန်မ ဘယ်တုန်းကမှ သဘောမကျနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက မဟုတ်တာ မောင်၊ ကျွန်မ အဓိက ပြောချင်တာက ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာထက် မောင် ဘာကြောင့်ခုလိုဖြစ်သွားတယ်ဆိုတာပဲ"

"ကောင်းပြီလေ မင်းဒီလောက် သိချင်ရင်လည်းပြောပြရမှာပေါ့၊ ဒါပေမဲ့ ငါကိုယ်တိုင်တော့ မဟုတ်ဘူး၊ မင်းနဲ့ပတ်သက်နေတဲ့ ယောက်ျားတွေကိုသာ မေးကြည့်လိုက်၊ သူတို့က မင်းကို အားလုံးရှင်းပြချင် ရှင်းပြမှာပေါ့၊ ကဲ ငါသွားမယ်"

"မောင် မသွားနဲ့ဦးနော် မောင်"

ကျွန်မ ဘယ်လိုပဲ လှမ်းတားတား မောင်ကတော့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။ မောင် ဘာကိုပြောချင်တာလဲ။ ကျွန်မနဲ့ပတ်သက်နေတဲ့ ယောက်ျားတွေကိုသာ မေးကြည့်တဲ့၊ အဲဒါကရော ဘာသဘောလဲ။ ကျွန်မ ဘာကိုမှနားမလည်နိုင်ပါ။

မောင်က ကျွန်မကို နားလည်ရခက်သောပုစ္ဆာတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ပေးနေတော့တာပါပဲ။ ဒီအတိုင်းသာဆို မောင့်ကို ကျွန်မ ဘယ်လောက်တောင် ထပ်ပြီးခွဲနေရဦးမှာလဲ။ မောင်နဲ့ ဘယ်တော့မှ ပြန်လည်နီးစပ်ခွင့်မရှိတော့တာမျိုးရော ဖြစ်မနေနိုင်ဘူးလား။ မရဘူး မောင် မောင့်ကို ကျွန်မ ဘယ်တော့မှ လက်လွှတ်မှာမဟုတ်ဘူး။

ကျွန်မ ဦးနှောက်တွေ ပွက်ပွက်ဆူနေသလို ပူလောင်လွန်းနေပြီ။ ဘာကိုမှ ဆက်စပ်တွေးတောလို့ မရ။ ရင်ထဲမှာ မောင့်ကို ဆုံးရှုံးမခံနိုင်သော စိတ်တွေကသာ နေရာအပြည့်ယူထား၏။ ကျွန်မက ချစ်သောသူနဲ့ တစ်ယောက်ကိုတစ်ယောက် အဖော်ပြုလို့ ရိုးမြေကျပေါင်းသင်





ချင်သူလေ။ တစ်ခုလပ်ဆိုသော ခေါင်းစဉ်အောက်ကိုတော့ ကျွန်မ လွယ်လွယ်ကူကူ ဝင်ရောက်လိမ့်မည် မဟုတ်ပါ။

မောင်ရေ ဘာကိုအထင်တွေလွဲပြီး ကျွန်မအပေါ် ဒီလောက်ထိ စိတ်နာနေတယ်ဆိုတာ မသိပေမယ့် ကျွန်မဘက်က ရအောင် ဖြေရှင်းမှာပါ မောင်။ ကျွန်မ သိပ်ချစ်တဲ့မောင့်ကို မခိုင်လုံတဲ့အကြောင်းပြချက်တွေနဲ့တော့ ကျွန်မနားက ထွက်သွားခွင့်မပြုနိုင်ဘူး။

■ ■ ■

အိမ်မှာ တစ်ပတ်လုံးလုံး နားနေသည့်အတောအတွင်း ဒဏ်ရာကြောင့် ဘယ်ကိုမှလည်း မထွက်ဖြစ်သည့်အပြင် ဖုန်းကိုလည်း ပိတ်ထားလိုက်သည်။ ထိုတစ်ပတ်ကတော့ ကျွန်မအတွက် အပြည့်အဝ အနားယူဖြစ်သော တစ်ပတ်ပဲဖြစ်၏။ ကြားထဲမှာ တစ်ရက် နောင်ရိုး သတင်းလာမေးတာကလွဲရင် ရုံးကလူတွေနဲ့လည်း အဆက်အသွယ်မရှိခဲ့။

အိမ်ထဲမှာ အိပ်လိုက်စားလိုက်နှင့် အရာအားလုံးကို ခဏတာ မေ့ဖျောက်ထားလိုက်သည်။ စိတ်ညစ်စရာ အတွေးတွေကိုလည်း မတွေး။ ဖော့အကြောင်းလည်းမတွေး၊ မောင့်အကြောင်းလည်းမတွေး၊ ကျွန်မ ဘဝကြီး ဘယ်လိုဖြစ်နေပါပြီဆိုပြီး အားငယ်သည့်စိတ်တွေကိုလည်း မေ့ထားလိုက်သည်။

ငြိမ်းချမ်းလေစွ။

သို့သော် ဒီနေ့တော့ ကျွန်မရဲ့ငြိမ်းချမ်းသော ဘဝလေးကနေ ပြန်လည်ထွက်ခွာရတော့မည် ဖြစ်သည်။ ဒဏ်ရာကလည်း တော်တော်လေး သက်သာလာပြီမို့ ရုံးပြန်တက်ရတော့မည်။ မနက်စောစောကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြင်ဆင်ပြီး ထမင်းကြော်တစ်ပန်းကန် စားလိုက်၏။ ဇော်နဲ့လည်း တွေ့နိုင်ဖို့ အားမွေးရမည်လေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအလုပ်တွေ ကူညီလုပ်ပေးခဲ့သည့်အတွက် ကျေးဇူးစကားတော့ ဇော့်ကို ပြောမှဖြစ်မှာပါ။

"ဇော်"

သူ့အခန်းထဲ ကျွန်မ ဝင်သွားချိန်မှာ ဇော်က ကုလားထိုင်နောက်မှီကို ခေါင်းမှေ့တင်ပြီး မျက်လုံးများပိတ်ကာ အနားယူနေချိန်ဖြစ်သည်။ စားပွဲရှေ့မှာရပ်နေသော ကျွန်မကိုမြင်တော့ ဇော့်မျက်နှာက ချက်ချင်းအရောင်ပြောင်းသွား၏။ အံ့သြသွားတာလား မသိ။ သို့သော် အရင်လို လှိုက်လှိုက်လှဲလှဲ ဖြစ်မသွားတာတော့ သေချာပါသည်။

"ဘာကိစ္စရှိလို့လဲ နီ"

"ဇော့်ကို ကျေးဇူးတင်ကြောင်း လာပြောတာပါ။ ဟိုတစ်ညက ကျွန်မလုပ်ရမယ့် ဖိုင်တွေကို ဇော် လုပ်ပေးသွားခဲ့တာ ကျွန်မ တကယ်မသိခဲ့ဘူး၊ ကျေးဇူးအရမ်းတင်ပါတယ် ဇော်"

"မလိုပါဘူး ဇော်က မင်းကိုအမြဲတမ်း ကောင်းစေချင်ခဲ့တယ် ဒါပေမဲ့ မင်းကတော့ ဇော့်စေတနာတွေကို ဘယ်တော့မှ နားမလည်ဘူးလေ"

"ဒါကတော့ ဇော်ရယ်"

စကားလုံးတွေကို ရှေ့ဆက်ဖို့ ကျွန်မ မဝံ့မရဲဖြစ်နေသည်။ ဇော့် စေတနာတွေကိုလက်မခံနိုင်ခဲ့တာကလည်း ခုချိန်မှာ ဘယ်လိုမသင့်တော်တော့တဲ့ ဘာဝတွေမဟုတ်လား။ ပြီးတော့ ဒီလောက်ထိ ဇော်





ကို လိုက်လျောဆက်ဆံပေးခဲ့တာတွေကို မောင်သာသိသွားရင် ကျွန်မအတွက် အသက်ရှူဖို့တောင် ခဲယဉ်းသွားပါမည်။

"ဩော် ညှော်သည်ရှိနေတာပဲ၊ အစည်းအဝေး စတော့မယ်လို့ လာပြောတာပါ"

အခန်းထဲဝင်လာသော ကိုကျော်ထက်က လိုရင်းသာပြောပြီး ပြန်ထွက်သွား၏။ အခုလောက်ဆို ရုံးကလူတွေလည်း ဇော်နဲ့ကျွန်မရဲ့ ပတ်သက်မှုကို တီးတိုးပြောနေကြပြီလား။ အဲဒါတွေ တွေးမိတိုင်းလည်း စိတ်ညစ်ရ၏။

"ဘာပြောဦးမလဲ နီ"

"ဟင့်အင်း မပြောတော့ပါဘူး ဇော်၊ ကျွန်မသွားလိုက်ပါဦးမယ်"

ဒီနေ့ ဇော့်ပုံစံက လုံးဝထူးခြားနေပါသည်။ အရမ်းတည်ငြိမ်လွန်းပြီး စကားလည်း နည်းလှသည်။ အရင်ကသာဆို ကျွန်မကို အလွန်ရှုတစိုက်ပြုမူဆက်ဆံတတ်သော ဇော် ဒီတစ်ပတ်အတွင်းမှာ တော်တော်လေး ပြောင်းလဲသွား၏။ အင်းလေ ဒါလည်း ကောင်းပါသည်။ ကျွန်မ သိချင်နေခဲ့တာ အဲဒီလိုပုံစံပဲ မဟုတ်လား။

"အစ်မကို ခုလိုမျိုး ရုံးမှာ ပြန်တွေ့ရတော့ ကျွန်တော်သိပ်ဝမ်းသာတယ် သိလား"

နောင်နိုးက စားသောက်ခန်းထဲကို ကျွန်မ ဝင်လာတာမြင်တော့ အခြားဝိုင်းမှာ ထိုင်နေရင်းကနေ ကူးလာပြီး ကျွန်မနှင့်အတူ လာစားသည်။ မနက်က ရုံးဖွင့်ဖွင့်ချင်း လက်အောက်က ဝန်ထမ်းလေးတွေက ရှုတစိုက်နှင့်မေးကြမြန်းကြ၊ စိတ်ကြည်နူးမိပါသည်။ သို့သော် ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ အလုပ်ထွက်ဖို့ စဉ်းစားထားသည့်သူလေ။ ဒီလို သံယောဇဉ်တွေကို ဖြတ်တောက်ပစ်ရမှာပါ။

"ကိုယ်လည်း အလုပ်ကိုပစ်ထားရလို့ စိတ်ထဲမကောင်းဖြစ်နေတာ၊ နောက်ဆို ကိုယ့်ရဲ့အလုပ်တွေ နောင်ရိုးကို အားလုံးသင်ပေးခဲ့ရမယ်"

"ဗျာ သင်ပေးခဲ့မယ် ဟုတ်လား။ အစ်မ ဘာကိုဆိုလိုတာလဲ ဟင်"

"ကိုယ် ဒီမှာ ရေရှည်ဆက်လုပ်ဖို့ အဆင်မပြေတာလေးတွေ ရှိနေလို့ပါ"

"ဟင် ဦးဇော်က ခွင့်ပြုပါ့မလား"

"ဘယ်သူ့ကိုမှ မပြောရသေးပါဘူး၊ ဒါပေမဲ့ မကြာခင်မှာ ပြောဖို့ ဆုံးဖြတ်ထားတယ်၊ လက်ရှိ အစ်မလုပ်ထားတဲ့ကိစ္စလေးတွေ တစ်ခန်းပြတ်သွားရင် အစ်မလည်းစိတ်ချလက်ချ ထွက်လို့ရတာပေါ့"

နောင်ရိုးက ထမင်းပင်ဆက်မစားတော့ဘဲ ငိုင်ကျသွားသည်။ ကျွန်မအလုပ်ထွက်မှာကို သူလည်း မလိုလားသူတစ်ဦးပဲနှင့်တူ၏။

"အစ်မကို အလုပ်မထွက်စေချင်ဘူး။ ဒါ ကျွန်တော် တစ်ယောက်တည်းရဲ့ဆန္ဒမဟုတ်ပါဘူး၊ အားလုံးကလည်း ဒီအတိုင်းပဲဖြစ်မှာ"

"အစ်မမှာလည်း ဘယ်လိုမှမတတ်နိုင်တဲ့ မလွှဲမရှောင်သာ ကိစ္စလေးတွေ ရှိနေလို့ပါ"

"အစ်မ ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်"

နောင်ရိုးစကားက ထူးဆန်းသည်။ သူက ဘာကိုသိထားလို့





ဘာကိုနားလည်နေတာလဲ၊ ကျွန်မရယ် မောင်ရယ် ဇော်ရယ် သုံးပွင့်ဆိုင်ဇာတ်လမ်းတစ်ခုမှာ နောင်ရိုးဆိုသည့် ဘာမှမဆိုင်သော အပြင်သူစိမ်းတစ်ယောက်က ဘာတွေကို နားလည်နေတာပါလိမ့်။

အတွေးတွေ ရှုပ်ထွေးကုန်လျက် မျက်မှောင်ကြီးကျုံ့ပြီး သူ့ကိုစိုက်ကြည့်နေမိသည်။ ဒါကို သူလည်း သတိထားမိမှာပါ။ ဘာမှမဆိုင်စွာ တက်ခနဲ ရယ်မောလိုက်ပြီး

"အစ်မကလည်း စိုက်ကြည့်နေလိုက်တာ ကြောက်စရာကြီး"

အတည်ပေါက်ပြောလိုက်ရာကနေ ခုတော့လည်း စနောက်နေသလို ပေါ့ပျက်ပျက် ပြောပြန်သည်။ ဒါပေမဲ့ ကျွန်မ သိလိုက်ပါသည်။ စကားကို ဘယ်လောက်ပဲ ဖော့ပစ်ပစ် ဒီကောင်လေး တစ်ခုခုကို သိနေတာတော့ သေချာနေပြီ။ ဇော်နှင့်ပတ်သက်တဲ့တစ်ခုခုများ သိနေတာလား။

ကျွန်မတို့နှစ်ယောက်ဇာတ်လမ်းကိုများ ဒီကောင်လေး သိနေလို့လား။ ချက်ချင်းလိုလိုပင် နောင်ရိုးရှေ့၌ ကျွန်မ နေရထိုင်ရကျပ်လာ၏။

"ကဲ စားသောက်ပြီးပြီဆို ညနေတစ်ပိုင်းထပ်ထွက်ကြစို့ရဲ့၊ အားလုံး ပြင်ထားလိုက်တော့နော်"

စားလို့သောက်လို့ မပြီးစီးသေးပါဘဲ ထထွက်လာခဲ့သော ကျွန်မကို ဒီကောင်လေး ငေးကြည့်နေမှာ သေချာပါသည်။ ဒါပေမဲ့ ကိုယ့်ဘာသာ စိတ်မလုံမခြုံဖြစ်ရတာ ကိုယ်ပဲအသိဆုံး မဟုတ်လား။ အမှားကိုကျူးလွန်ဖူးသည့် လူတွေက သူတို့မှားခဲ့ပါတယ်ဆိုတာကို ဝန်ခံနိုင်ဖို့ရာ သိသွားပြီး ရှုတ်ချက်ရဲ့မှာတော့ စိုးရွံ့တတ်ကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဖော့အပေါ်မှာ မိန်းမကောင်းမပီသစွာ သစ္စာမဲ့ခဲ့သည့် အကြောင်း နှောင်ရိုး သိနေတာများလား။ ဖြစ်နိုင်လျှင် အဲဒီအတိတ်ကြီး ကို ကျွန်မဘဝထဲကနေ ဖောက်ထုတ်ပစ်လိုက်ချင်ပါသည်။

■ ■ ■

"နှင်တစ်ယောက်တည်း ဖြစ်ပါ့မလား နို"

"အိုး ဘာမဖြစ်စရာရှိလို့လဲ၊ စိတ်ချလက်ချသာသွား။ နှင်က မဟုတ်တဲ့သူကို လာစိတ်ပူနေတယ်"

သဲသဲ စာသင်ပေးရသည့် ကလေးလေးတွေ စုပေါင်းကာ ချောင်းသာကိုဒီတစ်ပတ် ပိတ်ရက် ခရီးထွက်ကြဖို့ စီစဉ်ထားတဲ့အတွက် ကျွန်မကိုစိတ်ပူပန်ကာ မေးနေသော စကား။

"ညနေ ဘယ်အချိန်သွားမှာလဲ"

"ညရှစ်နာရီလောက်မှ ထွက်ဖြစ်မှာပါ"

"ပစ္စည်းတွေရော ထည့်ပြီးပြီလား"

"အားလုံးအဆင်သင့်ဖြစ်နေပြီ၊ ငါက နင့်တစ်ယောက်တည်းမို့ လို့ အားနာနေတာ"

"ဘာဆိုင်လို့လဲဟ၊ နင်ကလည်း စိတ်ဖြောင့်ဖြောင့်နဲ့သာ သွား ဟုတ်ပြီလား"

ချောင်းသာတဲ့။ ရင်ထဲက ခံစားချက်တွေ အသစ်တစ်ဖန် ပြန်လည်နိုးထလာသလိုပါပဲလား။ ကျွန်မအတွက်တော့ ချောင်းသာ ကမ်းခြေဆိုတာနာကျင်စရာတွေ ဖြစ်မလာခင် နောက်ဆုံးပိတ် ပျော်ရွှင် ချမ်းမြေ့ခဲ့ရသော နေရာလေးပါပဲ။ ကျွန်မတို့နှစ်ယောက်ရဲ့ဟန်းနီးမွန်း





တမ်းခြေလေး။

အဲဒီအချိန်တွေတုန်းကမောင့်ကို ကျွန်မ ဘယ်တော့မှ ပြန်မရ နိုင်တော့ဘူးလားဟင်။ ကျွန်မအပေါ် ဂရုတစိုက်နဲ့ ချစ်ခင်ကြင်နာရွှေးထွေး ခဲ့သော မောင့်ကို ပြန်မရနိုင်တော့ဘူးလား။

"အား မောင် မလုပ်နဲ့နော်၊ မိန်းမ ကြောက်တယ် လှိုင်းတွေ လာနေပြီ"

ဘောကွင်းကြီးထဲမှာ ပက်လက်လှန်အိပ်နေလျက်ကနေ ကျွန်မ ကြောက်လန့်တကြား အော်မိသည်။ ဟိုးမှာ ကျွန်မဘက်ဆီ တည့်တည့် လာနေသော ရေလှိုင်းလုံးကြီးက အကြီးကြီးပဲလေ။ မောင်က ရယ်မော လျက် ကျွန်မနှင့်ခပ်လှမ်းလှမ်းသို့ ကူးခတ်သွား၏။

"မောင် မိန်းမ ရေမကူးတတ်တာကို သိရဲ့သားနဲ့ ပြန်လာခဲ့ မောင် ငူး ဂရူး"

စကားမဆုံးသေးခင်မှာ ကျွန်မ မျက်နှာတည့်တည့် တိုးဝင်လာ သော ရေလှိုင်းလုံးကြီး။ ကြောက်လန့်တကြား ရုန်းထွက်လိုက်မိသော ကြောင့် ဘောကွင်းထဲကနေလည်း ကျွန်မ လွတ်ထွက်သွားသည်။ နှာခေါင်း ထဲ ပါးစပ်ထဲ တိုးဝင်လာသောရေတွေကလည်း ငန်လိုက်တာ။

အောက်ခြေကြမ်းပြင်ကို မစမ်းမိသေးဘဲ ရေထဲမှာ ကျွန်မ ယောက်ကန်ယက်ကန် ဖြစ်နေ၏။ ထိုခဏမှာပဲ ကျွန်မ လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ခြင်း ခံလိုက်ရသောကြောင့် ကျွန်မ ဝမ်းသာသွားရသည်။ ဒါ မောင်ကလွဲလို့ ဘယ်သူများဖြစ်နိုင်မှာလဲ။

"ဟား ဟား တော်တော်ကြောက်သွားတယ် ဟုတ်လား"



www.burmeseclassic.com

"မောင်နော် နောက်တစ်ခါ မိန်းမကို အဲဒီလိုမစနဲ့ သိလား မိန်းမတကယ်ကြောက်တာ၊ ရေ လုံးဝမကူးတတ်တာကိုသိရဲ့သားနဲ့"

မျက်နှာပေါ်က ရေများကိုသပ်ချလျက် ကျွန်မ စိတ်တိုစွာ ပြောလိုက်သည်။

"တော်ပြီကွာ ရေထဲမှာ မနေချင်တော့ဘူး"

ကျွန်မမျက်နှာရှုပ်စွာနှင့် ကမ်းခြေဘက် ပြန်လာခဲ့လိုက်သည်။ မောင် နောက်ကနေ ထပ်ချပ်မကွာ လိုက်လာပြီး

"ငါ့မိန်းမလေးစိတ်ဆိုးသွားပြီပဲ၊ လာ မောင်လည်း ချမ်းနေပါပြီ၊ အခန်းထဲသွားပြီး အိပ်ရအောင်"

"ဟာ မောင်"

"ဘာဖြစ်တာလဲ မိန်းမရဲ့"

"မောင်နော် ဘာတွေပြောနေတာလဲ"

"အိပ်ရအောင်လို့ ပြောတာလေ၊ တစ်ညလုံး ခရီးပန်းလာပြီး ပင်လယ်မြင်တာနဲ့ မနေနိုင်ဘဲ ဆင်းပြေးလာကြတာ၊ မိန်းမ မအိပ်ချင်ဘူးလား"

မြူးစိစိနဲ့ ပြောနေသော မောင့်ကို ကျွန်မ မျက်စောင်းလေး ထိုးလိုက်ပါသည်။

ရင်ခုန်လှိုက်မောဖွယ်ရာ အကြင်နာတွေ နွေးထွေးတဲ့အနမ်းတွေ တစ်ယောက်ကိုတစ်ယောက် အပျောက်မခံနိုင်လောက်အောင် ချစ်ခဲ့ကြသော ထိုနေ့ရက်လေးတွေကို ကျွန်မ ဘယ်လိုမေ့နိုင်မှာလဲ မောင်၊ မိန်းမတစ်ယောက်အတွက် တစ်သက်တာလုံးချစ်မြတ်နိုးရသည့် ယောက်ျား





ရဲ့ရင်ခွင်ထဲမှာ လုံခြုံအေးချမ်းစွာနေနိုင်ဖို့ ဒီဟန်းနီးမွန်းခရီးလေးက စတင်ခြင်းအမှတ်တရပဲပေါ့။

ခုလိုမျိုး နာကျင်ကြေကွဲစရာတွေ ရင်ဆိုင်ကြုံတွေ့ရမယ်မှန်း သာသိခဲ့ရင် အဲဒီတုန်းတည်းက ကျွန်မကို မောင်ပင်လယ်ထဲမှာ တကယ် ပဲ ပစ်ထားခဲ့သင့်သည်။ စိတ်အတွင်းထဲက နာကျင်မှုထက် အရေပြား ပေါ်က နာကျင်မှုများကိုသာ ကျွန်မ အစားထိုးခံယူချင်ပါသည်။

အဲဒီတုန်းကလို နေ့ရက်မျိုးလေးတွေ ကျွန်မ ပြန်လည်ပိုင်ဆိုင်ခွင့်မရတော့ဘူးဆိုရင်၊

စိတ်အတွင်းထဲက နာကျင်မှုထက် အရေပြားပေါ်က နာကျင်မှုများကိုသာ ကျွန်မ အစားထိုးခံယူချင်ပါသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၈)

"မောင်"

သူ့ခြေလှမ်းတွေ ရပ်တန့်သွား၏။ နောက်လှည့်ကြည့်မိသည့် အချိန်မှာ ကျွန်မကိုမြင်လိုက်ရတော့ အံ့ဩသွားသည့်ပုံနှင့် မျက်ခုံးလေး ပင့်တက်သွားသည်။

"မင်း ဘာလာလုပ်တာလဲ"

"မောင်နဲ့စကားပြောချင်လို့"

"မင်းပြောနေတာတွေက ခုထိ မပြီးသေးဘူးလား"

မောင့်အသံထဲမှာ မလိုလားမှုတွေ တစ်ပုံတစ်ခေါင်းပါပဲ။

"အိုကေ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ မောင့်ကိုလွမ်းလို့ တွေ့ချင်လို့"

"ကျစ်"

စုပ်တစ်ချက်သပ်လျက် မောင် တစ်ဖက်သို့ လှည့်သွားသည်။





"မင်း ဘာဖြစ်ချင်နေတာလဲ၊ ငါဘာလုပ်ပေးရမလဲ"

မောင့်အသံတွေက စိမ်းကားလိုက်တာ။ အဲဒီအသံကို ကြားရုံနဲ့တင် ကျွန်မစိတ်တစ်ခုလုံး အေးစက်ထုံကျင်လာသည်။

အော်ဟစ်ငိုယိုလိုက်ချင်စိတ်ကို ဘယ်လိုမှ ထိန်းမရနိုင်ခဲ့။ ကျွန်မအတတ်နိုင်ဆုံးတော့ မောင်နဲ့မဝေးရအောင် ကြိုးစားရမှာပါ။ အိမ်ထောင်တစ်ခုမှာ ယောကျ်ားဖြစ်သူရဲ့ဆုံးဖြတ်ချက်တစ်ခုတည်းနဲ့ လုပ်ချင်တာလုပ်လို့ မရဘူးဆိုတာ မောင့်ကို သိစေချင်သည်။

"မောင်က ကျွန်မယောကျ်ားပဲ၊ ကျွန်မယောကျ်ားနဲ့ ကျွန်မ အတူတူနေချင်တယ်"

"မဖြစ်နိုင်တော့ဘူးလေ၊ မင်းကိုငါက မမြင်ချင် မတွေ့ချင်တော့တာ၊ မင်းအသံကို မကြားချင်တော့တာ၊ အတူတူနေဖို့ဆို သိပ်ဝေးလွန်းသွားပြီ"

"သိပါတယ်မောင်၊ မောင် နှင်ချထားတဲ့ ဒီအိမ်ရှေ့ကိုတောင် ကျွန်မမှာ ရှိသမျှအင်အားတွေ စုစည်းပြီးမှ ခုလိုလာနိုင်ခဲ့တာပါ"

"ဒါဆိုလည်း ဘာဖြစ်လို့ မဖြစ်နိုင်တာတွေကို မင်းလာ တောင်းဆိုနေသေးလဲ"

"မောင် ဘာလို့ ဒီလောက်သေချာနေတာလဲ"

"မင်းလုပ်ခဲ့တဲ့ လုပ်ရပ်တွေက ငါ့အတွက်တော့ နည်းနည်းမှ ခွင့်လွှတ်ပေးလို့ မရဘူး၊ ဖြစ်နိုင်ရင် အဲဒီကိစ္စတွေကို ဘယ်တော့မှလည်း ပြန်မပြောချင်ဘူး"

"ထားပါ မောင်မပြောချင်တဲ့အကြောင်းရင်းကို ကျွန်မ မမေး

www.burmeseclassic.com



တော့ပါဘူး၊ ဒါပေမဲ့ ကျွန်မ ဒီတိုင်းကြီးတော့ မနေနိုင်ဘူး မောင်၊ ကျွန်မ အမြဲတမ်းမျှော်လင့်ထားတဲ့ မောင်နဲ့အတူ ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်လေးတစ်ခုကို ပြန်လိုချင်မိတယ်''

''မရတော့ဘူးလေ မင်းပဲ ဖျက်ဆီးပစ်ခဲ့တာ''

မောင် အိမ်ထဲဝင်ဖို့ ဟန်ပြင်သည်။ ကျွန်မ မောင့်လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်မိ၏။

''မင်း လုပ်ပြန်ပြီလား၊ မင်းဒီလိုတွေ တဖွတ်ထိုးလုပ်နေရင် ငါနဲ့ပိုလို့ ပြဿနာကြီးသွားဖို့ပဲ ရှိတယ်နော်''

''ဟင့်အင်း မောင်၊ ကျွန်မကို အဲဒီလိုကြီး မထားခဲ့ပါနဲ့၊ ကျွန်မ မောင့်ကို သိပ်ချစ်လွန်းလို့ ရွေးချယ်ခဲ့တာ မောင်သိရဲ့သားနဲ့''

ကျွန်မ ငိုကြွေးကာ ပြောမိလျှင်

''ရွေးချယ်တယ် ဟုတ်လား အင်းပေါ့ မင်းမှာ အများကြီးကြား ထဲကမှ ငါ့ကို မနည်းရွေးချယ်ခဲ့ရတာ ဖြစ်မှာပေါ့၊ ငါက အားလုံးထဲမှာ နွားနဲ့ပိုတူလို့လေ''

''အို မောင် ဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်တယ် မင်းက ငါ့ကိုနွားတစ်ကောင်လို သဘောထားခဲ့ တာ၊ အဲဒီထက် လုံးဝမပိုခဲ့ဘူး၊ သေချာတယ်''

''မောင် တော်စမ်း၊ ကျွန်မကို သိပ်စော်ကားလွန်းနေတဲ့ စကား တွေဆိုတာ မောင် မသိဘူးလား''

''စော်ကားသလို ဖြစ်သွားလား၊ ငါက အမှန်တွေကို ပြောနေ တာပဲလေ၊ ငါ့ကိုတွေ့ရင် ဒါတွေပြောခံရမယ်ဆိုတာ မင်းမသိဘူးလား။





ခံနိုင်ရည်ရှိအောင် ကြိုပြီးပြင်ဆင်ခဲ့သင့်တယ်''

''ကျွန်မကိုအခွင့်အရေး တစ်ကြိမ်လောက် ထပ်ပေးပါ မောင် ရယ်၊ နော် ကျွန်မ အကောင်းဆုံးပြန်ကြိုးစားပေးပါ့မယ်''

''ဒါပဲလေ အစတည်းက မင်းအကောင်းဆုံး ကြိုးစားခဲ့ရမှာ၊ ခုတော့ မင်းက အဆိုးဆုံးတွေပဲ လုပ်ခဲ့တယ်၊ အဲဒီအတွက် အခွင့်အရေး ဆိုတာလည်း မရှိဘူးကွ၊ တော်ပြီကွာ မင်းလိုမိန်းမနဲ့ စကားပြောချင်စိတ် တို မရှိတာ''

''မောင် ဘာဖြစ်လို့ အဲဒီလို တစ်ဖက်သတ်တွေ ပြောနေရတာ လဲ၊ ဘာမှန်းမသိရဘဲ မောင် ဒီလိုတွေ လုပ်နေတာ ကျွန်မ စိတ်ဆင်းရဲ လွန်းလို့ သေတော့မယ် မောင်ရဲ့''

''ဒါဆိုလည်း လဲသေလိုက်လေ''

ကျွန်မ ဆုပ်ကိုင်ထားသော လက်များထဲမှ မောင် ရုန်းထွက် ကာ အိမ်ထဲဝင်သွားသည်။ ကျွန်မကတော့ ဒုန်းခနဲ ပြန်ပိတ်သွားသော တံခါးလေးရှေ့မှာ။

ခတ်လှေကားထဲမှာ အောက်ဆုံးထပ်ခလုတ်လေးကိုတောင် အားတင်းပြီး နှိပ်လိုက်ရသည်။ မောင်နဲ့ကျွန်မ အတူရှိနေခဲ့ဖူးသော ဒီနေရာလေးကနေ မယုံကြည်နိုင်စရာ အဖြစ်အပျက်တွေနှင့်အတူ ကျွန်မ ပြန်လာခဲ့ရသည်။ ကျွန်မစိတ်တွေ အားလုံး ဖရိုဖရဲဖြစ်လျက် ဘာကိုမှ လည်း လုပ်ချင်ကိုင်ချင်စိတ် မရှိတော့။ ချောင်းလေးတစ်ခုမှာ ဘယ်သူမှ မမြင်အောင် တိတ်တိတ်လေး ပုန်းနေချင်သည်။

ခတ်လှေကားတံခါးပွင့်သွားပြီး အပြင်ကိုရောက်ဖို့အတွက် ခြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းလေးကိုပင် ကျွန်မ မလှမ်းချင်လှမ်းချင် လှမ်းနေရသည်။ အို တကယ်ပါ ကျွန်မရဲ့စိတ်နဲ့ကိုယ်ဟာ ဘယ်လိုမှ မကပ်နိုင်တော့။

ကျွန်မ အဲဒီစိတ်ကြီးကို တင်းမထားချင်တော့။ လွှတ်ချပစ်လိုက်ချင်ပါပြီ။ ခဏလေးပဲဖြစ်ဖြစ် လွှတ်ချပစ်လိုက်ပါရစေတော့။

နောက်ဆုံးတော့ အမှောင်တွေထဲမှာ ဘာကိုမှမမြင်နိုင်တော့သည်ထိ ကျွန်မအသိတွေ လွင့်ထွက်သွားသည်။ ဘာကိုမှ ဖမ်းဆုပ်ကိုင်ထားချင်စိတ်မရှိတော့။ တစ်ချိန်လုံး ဟန်ဆောင်အားတင်းပြီး နေလာခဲ့ရသမျှတွေဟာ ခုလို မောင်နဲ့မျက်နှာချင်းဆိုင် စကားပြောလိုက်ရပြီးနောက်မှာ ဆက်လက်တင်းထားနိုင်စရာ ခွန်အားတွေအားလုံး ဆုပ်ယူခံလိုက်ရသလိုပါပဲ။

■ ■ ■

"အား ခေါင်းမူးလိုက်တာ"

ခေါင်းတစ်ခုလုံး ချာချာလည်နေသလို ခံစားချက်နှင့် ကျွန်မ ပြန်နိုးထလာချိန်မှာ မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်၏။ အခန့်အသက်အရေရော အပြင်အဆင်အရပါ ဆေးရုံခန်းတစ်ခုဆိုတာ သေချာပါသည်။ လမ်းမအလယ်မှာ ကျွန်မ လဲပြိုကျသွားတာကို မှတ်မိပေမယ့် ဒီထိရောက်အောင် ဘယ်သူပို့ပေးခဲ့တယ်ဆိုတာတော့ ကျွန်မ မသိပါ။

ထိုအချိန်မှာပဲ အခန်းထဲဝင်လာသော သူနာပြုဆရာမလေးကို သိချင်တာလေးတွေ မေးမြန်းလိုက်၏။

"နာမည်တော့ မပြောသွားဘူးရှင့်၊ အစ်မ လမ်းမှာလဲနေတာတွေ့လို့ လာပို့ပေးတဲ့ တာဝန်သိပြည်သူတစ်ယောက်လို့ပဲ ပြောသွားတယ်"





"ဪ"

"အားနည်းနေလို့ ဖြစ်သွားတာပါ၊ အခု ဆေးသွင်းပေးထားတယ်၊ သက်သာရင်တော့ အိမ်ပြန်မယ်ဆိုလည်း ရပါတယ်"

"ဪ ဟုတ် ဆေးသွင်းပြီးသွားရင် ကျွန်မ အိမ်ပဲပြန်ပါ့မယ်"

ထိုနေ့ဆေးရုံက ပြန်လာပြီးတည်းက ကျွန်မ ရုံးလည်းမသွားတော့ပါ။ အလုပ်ထွက်စာကို ကိုကျော်ထက်ဆီသို့ မေးလ်ကနေ လှမ်းပို့ပေးလိုက်သည်။ ကျွန်မရဲ့လုပ်ငန်းလေးတွေလည်း အားလုံးနီးပါး ပြီးပြတ်နေပါပြီ။ အနည်းအကျဉ်းကျန်တာလောက်ကတော့ နောင်ရိုးတို့ဝန်ထမ်းလေးတွေလောက်နဲ့တင် အဆင်ပြေသွားမှာပါ။

သဲသဲလည်း တစ်ပတ်လုံး ချောင်းသာမှာ ပျော်နေတာဆိုတော့ ကျွန်မတစ်ယောက်တည်း အိမ်မှာ အေးအေးလူလူ အနားယူနေမိသည်။ စားချင်ရင် ထစားသည်။ မစားချင်ရင် လှဲနေလိုက်သည်။ တစ်ယောက်တည်း စိတ်အားငယ်လာလျှင် ညနေဘက် အပြင်ထွက်လမ်းလျှောက်ဖြစ်သည်။ ဘုရားသွားသည်။

စိတ်ကိုအေးငြိမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားနေရ၏။ မေ့ဖျောက်ပစ်ထားလို့ မရဘူးဆိုတာ သိပေမယ့်လည်း ဘုရားတရားလေးလုပ်ရင်း မောင့်စိတ်တွေ ကျွန်မဆီပြန်လည်လာစေဖို့ ဆုတောင်းမိသည်။ အကျိုးလိုလို့ ညောင်ရေသွန်းတာဆိုပေမယ့် အခုချိန်မှာ မောင့်စိတ်တွေကို ဘုရားရှင်ကသာလျှင် ပြောင်းလဲနိုင်တော့မှာလို့ ကျွန်မ ယုံကြည်နေမိသည်။

■ ■ ■



www.burmeseclassic.com

သို့သော် ကျွန်မအတွက် အဆိုးရွားဆုံးနေ့ရက်ဟာ သိပ်မကြာခင်မှာဘဲ ရောက်ရှိလာခဲ့သည်။

ထင်မှတ်မထားတဲ့အချိန်မှာ ရုတ်တရက် တိုက်မိုက်ခံလိုက်ရသူ တစ်ယောက်လို ကျွန်မတစ်ကိုယ်လုံးက သွေးတွေ အေးခဲကုန်လျက် လက်ထဲမှာ ဆုပ်ကိုင်ထားသော ဖုန်းလေး လွတ်ကျသွား၏။

"မင်းဆီကို ငါ ကွာရှင်းစာချုပ်ပို့နိုင်းလိုက်တယ်" တဲ့။

မောင့်ထံမှ ရှားရှားပါးပါး ဝင်လာသောဖုန်းမို့ အလွန်ဝမ်းသာပျော်ရွှင်စွာ ကိုင်လိုက်မိသော ကျွန်မအတွက် ကြားလိုက်ရသောသတင်းစကားကတော့ တကယ့်ကို အံ့ရုပ်ကြီးပြုတ်ဖြစ်စေပါသည်။ မောင်က ဘာတွေကြောင့်များ ဒီလောက်ထိ ပြတ်သားနေရတာတဲ့လဲ။ ဘာအကြောင်းပြချက်မှ မယ်မယ်ရရ မရှိပါဘဲ ကျွန်မက သိပ်ချစ်ရသော မောင့်ကို ကွာရှင်းပေးမယ်လို့များ မောင်ထင်နေတာလား။

ထိုစဉ်မှာပင် အိမ်တံခါးခေါက်သံ ထွက်ပေါ်လာလျက် ကျွန်မမမြင်ဖူးသော ကောင်လေးတစ်ယောက် ရောက်လာ၏။ ဦးမင်းဆက်လွှတ်လိုက်တာဆိုပြီး ကျွန်မလက်ထဲသို့ အညိုရောင်စက္ကူအိတ်တစ်ခု ထည့်ပေးသည်။ ဖွင့်ကြည့်စရာမလိုအပ်ဘဲနှင့် ကျွန်မသိနေပါပြီ။ ဒီစက္ကူအိတ်ထဲမှာ ကျွန်မအသည်းနှလုံးတွေ တစ်စစီကွဲကြေသွားအောင် ချေဖျက်ပစ်မည့် နူးညံ့သော လက်နက်ပါလာတယ်ဆိုတာပေါ့။

စက္ကူအိတ်ကို အခန်းထဲက စားပွဲပေါ်ပစ်တင်လိုက်ပြီး ကျွန်မမဟန်နိုင်စွာပင် ကြမ်းပြင်ပေါ်ခွေကျသွား၏။ ဘာဆက်လုပ်ရမလဲ။ မောင်နဲ့ကျွန်မတို့ကြားက ဆက်ဆံရေးလေးကို ပြန်လည်ကောင်းမွန်လာအောင်





ကျွန်မ ဘယ်လိုမှ တည်ဆောက်လို့မရတော့ဘူးတဲ့လား။ မောင်ကရော ကျွန်မကို တကယ်ပဲ မေ့နိုင်နေပြီလား။

မောင် မေ့နေနိုင်မှာပါလေ။ ဒါကြောင့်လည်း အိမ်ကထွက်သွားသည့် မိန်းမတစ်ယောက်ကို ရက်ပေါင်းမြောက်မြားစွာ ဘာအဆက်အသွယ် ဘာသတင်းစကားမှ မပါဘဲ နှုတ်ဆိတ်စွာ ရှိနေတာပေါ့။ ကျွန်မမရှိတဲ့အတွက် မောင့်နားမှာ တခြားမိန်းကလေးတွေရော ရှိမနေနိုင်ဘူးလို့ ဘယ်သူက အာမခံပေးမှာလဲ။ ဟိုအရင်တည်းက ကောင်မလေးတွေများစွာထားလျက် ရှုပ်ပွေတတ်ခဲ့သော မောင်သည် အခုရော တစ်ယောက်တည်း အေးဆေးစွာရှိနေလိမ့်မယ်လို့ ဘယ်လိုစိတ်မျိုးနဲ့ ကျွန်မ ယုံကြည်ရပါ့မလဲ။

လက်ထပ်ခါစမှာတော့ မောင်ဟာ ကျွန်မတစ်ယောက်တည်းကိုသာလျှင် ရိုးမြေကျချစ်ခင်သွားမှာ ဘယ်တခြားမိန်းကလေးကိုမှ စိတ်ဝင်စားခြင်း ရှိတော့မှာမဟုတ်ဘူးလို့ ယုံကြည်ခဲ့ဖူးပါသည်။ ဒါပေမဲ့ အဲဒီယုံကြည်မှုတွေက မောင့်ရဲ့စိမ်းကားမှုတွေအောက်မှာ ဘယ်ချောင်တိုးလို့ ပျောက်ကွယ်သွားမှန်း မသိတော့။

အခု မောင်က ကျွန်မကို တရားဝင်ကွာရှင်းမယ် တဲ့။ ရက်စက်လှချည်လား မောင်။ အသေသတ်ခံရမယ်ဆိုရင်တောင် ဘာအကြောင်းကြောင့် ဒီလိုသေရတယ်ဆိုတာလောက်တော့ သိခွင့်ရှိပါသေးတယ် မောင်ရယ်။ ခုတော့ ကျွန်မအဖြစ်က အိမ်ထောင်တစ်ခုကို ဘာမှန်းညာမှန်းမသိ လက်လွှတ်ရတော့မည့်ပုံ။

အတွေးတွေ မျက်ရည်တွေနှင့် တစ်ယောက်တည်း အိပ်ရာထက်

www.burmeseclassic.com



လှဲနေစဉ် တံခါးခေါက်သံ ထပ်ထွက်လာသောကြောင့် ကျွန်မ မထချင် ထချင်နှင့် ထလာခဲ့ရသည်။ သဲသဲလည်း ချောင်းသာသွားတယ်ဆိုတော့ အိမ်မှာ ကျွန်မတစ်ယောက်တည်း။ ဘယ်သူများ လာတာပါလိမ့်။

"ဟင် နောင်ရိုး"

"ကျွန်တော် အိမ်ထဲဝင်လို့ရမလား အစ်မ"

"အေး လာလေ"

အသည်းအသန် ငိုကြွေးထားသောကြောင့် ကျွန်မမျက်နှာကြီး ပြောင်သလင်းခါပြီး မျက်လုံးတွေလည်း နီရဲမို့အစ်နေမှာ ကျိန်းသေပါ သည်။ သို့သော် အတတ်နိုင်ဆုံးတော့ ဟန်ဆောင်ပြုံးနေရ၏။

"ဘယ်လိုဖြစ်တာလဲ၊ ဒီနေ့ ရုံးမတက်ဘူးလား၊ အစ်မဆီ ရောက်လာတယ်ဆိုတော့"

"ဟုတ်ပါတယ် ကျွန်တော် အစ်မကို ပြောစရာလေးရှိလို့ပါ"

"ပြောစရာ ဟုတ်လား"

ကျွန်မ ဖဝေဖဝါဖြစ်သွားသည်။ အလုပ်ကိစ္စလည်း မဟုတ် လောက်ပါ။ ဒါဆို နောင်ရိုးမှာ ကျွန်မဆီကို အိမ်တိုင်ရာရောက် လာပြီး ပြောရမည့် ဘယ်လိုအကြောင်းအရာတွေများ ရှိနေလို့ပါလဲ။ ကျွန်မ စိတ်ဝင်စားသွားရသည်။

"ဟုတ်ပါတယ် အစ်မ၊ ကျွန်တော် အစ်မကို ပြောစရာတွေ အများကြီးရှိပါတယ်"

"မင်းစကားကလည်း အထူးအဆန်းပါလား၊ အိမ်ကိုတောင် တကူးတက လာပြောတယ်ဆိုတော့ အရေးများကြီးသလား"





"အစ်မအတွက်တော့ သိပ်ကိုအရေးကြီးမှာ သေချာပါတယ်"

သူ့စကားတွေက တဖြည်းဖြည်း ပိုပိုပြီး ပဟေဠိဆန်လာခဲ့သည်။

"မင်း ဘာကိုဆိုလိုတာလဲ နောင်ရိုး"

"ကျွန်တော် ဝေ့ဝိုက်မနေတော့ပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်တော်က ဒီအလုပ်ထဲကို ဦးဇော် စေခိုင်းချက်နဲ့ ဝင်လုပ်နေတာပါ"

"ဘယ်လို"

ပထမဆုံးစကားမှာတင် ကျွန်မအတွက် အလွန်အံ့ဩဖို့ ကောင်း နေပါပြီ။

"ဟုတ်တယ် ကျွန်တော်က ဦးဇော်တို့ရပ်ကွက်နားမှာ နေတာ ပါ၊ ပြောရရင် ဦးဇော်က ကျွန်တော့်ကို လက်သပ်မွေးထားတာပေါ့၊ အစ်မနဲ့ဦးဇော်ရဲ့ဇာတ်လမ်းရော ကိုမင်းဆက်နဲ့ဇာတ်လမ်းကိုပါ ကျွန်တော် အားလုံးသိရှိထားပါတယ်"

"မင်း ဘာကိုပြောချင်တာလဲ"

ဟန်ဆောင်ထားရသည့်ကြားက ကျွန်မရင်တွေ အဆမတန် တုန်လှုပ်နေသည်။ နောင်ရိုးပြောမည့်စကားတွေသည် ကျွန်မဘယ်တုန်း ကမှ မသိရှိ မမျှော်လင့်ထားသော ကိစ္စရပ်များသာ ဖြစ်လိမ့်မည်လို့လည်း နိမိနေပါပြီ။

ကျွန်မ မသိအောင် ဇော် ဘာတွေလုပ်ထားတာလဲ။ ဇော်ဟာ ထို့ဝှက်ချက်တွေများစွာနဲ့ ကျွန်မနားမှာ ရှိနေခဲ့တာလား။

"ကျွန်တော် တစ်ခုလောက် ကြိုပြောချင်ပါတယ်၊ ဒီကိစ္စကို ကျွန်တော် ပြောပြပြီးတဲ့နောက်မှာ အစ်မ ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်၊ ခွင့်မလွှတ်ရင်လည်း ရပါတယ်၊ ဒါကို ဘုရင်ဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြထားတာပါ''

''မြန်မြန်ပြောစမ်း နောင်ရိုး၊ မင်းဘာတွေကို ဘယ်လိုသိနေတယ်ဆိုတာ''

''ဟုတ် ကျွန်တော် ပြောမှာပါ၊ ပြောချင်လွန်းလို့လည်း ဒီကို တမင်သက်သက် ရောက်လာခဲ့တာပဲလေ၊ အစ်မအလုပ်ထွက်သွားပြီးတဲ့ နောက်မှာ အရာအားလုံးကို ကျွန်တော် ပြန်စဉ်းစားတယ်၊ အစ်မ ဘယ်လိုပဲ မှားခဲ့မှားခဲ့ ဒါကတော့ လွန်တယ်လို့ ကျွန်တော် ခံယူလိုက်တဲ့အတွက် အစ်မဆီလာဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ရတာပါ''

ဘယ်လိုပဲမှားခဲ့ မှားခဲ့တဲ့။ ဒါဆိုရင် ဇော့်အပေါ်မှာ ကျွန်မ ဖောက်ပြန်ခဲ့တာကို နောင်ရိုး သိနေတယ်ဆိုတာ အမှန်ပဲပေါ့။

''ဦးဇော်ကို အစ်မက သစ္စာဖောက်ခဲ့တဲ့အတွက် ဦးဇော် သိပ်ခံစားခဲ့ရတယ်၊ အစ်မနဲ့ကိုမင်းဆက်တို့ ချောင်းသာကို ထွက်ပြေးသွားတဲ့ နေ့ကစပြီး သူ အိပ်လည်းမအိပ်ဘူး၊ စားလည်းမစားဘူး၊ စိတ်မထင်ရင် မထင်သလို အိမ်မှာရှိတဲ့ပစ္စည်းတွေ ရိုက်ခွဲသောင်းကျန်းနေတာ၊ စိတ်ဓာတ်တွေ လုံးဝပျက်ပြားသွားခဲ့သလိုပါပဲ၊ နောက်ဆုံး ဦးဇော်ရဲ့လေးလေးက စိတ်ကျန်းမာရေးဆရာဝန်တွေနဲ့ အချိန်ပြည့်ပြနေခဲ့ရတယ်''

''ဟင် မင်းဆိုလိုတာက ဇော် ဇော့်စိတ်ရွေ့''

''ဟုတ်တယ် အစ်မ၊ ယုတ္တိမရှိဘူးပဲဆိုဆို သူ့စိတ်တွေ ပုံမှန်မဟုတ်တော့ဘူး၊ အချိန်တိုင်းလိုလို အစ်မနဲ့ပတ်သက်တဲ့အကြောင်းတွေပဲ စဉ်းစားပြီး ငြိမ်သက်နေတတ်တယ်၊ သူ အဲဒီလိုတွေဖြစ်နေတဲ့အချိန်မှာ ကျွန်တော် အချိန်ပြည့် အနားမှာရှိနေခဲ့တဲ့အတွက် သိနေခဲ့တာပါ





သူ အစ်မကို ဘယ်လိုမှ လက်မလွှတ်နိုင်ဘူးဆိုပြီး ကျွန်တော့်ကို အကူအညီတောင်းခဲ့တယ်၊ အမှန်ကို ဝန်ခံရရင် အစ်မတို့ဇာတ်လမ်းကို ကြားကြားချင်းတုန်းက ဦးဇော်ဘက်ကနေပြီး အစ်မကို သိပ်မုန်းခဲ့ပါတယ်၊ ဒါကြောင့်လည်း ဦးဇော်က အကူအညီပေးဖို့ ပြောလာတဲ့အခါမှာ ကျွန်တော် အားတက်သရော ကူညီခဲ့တာပေါ့''

တကယ့်ကို တကယ့်ကိုပဲ ကျွန်မနားနဲ့ ဆက်ဆက်ကြားနေရတာတွေက အမှန်တရားတွေတဲ့လား။ ဇော်က ကျွန်မရဲ့လုပ်ရပ်အတွက် ဒီလောက်တောင်မှပဲ ပြင်းထန်စွာ ခံစားခဲ့ရတယ်တဲ့လား။

''ဘာကို ဘာကို အကူအညီတောင်းခဲ့တာလဲ ဇော်က''

''အစ်မတို့ လင်မယားနှစ်ယောက် ပြဿနာတက်အောင် လုပ်ဖို့ပါပဲ''

''ဘာ''

ကျွန်မ ဝုန်းခနဲ မတ်တပ်ထရပ်လိုက်မိသည်ထိ ဒေါသတွေနှင့်အတူ အံ့ဩစိတ်တို့ကသာ ပြည့်နှက်သွား၏။ ကျွန်မနဲ့မောင့်ကို ကွဲကွာအောင် လုပ်ခဲ့တဲ့ တရားခံက ဇော်လား။ ကျွန်မ မောင့်ဆီက အမြဲတမ်းသိချင်နေခဲ့သော အကြောင်းပြချက်ဟာ ဇော်တဲ့လား။

''အစ်မ တအားစိတ်တိုသွားမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ပြောတာလေးကိုတော့ အပြီးထိ နားထောင်ပေးပါနော်''

လက်ဖျားခြေဖျားတွေ အေးစက်လာသည်ထိ ကျွန်မစိတ်တွေ ဆူနံလှုပ်နေတာကို ဟန်ဆောင်ထိန်းချုပ်ရင်း ပြန်ထိုင်လိုက်ရသည်။ ဇော်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခဲ့တဲ့ဖာတ်လမ်းတွေကိုတော့ ပြီးဆုံးအောင် နားထောင်ဖို့ ကျွန်မ အားတင်းထားရမည်လေ။

"အစ်မနဲ့ကိုယ်လုံးရော အရပ်အမောင်း ဆံပင် အသားအရေတွေပါ ထပ်တူနီးပါးတူတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်တို့လိုက်ရှာခဲ့တယ်၊ ပြီးတော့ အဲဒီမိန်းကလေးနဲ့ကျွန်တော်နဲ့ လုံးဝအထင်လွဲလောက်စရာ အနေအထားမျိုးနဲ့ တွဲလျက်သားပုံတွေ ရိုက်ယူပြီး ကိုမင်းဆက်ဆီ ပို့ခဲ့တာပါ။ မိန်းကလေးရဲ့မျက်နှာကိုတော့မပေါ်လွင်စေမယ့် ရှုထောင့်ကနေ ရိုက်ယူခဲ့တာပေါ့လေ၊ တကယ်ပါ အဲဒီပုံတွေကိုမြင်တဲ့သူတိုင်းဟာ မျက်နှာမမြင်ရတာတောင်မှ အစ်မပဲလို့ လုံးဝယုံသွားနိုင်လောက်တဲ့အထိပါပဲ"

"မင်း မင်းတို့ ယုတ်မာလိုက်တာ"

ထိုစကားကလွဲလို့ ကျွန်မမှာ ပြောစရာစကားလုံး ရှားပါးနေပြီ။ တကယ့်ကိုအကွက်ချချ စီစဉ်ခဲ့တာပဲ။ ဖော် ဒီလိုတွေလုပ်ခဲ့တယ်ဆိုတာ ကျွန်မမှာ မယုံနိုင်စွာနှင့်ပင် ယုံလိုက်ရသည့်အနေအထား။

"ဒါကြောင့်မို့လို့ တစ်ရက် အစ်မခေါင်းမူးလို့ ကျွန်တော်တွဲပြီး အအေးဆိုင်မှာ ထိုင်နိုင်းခဲ့တုန်းက ကိုမင်းဆက်နဲ့တည့်တည့်တိုးပြီး အစ်မနဲ့စကားများခဲ့တာပါ"

"ဒါဆို အဲဒီနေ့တုန်းက မင်းအားလုံးမြင်လိုက်တယ်ပေါ့"

"ဒါကတော့ တိုက်ဆိုင်သွားတာပါ၊ ကိုမင်းဆက် အဲဒီနားမှာ ရှိနေလိမ့်မယ်လို့ ကျွန်တော် လုံးဝမသိခဲ့ပါဘူး"

နောက်ဆုံးတော့ ကျွန်မ နားမလည်နိုင်ခဲ့သည့် မောင့်အပြုအမူ





တွေက တစ်ခုချင်းစီ ရှင်းလင်းသွားခဲ့ပြီ ဖြစ်သည်။ ဒါကြောင့်လည်း အကြောင်းရင်းကို သိချင်ရင် မင်းနဲ့ပတ်သက်နေတဲ့ကောင်တွေကို မေးကြည့်လို့ မောင် ပြောခဲ့တာပေါ့နော်။ ဒါပေမဲ့ အဲဒီအဖြစ်တစ်ခုလုံးဟာ လုပ်ကြံဖန်တီးထားတယ်ဆိုတာ မောင် မသိဘူးလေ။ ကျွန်မကို ဘယ်လောက်တောင် နာကျည်းနေလိုက်မလဲနော်။

"တစ်ခါတလေ သိပ်သောင်းကျန်းတဲ့နေ့တွေဆို ဦးဖော်ကို အိမ်မှာပဲ ပိတ်ထားရတယ်၊ ဒါကလည်း သိပ်ကိုရှားပါးပါတယ်၊ အစ်မနဲ့ နီးနီးကပ်ကပ် ပြန်နေခွင့်ရပြီးနောက်ပိုင်းမှာ နှစ်ခါလောက်ပဲ ရှိသေးတယ်၊ အစ်မ နေမကောင်းပြီး အလုပ်ပြန်ဆင်းတော့ ဦးဖော်ငါးရက်ခြောက်ရက် လောက်ပျောက်နေခဲ့တုန်းက သူ့အိမ်မှာ ကျွန်တော် သွားအိပ်ပေးရတဲ့ အထိ သောင်းကျန်းခဲ့တာ၊ နောက်တစ်ခေါက်ကတော့ အစ်မ ခြေထောက် အဆာရရလို့ တစ်ပတ်လောက်အိမ်မှာ နားနေတုန်းကပေါ့"

"အဲဒီတော့ မင်းတို့လုပ်ရပ်ကြီး အောင်မြင်သွားလို့ ငါ့ကိုကြည့်ပြီး ရယ်သာနေကြတယ်ပေါ့ ဟုတ်လား"

ကျွန်မ ဒေါသတကြီး အော်ဟစ်ပစ်လိုက်သည်။ ရုပ်ရှင်ဇာတ်လမ်းတစ်ခုလို အကွက်ကျကျ ဖန်တီးလျက် လုပ်ယူခဲ့သော ဒီအဖြစ်အပျက်တွေမှာ ကျွန်မက ဘဝတစ်ခုလုံး စတေးရမှာတဲ့လား။

"အစ်မနဲ့လုပ်ငန်းထဲမှာတွဲပြီး လုပ်ရတဲ့နောက်ပိုင်း ကျွန်တော့်အမြင်တွေ ပြောင်းလဲသွားခဲ့ပါတယ်၊ အစ်မက ကျွန်တော် ထင်မြင်ခဲ့သလို ယုတ်မာရက်စက်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာ သိလိုက်ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလိုတွေဖြစ်ပြီးနောက်ပိုင်း ဇော်နဲ့ကော်ဖီဆိုင်မှာ ဆုံးခဲ့တာတွေ ငါ့ကိုအလုပ်သွင်းခဲ့တာတွေကလည်း မင်းတို့ ကြိုတင်ကြံစည်ထားတာပဲပေါ့"

သေချာနေသည့်အဖြေကစ်ခုကို ကျွန်မ ထပ်မေးမိနေတာမှန်း သိပေမယ့် နောင်ရိုးပါးစပ်က ပြောတာကို ကြားချင်ပါသေးသည်။ သူတို့ ဘယ်လောက်တောင် အကွက်ချခဲ့တယ်ဆိုတာ သူတို့ဘာသာ ပြောင်းဝန်ခံတာကို လိုချင်သည်။

"အမှန်ပါပဲ၊ ဦးဇော်က အစ်မတို့အခြေအနေကို အမြဲတမ်း အရိပ်လိုလိုက်ကြည့်နေခဲ့တာလေ၊ အစ်မ အိမ်ပေါ်က ဆင်းလာတယ်ဆိုတာကိုသိမှ ဦးဇော်က အကွက်ဆင်ပြီး မတော်တဆဆုံသလို ပုံဖမ်းခဲ့တာပါ"

"မင်းတို့ကွာ လုပ်ရက်လိုက်တာ၊ အခု မင်းတို့လုပ်လို့ ငါတို့အိမ်ထောင်ကြီး ပြိုကွဲတော့မယ်ကွ၊ မောင်က ငါ့ကိုဒီနေ့ပဲ ကွာရှင်းစာချုပ်ပို့လိုက်ပြီ၊ အဲဒီအတွက် မင်းတို့ဘာလုပ်ပေးမှာလဲ ပြော"

ကျွန်မအသံကုန်အော်ဟစ်ပစ်လိုက်ချိန်မှာ ပါးပြင်ထက်က မျက်ရည်တွေကလည်း ပိုးပိုးပေါက်ပေါက် စီးကျလာ၏။ ကျွန်မနဲ့မောင်တို့က ဇော့်ကိုသစ္စာဖောက်ခဲ့ကြတာအမှန်ပါ။ အဲဒီအတွက်လည်း ကျွန်မကိုယ်ကျွန်မ မှားယွင်းခဲ့သူ၊ အရှက်မဲ့သူတစ်ယောက်အဖြစ် သတ်မှတ်ပြီး စိတ်ထဲကနေ ဇော့်ကိုအမြဲတမ်း အားနာနေခဲ့မိတာပါ။

ဒါပေမဲ့ မောင်ကတော့ အဲဒီလို မဟုတ်ဘူးလေ၊ မောင်က ဇော့်ကိုသိပ်မုန်းခဲ့တာ။ ကျွန်မရဲ့ရည်းစားဦးဆိုသည့်အချက်တစ်ခုတည်း





တင် ဇော့်ကိုမောင် မုန်းဖို့လုံလောက်နေခဲ့သည်။

ခုလိုမျိုး မောင်မသိသည့် ယောက်ျားတစ်ယောက်နှင့် တွဲလျှက်သားပုံတွေ မြင်လိုက်ရသည့်အပြင် ဟိုတစ်ညက ဇော်နဲ့ပါ တွဲတွေ့လိုက်တော့ မောင့်ရဲ့စိတ်တွေ ဘယ်လောက်တောင်များ ပေါက်ကွဲပြင်းထန်နေသိမ့်မလဲ။

"ကျွန်တော်တို့ ဘာလုပ်ပေးမှာလဲဆိုတာထက် ကျွန်တော် ဒီကိုလာပြီးရှင်းပြရတဲ့ အကြောင်းရင်းတွေထဲမှာ ဦးဇော်ကြောင့်လည်းပါတယ်၊ ဦးဇော်က ဒီရက်ပိုင်း ပုံစံကြည့်ရတာ ထူးဆန်းနေတယ်၊ ဘာကိုမှသည်း အာရုံမဝင်စားတဲ့ပုံစံမျိုး၊ သူ့စိတ်တွေကို သူနည်းနည်းမှ ကွန်ထရိုးလုပ်နိုင်တော့တဲ့ပုံပေါက်နေတယ်၊ ဒီလိုမျိုး ဆရာဝန်နဲ့ပြခဲ့ရပြီးတဲ့ နောက်ပိုင်းတည်းက အလုပ်တွေကိုလည်း ကိုကျော့်ထက်က နောက်ကနေ လုံးဝကွန်ထရိုးလုပ်ပေးနေခဲ့ရတာ"

နောင်ရိုးစကားကြောင့် ဟိုနေ့က ဇော့်ရုံးခန်းထဲသွားခဲ့စဉ် ကျွန်မကိုအားစက်စက် ဆက်ဆံခဲ့သည့်ပုံစံကိုပြန်မြင်ယောင်မိ၏။ ဟုတ်တယ် အဲဒီနေ့က ကျွန်မ ဇော့်ကိုကြည့်ရတာ တစ်ခုခုထူးခြားနေတယ်ဆိုတဲ့ အတွေးမျိုး ဝင်ခဲ့သေးတာပဲ။

"အစ်မနဲ့သူ တစ်ခုခုဖြစ်ကြသေးလား"

နောင်ရိုးရဲ့အမေးစကားကို ကျွန်မ ပြန်မဖြေနိုင်တော့ပါ။ ဖုန်းလေးကိုယူပြီး ဇော့်ထံသို့ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်မှ မကိုင်သောအခါ ကျွန်မစိတ်တွေပိုလို့ လှုပ်ရှားလျက် ဒေါသတွေလည်း ပိုထွက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''သူ ဘာလို့ ဖုန်းမကိုင်တာလဲ''

''ကျွန် ကျွန်တော် မသိဘူးလေ''

''တောက်''

''အစ်မစိတ်ကို အေးအေးထားပါဗျာ''

''ဘာ အခုအခြေအနေက ငါ့စိတ်ကို အေးအေးထားနိုင်တဲ့ အခြေအနေလား။ ငါ လက်ထပ်ထားတဲ့ ယောကျ်ားက လူတချို့ရဲ့လုပ်ကြံမှုကြောင့် ငါ့ကိုအကြီးကြီးမုန်းတီးရွံရှာပြီး ကွာရှင်းစာချုပ်တောင်ပို့လိုက်တဲ့ အခြေအနေမှာ ငါ့ကိုမင်းက ဘယ်လိုအခွင့်အရေးနဲ့ စိတ်အေးအေးထားဖို့ ပြောနေတာလဲ''

ကျွန်မ ဖုန်းခလုတ်များကို ထပ်နှိပ်မိပြန်သည်။ ဘယ်နှခါမြောက်မှန်းမသိနိုင်လောက်အောင်ကို ဆက်တိုက် ဆက်တိုက်။

''ဟယ်လို''

''ရှင်ဘာလို့ ဖုန်းမကိုင်တာလဲ ဇော်''

''ငါလည်းမခိုင်းပါဘဲ မင်းအိမ်ထဲကို နောင်ရိုး ဝင်သွားတာ တွေ့လိုက်တယ်၊ ပြီးတော့ မင်း ငါ့ကို ဖုန်းတွေအသည်းအသန်ခေါ်တယ်၊ အဲဒီအတွက် အဖြေက ဘာဖြစ်နိုင်လဲ''

ဇော့်အသံက အလွန်အေးစက်ကာ ပြတ်သားနေ၏။ ဒါက ကျွန်မ ဘယ်တုန်းကမှ မသိခဲ့ဖူးသော ဇော့်ပုံစံလား။

''ရှင် ရှင်က ကျွန်မအိမ်ထဲကို နောင်ရိုး ဝင်သွားတာ ဘယ်လိုသိလဲ''

ဖုန်းပြောနေရင်းနှင့်ပင် ကျွန်မ ဝရန်တာထွက်ကြည့်လိုက်၏။





ကျွန်မအိမ်ရဲ့တစ်ဖက်ကားလမ်းမှာ ဇော့်ကားအနက်ရောင်လေးကို လှမ်းတွေ့လိုက်ရသည်။ ဇော်က ပြတင်းပေါက်ကနေ ခေါင်းပြူပြီး ကျွန်မကို လက်ပြလိုက်သေး၏။ သူ ဘယ်အချိန်တည်းက ကျွန်မအိမ်ရှေ့မှာ ရောက်နေခြင်းလဲ။ ဘာသဘောနဲ့ ရောက်နေခြင်းလဲ။ ကျွန်မကို စောင့်ကြည့်နေသည်ဆိုတဲ့ သဘောများလား။

''နင်လည်း ပြန်တော့ ဒီကိစ္စကို ဇော်နဲ့ငါ ထိပ်တိုက်ရှင်းမယ်''

''အစ်မ နေဦးလေ''

အနောက်ကနေ နောင်ရိုး လှမ်းတားနေသေးပေမယ့် ကျွန်မ ဂရုမစိုက်တော့ပါ။ ဇော့်ဆီသို့သာ အပြေးသွားနေမိ၏။

''ရှင် ရှင် ဘယ်လိုလုပ်ရပ်မျိုးကို လုပ်လိုက်တာလဲ ဇော်''

ကားနားရောက်သည်နှင့် ကျွန်မ ဒေါသတကြီး အော်ဟစ်လိုက်သည်။ ဇော့်ပုံစံကတော့ အေးအေးဆေးဆေးပါပဲ။

''ဒီတိုင်းကြီး မကောင်းပါဘူး၊ ကားပေါ်တက်လေ၊ ဇော်တို့ တစ်နေရာရာသွားပြီး ပြောကြတာပေါ့''

ကျွန်မ ချက်ချင်းပင် ကားပေါ်တက်လိုက်၏။ ဇော်က ကားလေးကို ဖြည်းဖြည်းမှန်မှန် မောင်းထွက်လိုက်သည်။ လမ်းပေါ်မှာဖြစ်နေတာ ထက်စာရင် တစ်နေရာရာမှာပြောဆိုတာက ပိုသင့်တော်မယ်ထင်လို့ ဒီကားပေါ်ကို ကျွန်မတက်ခဲ့ခြင်းပါ။ သို့သော် အချိန်တစ်ခုလောက် အကြာမှာတော့ အဲဒီဆုံးဖြတ်ချက် မှားယွင်းသွားမှန်း ကျွန်မ သိလိုက်ရသည်။

''သိပ်အဝေးကြီးသွားစရာ မလိုပါဘူး၊ လူရှင်းတဲ့တစ်နေရာမှာ ကားရပ်လိုက်ပါ၊ ကားထဲမှာပြောလည်း ဖြစ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဇော် ကျွန်မကို ဘာမှပြန်မပြော။ ရှေ့တည့်တည့်ကိုသာကြည့်ပြီး ကားကို အာရုံစိုက်မောင်းနေသည့်ပုံ။ ပြီးတော့ လူရှင်းသည့်နေရာများကို ဖြတ်ကျော်လာပေမယ့်လည်း ကားကိုရပ်လိုက်ခြင်းမရှိ။ ဆက်မောင်းမြဲ မောင်းနေခဲ့သည်။

"ရှင် ဘယ်ကိုမောင်းနေတာလဲ"

ဒါလည်း ကျွန်မကို ပြန်မဖြေပြန်ပါ။ ကျွန်မ ရင်တွေတုန်လာပြီ။ ဇော် ဘာလုပ်နေတာလဲ။ အခု ဘယ်ကိုသွားနေတာလဲ။

"အခုချက်ချင်း ရှင့်ကားကို ရပ်လိုက်ပါ၊ ကျွန်မတို့ ဒီနားမှာပဲ ပြောမယ်"

ကားလေးက မရပ်သွားသည့်အပြင် ပိုလို့တောင် အရှိန်မြှင့်သွားသလိုပါပဲ။ ကျွန်မစိတ်တွေတုန်လှုပ်ချောက်ချားစပြုလာသည်၊ ဒီရက်ပိုင်း ဦးဇော်ကိုကြည့်ရတာ တစ်ခုခုထူးခြားနေသလိုပဲဆိုသည့် နောင်ရှိုး စကားကလည်း နားထဲမှာ အထပ်ထပ်ပဲ့တင်ပြည်လာ၏။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဇော်၊ ကားကို ရပ်လိုက်လို့ ပြောနေတယ်မဟုတ်လား"

သူ့လက်မောင်းကို ထုရိုက်ရင်း ကျွန်မ ဒေါသတကြီး ပြောမိသည်။ သူ့ဘက်က ဘာမှတုန့်ပြန်ခြင်းမရှိတော့ ကျွန်မ ပိုလို့ခံပြင်းမိ၏။

တဖြည်းဖြည်းနဲ့ မြို့အစွန်ကို ရောက်လာပြီ။ ဒါ မင်္ဂလာဒုံဘက်ပဲ။ ကားလေးကတော့ မရပ်သေးပါ။ အရှိန်ကို အမြင့်ဆုံးတင်ပြီး ဆက်သွားနေဆဲဖြစ်သည်။

"ရှင်အခု ဘာဖြစ်ချင်နေတာလဲ ဇော်၊ ကျွန်မကို ဒီလိုမျိုး





စကားပြန်မပြောဘဲ ကားမောင်းနေလိုက်ရင် အရာအားလုံး ပြီးဆုံးသွားမှာတဲ့လား"

ဆက်တိုက်အော်ဟစ်ပြောဆိုနေရတာ မောပန်းလာသောအခါ ကျွန်မ ဇော့်ကို လေသံလေးနှင့်မေးမိသည်။ ထိုအချိန်မှာပဲ ဇော်က လမ်းချိုးလေးတစ်ခုထဲ ကွေ့ဝင်ချလိုက်၏။ တော်တော်လေး မောင်းမိသောအခါ လမ်းကို ကန့်လန့်ပိတ်ထားသော အိမ်ကြီးတစ်လုံးကို မြင်လိုက်ရသည်။ ထိုအိမ်ကိုရောက်ဖို့ ဝင်လာရသည့်တစ်လျှောက်လုံး တခြားလူနေအိမ်တစ်လုံးတလေကိုတောင်မှ ကျွန်မ မမြင်ခဲ့ပါ။

အိမ်ကြီးရှေ့တည့်တည့်ရောက်တော့ ဇော်က ဘရိတ်ကို တအားဖိနင်းပစ်လိုက်၏။ ကျွန်မတစ်ကိုယ်လုံး ယိမ်းထိုးသွားလျက် ရှေ့မှန်နှင့် မဆောင့်မိအောင် မနည်းထိန်းလိုက်ရသည်။

"မင်းဆင်းလို့ရပြီ"

တစ်လမ်းလုံး စကားတစ်ခွန်းမှ ပြန်မပြောခဲ့သော ဇော်က ခုတော့ ကျွန်မဘက်က တံခါးကို လာဖွင့်ပေးပြီး ပြောလိုက်သောစကား။ သူ ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်ကိုလာတာလဲ။ ကျွန်မကို ဘာလုပ်မလို့လဲ။

အရင်ဆုံး ကားပေါ်ကဆင်းလျက် ဘေးပတ်ဝန်းကျင်ကို ခပ်မြန်မြန် လှေ့လာလိုက်သည်။ ခြုံတွေမြက်တွေရှိပေမယ့် ရှုပ်ပွနေခြင်းတော့မဟုတ်။ သစ်ပင်ကြီးမျိုးများက အိမ်ကို ပတ်ပတ်လည် ဝိုင်းရံထားတော့ နေမထိုးနိုင်အောင် အေးမြလှသည်။ နှစ်ထပ်တိုက်အဝါရောင်လေးက ဆေးရောင်တွေတော့ မှုန်မှိုင်းနေပါပြီ။

မဟုတ်မှလွဲရော ဒါ ဇော် တစ်ခါက ပြောဖူးသည့် ဇော့်မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



အမွေပေးခဲ့သော မြေနှင့်ခြံပဲ ဖြစ်ရမည်။

"ဒီနေရာထိလာပြီး စကားပြောဖို့ မလိုဘူးထင်တာပဲ"

"အရင်ဆုံး အိမ်ထဲဝင်ရအောင်"

ဇော်က ရှေ့မှဝင်သွား၏။ ပထမတော့ လိုက်မဝင်သွားမိဖို့ စဉ်းစားသေးပေမယ့် တကယ်တမ်း ကျွန်မ ထွက်ပြေးမယ်ဆိုရင်တောင် လွတ်ဖို့လမ်းမမြင်။ ဒီလမ်းချိုးလေးတစ်လျှောက် အိမ်ဆီရောက်ဖို့ကို ကားနဲ့မောင်းလာတာတောင် ဆယ့်ငါးမိနစ်လောက် ရှိတာလေ။

အိမ်ရှေ့ခန်းမှာ နှစ်ယောက်ထိုင်ကျွန်းခုံတစ်လုံးရယ် စားပွဲတစ်လုံးရယ်ကလွဲလို့ ဘာပရိဘောဂမှမရှိ။ ဘေးဘက်မှာ အပေါ်ထပ်တက်သော လှေကားကြီး။ နောက်တော့ မျက်နှာကြက်ကနေ တွဲလောင်းကျနေသည့် ကြီးမားလှပသော ရွှေဝါရောင်မီးဆိုင်း။ အကြည့်တစ်ချက်တည်းနဲ့တင် အိမ်ရှေ့တစ်ခန်းလုံးကို ဖြန့်ကျက်ကြည့်မိပြီးသားဖြစ်လောက်အောင် အိမ်အပြင်အဆင်က ရိုးရှင်းပါသည်။

"ထိုင်လေ"

"ရှင်ဘာဖြစ်လို့ ကျွန်မကို ဒီလိုလုပ်ခဲ့တာလဲ"

"စိတ်ကို ငြိမ်ငြိမ်ထားပါ၊ ဘာဖြစ်လို့လဲ စကားကို အေးအေးဆေးဆေး နောက်မှပြောလည်း ရပါတယ်၊ ဒါ ဇော့်မိဘတွေအိမ်လေ၊ ဟိုးအရင်က မင်းကိုပြောပြခဲ့ဖူးပါတယ်"

"ကျွန်မ အဲဒါတွေ မသိချင်ဘူး၊ ကျွန်မ မေးတာကိုပဲ ရှင် ဖြေစမ်းပါ"

ဇော်က ထိုင်ခုံမှာ ထိုင်နေရင်းမှ ကျွန်မဆီ တည့်တည့်လျှောက်





လာ၏။ လက်တစ်ကမ်းအကွာလောက်မှာ ရပ်လိုက်ပြီး ကျွန်မမျက်လုံးများကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"ဘာကြောင့်လို့ မင်းထင်လဲ"

"ဒါဆို နောင်ရိုးကို အသုံးချပြီး ရှင် ဒါတွေလုပ်ခဲ့တယ်ဆိုတာ တကယ်လို့ ဝန်ခံလိုက်တာလား"

"ဟုတ်တယ် ငါလုပ်ခဲ့တယ်၊ ဘာဖြစ်လို့ လုပ်တယ်ဆိုတာက တော့ ငါ့ကိုမေးတာထက် မင်းကိုယ်မင်း ပြန်မေးလိုက်တာက ပိုကောင်းမယ်ထင်တယ်၊ ငါ့အပေါ်မှာ မင်းဘယ်လိုလုပ်ရပ်တွေ လုပ်ခဲ့တယ်ဆိုတာမျိုးပေါ့"

"ရှင့်ကို သစ္စာဖောက်ခဲ့တဲ့အတွက်လား"

"မှန်တယ်"

နှုတ်ခမ်းများ မဲ့ကွေးလျက် တစ်ခွန်းတည်းပြောလိုက်ပြီး ကျွန်မကို ကျောခိုင်းလိုက်၏။

"မင်းကိုငါ ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ မင်းအသိဆုံး၊ ဒါတောင် ငါလိုလူကို သစ္စာဖောက်ပြီး တခြားတစ်ကောင်နဲ့ ဖောက်ပြန်ရဲတာ မင်းတော်တော် သတ္တိရှိလို့ပဲ"

"ကျွန်မ မှားခဲ့ပါတယ်၊ အဲဒီအတွက် ရှင့်ကိုလည်း အနူးအညွတ် တောင်းပန်ပါတယ်၊ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်မစိတ်ထဲမှာလည်း ရှင့်ကိုအမြဲ အားနာနေခဲ့တာပါ"

"မင်းလုပ်ချင်တာတွေ လုပ်ပြီးတော့မှ ငါ့ကိုအားနာစိတ်လေး ဖြစ်ပေးလိုက်ရင် ပြီးသွားမယ်လို့ မင်း မျှော်လင့်နေတာလား၊ မရဘူး



www.burmeseclassic.com

www.burmeseclassic.com



နီ၊ ငါက ငါပိုင်ဆိုင်ချင်တာကို မရရအောင် ယူတတ်တဲ့ လူစားမျိုး"

သူ အံကို တင်းတင်းကြိတ်ပြီး ပြောသည်။ ကျွန်မ ပါးပြင်ထက်မှာ မျက်ရည်တို့ ကျဆင်းလာ၏။ ကျွန်မ လုပ်ခဲ့တဲ့အပြစ်ဒဏ်တွေကို ကျွန်မ ခံနေရတာပါပဲ။ ဘယ်သူမပြု မိမိမှုပဲမဟုတ်လား။ ဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုနည်းလမ်းတွေသုံးရင် အကောင်းဆုံးဖြစ်နိုင်မှာလဲ။

"ဒါပေမဲ့ မရတော့ဘူးလေ၊ ကျွန်မက လက်ထပ်ပြီးသွားပြီ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီ၊ ရှင့်မှာ ဘယ်လို အကြောင်းပြချက်နဲ့မှ ကျွန်မတို့အိမ်ထောင်ရေးကို နှောင့်ယှက်ဖို့ အခွင့်အရေးမရှိတော့ဘူး၊ ရှင့်အပေါ် သစ္စာဖောက်ခဲ့ဖူးတာကလွဲရင် ခုချိန်မှာ ရှင်နဲ့အလုပ်ရှင်လို ဝန်ထမ်းလို ဆက်ဆံရေးမျိုး ကျွန်မ အကောင်းဆုံး တည်ဆောက်ချင်ခဲ့တာ"

"မင်းကရပေမယ့် ငါ မရဘူးကွ၊ ငါသိပ်ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို နေ့တိုင်းမြင်တွေ့နေရပြီး သူများရဲ့ဇနီးမယားဖြစ်နေတာမျိုးကို ငါမခံစားနိုင်ဘူး၊ ငါ ရအောင်ပြန်ယူမှာပဲ"

"ဟင့်အင်း ရှင် မရဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက မောင့်ကို လုံးဝကွဲပေးမှာမဟုတ်လို့ပဲ"

"ဟား ဟား မင်းမကွဲပေးချင်လည်း မင်းတို့နှစ်ယောက် မကြာခင် ကွဲတော့မှာပဲလေ၊ ငါထင်တာ မှားနေလို့လား"

"လင်မယားကွဲတယ်ဆိုတာ ရှင်လုပ်ချင်သလို လုပ်လို့ရလောက်အောင် မလွယ်ကူပါဘူး အဲဒါကို ရှင်မမေ့နဲ့"





ကျွန်မ ဒေါသနှင့်အသားများတဆတ်ဆတ် တုန်ယင်လာသည်ထိ အော်ဟစ်ပစ်လိုက်သည်။

"ဒီမှာ နီ မင်းကိုငါ စကားကောင်းကောင်းမွန်မွန် ပြောနေတာ၊ မင်းလည်း ငါ့ကိုမအော်ပါနဲ့၊ ငါ မင်းနဲ့ရန်ဖြစ်နေတာ မဟုတ်ဘူး"

"အို ကျွန်မကတော့ အော်သင့်ရင် အော်မှာပဲ၊ ဘာကိုငဲ့နေရမှာလဲ၊ ရှင်တောင်မှ ဘယ်အရာကို ငဲ့ကွက်ခဲ့လို့လဲ၊ သူများတကာရဲ့ အိမ်ထောင်တစ်ခုကို အလွယ်တကူဖျက်ဆီးပစ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ဘယ်လောက်ယုတ်ညံ့တဲ့လုပ်ရပ်လဲ"

"ဒါဆို မင်း ငါ့ကို သစ္စာမဲ့ခဲ့တာကရော သိပ်ကောင်းတဲ့အလုပ်ပေါ့လေ"

"ဟုတ်တယ် ကျွန်မမှားတယ်၊ ဒါပေမဲ့ ယုတ်မာခဲ့တာမဟုတ်ဘူး"

"မင်းဘက်ကကြည့်တော့ ငါ့အပေါ် သစ္စာဖောက်ခဲ့တာက ဘာမှမဟုတ်ခဲ့ဘူးပေါ့ ဟုတ်လား"

"ဘာမှမဟုတ်ဘူးဆိုတာထက် ရှင့်ကိုယုတ်မာခဲ့တာမဟုတ်ဘူးလို့ သိစေချင်တာပဲ၊ ဒါကြောင့် ရှင် အခုချက်ချင်း မောင့်ကို လိုက်ရှင်းပြပေးပါ။ မဟုတ်ကဟုတ်က လုပ်ဇာတ်တွေနဲ့ ကြားလူတစ်ယောက်ကြောင့်တော့ ကျွန်မတို့အိမ်ထောင်ရေးကို အပြိုကွဲမခံနိုင်ဘူး"

"ဘာ မင်းဘာပြောလိုက်တယ် ကြားလူ ဟုတ်လား"

ကျွန်မ ပခုံးနှစ်ဖက်ကို ဆောင့်တွန်းလျက် သူ အော်ဟစ်ပစ်လိုက်သည်။ အားနှင့်တွန်းပစ်လိုက်ခြင်းမို့ ကျွန်မနောက်သို့ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးလှမ်းလောက် ပခိုင်နဲ့သွား၏။ တော်တော်လည်း နာကျင်သွားရသည်။

"မင်းအပေါ်မှာ အမြဲတမ်း ချစ်ခင်ဂရုစိုက်ပေးခဲ့တဲ့ ငါက ကြွားလူ ဟုတ်လား၊ မင်းကို ရက်ရက်စက်စက် စွန့်ပစ်ခဲ့တဲ့ကောင်ကိုတော့ မင်းအထိမခံဖြစ်နေတယ်ပေါ့လေ"

ဇော် ဒေါသများထွက်လျက် အကြီးအကျယ် ပေါက်ကွဲပါတော့သည်။ ခုလိုမျိုး ဇော် ဖြစ်နေတာကို ကျွန်မ ဘယ်တုန်းကမှ မမြင်တွေ့ဖူးခဲ့။ ဘာကိုမှမမြင်နိုင်တော့သည့် လူကြမ်းကြီးတစ်ယောက်လို ဇော် အော်ဟစ်နေသည်။

"မင်းကိုငါ့လောက်တောင် နားမလည်နိုင်တဲ့ကောင်ကိုမှ မင်းက လင်တော်ထားပြီး ငါ့ကိုကျ ချိုးနှိမ်ဆက်ဆံနေတာ ဘာသဘောလဲ"

"ကျွန်မ ရှင့်ကို ဘာမှမပြောချင်တော့ဘူး၊ ခုလောလောဆယ် ရှင်သာ ရှင်လုပ်ခဲ့တဲ့ လုပ်ကြံဇာတ်လမ်းကြီးကို ပြန်ဖြေရှင်းပေးပါ၊ ကျွန်မ ပြောချင်တာ အဲဒါပဲ"

"ငါက ဘာလို့လုပ်ပေးရမှာလဲ၊ ဒီလိုမျိုး ပြန်ရှင်းပြပေးဖို့ လုပ်ခဲ့တာမှမဟုတ်တာ၊ ဟား ဟား မင်းပြောသလိုသာ လိုက်ဖြေရှင်းပေးရမယ်ဆိုရင် အစတည်းကတောင် လုပ်မနေတော့ဘူး ရှင်းလား"

"ကောင်းပြီလေ ရှင်မပြောပေးဘူးဆိုရင်လည်း နောင်ရိုးတစ်ယောက်လုံး ရှိတယ်၊ သူ့ကိုပြောခိုင်းလိုက်ရုံပဲ"

"အေး အဲဒီကောင်ကိုလည်း ငါ အခုချက်ချင်း အလုပ်ထုတ်ပစ်မှာ၊ ငါ့နားမှာလည်း မထားဘူး။ ဒီကောင့်မျက်နှာကိုတောင် နောက်





ဘယ်တော့မှမမြင်ချင်ဘူး။ ငါ့အပေါ် သစ္စာမဲ့တဲ့လူတွေကိုငါ သိပ်မုန်းတယ်"

"ရှင်ကြိုက်သလိုလုပ်ပါ၊ ရှင်တို့အားလုံး ပူးပေါင်းပြီး ကျွန်မအပေါ် လုပ်ကြံခဲ့ကြတာပဲ၊ သနားစရာတော့ မရှိပါဘူး။ ကျွန်မ ပြောချင်တာတွေလည်း ပြောပြီးပြီဆိုတော့ ပြန်မယ်"

ကျွန်မ ချာခနဲ လှည့်ထွက်လိုက်သည်။ သူ့ကားနဲ့တော့ ပြန်ဖို့ အစီအစဉ် လုံးဝမရှိ။ ဘယ်လောက်ပဲလျှောက်ရ လျှောက်ရ အချိန်တန်ရင်တော့ လမ်းမကြီးပေါ်ကို ရောက်သွားမှာပါပဲ။

စိတ်ကိုတင်းထားလိုက်ပြီး အိမ်ပြင်ဘက် ထွက်ခဲ့လိုက်သည်။ လမ်းလေးက ကားတစ်စီးစာမောင်းလောက်ရုံ ဖောက်လုပ်ထားသော မြေလမ်းလေးဖြစ်၏။ ဘေးတစ်ဖက်တစ်ချက်စီမှာတော့ မြင့်မားသော သစ်ပင်တွေက အုံ့အုံ့ဆိုင်းဆိုင်း ပေါက်ရောက်နေသည်။

လမ်းက တစ်လမ်းထဲရှိတာမို့ လမ်းမှားမှာတော့ စိတ်ပူစရာမရှိပါ။ ငါးမိနစ်လောက် လျှောက်လာမိတော့ ကျွန်မနောက်နားမှ ကပ်ပါလာသော ကားစက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ကျွန်မ လှည့်မကြည့်ပါ။ ဒါ ဇော်ကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ။

မကြာခင်အချိန်လေးမှာပင် ဇော့်ကားလေး ကျွန်မနားသို့ ရောက်လာပြီး လမ်းလျှောက်နေသော ရှေ့တည့်တည့်တွင် ကန့်လန့်ဖြတ်ကြီး ရပ်ချလိုက်၏။ ကားပေါ်ကနေ အပြေးတစ်ပိုင်းဆင်းချလာပြီး ကျွန်မနားသို့ ဇော် ရောက်လာသည်။

"ရှင် ဘာလုပ်ဦးမလို့သဲ အာ"

နှာဝမှာ စိမ်းရွှေရွှေအနံ့တစ်ခုနှင့်အတူ ကျွန်မတော့ ခေါ်လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲအမိခံလိုက်ရပြီဆိုသော အတွေးကသာ နောက်ဆုံးအသိဖြစ်ခဲ့၏။

မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည့်အချိန်မှာ အခန်းတစ်ခုထဲရောက်နေတာ တွေ့လိုက်ရသည်။ ကျွန်မ ဘယ်ကိုများ ရောက်နေတာလဲ။ ဟိုအိမ်ကြီးထဲမှာပဲလား။ ဒါမှမဟုတ် တခြားတစ်နေရာရာကိုများ ရောက်နေတာလား။ ကျွန်မကိုမေ့မျောအောင်လုပ်ပြီး ဇော် ဖမ်းဆီးခဲ့တာတော့မှတ်မိပါသည်။

ခေါင်းထဲမှာ မူးဝေဝေ ဖြစ်နေသေးသော်လည်း ကျွန်မ အားယူပြီး မတ်တပ်ထရပ်လိုက်သည်။ အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ထိုင်ခုံတစ်လုံးသာရှိသော အခန်းကျယ်ကြီး၊ လေးပေမီးချောင်းတစ်ချောင်းရဲ့အလင်းရောင်က ကျယ်ပြန့်လှသောအခန်းကို လုံလုံလောက်လောက် အလင်းမပေးနိုင်ပါ။ ပြတင်းပေါက်များမရှိဘဲ အဲကွန်းဖွင့်ထားခြင်းကြောင့် စိမ့်နေအောင်တော့အေးပါသည်။

အဝင်အထွက် တံခါးပေါက်တစ်ခုကလွဲရင် ဒီအခန်းထဲမှာ ဘာတံခါးမှ ထပ်မရှိတော့။ ထိုတံခါးကို ဖွင့်ကြည့်သည် မရ။ အပြင်ကနေ လော့ချထားခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်မတော့လွတ်ဖို့လမ်း ဘယ်လိုရှာရပါ့မလဲ၊ ဇော့်ကို ဒီလောက်ထိ လုပ်လိမ့်မည်လို့ ကျွန်မ လုံးဝမထင်ထားခဲ့၊ ခုတော့ တကယ့်ကိုထောင်ချောက်ထဲမှ တည့်တည့်တိုးဝင်မိနေပြီ ဖြစ်သည်။ ကြောက်စိတ်ကြောင့် စိတ်တွေတုန်လှုပ်လာ၏။ အခုချိန်မှာ ပုံမှန်စိတ်မဟုတ်သည့်ယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်လုံးမှာ ကျွန်မတစ်ယောက်တည်း ရှိနေရခြင်းသည် ကျွန်မစိတ်ကို အဆုံးစွန်သော ထိတ်လန့်မှုကို ဖြစ်စေ၏။





ပါးပြင်ထက်သို့ မျက်ရည်များ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။ ဘောင်းဘီအိတ်ကပ်ထဲကို စမ်းကြည့်မိသည်။ ဖုန်းလည်းမရှိတော့။ ဇော် ယူသိမ်းထားလိုက်ပြီနဲ့ တူသည်။ ဖုန်းမရှိရင် ကျွန်မအပြင်လောကကို ဘယ်လိုဆက်သွယ်ရပါ့မလဲ။ ကျွန်မ ဒီမှာ ခုလိုမျိုး ချုပ်နှောင်ခံထားရတယ်ဆိုတာ ဘယ်သူမှ မသိနိုင်တော့ဘူးလား။ ကျွန်မကို ကူညီမည့်သူတစ်ဦးတစ်ယောက်မှ မရှိတော့ဘူးလား။

အတွေးများဖြင့် တစ်ယောက်တည်း ချောက်ချားနေစဉ် အခန်းတံခါးပွင့်သွားပြီး ဇော် ဝင်လာသည်။ ကျွန်မ ဒေါသဖြစ်ဖြစ်နှင့်ဘာမှ စဉ်းစားမနေတော့ဘဲ ဇော့်ထံ ပြေးဝင်သွားပြီး မျက်နှာကိုလက်သည်းနှင့် ကုတ်ခြစ်လိုက်၏။ မြန်လွန်းသောကြောင့် ဇော် ရှောင်ချိန်မရလိုက်ပါ။ လက်သည်းရာနှစ်ချက်နှင့်အတူ ဇော့်မျက်နှာမှာ သွေးစို့သွားသည်။

"မင်း ငါ့ကို ဘာလုပ်တာလဲ"

"နင့်ကိုငါ မုန်းတယ်"

"မင်းဘယ်လောက်မုန်းမုန်း ငါကတော့ မမုန်းဘူး"

သွေးစလေးများကို လက်မနှင့်ပွတ်သုတ်လိုက်ရင်း ဇော်က ခပ်တည်တည်ပြောသည်။ သူ အဲဒီလိုပြောလေလေ ကျွန်မက ဒေါသဖြစ်လေလေမို့ အားနှင့်လွှဲရိုက်ပစ်လိုက်ရန် လက်ကိုမြှောက်လိုက်၏။ သို့သော် ဒီတစ်ခါတော့ ဇော်က ဖမ်းချုပ်ထားလိုက်သောကြောင့် ကျွန်မဒေါသတွေ ပေါက်ကွဲခွင့်မရလိုက်ပါ။

"နင် ငါ့ကိုဘာလို့ ဖမ်းထားတာလဲ၊ ငါ့ကိုအခုချက်ချင်း ပြန်လွှတ်ပေးစမ်း၊ ငါ့ဖုန်းလည်း ပြန်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တကူးတက ဒီထိခေါ်လာခဲ့ပြီးမှ ငါ ဘာလို့ပြန်လွှတ်ပေးရမှာလဲ၊ ငါပြောခဲ့ပြီးသားပဲလေ၊ ငါမရရအောင် ယူမှာပါလို့"

"နင် မိုက်ရိုင်းလိုက်တာ၊ ဒီနည်းနဲ့ ငါ့အချစ်ကို နင်ရမယ်များထင်နေလား"

"နင့်ကိုပိုင်ဆိုင်ခွင့်ရပြီးတဲ့နောက်မှာ ဟိုအရင်လို နင့်အချစ်ကို ပြန်ရအောင်ယူမယ် နားလည်လား"

"နင် ဘယ်တော့မှ မရစေရဘူး၊ အရင်က နင့်ကိုချစ်ခဲ့တယ်ဆိုတာလည်း ငါ ရူးသွပ်ခဲ့လို့ပဲဖြစ်မယ်၊ မောင်နဲ့တွေ့ပြီးတဲ့နောက်မှာ ငါ့မှာ တခြားလူတစ်ယောက်ယောက်ကို ထပ်ပေးရလောက်အောင် အချစ်တွေ မရှိတော့ဘူး၊ နင်မှတ်ထားလိုက်"

ကျွန်မ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ သူ ဟန်ချက်မထိန်းနိုင်စွာ ဖင်ထိုင်လျက် လဲကျသွား၏။ ထိုအချိန်ကို အခွင့်ကောင်းယူပြီး ကျွန်မ သူ့ရှေ့ကထွက်အပြေး သူကလည်း ကုန်းရုန်းထကာ ကျွန်မခြေထောက်များကို ဖမ်းဆွဲထားလိုက်သည်။ ဒီတစ်ခါ အရှိန်မထိန်းနိုင်ဘဲ အရှေ့ကိုဟပ်ထိုးကြီးလဲကျသွားရသူကတော့ ကျွန်မပါပဲ။ ကျွန်မလက်များကို နောက်ပြန်ဖမ်းချုပ်ထားလိုက်ပြီး ကုလားထိုင်တွင် ကြိုးများဖြင့် တုပ်နှောင်လိုက်သည်။ အားရှိသရွေ့ ရုန်းကန်တွန်းထိုးပါသော်လည်း ယောကျ်ားတစ်ယောက်ရဲ့အင်အားကို ဘယ်လိုမှ မယှဉ်နိုင်အောင် ဖြစ်ရ၏။

နောက်ဆုံးတော့ ဒီအခန်းကျယ်ကြီးထဲမှာ ကျွန်မဟာ ကြိုးများဖြင့် တုပ်နှောင်ခံရလျက် ဖော့်ရဲ့အကျဉ်းသားတစ်ယောက် ဖြစ်သွားခဲ့ပြီ။





"နင်ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ဖော်၊ နင်က ငါ့ကိုသိပ်ချစ်တယ်ဆို"

မျက်ရည်များ အဆက်မပြတ် ကျဆင်းလျက်က ကျွန်မ အားယူပြောမိသည်။ ဖော် အခန်းနံရံကိုမှီကာ ခြေဆင်းထိုင်နေရင်းက စီးကရက်တစ်လိပ်ကိုမီးညှိဖွာရှိုက်လိုက်၏။

"အခုလည်း မင်းကိုသိပ်ချစ်လို့ပဲ ငါပိုင်ဆိုင်ချင်လို့ လုပ်နေတာတွေလေ"

"ဟင့်အင်း အခုဟာက အချစ်မှမဟုတ်တာ ဖော်၊ ရှင် ကျွန်မကို အနိုင်ကျင့်နေတာ"

နှုတ်ခမ်းလေးတစ်ချက် တွန့်ပြုံးလျက် ဖော် မတ်တပ်ထရပ်သည်။ စီးကရက်ကို ပစ်ချလိုက်ပြီး ခြေထောက်ဖြင့် နင်းချေလိုက်၏။ အခန်းထဲမှ ပြန်ထွက်သွားသည်ထိ ကျွန်မကို စကားတစ်ခွန်းမှ ထပ်မပြောတော့။

"ငါ့ကိုအခုလွှတ်ပေး နင် ငါ့ကို အခုလွှတ်ပေးစမ်း"

ဘာမှထူးမလာမှာ သိပေမယ့် ကျွန်မ သွေးရူးသွေးတန်း အော်ပစ်လိုက်သည်။ ဒီနေရာမှာ ဘယ်လောက်ကြာကြာ ကျွန်မနေရဦးမှာလဲ။ ဖော့်ကိုဖြစ်ဖြစ် ကျွန်မကိုဖြစ်ဖြစ် ဘယ်သူမှ လိုက်မရှာကြတော့ဘူးလား။ ကျွန်မတို့နှစ်ယောက် ဒီမှာရှိနေတယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ကြတော့ဘူးလား။

မျက်ရည်ကျရလွန်းသောကြောင့် ခေါင်းထဲမှာ မူးယစ်ငိုက်မနေ၏။ အစာမစားရသောကြောင့်လည်း ရင်ထဲမှာ အော်ဂလီဆန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဝဋ်ဒုက္ခမျိုးကို ကျွန်မ ခံစားနေရတာလဲ။ ဇော် ကျွန်မကို ခုလို လုပ်လိမ့်မည်လို့ နည်းနည်းမှ တွေးမထားခဲ့မိတာ၊ ခုတော့ အံ့သြတုန်လှုပ်စရာ ကောင်းလွန်းလှပါသည်။

■ ■ ■

"ရော့ ထမင်းစားလိုက်ဦး၊ ဩော် ဆောရီး နီရယ် နင့်ဘာသာ ဘယ်စားလို့ရမလဲ၊ ဇော် ခွံ့ကျွေးမယ်နော်"

ကျွန်မရှေ့တည့်တည့်တွင် ပလတ်စတစ်ခုံရှည်တစ်လုံး ယူထိုင်လျက် ကျွန်မကို ထမင်းကျွေးရန် သူ ကြိုးစားသည်။

"နင်ကြိုက်တဲ့ ပုစွန်ဆီပြန်လေးနဲ့ စားလိုက်နော်"

ထမင်းဇွန်းကို ကျွန်မ ပါးစပ်နားထိုးပေးလျက် သူ ပြော၏။ ဒီဟင်းတွေ ဘယ်ကရောက်လာတာလဲ။ ဇော် ကိုယ်တိုင်ချက်တာလား။

"ဘာလို့မစားတာလဲ နီ၊ ဘာလဲ ဇော်က အဆိပ်ခတ်ထားမှာ စိုးလို့လား ဟင်း ဟင်း"

"ဟုတ်တယ် ပြောလို့ရတာမဟုတ်ဘူး၊ ရှင်က အရင်တုန်းက ကျွန်မသိတဲ့ဇော်မှ မဟုတ်တော့တာ၊ ဒီတော့ ကျွန်မကိုအဆိပ်ခတ်ချင်လည်း ခပ်ထားနိုင်တာပဲလေ"

"နီရယ် နင်က ငါသိပ်ချစ်တဲ့မိန်းမပါ၊ နင်စားမယ့်ထမင်းထဲမှာ အဆိပ်ခပ်ပါ့မလား၊ နင့်ကိုစားစေချင်လွန်းလို့တောင် ငါကိုယ်တိုင် ဝယ်ခြမ်းချက်ပြုတ်ထားတာ"

တကယ်ပဲ ဇော် ကိုယ်တိုင်ချက်လာတာလား။

"စားလိုက်နော် နီ ရော့"





ပါးစပ်နားကနေ မဖယ်ခွာတော့သော ထမင်းဇွန်းလေးကို ကျွန်မ အသာစားလိုက်သည်။ စိတ်ထဲမှာတော့ တထင့်ထင့်နဲ့ပါ။ ဒါပေမဲ့ ဒီမှာ ဘယ်လောက်ကြာကြာ နေရမည်မသိသေးသော အားအင်မပြတ်လပ်အောင် အစာလေးကိုတော့ စိတ်မပါလည်း စားထားမှပါ။

"နီရယ် အဲဒီလိုလိမ်လိမ်မာမာနေစမ်းပါ၊ ရော့ နောက်တစ်ဇွန်း စားလိုက်ဦး"

ထိုထမင်းတစ်ပန်းကန်လုံး ကုန်စင်သွားအောင် ကျွန်မ စားလိုက်ပါသည်။ ဇော်က သဘောတကျနှင့် ကျွန်မခေါင်းလေးကို အုပ်ကိုင်လိုက်ပြီးမှ အခန်းထဲက ထွက်ခွာသွား၏။

ဇော်မရှိတော့တာနှင့် လက်နောက်ပြန်တုပ်ထားသော ကြိုးများကြားကနေ လွတ်လိုလွတ်ငြား ကျွန်မ ရုန်းထွက်ကြည့်မိ၏။ မရ။ တင်းနေအောင်ချည်နှောင်ထားသော ကြိုးများကြောင့် ကျွန်မအသားတွေ ပွန်းပဲ့ကုန်ပြီလားပင် အောက်မေ့ရသည်ထိ နာကျင်တာပဲအဖတ်တင်သည်။

ဒီလိုနည်းနဲ့တော့ ကျွန်မ လွတ်မြောက်အောင် ကြိုးစားလို့မရတာ ရိပ်မိစပြုလာသည်။ တခြားဘာနည်းလမ်းတွေသုံးရင် ဒီနေရာကနေ အမြန်ဆုံး လွတ်မြောက်နိုင်မှာလဲ။ ကျွန်မရဲ့ဦးနှောက်က ပူနေအောင် အလုပ်ပေးရ၏။ မနေ့မနက်တည်းက ဒီနေရာကို ကျွန်မရောက်နေခဲ့တာ ခုဆို နှစ်ဆယ့်လေးနာရီကျော်သွားပြီ။ အချိန်နာရီကို အတိအကျမသိရသောကြောင့် စိတ်မှန်းဖြင့်တွက်ကြည့်ရခြင်းသာ ဖြစ်သည်။

ဇော်ကရော အလုပ်မသွားဘူးလား။ အလုပ်ထဲမှာ ဇော်ရော ကျွန်မပါ နှစ်ယောက်လုံးပျောက်နေသည့်ကိစ္စကို တခြားလူတွေက



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မတွေးမိရင်တောင် နောင်ရှိးကတော့ တွေးမိလောက်ပါသည်။ မှန္နေ့တုန်းကလည်း သူ့ရှေ့မှာပဲ ဖော့်နောက်ကို ကျွန်မ လိုက်ခဲ့ခြင်းမဟုတ်လား။

နောင်ရှိးထံမှ အကူအညီတစ်ခုခု ရတန့်ကောင်းပါရဲ့။ မျှော်လင့်စရာက ဒီနည်းလမ်းပဲ ရှိတော့တာလေ။ ဖော် ပျောက်နေတယ်ဆိုတော့ ဖော့်ဦးလေးလည်း လိုက်ရှာမှာပါပဲ။ သူတို့ ဒီအိမ်ကိုလာရှာခဲ့ရင် ကျွန်မအတွက် လွတ်မြောက်ဖို့လမ်းစ တွေ့ပြီပေါ့။

အဲဒီအတောအတွင်းမှာ ဖော့်ကို အေးအေးလူလူ စည်းရုံးသိမ်းသွင်းနိုင်ဖို့ ကြိုးစားရမည်။ ကျွန်မကိုအသာတကြည်နဲ့ ပြန်လွှတ်ပေးဖို့ ဘယ်လိုစကားလုံးမျိုးတွေက ဖော့်စိတ်ကို သိမ်းသွင်းနိုင်မှာလဲ။

"နို အိပ်ချင်ရင်ပြောနော်၊ ဖော် ကြိုးဖြည်ပေးမယ်၊ တစ်ခုပဲ ထွက်ပြေးမယ်တော့ မကြိုးစားနဲ့"

"နေ့ခင်းကြောင်တောင်ကြီး အိပ်ချင်စရာလား"

"ဒါဆိုလည်း ဖော်တို့ စကားပြောကြမယ်လေ"

"ဘာပြောမှာလဲ"

ဖော့်ကို အလိုက်အထိုက်ဆက်ဆံဖို့ ဆုံးဖြတ်ထားသည့်အတိုင်း အသာတကြည်ပင် ကျွန်မ မေးလိုက်သည်။ ဖော်က သူ့ကို ကျွန်မ အော်ဟစ်ပေါက်ကွဲခြင်းတွေ မရှိတော့သည့်အတွက် ဝမ်းသာသွားသည့်ပုံနှင့် ကျွန်မ်အနား တိုးကပ်လာခဲ့သည်။

"မင်းကြောင့် ဖော် ဘယ်လောက်တောင် ခံစားခဲ့ရလဲ သိလားနို"





ဖော်က ကြမ်းပြင်တွင် ထိုင်ချလိုက်၏။ ကျွန်မက သူ့အထက် ကုလားထိုင်ပေါ်မှာမို့ မြင်ကွင်းက ကျွန်မရဲ့ခြေရင်းမှာ ဖော်က တောင်းပန်တိုးလျှိုးနေသလိုလို။

ပြီးတော့ ဖော့်မျက်ဝန်းတွေက ခုနတုန်းက အရှိန်တွေလို ပြတ်သားတောက်ပမနေဘဲ မှုန်မှိုင်းဝေရီနေ၏။ အတိတ်တစ်ခုကို ပြန်မြင်ယောင်ပြီး ခံစားချက်တွေ ပြင်းထန်နေပုံမျိုး။

"ကျွန်မ မှားခဲ့တယ်၊ တောင်းပန်ပါတယ်လို့ ဖော့်ကို ပြောပြီးပြီပဲ"

"မင်းကတော့ ဒီစကားလေးတွေ ပြောလိုက်ရင် တာဝန်ကျေပြီလို့ ထင်ပေမယ့် ဖော့်ဘက်မှာ ဘယ်လောက်ထိ နာကျင်ခဲ့ရတယ်ဆိုတာ မင်းကိုယ်ချင်းစာပေးနိုင်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းက လုပ်ချင်တာကိုလုပ်ခွင့်ရသွားတဲ့သူလေ၊ ဖော်ကတော့ အားလုံးကို အရှုံးပေးလိုက်ရတဲ့သူ။ သိပ်ချစ်တဲ့ ချစ်သူကိုတောင် အလိုမတူဘဲ စွန့်လွှတ်ပေးလိုက်ရတဲ့သူ"

"အဲဒီအတွက် ဖော် ကျေနပ်အောင် ကျွန်မ ဘာလုပ်ပေးရမလဲ"

"မင်းကို ဖော် ပြောပြီးပြီပဲ၊ ဖော် ချစ်တဲ့သူကို ဖော့်လက်ထဲ ပြန်ရောက်အောင် လုပ်မှာ၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖော် မင်းကိုပြန်ယူမှာ"

"အဲဒါ ဖော် မတရားဘူးလို့ မထင်ဘူးလားဟင်"

"ထင်တယ် ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာမင်းက ဟိုကောင့်ရဲ့ မိန်းမဖြစ်နေပြီမို့လို့ပဲ၊ ဒါပေမဲ့ ပြန်စဉ်းစားကြည့်တော့ မင်းနဲ့ဖော့်ကို

www.burmeseclassic.com



သစ္စာဖောက်ခဲ့တုန်းကလည်း တရားခဲ့တာမှမဟုတ်တာ၊ ဒါကြောင့် လုပ်ရပ်ကတော့ မတရားပေမယ့် အဖြစ်အပျက်ခြင်း ယှဉ်ကြည့်ရင်တော့ ဇော် တရားပါတယ်''

ဇော် နှုတ်ဆိတ်ကာ ခေါင်းငိုက်စိုက်ကျသွား၏။ အသက်ရှူသံ ပြင်းပြင်းများသာ အခန်းထဲမှာ ပြေးလွှားနေသည်။ ကျွန်မ ချစ်ခဲ့ဖူးသည့် ယောကျ်ားတစ်ယောက်ဟာ ကျွန်မကို ချစ်တဲ့စိတ်တွေနဲ့ ဒီလိုပုံစံ ဖြစ်သွားရတယ်ဆိုတာ မယုံချင်ပေမယ့်လည်း မျက်စိရှေ့တည့်တည့်မှာမို့ မယုံလို့လည်း မရ။

အမြဲတမ်း တည်ကြည်ခန့်ညားကာ ယောကျ်ားပီသသော ဇော့်ကို အရူးသမားတစ်ယောက်ပုံစံမျိုးနှင့် မြင်နေရတာ ကျွန်မ စိတ်ထဲ မကောင်းဖြစ်လာမိတာတော့ အမှန်။ အစတုန်းကတော့ ဒေါသတွေ တစ်ပွေ့တစ်ပိုက်နှင့်မို့ ဇော့်ကိုသတ်ပစ်ချင်လောက်အောင် မုန်းသွားမိပေမယ့် ခုလိုခေါင်းငုံ့တိတ်ဆိတ်နေတာ မြင်ရပြန်တော့လည်း ရင်ထဲမှာ ဝမ်းနည်းလာသည်။

တကယ်တော့ ကျွန်မ မကောင်းခဲ့လို့ ဖြစ်ခဲ့ရသည့်အရာတွေပါပဲ။ ဇော်ဟာ အပြစ်မဲ့သူသက်သက်သာ ဖြစ်သည်။ ဒီအဖြစ်အပျက်တွေအတွက် ဇော့်ကိုအပြစ်တင်ဖို့ရော သင့်ရဲ့လား။ တကယ်တမ်း မီးကိုစမွေးခဲ့သူက ကျွန်မသာလျှင် ဖြစ်သည်လေ။

''ဇော်''

ငုံ့နေသော ဇော့်ခေါင်းလေး ပြန်လည်မော့လာစေရန် တိုးတိတ်စွာ ခေါ်လိုက်လျှင် ဇော် ဖြည်းညင်းစွာ မော့ကြည့်လာခဲ့သည်။ ရီဝေနေတဲ့





မျက်ဝန်းမှာ မျက်ရည်စတို့ တွဲလဲခိုနေသည်။ ဇော် ငိုနေတာလား။

"ဇော် အထပ်ထပ်အခါခါ ပြောနေမိတဲ့ စကားဆိုပေမယ့် ကျွန်မစိတ်ရင်းအမှန်နဲ့ ထပ်ပြောပါရစေ၊ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်မ ဇော့်ကိုအနူးအညွတ် တောင်းပန်ပါတယ်''

ထိုစကားကို ပြောလိုက်မိချိန်မှာ ကျွန်မရင်ထဲ တစ်ဆို့နာကျင်လျက် မျက်ရည်များက ပါးပြင်နှစ်ဖက်လုံးအပြည့် စီးကျလာခဲ့သည်။

"နီ ဘာလို့ငိုနေတာလဲ၊ ဇော်က မငိုပါဘူး။ နီလည်း မငိုနဲ့တော့နော်''

ကျွန်မပါးပြင်ပေါ်ကမျက်ရည်များကို လက်နှစ်ဖက်နှင့်ပွတ်သုတ်ပေးပြီး သူကိုယ်တိုင် ဝဲတက်နေသော မျက်ရည်များကိုလည်း သုတ်ချပစ်လိုက်သည်။ မပီပြင်သော အပြုံးတစ်ခုကို နှုတ်ခမ်းတွင် ချက်ချင်းတပ်ဆင်လိုက်ပြီး

"ဇော့်ကို စိတ်ဆိုးနေတယ်မဟုတ်လား၊ ခုလိုမျိုးဖမ်းချုပ်ထားလို့လေ''

ကျွန်မ ပြန်မဖြေမိပါ။

"ဇော် မင်းကိုသိပ်ချစ်တယ်ဆိုတာ ယုံစေချင်တာပါ၊ မင်းကိုလက်ထပ်ဖို့ပြောလိုက်တိုင်း မင်းက ဇော့်ကိုကျတော့ ငြင်းခဲ့ပြီး တခြားယောကျ်ားတစ်ယောက်ကိုကျတော့ လက်ခံခဲ့တယ်လေ၊ ဇော် သိပ်ကို ခံရခက်ခဲ့တယ်၊ အသည်းကွဲတယ်ဆိုတာ သိပ်ခံရခက်တယ် နီ''

ဇော့်မျက်နှာမှာ နာကျင်ရသော အရိပ်အယောင်တို့ ချက်ချင်းပေါ်လာသည်။ မှုန်မှိုင်းနေသော မျက်ဝန်းတွေဟာလည်း အရောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



တောက်လာသည်။ အံကိုတင်းတင်းကြိတ်ပြီး ပြောနေသော ပုံစံက ခံစားချက်တွေ ပြည့်လျှံနေ၏။

"ဖော်ရယ်"

ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော နူးညံ့သည့်ခံစားချက်တွေက ခုတော့လည်း ကျွန်မရင်ဘတ်တစ်ခုလုံး ပြည့်နှက်နေခဲ့သည်။ ဖော့်ကိုမြင်ရတာ ကျွန်မနည်းနည်းမှ စိတ်မချမ်းသာနိုင်။ ကိုယ့်ကို ဒီလောက်ထိ လှပ်ကြဲခဲ့သည့်လူဆိုပြီး မုန်းတီးမိသည့်စိတ်တွေလည်း ခုချိန်မှာ ပျောက်ကွယ်နေသည်။

ချစ်ခဲ့ဖူးသည့် ယောက်ျားတစ်ယောက် စိတ်ဓာတ်တွေ ပျက်ပြားသွားရပြီဆိုသည့်အသိက ကျွန်မလိပ်ပြာမလုံနိုင်တော့။ လိပ်ပြာလုံစွာနဲ့ ဖော့်တစ်ယောက်တည်းကို အပြစ်တွေပုံမချနိုင်တော့။

ဖော် အခန်းထဲမှ ပြေးထွက်သွား၏။ ကျွန်မတစ်ယောက်တည်း မျက်ရည်များဖြင့် ကျန်ရစ်ခဲ့သည်။

■ ■ ■



## အခန်း (၉)

"ကျွန်မ ထွက်မပြေးပါဘူး ဖော်၊ ကတိပေးပါတယ်၊ ဒီကြိုးတွေကို ဖြည်ပေးပါ"

ညအိပ်ချိန်တစ်ခုပဲ ကျွန်မကို ကြိုးဖြေပေးပြီး မနက်မိုးလင်းတာနှင့်တစ်ပြိုင်နက် ဒီခုံလေးမှာ ပြန်လည်ချည်နှောင်ထားတတ်တာ။ ပြီးတော့ အံ့သြစရာကောင်းလောက်အောင် ဖော် အိပ်စက်သည်ဆိုတာမျိုး ကျွန်မ မတွေ့ရသေး။ သူ ပြင်ဆင်ပေးသော အိပ်ရာမှာ ညဘက်တွေ ကျွန်မအိပ်ပျော်သွားပြီး ကြောက်စိတ်ကြောင့် မကြာခဏ လန့်လန့်နိုးလာတိုင်း ဖော့်ကို ကျွန်မအိပ်ရာနားမှာ ငုတ်တုတ်ထိုင်နေတာသာ တွေ့ရတတ်သည်။

တစ်ခါတလေ စီးကရက်တစ်လိပ်ကို ဖွာရှိုက်နေသည်၊ တစ်ခါတလေ ကျွန်မကို ငေးကြည့်နေသည်။ တစ်ခါတလေ အခန်းတစ်ခုလုံးကို ဟိုဘက်ဒီဘက် လမ်းလျှောက်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ် ကတိပေးတာလား"

ကျွန်မကို မယုံသင်္ကာသလိုကြည့်ပြီး ဇော် ပြန်မေးသည်။ ကျွန်မ သွက်လက်စွာပင် ခေါင်းညိတ်ပြလိုက်၏။

"တကယ်ပါ လုံးဝ ထွက်မပြေးဘူး။ ကျွန်မလက်တွေ နာလှပြီ ဇော်ရဲ့"

ငိုမဲ့မဲ့လေး ပြောမိလျှင် ဇော့်မျက်လုံးက သံသယအကြည့်တွေ ချက်ချင်းပျောက်သွား၏။

"ဇော်လည်း အစတည်းက မင်းကိုဒီလိုမလုပ်ချင်ပါဘူး၊ မင်းက ဇော့်ကိုပစ်ပြီး ထွက်ပြေးဖို့လုပ်လို့သာ ကြိုးနဲ့တုပ်ထားရတာ၊ မင်းဘက်က သေချာကတိပေးရင် ဇော် ဖြည်ပေးမှာပေ့ါ"

ချက်ချင်းပင် ကျွန်မကို တုပ်နှောင်ထားသည့်ကြိုးများအား ဇော် ဖြည်ပေးသည်။ လက်ကောက်ဝတ်မှ နာကျင်မှုကြောင့် ကျွန်မ မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။ နီရဲကာ အသားနီလန်နေသော လက်ကောက်ဝတ်နှစ်ဖက်ကို ဇော် ကြည့်ပြီး ပျာယာခတ်သွား၏။

"မင်းသိပ်နာနေမှာပဲနော်၊ ဇော် ဘာလို့မစဉ်းစားခဲ့မိတာလဲ ငါကွာ တောက်"

သူ့ခေါင်းကိုသူ လက်နှင့်ပိတ်ရိုက်လိုက်ရင်း ဒေါသများဖြင့် ဇော် ပေါက်ကွဲနေပြန်သည်။ ဟုတ်ပါတယ် ဇော့်စိတ်တွေ အရင်လိုပုံမှန် မဟုတ်တော့တာ နာကျင်စွာလက်ခံလိုက်ရသော အမှန်တရားပါပဲ။

"ခဏလေးနော် နီ၊ အောက်ထပ်မှာ ဆေးဘူးရှိတယ်"

အပြေးထွက်သွားပြီး ပြန်ရောက်လာတော့ လက်ထဲမှာ ကျွ





တောင့်ပုံ ဆေးဘူးလေးတစ်ခု ပြန်ပါလာသည်။

"ဟိုနေ့က မင်းလက်သည်းနဲ့ကုတ်မိထားတော့ ဒီဆေးဘူးလေး သွားဝယ်ထည့်ရတာလေ၊ အဟင်း ခုတော့ အဆင်ပြေသွားတာပေ့ါ"

သူ့မျက်နှာပေါ်က ကျွန်မ လက်သည်းရာနှစ်ခုက သွေးမစို့တော့ ပေမယ့် သိသိသာသာ မြင်နေရသေးသော ဒဏ်ရာများအဖြစ် ရှိနေကြဆဲပါ။

"ဇော် လိမ်းပေးမယ်နော် နီ့ လက်ပေး"

ကျွန်မကို ကုလားထိုင်ပေါ်မှာ ထိုင်စေပြီး သူက ကျွန်မအောက် ကြမ်းပြင်မှာ ထိုင်ချလိုက်ပြန်သည်။

"ဇော် အဲဒီလိုကြီး မထိုင်ပါနဲ့"

"ဘာဖြစ်လို့လဲ ဘုန်းနိမ့်မှာစိုးလို့လား အဟင်း ဇော်ကတော့ မင်းနားမှာနေရဖို့ပဲ အဓိကပါ"

ပြောပြောဆိုဆို ကျွန်မ လက်တစ်ဖက်ကိုဆွဲယူပြီး ဆေးထည့် ပေးသည်။ ဆေးများကို အသားထဲစိမ့်ဝင်သွားအောင် ဖြည်းဖြည်းလေး ပွတ်လိမ်းပေးရင်း တကယ့်ကိုဂရုတစိုက်လုပ်ပေးနေသော ဇော့်ကြောင့် ကျွန်မမှာအတိတ်က အဖြစ်အပျက်များကိုသာ ပြန်မြင်ယောင်လာမိသည်။

အဲဒီတုန်းက . . . ။

■ ■ ■

အခုနိုင်ငံခြားရောက်နေသော ဇော့်သူငယ်ချင်းအတွဲနှင့်အတူ ကျွန်မတို့နှစ်ယောက် ခရီးလေးတစ်ခု ထွက်ဖြစ်ကြသည်။ ပြင်ဦးလွင်က ထိုအတွဲပိုင်ဆိုင်သော နွေရာသီအပန်းဖြေအိမ်လေးကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးက တစ်ထပ်တိုက်သေးသေးလေး။ သစ်လုံးများဖြင့် သာ အလှဆင်ထားသည့်မို့ တစ်မျိုးထူးခြားပြီး ချစ်စရာကောင်းသည်။ နွေရာသီအပန်းဖြေအိမ်ဆိုပေမယ့် ကျွန်မတို့ရောက်သွားတာ ဆောင်းတွင်းကြီးဖြစ်သည်။ ပြင်ဦးလွင်ရာသီဥတုက နဂိုတည်းကမှ အေးအေးချမ်းချမ်းရှိလှတာမို့ ရန်ကုန်မှာတည်းက အနွေးထည်ထူထူများကို ဖော်က လိုက်ဝယ်ပေးသည်။အဲဒါက ကျွန်မဘဝမှာ ပထမဆုံး ခရီးထွက်ဖူးခြင်းလည်း ဖြစ်၏။

ခရီးထွက်ရင် ယူသွားရမည့် အသေးအဖွဲပစ္စည်းလေးတွေက အစ ဖော် စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။

ဖော့်ကားလေးနှင့်ပဲ ယောကျ်ားလေးနှစ်ယောက် တစ်ယောက်တစ်လှည့်စီမောင်းကြရင်း ပြင်ဦးလွင်ကိုရောက်တော့ ကျွန်မ အလွန်ရင်ခုန်နေခဲ့မိသည်။ လှပသည့် ခြံဝင်းလေးနှင့် အိမ်ကလေးက ကျွန်မကို အပြည့်အဝဆွဲဆောင်နိုင်ပါသည်။ ခြံဝင်းလေးထဲမှာ ပန်းပွင့်လေးတွေ အရောင်စုံစုံလင်လင် စိုက်ပျိုးထားပြီး ထိုအလယ်မှာမှ သစ်လုံးအိမ်လေး ရှိနေခြင်း ဖြစ်သည်။

မီးလင်းဖိုလေးနဲ့ သစ်လုံးထိုင်ခုံလေးများ။ ပင်စည်ကိုဖြတ်ကာ စားပွဲလုပ်ထားသော အပြင်အဆင်။ တကယ့်ကို ချစ်စရာလေးပါ။

''ပျော်နေတယ် မဟုတ်လား နို''

''ပျော်တယ် ဖော်၊ ဒီလို ကဗျာဆန်တဲ့နေရာလေးကို ဘဝမှာ ပထမဆုံးခရီးအဖြစ် လာလည်ရတာ သိပ်ကြည်နူးတာပဲ''

''မင်းသဘောကျမယ်ဆိုတာသိလို့ ဖော်က တမင်လိုက်လာ





တာ၊ ဒီနှစ်ကောင်က သူတို့ပဲ သီးသန့်တွဲခုတ်ဖို့ လုပ်ထားကြတာလေ''

''ဟယ် ဟုတ်လား၊ ကျွန်မ လုံးဝမသိဘူး၊ ဖော်ကတော့လေ အားနာစရာကြီး''

''ဒီကောင် လျှောက်ပြောနေတာပါ၊ ကျွန်တော်တို့က သူ့ကိုခေါ်နေတာကြာပြီ၊ အလုပ်များတယ် ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ ရှေ့နေတာ၊ ခုမှပဲ ပါလာလို့ ဝမ်းသာနေတာလေ''

ကိုကျော်စွာက ကျွန်မကိုဖော်ရှေ့စွာနှင့် ဝင်ပြောသည်။ ထိုအခါမှပင် ကျွန်မမှာ ဖော့်ကိုမျက်စောင်းလေးထိုးနိုင်တော့သည်။

''ဒီနေ့တော့ ငါတို့အိမ်မှာပဲ နားကြတာပေါ့ကွာ၊ မင်းရော ငါရော တစ်လမ်းလုံး ပင်ပန်းလာတာ''

''အေးပါ ငါလည်း မိန်းမကို ဖက်အိပ်လိုက်ဦးမယ်''

''ကြည့် ဒီလူကတော့''

မနော်က ကိုကျော်စွာကို မနာအောင် ရိုက်လိုက်ရင်း ဆိုသည်။

''ဘာဖြစ်လို့လဲ၊ ကိုယ့်မိန်းမကိုယ် ဖက်အိပ်တာပဲ၊ ဘာလဲ မင်းက မကြိုက်ဘူးလား''

''ဟယ် ဒီလူ ပြောလေကဲလေပါလား''

''ဟာ ဟေ့ မလုပ်နဲ့တော့၊ နာတယ်ကွ အား နာတယ်နော်''

ကိုကျော်စွာက အခန်းထဲဝင်ပြေးသည်။ မနော်က နောက်က အတင်းလိုက်ရိုက်၏။ သူတို့ကိုကြည့်ရတာ ပျော်ပျော်နေတတ်ပုံပါပဲ။

''ဖော်တို့လည်း နားရအောင်ကွာ''

''နေဖို့က''



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ထဲဝင်လာတည်းက အိပ်ခန်းနှစ်ခန်းပဲပါတာကို ကျွန်မ သတိထားမိပါသည်။ ကျွန်မတို့ ဘယ်လိုနေကြမလဲဆိုသော အတွေးက စရောက်တည်းက တွေးနေမိတာ။

"ဇော်တို့လည်း သူတို့လို ဖက်အိပ်ရအောင်လေ"

"အာ ဇော်ကွာ ဘာတွေပြောနေတာလဲ"

"ဟာ ချက်ချင်းကြီး မျက်နှာတွေ ရဲတက်လာပါလား။ ငါ့ချစ်သူလေး ဘာဖြစ်သွားတာလဲ"

ကျွန်မ တကယ်ပင် ရှက်သွားမိခြင်း ဖြစ်သည်။ မျက်နှာကို အောက်သို့ငုံ့စိုက်လိုက်သောကြောင့် ဇော်က မေးဖျားလေးကိုကိုင်ကာ အတင်းပြန်မော့စေလိုက်ပြီး

"ရှက်နေတာလား နှီ"

"ဇော်က ဘာတွေပြောမှန်းမှ မသိတာ"

"ဒါပေမဲ့ ဘယ်လိုလုပ်မလဲ အခန်းက နှစ်ခန်းပဲရှိတာကို"

"အို မသိဘူးကွာ"

"ဇော့်ကိုမယုံလို့လား"

ကျွန်မ မျက်လုံးများတည့်တည့်ကို စိုက်ကြည့်ပြီး ဇော်တိုးတိုးလေးမေးသည်။ သူ့မျက်လုံးများထဲမှာ ဘယ်လိုမရိုးသားမှုမျိုးကိုမှ ကျွန်မ ရှာမတွေ့ပါ။ နူးညံ့နွေးထွေးသည့် အကြင်နာများကိုသာ မြင်နေရသည်။

"ဇော့်ကို ယုံပါတယ်"

ရင်ခွင်တွင်း တိုးဝင်လိုက်ရင်း ကျွန်မလည်း ခပ်တိုးတိုးလေး ပြန်ဖြေမိသည်။





"အခုလိုမျိုး မင်းကို ဇော့်ရင်ခွင်ထဲမှာထားပြီး အိပ်ချင်နေခဲ့တာ ဘယ်လောက်တောင်ကြာပြီလဲ မသိပါဘူးကွာ"

နူးညံ့အိစက်နေသည့် မွေ့ရာပေါ်မှာ ကျွန်မကိုပွေ့ဖက်ထားရင်း ဇော် ပြောသည်။ ဒီလိုလုံခြုံတဲ့ရင်ခွင်ထဲမှာ အိပ်နေရတဲ့ခံစားချက်က ထူးခြားလွန်းလှတာ အံ့ဩစရာပါပဲ။

"ဇော်အိပ်ချင်ရင် အိပ်တော့လေ"

"အိပ်မယ်လေ၊ မင်းကို ဒီလိုဖက်ထားပြီး အိပ်မှာဗျ။ ဘာလဲ မင်းအိပ်လို့မရလို့လား"

"ဟင့်အင်း မဟုတ်ပါဘူး၊ ဇော် အိပ်ရတာ သက်တောင့်သက်သာမဖြစ်မှာစိုးလို့ပါ"

"အမယ်လေးဗျာ ကိုယ့်ချစ်သူကို ရင်ခွင်ထဲထားအိပ်ရတာ ဘယ်သူက သက်တောင့်သက်သာ မဖြစ်ဘူးလို့ ညည်းမှာလဲ၊ ဇော်က ဒီလိုလေး အိပ်ပျော်သွားချင်တာ"

ခရီးပန်းလာသောအရှိန်နှင့် သိပ်မကြာခင်မှာပဲ ဇော် အိပ်ပျော်သွားပါသည်။ ကျွန်မကိုတော့ နည်းနည်းမှ လွှတ်မပေးခဲ့ပါ။ ဒီယောကျ်ားကိုလက်ထပ်ခြင်း မထပ်ခြင်းထက် တစ်သက်လုံးချစ်နေမိမှာတော့ သေချာတယ်လို့ ကိုယ့်ကိုယ်ကိုယ် တွေးထင်ထားခဲ့မိတာလေ။

■ ■ ■

"ဇော် ရှင်မအိပ်တာ ဘယ်နှစ်ညရှိပြီလဲ"

ကျွန်မ သတိထားမိသလောက်တော့ ဒီရောက်သည့်သုံးရက်အတွင်း ဇော် လုံးဝမအိပ်သေးပါ။ မျက်လုံးတွေက ကြောင်တောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ခုလည်း ကျွန်မ တစ်ရေးနိုးလာချိန်မှာ ဇော့်ကို ငုတ်တုတ်ကြီး ကျွန်မဘေးထိုင်နေတာ တွေ့လိုက်ရသည်။

"မသိဘူး"

"ရှင် အနားယူသင့်တယ်"

"မဖြစ်ပါဘူး မင်းထွက်ပြေးသွားမှာပေါ့"

ကျွန်မ စိတ်ပျက်စွာပင် သက်ပြင်းလေးချမိသည်။ ဇော့်ကို ဘယ်လိုလုပ်ရပါ့မလဲ။

"ကျွန်မ ထွက်မပြေးဘူးလို့ ကတိပေးထားတယ်လေ"

"အဲဒီကတိက မင်းကို ကြိုးမတုပ်ဖို့အတွက် ပေးထားတဲ့ကတိပဲ။ ဇော် အိပ်ပျော်သွားရင်တော့ မင်းသေချာပေါက် ထွက်ပြေးသွားမှာပါ"

"ဩော် ဇော်ရယ် ခက်လိုက်တာ"

"ဟုတ်တယ် မလွယ်တာတော့အမှန်ပဲ၊ ကဲပါ မင်းဘာသာမင်း အေးဆေးပြန်အိပ် ဟုတ်ပြီလား"

"ဒီလိုနဲ့ ရှင့်ကျန်းမာရေး ထိခိုက်လိမ့်မယ် သိလား"

"မင်းသာ အိပ်ရေးဝအောင် အိပ်ပါ၊ အားနည်းလို့ လမ်းမှာ မူးလဲတာ ဘယ်သူလဲ"

"ဟင် ဇော် ဇော် ဘယ်လိုသိတာလဲ"

"ဇော်က မင်းဘယ်သွားသွား လိုက်ကြည့်နေတာပဲဟာ၊ ပြီးတော့ မင်းကိုဆေးရုံပို့ပေးခဲ့တာ ဘယ်သူထင်လို့လဲ"

"ဇော် ဇော်ပေါ့ ဟုတ်လား"

ကျေနပ်အားရဟန် ပြုံးနေသော ဇော့်နှုတ်ခမ်းများကို ကြည့်





တာနဲ့တင် ကျွန်မကိုကူညီခဲ့တာ ဘယ်သူမှန်း သိလိုက်ပါပြီ။

"ကျေးဇူးတင်ပါတယ် ဇော်၊ ဒါပေမဲ့ ခုတော့ ဇော့်ကိုယ်ဇော်ပဲ ဂရုစိုက်ပါဦး"

"ဇော့်ကို စိတ်ပူနေတာလား"

ဇော့်မျက်ဝန်းတွေက နူးညံ့လိုက်တာ။ မှန်းစရာ ကြောက်စရာ ကောင်းသော လုပ်ရပ်ကိုလုပ်ခဲ့သူတစ်ယောက်မှာ ဒီလိုမျက်ဝန်းတွေ ရှိနေဆဲတဲ့။ အံ့ဩစရာပါပဲ။

"ရှင်က ကျွန်မကိုဖမ်းထားတာလေ၊ ရှင်တစ်ခုခုဖြစ်သွားရင် ကျွန်မ တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

"ဟား ဟား ဟုတ်သားပဲနော်၊ ဒါပေမဲ့ မင်းစိတ်မပူပါနဲ့၊ ဇော် ဘာမှမဖြစ်ပါဘူး။ မှတ်မိသေးလား ပြင်ဦးလွင်မှာတုန်းကလေ"

ပြင်ဦးလွင်တဲ့။ ဟိုတစ်ရက်က ကျွန်မ သတိရခဲ့တဲ့ ပြင်ဦးလွင်ခရီးလေးကို ဇော်လည်း သတိရနေခဲ့တာပေါ့။ မမှတ်မိစရာဘာမှမရှိသော အဲဒီခရီးလေးကို ခုချိန်မှာ ဇော် ပြန်မြင်ယောင်နေသလိုပါပဲ။

သစ်လုံးအိမ်လေးထဲမှာ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့သောနေ့။

မနက်နိုးလာသည့်အချိန်မှာ တစ်အိမ်လုံးကို ပတ်ရှာပါသော်လည်း ကိုကျော်စွာတို့လင်မယားရော ဇော့်ကိုပါ မတွေ့ရ။ အိမ်တစ်ခုလုံးမှာ ကျွန်မတစ်ယောက်တည်း။ ကျွန်မကိုပဲ ထားခဲ့ပြီး သူတို့တစ်တွေ ဘယ်သွားကြတာလဲ။ ဇော်က သူ့ဖုန်းကိုလည်း အိပ်ရာပေါ်မှာ ချိတ်ခိုင်း ထားခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့်လိုက်တော့ ခုနစ်နာရီဆယ်မိနစ်ပဲ ရှိသေးသည်။

အလွန်ချမ်းနေသောကြောင့် အနွေးထည်ကုတ်ထူထူကို အပေါ်က ထပ်ဝတ်လိုက်ပြီး ခြံထဲဆင်းရန် ပြင်လိုက်သည်။ မနက်စောစောစီးစီး ဒီခြံလေးထဲမှာ လမ်းလျှောက်ရတာလည်း ကောင်းမှာပါပဲ။

လှပသော ပန်းပင်လေးများရဲ့ရှုခင်းက စိတ်ကိုလန်းဆန်းစေသည်။ အရောင်စုံအသွေးစုံ စိုက်ပျိုးထားသော ပန်းခင်းကြီးထဲမှာလမ်းလျှောက်ရင်း ကျွန်မတစ်ယောက်တည်းမို့ ကြောက်ရွံ့နေမိသည့်စိတ်များလည်း လျော့ကျသွား၏။ ချယ်ရီပင်ပုပုလေးအောက်က ထိုင်ခုံတန်းလျားလေးမှာထိုင်ပြီး ဇော်ကို မျှော်နေမိသည်။

"ဟာ ဇော်က အိမ်ထဲမှာ လိုက်ရှာနေတာ ချမ်းချမ်းအေးအေးနဲ့ အပြင်ထွက်ထိုင်နေတယ် ဟုတ်လား"

"ဟွန်း ဇော် ဘယ်သွားနေတာလဲ၊ ဒီမှာ တစ်ယောက်တည်း ထားခဲ့ပြီးတော့"

ကျွန်မ နှုတ်ခမ်းစူလျက် ဇော့်ကို အပြစ်တင်လိုက်သည်။

"ဇော် နိုးထဲက သူတို့လင်မယားဘယ်သွားတာလဲ မသိဘူး"

"ဟင် ဒါဆို ဇော်က တစ်ယောက်တည်း ဘယ်သွားနေတာလဲ ပြော"

ဇော်က ပြုံးပြုံးကြီးလုပ်ပြီး ကျွန်မဘေး အတင်းဝင်ထိုင်သည်။ နောက်တော့ ကျွန်မပခုံးလေးကို ညင်သာစွာ ဖက်လိုက်ပြီး

"နီ နိုးရင်ကော်ဖီသောက်ချင်မယ်ဆိုတာသိလို့ ပြင်ဦးလွင်ကော်ဖီမှုန့် သွားဝယ်နေတာပါဗျာ"





"အပိုတွေ"

"တကယ်ပါကွာ ဇော်ဘယ်တုန်းက အပိုပြောဖူးလို့လဲ"

"မရဘူး ကျွန်မကို တစ်ယောက်တည်းထားခဲ့တဲ့အတွက် ဇော့်ကိုအပြစ်ပေးရမယ်"

"အမယ်လေး ကြောက်စရာကြီးပါလား"

"ဟုတ်တယ် ကျွန်မ အိပ်ပျော်နေတုန်း ဇော် ထွက်သွားတာဆိုတော့ ဒီတစ်ညလုံး ကျွန်မအိပ်နေတာကို ဇော် မအိပ်ဘဲ ထိုင်စောင့်ပေး"

"ဟာကွာ ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာမဆိုင်တာ မသိဘူး။ အိမ်ထဲမှာ တစ်ယောက်တည်းဆိုတော့ ဘယ်လောက်ကြောက်သွားလဲ ဇော် သိလား။ အဲဒီတော့ ဇော့်ကိုတစ်နည်းနည်းနဲ့ အပြစ်ပေးရမှာကို ကျေနပ်မှာ"

"ဇော့်ကို ရစ်နေတာမလား"

"ဘာလဲ ဇော်က နီ အိပ်နေတာကို ထိုင်မစောင့်ပေးချင်လို့လား"

"ကဲပါကွာ စောင့်ပေးပါ့မယ် စောင့်ပေးပါ့မယ်"

တစ်ချိန်လုံး မျက်နှာစူပုပ်ပြီး ဇော့်ကို ဂျစ်တိုက်ခဲ့သမျှ ဇော့်ဆီက လိုက်လျောသည့်စကားကြားတော့ ကျွန်မ ပျော်ရွှင်စွာ ရယ်မောမိသည်။

"အံမယ် လူကိုနှိပ်စက်ရတော့ သူ ပျော်နေတာ ကြည့်စမ်း"

"ဟာ ဇော် မလုပ်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ကျွန်မဆံပင်များကို ဖွပစ်လိုက်သည်။ ကျွန်မ ဇော့်နားကနေ ပန်းခင်းကြီးထဲ ဝင်ပြေးမိ၏။ ဇော်က နောက်ကထပ်ကြပ်မကွာ။ မွှေးပျံ့တဲ့ပန်းရနံ့တွေ လေတိုက်တိုင်း ယိမ်းနွဲ့နေသည့် အရောင်စုံပန်းပွင့်တွေကြားမှာ ချစ်ရတဲ့ဇော်နဲ့ ဒီလိုဘဝမျိုးကိုနောက်တစ်ခါ ထပ်မရနိုင်တော့ဘူးဆိုတာ အဲဒီတုန်းကတော့ ဘယ်သိခဲ့ပါ့မလဲကွယ်။

''အဲဒီတစ်ညလုံး ဇော် မအိပ်ဘဲ မင်းဘေးမှာ ငုတ်တုတ်ထိုင်နေရတာလေ''

ကျွန်မ မမှတ်မိဘဲ ရှိပါ့မလား။ ကျွန်မ အိပ်ပျော်သွားအောင် ရင်ခွင်ထဲမှာထားပြီး သီချင်းလေးတောင် ဆိုပြခဲ့သေးသည်။ အခုညတွေလိုပဲ ထိုညတုန်းကလည်း ကျွန်မ တစ်ရေးနိုးကြည့်လိုက်ရင် ကျွန်မကို ငေးစိုက်ကြည့်နေသော ဇော့်ကိုသာ တွေ့ရမြဲ။ အဲဒီတုန်းကတော့ ဇော် တကယ်အိပ်မအိပ်သိချင်စိတ်နဲ့ ကောင်းကောင်းအိပ်လို့ မပျော်ခဲ့တာပါ။ အခုညတွေမှာတော့ စိုးရိမ်ထိတ်လန့်စိတ်တွေနဲ့ ကောင်းကောင်းမအိပ်နိုင်တာ။

ဒါပေမဲ့ ခုတော့ ကျွန်မထက်ပိုပြီး ဇော့်ကို စိုးရိမ်ပူပန်မိလာသည်။ ဇော် မအိပ်တဲ့ညတွေ များလာရင် တစ်ခုခုဖြစ်သွားမှာ ကျွန်မစိတ်ပူမိ၏။

''ကျွန်မ တကယ်ကတိပေးပါတယ်၊ ဇော် အိပ်လိုက်နော်''

မအိပ်ရသောညတွေကြောင့် မျက်လုံးတွေက တစ်ခါတလေကြောင်စီစီနိုင်နေတာ။ လူကအိပ်ချင်နေသော်လည်း စိတ်ကို တင်းထားသောကြောင့် ဇော် အိပ်မပျော်တာပါ။ စိတ်ကိုသာလျှော့ချလိုက်ရင် တစ်ခါ





တည်းနဲ့ အိပ်ပျော်သွားမှာ ကျွန်မ သိသည်။

"ဇော် မအိပ်ချင်ဘူးလား"

"နည်းနည်းတော့ အိပ်ချင်တယ်"

အခုမှပင် ဇော့်ပါးစပ်က အမှန်တရားတွေထွက်လာ၏။ ဇော် ကျွန်မကို ယုံကြည်စွာ အိပ်စက်တော့မည်နဲ့ တူသည်။

"ဒီလိုဆို ဒီနားမှာ လာအိပ်လေ၊ ကျွန်မ သီချင်းဆိုပြမယ်"

မှိန်မှိုင်းနေသော မျက်ဝန်းတွေ ချက်ချင်းအရောင်တောက်သွား၏။ ကျွန်မ အိပ်စက်သည့်နေရာလေးမှာ ဇော် ခွေခွေလေးဝင်လှဲသည်။ ကျွန်မက ညင်သာသော သီချင်းအေးအေးတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းသွားလိုက်သည်။

ကျွန်မထင်သည့်အတိုင်းပါပဲ။ သီချင်းတောင် မဆုံးသေးခင်မှာ ဇော် အိပ်ပျော်သွားခဲ့၏။ အမြဲတမ်း သပ်ရပ်စွာဖြီးသင်ထားတတ်သော ဆံပင်တို့က ခုတော့ ပွပွယောင်းယောင်း။ အဝတ်အစားကလည်း ဖရိုဖရဲနှင့်အသစ် လုံးဝကိုပြောင်းလဲနေသည်။ ပါးပြင်ပေါ်က ကျွန်မ ကုတ်ခြစ်ထားသော လက်သည်းရာများကို လက်နှင့်အသာပွတ်သပ်ပေးလိုက်၏။

ကျွန်မတို့နှစ်ယောက်ရဲ့ရေစက်က ကောင်းခြင်းထက် ဆိုးခြင်းတွေကို ယူဆောင်လာပေးခဲ့တယ်နော်။ ဒါပေမဲ့ ကျွန်မကတော့ ဇော်နဲ့ပတ်သက်ခဲ့မိတာတွေကို အရင်လိုမေ့ဖျောက်ပစ်ထားဖို့ မကြိုးစားချင်တော့။ အတူတကွ လက်တွဲပေါင်းဖက်ဖို့ မဖြစ်နိုင်တော့ဘူးဆိုရင်တောင် ကျွန်မကို တကယ်ချစ်ခဲ့ဖူးသည့်ယောက်ျားတစ်ယောက်ကို ဘဝထဲက မေ့ဖျောက်ပစ်ရန် ကြိုးစားတော့မည်မဟုတ်ပါ။ ဒါတွေဟာ လှပသော အမှတ်တရတွေပဲ



www.burmeseclassic.com

မဟုတ်လား။

■ ■ ■

"နီရေ နီ နီ ဘယ်မှာလဲ"

မေးခွန်းဖြစ်သွားစဉ် နားထဲကြားလိုက်ရသော ခေါ်သံက ကျွန်မ သိပ်ကိုမျှော်လင့်နေခဲ့ရသော အသံပဲမဟုတ်လား။

"မောင်"

မောင် ဒီနေရာကို ဘယ်လိုသိပြီး ရောက်လာတာလဲ။ ဘေးကို ကြည့်လိုက်တော့ ဖော်က အိပ်ပျော်နေဆဲ။

"နီ နီ ဒီမှာရှိလား၊ နီရေ"

ကျွန်မ အသာလေးထသွားရန် ကြိုးစားလိုက်သည်။ အရမ်းလည်း မလှုပ်ရဲ၊ ဖော် နိုးသွားမှာ စိုးရိမ်ရသေးသည်။

"နီ ဘယ်မှာလဲ"

အောက်ထပ်ကနေ အပေါ်ထပ်လှေကားအတိုင်း ပြေးထွက်လာသော ခြေသံတဒုန်းဒုန်းက ကျယ်လောင်လွန်းလှသည်။ အခန်းတံခါးဝ နားရောက်ခါနီးမှာ ဖော့်မျက်လုံးတွေ ဖြတ်ခနဲ ပွင့်လာသည်။ ကျွန်မ ကြောက်လန့်တကြား ထွက်ပြေးမိ၏။ တံခါးနားသို့ရောက်ရှာသော်လည်း ဖော်က နောက်ကနေ ပြေးလိုက်လာပြီး ကျွန်မလက်တစ်ဖက်ကို ဖမ်းဆွဲလိုက်သောကြောင့် အပြင်သို့ မရောက်လိုက်တော့ပါ။

"ဒါ ဟိုကောင့်အသံမဟုတ်လား"

"မောင်"

မောင် ကြားမကြားတော့ မသိပါ။ ကျွန်မ အသံကုန်အော်ခေါ်





လိုက်သည်။ ကျွန်မကိုကြည့်နေသော ဖော့်မျက်လုံးတွေထဲမှာ အံ့သြခြင်း မယုံနိုင်ခြင်း၊ ဒေါသထွက်ခြင်းတွေ အပြည့်အလျှံနှင့် ကြောက်မတ်ဖွယ် ကောင်းလှသည်။

"မင်း မင်းကွာ"

ဖမ်းဆုပ်ထားသော လက်ကို အားနှင့်လွှဲပစ်လိုက်တော့ ကျွန်မ ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ ပြိုလဲသွားသည်။ အဆမတန် နာကျင်သွားရခြင်းကြောင့် မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာ၏။

"နီ နီ မင်း ဒီအခန်းထဲမှာလား"

ကျွန်မတို့ရှိနေသော အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်လျက် မောင့်အသံကို တံခါးအပြင်ဘက်မှာ ကြားလိုက်ရသည်။ ကျွန်မ အလွန် အားတက်သွားမိ၏။ နာကျင်မှုကို ဂရုမစိုက်အားတော့ဘဲ ကုန်းရုန်းထ လိုက်သည်။

"မင်း ဘယ်သွားမလို့လဲ"

အနောက်ကနေ အတင်းဖက်လျက် ဖော် တားဆီးထားတာမို့ ကျွန်မမှာ တွန်းထိုးရုန်းကန်ရင်းနဲ့ မောင့်ကိုအော်ခေါ်မိသည်။

"မောင် မောင်ရေ ကျွန်မ ဒီအခန်းထဲမှာ"

"ဒီကောင့်ကို မင်းခေါ်လိုက်တာမဟုတ်လား ဟင် မင်းခေါ် လိုက်တာမလား'

"ကျွန်မ ခေါ်တာမဟုတ်ဘူး"

"မင်း ငါ့ကိုမလိမ်နဲ့၊ မင်းမခေါ်ရင် ဒီနေရာကို သူ ဘယ်လို သိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ မခေါ်ဘူးလို့ ပြောပြီးပြီပဲ''

အခန်းထဲမှာ ကျွန်မတို့နှစ်ယောက်ရဲ့ ဒေါသတကြီးအော်ဟစ်သံများဖြင့် ဖုံးလွှမ်းနေ၏။ ထိုအသံတွေကို အပြင်ဘက်မှာရှိတဲ့ မောင် ကောင်းကောင်းကြီး ကြားနိုင်မှာပါ။

''မင်း ငါ့ကိုဒုတိယအကြိမ် သစ္စာဖောက်လိုက်တာလား နီ''

''မောင့်ကို ကျွန်မ မခေါ်ခဲ့တာ ကျိန်းသေပဲ''

''မင်း ငါ့ကိုအိပ်ပျော်အောင်လုပ်ပြီး ဖုန်းဆက်ခဲ့တာမဟုတ်လား''

''ရှင်ယုံတာ မယုံတာ မတတ်နိုင်တော့ဘူး ဖော်. ထင်ချင်သလိုသာ ထင်တော့''

ကျွန်မတို့နှစ်ယောက်ရဲ့ စကားသံတွေက ပေါက်ကွဲကျယ်လောင်နေသလို အပြင်ဘက်က တံခါးထုရိုက်သံတွေက ပိုလို့ပြင်းထန်လာသည်။

''နီ အခထဲမှာရှိတာ သိတယ်၊ ဟောကောင် ဖော် မင်းသတ္တိရှိရင် တံခါးဖွင့်လိုက်ပါ၊ အထဲကနေပြီးယောက်ျားမဟုတ်သလို လုပ်မနေနဲ့''

''မောင်''

ကျွန်မ ဘာလုပ်ရမှာလဲ။ အားကုန်အင်ကုန်ဘိုးပြီး ဖမ်းချုပ်ထားသော ဖော့်လက်တွေထဲကနေ ဘယ်လိုရုန်းထွက်ရမှာလဲ။

''ကျွန်မ တောင်းပန်ပါတယ်နော်၊ ကျွန်မကို လွှတ်ပေးပါ လွှတ်ပေးပါတော့''

''မငိုစမ်းနဲ့ နီ၊ မင်းက ငါ့ကိုအကြိမ်ကြိမ် သစ္စာဖောက်ခဲ့ပြီးခုမှ လာငိုပြမနေနဲ့တော့''





တံခါးကို တစုခုနဲ့ ပြင်းပြင်းထန်ထန် ထုရိုက်ဖွင့်နေသည့်အသံက ကျယ်သထက်ကျယ်လာသည်။ ဒီတံခါးကို မောင် မြန်မြန်ဖွင့်နိုင်ပါစေ။

ကျွန်မ ဆုတောင်းပြည့်သွားပါသည်။ ဝုန်းခနဲ ပွင့်သွားသော တံခါးကနေ မောင့်ကိုမြင်လိုက်ရချိန်မှာ ဖော် တော်တော်တုန်လှုပ်သွားပါပုံပါပဲ။

''ဒီနေရာကို မင်း ဘယ်လိုရောက်လာတာလဲ''

''ခင်ဗျားလုပ်နေတာတွေကို ဘယ်သူမှ ကြာကြာသည်းမခံနိုင်ဘူး၊ ငါ့ကို နောင်ရိုးပြောပြလို့ ငါအားလုံးသိပြီး လိုက်လာခဲ့တာ''

''မောင်''

''မောင် တောင်းပန်ပါတယ် နီ၊ နီ့အပေါ်မှာ အထင်လွဲခဲ့မိတယ်''

ဒီတစ်ခါကျသော မျက်ရည်ကတော့ ကျွန်မချစ်သည့် မောင့်ကို ပြန်မြင်လိုက်ရ၍ဖြစ်သည်။

''အခုချက်ချင်း ငါ့မိန်းမကိုလွှတ်ပေးလိုက်ပါ''

''မင်းဒီလိုပြောရုံနဲ့ လွှတ်ပေးရမယ်ဆိုရင် ဒီထိတောင် နီ့ကို ခေါ်မလာဘူး''

''မင်းက ငါကောင်းကောင်းပြောနေတာကို လက်မခံဘူးဆိုတော့လည်း''

ကျွန်မတို့နှစ်ယောက်ဆီသို့ မောင် ပြေးဝင်လာကာ ဖော့်မျက်နှာကို လက်သီးနှင့်တည့်တည့်မတ်မတ် ထိုးချလိုက်သည်။ မေးရိုးကိုပြင်းပြင်းစွာ ထိသွားတာမို့ ကျွန်မကိုဖမ်းချုပ်ထားသော လက်များလည်းလွှတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဇော် နောက်သို့ လန်ထွက်သွားသည်။

မောင့်နောက်တက်သို့ ကျွန်မခပ်မြန်မြန်လေး ပြေးဝင်နေလိုက်သည်။ လဲကျနေသော ဇော့်ကိုယ်ပေါ်ကနေ မောင်က တက်ခွလျက် မျက်နှာကို တစ်ချက်ပြီးတစ်ချက် ထိုးသည်။ ဒေါသတွေနှင့် အားပြင်းသော ထိုးချက်တွေမို့ ဇော့်မျက်နှာမှာ သွေးတို့ဖြင့် ရဲရဲနီလာ၏။ ဘေးက ကြည့်နေမိသော ကျွန်မ ရင်တစ်ခုလုံး ပြောင်းဆန်အောင် ကြောက်ရွံ့ထိတ်လန့်လာမိသည်။

ဒီလိုနဲ့ မောင် လက်လွန်ကုန်ရင် အားလုံးဒုက္ခရောက်ကုန်တော့မည်။

"မောင် တော်တော့ မလုပ်ပါနဲ့တော့"

စက်တပ်ထားသလို ဆက်တိုက်လှုပ်ရှားနေသော မောင့်လက်များကို နောက်ဘက်ကနေ လှမ်းဆွဲလိုက်ပြီး ကျွန်မ အချိန်မီ တားဆီးလိုက်သည်။ တစ်စုံတစ်ခုသာ လွန်လွန်ကျူးကျူးဖြစ်သွားရင် သူ့အပြစ်ကနေ ကိုယ့်အပြစ်ဖြစ်သွားမှာလေ။

"သွားမယ် နီ"

ကျွန်မတို့နှစ်ယောက် အပြေးတစ်ပိုင်းနှင့် အခန်းထဲကနေ ထွက်ခဲ့လိုက်သည်။ မောင်က ကျွန်မရှေ့က အောက်ထပ်လှေကားထစ်များကို ဆင်းနေစဉ်မှာ ကျွန်မလက်တစ်ဖက်ကို ဆောင့်ဆွဲခ်လိုက်ရပြီး လှေကားအောက်သို့ ဝရုန်းသုန်းကား ပြေးဆင်းသွားသော ဇော်။

အလစ်အငိုက်ခံလိုက်ရသလိုမျိုး ကျွန်မထိတ်လန့်အော်ဟစ်ရင်း ဇော့်နောက်ကို တရွတ်တိုက်ပါသွား၏။ ကားထဲသို့ အတင်းထိုးသွင်းလိုက်





ပြီး တရကြမ်းမောင်းထွက်လိုက်သော ဇော့်ကြောင့် ကျွန်မ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ရပြန်သည်။

"ဇော် ကားရပ်လိုက်၊ အခုကားရပ်လိုက်စမ်း"

"မရပ်ဘူး မင်းကိုဒီတစ်ခါတော့ ငါအလွတ်မပေးနိုင်တော့ဘူး၊ ငါ့အပေါ်မှာ နှစ်ခါတိတိ သစ္စာဖောက်နိုင်ခဲ့တာကိုလည်း အံ့ဩမိတယ်"

"မောင့်ကိုငါခေါ်ခဲ့တာမဟုတ်ဘူးလို့ နင်သိပြီးပြီပဲ၊ နင်မွေးထားတဲ့နောင်ရိုးကိုယ်တိုင် ပြောပြလိုက်တာတဲ့"

"ဒီကောင်လည်း ငါ့ကိုသစ္စာဖောက်တယ်၊ နင်တို့တွေအားလုံး သစ္စာမရှိကြဘူး၊ မုန်းတယ် အဲဒီလိုလူမျိုးတွေကို ငါသိပ်မုန်းတယ်"

ဒေါသများနှင့် ကားကိုအရှိန်မြှင့်မောင်းနေသော ဇော့်ကြောင့် ကျွန်မ ကြံရာမရစွာ တုန်လှုပ်ချောက်ချားနေမိသည်။ နောက်ကနေ မောင့်ကားလေး တောက်လျှောက်ပါလာတာမြင်ရလို့ နည်းနည်းတော့ စိတ်သက်သာရာရပါသည်။ လမ်းချိုးလေးထဲကနေထွက်ပြီး လမ်းမကြီးပေါ်တက်လာချိန်မှာ အရှိန်ဖြင့် သွားလာနေသော ကားကြီး ကားလေး မျိုးစုံ။ အဲဒီထဲကနေ ပွတ်ကာသီကာ ဖြတ်သန်းမောင်းနှင်နေသော ဇော့်ကားအနက်ရောင်လေးက လေကိုခွင်းကာ ဝိုးခနဲ ဝိုးခနဲ။

"ဇော် နင်ကားမရပ်ရင် ငါတို့ တစ်ခုခုဖြစ်တော့မယ်နော်၊ နင် အခုချက်ချင်း ကားရပ်လိုက်ပါ"

"ခုချိန်မှာ နင် ငါ့ကို ဘာမှမပြောနဲ့တော့ နီ၊ ငါသေဖို့လည်း ဝန်လေးနေမယ့်ကောင် မဟုတ်ဘူး"

"နင်ဘယ်လိုစကားတွေပြောနေတာလဲ၊ ငါတို့တယ်လူမှ သေ



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုဘူး၊ နင်သာ ကားကိုအခုချက်ချင်းရပ်လိုက်''

''ငါ မရပ်နိုင်ဘူးလို့ ပြောပြီးပြီပဲ၊ ကျေးဇူးပြုပြီး မင်းပါးစပ်ကိုသာ ပိတ်ထားပေးစမ်းပါ''

ဖော်ကတော့ ဘယ်လိုမှ ပြောလို့ရမှာမဟုတ်တော့ပါ။ အရှိန်က မြင့်ပြီးရင် မြင့်လာသည်။ ဘေးကနေ ဖြတ်သန်းသွားသော ကားကြီးတွေရဲ့အရိပ်က ဖြတ်ခနဲ ဖြတ်ခနဲနေအောင်ပင်။ ဘာကားတွေပါလို့ သေချာမမြင်ရလောက်အောင်ကို ဖော် အရှိန်မြှင့်တင်ထားခြင်းမို့ တစ်ခုခုဖြစ်တော့မည်ဆိုတာ သေချာနေပါပြီ။

ဟော ကျွန်မထင်သည့်အတိုင်းပါပဲ။ ရှေ့တည့်တည့်မှာ ဆီဘောက်စာကားတစ်စီး။

''နီ မြန်မြန်ခုန်ဆင်း နီ''

ဖော့်ကားဘေးမှာ ကပ်လျက်မောင်းနှင်ရင်း မောင် အသံကျယ်အော်သည်။ ကျွန်မမှာ ထိတ်လန့်လွန်းသောကြောင့် ဘာလုပ်လို့ ဘာကိုင်ရမည် မသိတော့ဘဲ ကြောင်တောင်တောင် ဖြစ်နေမိသည်။ ရင်ဘတ်ထဲက နှလုံးသားက အပြင်ဘက်ကို ပေါက်ထွက်သွားတော့မတတ်ပါဘဲ။

''နီ မြန်မြန် မြန်မြန်လုပ်''

မောင်က တစ်ဖက်သို့ ကွေ့ရှောင်လိုက်သည့်အချိန်မှာပဲ ကျွန်မတစ်ကိုယ်လုံး လေဟာနယ်ထဲရောက်သွားပြီး ကတ္တရာလမ်းပေါ်သို့ အရှိန်ပြင်းစွာပြုတ်အကျ ကျယ်လောင်ပြင်းထန်သော အုန်းခနဲအသံကြီး။

ဝေဝေဝါးဝါး အမြင်အာရုံမှာ အနက်ရောင်ကားလေး ငြိမ်သက်သွားသည်။ ကျွန်မနာမည်ကိုခေါ်ရင်း အပြေးလာသည့် မောင့်အသံကိုခပ်





ဝေးဝေးမှာ ကြားနေရ၏။

ကျွန်မ အသိအာရုံထဲမှာ နာကျင်မှုတွေကလွဲရင် ဘာဆိုဘာမှ မရှိတော့။

■ ■ ■

အမှောင်ကမ္ဘာထဲမှာ ကျွန်မတစ်ယောက်တည်း ချွေးတွေ ရွှဲနစ်နေအောင် ပြေးလွှားနေရသည်။ ကျွန်မနောက်က ထပ်ကြပ်မကွာ လိုက်နေသော အဖြူရောင်အရိပ်တစ်ခု၊ သူ့လက်ကလွတ်အောင် ရုန်းကန်ပြေးလွှားရင်း အသက်ရှူပင်မမှန်ချင်တော့။ အမြင်တွေ ဝေဝါးလာသည်။ ဘယ်လိုမှ ဆက်မပြေးနိုင်တော့ဘဲ ကျွန်မ ခြေထောက်တွေ အားအင်ကုန်ခမ်းနေပြီ။

ဘုန်းခနဲ ကျွန်မ လဲပြိုကျသွားချိန်မှာ ဆီးပွေ့လိုက်သော လက်တစ်စုံကြောင့် ခုနက နာကျင်နေရမှုတွေအားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။ ကျေးဇူးတင်ဝမ်းသာစွာ ကြည့်မိတော့ ကျွန်မကို ဆီးပွေ့ထားသူမှာ ကျွန်မနောက်ကနေ ထပ်ကြပ်မကွာလိုက်နေခဲ့သော အဖြူရောင်အရိပ် ဖြစ်လို့နေသည်။

မောင့်အပြောအရတော့ ကျွန်မ သတိလစ်နေခဲ့တာ နှစ်ပတ်ကျော်သွားပြီတဲ့။ အပြင်မှာ ထွက်ပြေးရတာတွေ အားမရနိုင်သေးလို့ ဒီနှစ်ပတ်လုံးလုံး မသိစိတ်ထဲမှာပါ ကျွန်မ ပြေးနေမိခဲ့သည်။ သို့သော် ကျွန်မဘယ်တုန်းကမှ မလွတ်မြောက်ခဲ့ပါ။

''ဝမ်းသာလိုက်တာ နီရယ်၊ နီ အဲဒီလိုလဲနေတော့ မောင် ဘယ်လောက် စိတ်ပူခဲ့ရလဲ သိလား''



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်ဝန်းမှာ မျက်ရည်ကြည်များပင် ဝေ့နေသည်။ ကျွန်မ ပြန်လည်သတိရလာခြင်းအတွက် မောင် တကယ်ပဲ ဝမ်းသာနေခဲ့တာလား။

"နှင့်ကို ဆရာဝန်တွေက ကိုမာဝင်သွားတယ်လို့တောင် ပြောနေကြတာ၊ ခုလိုမျိုး မြန်မြန်ဆန်ဆန် သတိရလာတော့ မောင် တကယ်ကို ပြောမပြတတ်အောင်ပဲ ပျော်မိတယ်"

ကျွန်မ မောင့်ကိုဘာပြောလို့ ပြောရမှန်းမသိ။ သတိရလာပြီးတည်းက ကျွန်မစိတ်တွေ ဝေဝါးနေသည်။ ဘာတွေဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကိုလည်း ကောင်းကောင်းမှတ်မိပါရဲ့။ ဒါပေမဲ့ ကျွန်မဟာ အပြင်သားတစ်ယောက်လို ခံစားနေရသည်။ ဒါတွေအားလုံးကို ကျွန်မဖန်တီးလုပ်ယူခဲ့မိသလို အပြစ်ရှိသည့် ခံစားမှုမျိုး။

"ဖော်ရော မောင်"

သတိရရချင်း ပြောလိုက်သည့်စကားက ဖော့်အကြောင်းဖြစ်နေလို့ မောင် စိတ်ခုသွားမှာ ကျိန်းသေဝေမယ့် အသိချင်ဆုံးအရာကိုသာ မေးမိသည်။

"သူမရှိတော့ဘူး"

ကြိုတင်မျှော်လင့်ထားပြီးသားဆိုပေမယ့် ခုလိုမျိုး နားနဲ့ဆက်ဆက်ကြားလိုက်ရတော့ ရင်ထဲမှာ ဆို့နင့်တက်လာသည့်အရာကြီးက တော်တော်ကိုခံရခက်သည်။ မျက်လုံးများကို စုံမှိတ်လိုက်မိတော့ မျက်ရည်ကြောင်းလေးတစ်ခုက ပါးပြင်ထက် စီးကျသွား၏။

"မင်းဘာဖြစ်လို့ ငိုနေတာလဲ"





မောင့်ရဲ့အံကြိတ်မေးလိုက်သောအသံ။

"ဒီကောင့်အတွက် ငိုရလောက်အောင် မင်းက ဘာဖြစ်နေလို့လဲကွ"

မောင် ခံပြင်းဒေါသထွက်နေသည့်ပုံပါပဲ။

"လူတစ်ယောက်သေဆုံးသွားတာ ကျွန်မ ဝမ်းသာရမလား မောင်၊ အထူးသဖြင့် ကျွန်မကိုသိပ်ချစ်ခဲ့တဲ့လူတစ်ယောက်လေ"

"မင်းကိုငါ တကယ်ပဲ နားမလည်နိုင်တော့ဘူး နှီ၊ မင်းနဲ့ငါ့ကြားက ပြဿနာတွေက ဒီကောင်ဖန်တီးလုပ်ကြံခဲ့တယ်ဆိုတာကို သိနေပြီးတဲ့နောက်မှာတောင် ဒီကောင်က မင်းကိုချစ်ပါတယ်လို့ ဘယ်လိုအကြောင်းပြချက်နဲ့ ယုံကြည်နေသေးတာလဲ၊ မင်းကို ဒုက္ခပေးဖို့ ကြိုးစားခဲ့တဲ့ကောင်လေ၊ အဲဒီလိုလုပ်ရင်းနဲ့ပဲအသေဆိုးနဲ့ သေခဲ့ရတာလေ"

"မပြောပါနဲ့တော့ မပြောပါနဲ့တော့ မောင်"

"ဘာကွ"

"ဟုတ်တယ် မောင်၊ တကယ်ဆို ခုလိုမျိုး မောင်နဲ့ကျွန်မ စကားပြောနေနိုင်တာ သူ့ကြောင့်ပါပဲ"

"မင်း ဘာတွေပြောနေတာလဲ"

နားမလည်နိုင်သောမျက်ဝန်းများဖြင့် မောင် မေးသည်။ ကျွန်မ ပါးပြင်ထက် မျက်ရည်တို့ပိုလို့ စီးဆင်းလာ၏။

"ကားတိုက်ခါနီးမှာ မောင်က ဆင်းခဲ့တော့လို့ ပြောပေမယ့် သိပ်ကြောက်ပြီးတော့ ကျွန်မ ကြောင်နေခဲ့မိတယ်၊ ဘာကိုမှလည်း မသိတော့ဘူး၊ တစ်မှုခုလုပ်ဖို့ကိုလည်း တစ်ကိုယ်လုံးတုန်ယင်နေတာ သူသာ

www.burmeseclassic.com



ကားတံခါးကိုဆွဲဖွင့်ပြီး ကျွန်မကို မတွန်းချခဲ့ဘူးဆိုရင် ကျွန်မလည်း ခုချိန် အသက်ရှင်မှာမဟုတ်ဘူး မောင်''

မောင် ဘာစကားမှမပြောတော့ဘဲ ကျွန်မကိုငေးကြည့်နေသည်။

''ဟုတ်တယ် မောင်၊ တကယ်တော့ ဒီဇာတ်လမ်းမှာ အပြစ်ရှိတဲ့သူကလည်း ကျွန်မတစ်ယောက်တည်းပါပဲ၊ ဇော် မဟုတ်ဘူး၊ ကျွန်မသာ သူ့ကိုသစ္စာမဖောက်ခဲ့ဘူးဆိုရင် ဒီလိုအဖြစ်တွေ ရှိလာမှာမဟုတ်ဘူးလေ၊ ဒါပေမဲ့ ကျွန်မ သူ့အပေါ် သစ္စာမဲ့ခဲ့တယ်''

''မင်းက နောင်တရနေတာလား''

လို့ မေးလိုက်တဲ့မောင့်အသံတွေတုန်ယင်နေသည်။ ကျွန်မကတော့ ပြုံးလိုက်မိ၏။

''ကျွန်မ ဘယ်တော့မှ နောင်တမရမှာက မောင့်ကိုချစ်ခဲ့မိတာပဲ၊ တကယ်တော့ မပြတ်သားတတ်တဲ့ ကျွန်မစိတ်တွေက အားလုံးကို ဒုက္ခဖြစ်စေခဲ့တာပါ၊ ဇော့်ကိုသစ္စာဖောက်ခဲ့မိတာ ကျွန်မမှားမှန်းသိပေမယ့် မောင့်ကိုချစ်ခဲ့တဲ့အတွက်လည်း ဘယ်တော့မှ နောင်တမရပါဘူး''

''ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ခုတော့ အားလုံးငြိမ်းချမ်းသွားပါပြီ၊ မင်းကို မောင့်ရင်ခွင်ထဲကနေဘယ်ကိုမှ ထွက်မသွားခိုင်းတော့ဘူး''

ကျွန်မ လက်နှစ်ဖက်ကိုဖွဖွလေးဆုပ်ကိုင်ရင်း မောင် ပြောသည်။

''ခုတော့ မဟုတ်သေးဘူး မောင်ရယ်၊ ကျွန်မကိုယ်ကျွန်မ စိတ်သက်တောင့်သက်သာနဲ့ မောင့်ဆီပြန်လာနိုင်မယ့်နေ့ကို စောင့်ပေးပါနော်''





''ဘယ်လို နီ''

''ကျွန်မ မောင့်ကိုသိပ်ချစ်ပါတယ်၊ မောင့်ရဲ့ဇနီးတစ်ယောက်အနေနဲ့လည်း တစ်သက်လုံး မခွဲမခွာရှိချင်ပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ်တော့ ကျွန်မစိတ်တွေ သိပ်ရှုပ်ထွေးနေတယ်၊ မောင်နားလည်ပေးမယ်မဟုတ်လားဟင်''

မောင့်နှုတ်ခမ်းထက်က အားအင်မဲ့သောအပြုံးလေးဟာ ကျွန်မအတွက် ခွင့်ပြုချက်လို့ပဲ ကျွန်မ သတ်မှတ်လိုက်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"နောက်ဆုံးတော့ မောင်တို့နှစ်ယောက် အတူတူရှိနေနိုင်ပြီ ပေါ့နော်"

မောင့်ကိုနောက်ဆုံးမြင်ခဲ့ရတုန်းကလို အားအင်မဲ့သောအပြုံးတို့မဟုတ်တဲ့ အခုတော့ မောင့်မျက်နှာတစ်ခုလုံး အပျော်တွေဖြင့် ပြည့်နှက်နေသည်။

"မောင့်ကိုပြောခဲ့သားပဲ၊ ကျွန်မအတွက် အချိန်တစ်ခုပေးပါလို့လေ၊ အချိန်တန်ရင် မောင့်မိန်းမက မောင့်နားမှာပဲ နေရမှာပေါ့ မောင်ရယ်"

မောင့်ရင်ခွင်ထဲ တိုးဝင်လိုက်ရင်း ကျွန်မကြည်နူးစွာ ပြောလိုက်သည်။

"ဒါနဲ့ ဒီလောက်လှတဲ့ ခြံလေးနဲ့အိမ်လေးကို မင်းဘယ်လိုရှာတွေ့ခဲ့တာလဲ"

"မပြောပြဘူး၊ အဲဒါက လျှို့ဝှက်ချက်"

ကျွန်မ ပြုံးရယ်စွာပြောလျှင် မောင်က မလိုတမာစွာကြည့်၏။





ရန်ကုန်ကနေ ထွက်ခွာလာခဲ့သည့်နောက်ပိုင်း ကိုကျော်စွာတို့ လင်မယားဆီက ခွင့်ပြုချက်နဲ့ ဒီပြင်ဦးလွင်က အိမ်လေးမှာ ကျွန်မ တစ်ယောက်တည်း လာနေဖြစ်ခဲ့သည်။ ဒီအိမ်လေးရဲ့အမှတ်တရတွေကိုတော့ မောင့်ကိုပြောမပြဖို့ ကျွန်မ ဆုံးဖြတ်ထား၏။

"မောင်နဲ့အတူ ရန်ကုန်ပြန်လိုက်မှာမလား နို"

"လိုက်မှာပေါ့ မောင်ရဲ့၊ မောင့်မိန်းမပါဆို"

"ခုမှ မောင့်မိန်းမ ဟုတ်လား။ နှစ်နှစ်ခွဲလောက်ပစ်ထားတာက ဘယ်သူလဲ မသိဘူး"

မောင်က မဲ့ကာရွဲ့ကာ ပြောသည်။ ခုမှပဲ ဟိုးအရင်တုန်းက ကျွန်မနဲ့စခင်ခဲ့သည့် ကောင်လေး မင်းဆက်ကို ကျွန်မ ပြန်မြင်ရပါပြီ။ ကျွန်မ သဘောကျစွာ ရယ်မောလိုက်မိသည်။

"ဟုတ်ပါပြီ ဒီတော့ မောင့်ကိုအတိုးချပြီး ချစ်မယ်နော်"

မောင့်နဖူးလေးကို ဖွဖွနမ်းလိုက်ပြီး ရင်ထဲက စစ်မှန်သော ထိုစကားကို ပြောဖြစ်သည်။ ဒီတစ်ခါတော့ ကျွန်မတို့နှစ်ယောက်တစ်ယောက်လက်ကို တစ်ယောက် မလွှတ်ကြတော့ဘူးနော်။

"ဒါဆိုအရင်ဆုံးအနေနဲ့ မောင့်ကို ကလေးလေးတစ်ယောက် မွေးပေး"

"တစ်ယောက်မဟုတ်ဘူး အများကြီး အများကြီး မွေးပေးမှာ၊ ဒါပေမဲ့ နောက်ဆုံးအနေနဲ့မောင့်ကို တောင်းဆိုစရာရှိတယ်၊ ပထမဆုံး မွေးလာမယ့်သားလေးကို 'ဇော်'ဆိုတဲ့နာမည်လေးပါအောင် မှည့်မယ်နော် မောင်"

မောင် ကျွန်မကိုမျက်မှောင်ကြီးကျုံ့ပြီး ကြည့်သည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း ကျွန်မကိုရင်ခွင်ထဲဆွဲသွင်းလိုက်ပြီး မော င် ခေါင်း ညိတ်လိုက်လေျာခဲ့ပါ၏။

ဒီနှစ်နှစ်ကျော်ကာလအတွင်း ကျွန်မဟာ ဇော်ကိုမေ့ပစ်ဖို့ ကြိုးစားခဲ့ခြင်းမဟုတ်ပါ။ ကျွန်မကြုံတွေ့ခဲ့ရသော အခက်အခဲဆိုးကြီးကနေ လွတ်မြောက်အောင်သာ ကြိုးစားနေထိုင်ခဲ့ခြင်း ဖြစ်သည်။ အရာအားလုံး အနည်ထိုင်တည်ငြိမ်သွားပြီဆိုတော့မှ မောင့်ကို အကြောင်းကြားကာ ခေါ်ခဲ့တာဖြစ်၏။

ဇော်ဘယ်လိုပဲ ကျွန်မနဲ့မောင့်ကြားမှာ နှောင့်ယှက်ခဲ့ပါစေ သူ့အသက်နဲ့ထပ်တူ မြင်းရိုင်းတစ်ကောင်လို တစ်ဟုန်ထိုး ဒုန်းစိုင်းချ မြတ်နိုးခဲ့ကာကတော့ ကျွန်မတစ်သက်တာမှာ မေ့လို့ရမှာမဟုတ်သော အမှတ်တရများသာ ဖြစ်သည်။

ခုချိန်မှာ အမှတ်တရကို အမှတ်တရနေရာမှာထားလျက် အလုပ်သင့်ဆုံးအဖြစ် မောင့်နားကို ကျွန်မ ပြန်ရောက်လာခဲ့ပြီ။ ကျွန်မရဲ့ ကျန်ရှိနေတဲ့သက်တမ်းတစ်လျှောက်လုံးမှာလည်း မောင့်တစ်ယောက် တည်းကိုသာ သစ္စာရှိရှိ ချစ်ခင်ပေးဆပ်သွားဖို့ ကျွန်မအသက်နဲ့ထပ်တူ ဆုံးဖြတ်ခဲ့ပြီးပြီ။

ဒီအတွက်လည်း မောင် ကျေနပ်မှာပါနော်။

ပရိသတ်အတွက်

အမြဲတမ်း

ဖျူး



www.burmeseclassic.com